# ရွက်မြသွေး နုနုထွေး

ဒေါ်သိန်းတင်

ပြုစုသည်။

# ရွက်မြသွေးနုနုထွေး

ပြုစုသူ

ဒေါ်သိန်းတင်

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
တောင်ဥက္ကလာပ ၆ ရပ်ကွက်၊ သုမင်္ဂလာလမ်း မြင့်သောင်းပုံနှိပ်တိုက်
(၁၈၇၅)က ရိုက်နှိပ်၍၊ ဦးမြင့်မောင် လက်ထောက်ညွှန်ကြားရေးမှူး
(၀၂၅၂၇)ထုတ်ဝေသည်။

# မာတိကာ


၁။ အာသီသမွန် .... ၁

၂။ တုသိတာလား၊ တာဝတိံသာလား .... ၁၀

၃။ ဩဿာတ္တံ .... ၁၄

၄။ ရွက်ပြွသွေး နုနုထွေး .... ၁၄

၅။ နိဒါန်း .... ၁၇

၆။ မဟာစည်ဆရာတော်ဘုရားကြီး အနောက်နိုင်ငံ သာသနာပြုကြွရန်ကိစ္စများကို ဘာမင်ဂန်ဆရာတော် ဒေါက်တာ ဦးရေဝတဓမ္မနှင့် အငြိမ်းစားတိုင်းမင်းကြီး စည်သူ ဦးညီဘုတို့ စီစဉ်ဆက်သွယ်ခြင်း .... ၂၃

၇။ အမေရိကန် ဘာရီမြို့ ဝိပဿနာဘာဝနာအသင်းမှ သာသနာပြု ပင့်ဖိတ်ခြင်း .... ၂၇

၈။ အနောက်နိုင်ငံ သာသနာပြုကြွရန် နောက်ထပ် ပင့်ဘိတ်ခြင်းများ .... ၃၅

၉။ သာသနာပြုကြွရန် စီစဉ်ခြင်း .... ၄၈

၁၀။ ပြည်ပခရီးစဉ် .... ၄၉

၁၁။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဝင်များ ပြည်ပသာသနာပြုရန် ထွက်ခြင်း .... ၅၁

၁၂။ ဘန်ကောက်မြို့သို့ ကြွတော်မူခြင်း .... ၅၁

၁၃။ ဂျပန်သို့ ကြွတော်မူခြင်း .... ၅၂

## မာတိကာ


၁၄။ ဂျပန်ပြည်ရှိ ကမာမူရာရုပ်ပွားတော်ကြီး .... ၅၅

၁၅။ ဟာဝေယံကျွန်းသို့ ကြွတော်မူခြင်း .... ၅၇

၁၆။ လော့(ခ)အင်ဂျလစ်သို့ ကြွတော်မူခြင်း .... ၆၀

၁၇။ လူများလိုက်နာရန်ကျင့်ဝတ် .... ၆၁

၁၈။ ယတ်ကားဘဲလီသို့ ကြွတော်မူခြင်း .... ၆၄

၁၉။ ယတ်ကားဘဲလီစခန်း နေ့စဉ်ဇယား .... ၆၇

၂၀။ ဆန်ဖရန်စစ္စကိုသို့ ကြွတော်မူခြင်း .... ၆၉

၂၁။ ဝါရှင်တန်သို့ ကြွတော်မူခြင်း .... ၇၁

၂၂။ အမေရိကန်အသံမှ ဆရာတော်ဘုရားကြီး မြန်မာ
ပရိသတ်အား နှုတ်ဆက်တရား ဟောတော်မူခြင်း .... ၇၄

၂၃။ မေရီလင်း ကမ္ဘောဒီးယားကျောင်းသို့ ကြွတော်မူခြင်း .... ၇၇

၂၄။ ဝါရှင်တန်အဖွဲ့မှ ရုပ်ရှင် ရိုက်/ပြစက်များ လှူဒါန်း
ခြင်းနှင့် ဘာရီသို့ ကြွတော်မူခြင်း .... ၇၈

၂၅။ တရက်ပစ် ဘုရင်ဂျီကျောင်းသို့ ကြွရောက်ခြင်း .... ၈၀

၂၆။ ဘာရီ (၁၄)ရက်စခန်း အချိန်ဇယား .... ၈၁

၂၇။ ဟားဘတ်(ဒ)တက္ကသိုလ်၌ ဆရာတော်ကြီး တရား
ဟောတော်မူခြင်း .... ၈၃

၂၈။ နယူးရောက်မြို့သို့ ကြွတော်မူခြင်း .... ၈၅

၂၉။ နယူးရောက်သို့ အာရှအဖွဲ့သို့ တရားဟော ကြွတော်
မူခြင်း .... ၈၆

မာတိကာ


၃၀။ အပြည်ပြည်ဆိုင်ရာ 'ဇင်'စင်တာသို့ တရားဟော ကြွတော်မူခြင်း .... ၈၇

၃၁။ ကိုလံဘီယာတက္ကသိုလ်၊ စိန်ပေါ်ဘုရားကျောင်းသို့ ကြွတော်မူခြင်း .... ၈၈

၃၂။ လန်ဒန်သို့ ကြွတော်မူခြင်း .... ၉၀

၃၃။ ဘီဘီစီ အသံလွှင့်ဆောင်းပါး .... ၉၀

၃၄။ လူမျိုးစုံ၊ အလှူခံ စုံ ကြိုဆိုပုံ .... ၉၁

၃၅။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ စကော့တလန်သို့ ကြွတော်မူခြင်း .... ၉၆

၃၆။ အဲဒင်ဘာရာမြို့သို့ ကြွတော်မူခြင်း .... ၉၈

၃၇။ ဥရောပတိုက်သို့ ကြွတော်မူခြင်း .... ၁၀၁

၃၈။ တူနန်ကမ္မဋ္ဌာန်းစခန်း .... ၁၀၂

၃၉။ ဂျီနီဘာသို့ကြွတော်မူခြင်း (မောင့်ဆိုလေ ကမ္မဋ္ဌာန်းစခန်း) .... ၁၀၄

၄၀။ ဒစ်ကင်(ဆွစ်ဇာလန်)တရားဌာနသို့ကြွတော်မူခြင်း .... ၁၀၈

၄၁။ ဆီးနှင်းများဖုံးနေသော စင်တီတောင်သို့ သွားရောက်ခြင်း .... ၁၁၀

၄၂။ ဇူးရစ်တက္ကသိုလ်၌ တရားချီးမြှင့်တော်မူခြင်း .... ၁၁၀

၄၃။ အီတလီနိုင်ငံသို့ ကြွတော်မူခြင်း .... ၁၁၁

၄၄။ ရောမမြို့သို့ ကြွတော်မူခြင်း .... ၁၁၃

၄၅။ လန်ဒန်သို့ ကြွတော်မူခြင်း .... ၁၁၅

မာတိကာ


၄၆။ ဗုဒ္ဓပဒီပကျောင်း၌ ရဟန်းခံပွဲကျင်းပခြင်း .... ၁၁၆

၄၇။ ပလက်နက်တေးရီးယမ်းနှင့် မဒမ်းတူးဆော့ ပြတိုက်သို့ သွားရောက်ခြင်း .... ၁၁၆

၄၈။ ဝိုက်ကျွန်းသို့ကြွတော်ခြင်း .. ၁၁၈

၄၉။ လန်ဒန်သို့ပြန်ကြွတော်မူခြင်း .... ၁၁၉

၅၀။ ကင့်နှင့်အောက်စဖို့သို့ ကြွတော်မူခြင်း .... ၁၂၀

၅၁။ အုတ်ကင်ဟို(လ်)ကမ္မဋ္ဌာန်းစခန်းဖွင့်လှစ်ခြင်း .... ၁၂၁

၅၂။ အုတ်ကင်ဟို(လ်)ဓမ္မရိပ်သာ (၁၀)ရက်စခန်း .... ၁၂၂

၅၃။ အုတ်ကင်ဟို(လ်)ဓမ္မရိပ်သာကို မဟာစည်သာသနာ ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူခြင်း ... ၁၂၄

၅၄။ ဟော်လန်နိုင်ငံသို့ ကြွတော်မူခြင်း .... ၁၂၅

၅၅။ ဘွန်မြို့သို့ကြွတော်မူခြင်း .... ၁၂၇

၅၆။ ဟော်လန်တီးဒေါ့စ် စခန်းသို့ ကြွတော်မူခြင်း .... ၁၂၈

၅၇။ တီးဒေါ့စ် ကမ္မဋ္ဌာန်းစခန်း ဖွင့်လှစ်တော်မူခြင်း .... ၁၂၈

၅၈။ ပါရီမြို့သို့ ကြွတော်မူခြင်း .... ၁၃၀

၅၉။ မဟာယာနကျောင်းနှင့်ကီဗရန်တူးကျောင်းသို့ ကြွတော်မူခြင်း .... ၁၃၂

၆၀။ လန်ဒန်မြို့သို့ ပြန်ကြွတော်မူခြင်း .... ၁၃၃

၆၁။ ဘန်ကောက်မြို့သို့ ကြွတော်မူခြင်း .... ၁၃၄

၆၂။ ဘန်ကောက်မြို့ ဝက်ကမာအို(လန်ပန်)သို့ ကြွတော် မူခြင်း .... ၁၃၆

မာတိကာ


၆၃။ ဇင်းမယ်သို့ ကြွတော်မူခြင်း .... ၁၃၇

၆၄။ ဝတ်တပေါ်တာရုမ တောကျောင်းသို့ ကြွတော်မူခြင်း .... ၁၃၈

၆၅။ ဇင်းမယ်မြသပိတ်ဘုရားသို့ ကြွတော်မူခြင်း .... ၁၃၉

၆၆။ ဘန်ကောက်မြို့သို့ ပြန်လည်ကြွတော်မူခြင်း .... ၁၄၀

၆၇။ ရန်ကုန်မြို့သို့ ပြန်ကြွတော်မူခြင်း .... ၁၄၃

၆၈။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုကြွ နှုတ်ဆက်တရားတော် .... ၁၄၅

၆၉။ အမေရိကန် မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်း ဌာနနှင့် ဘာရီဝိပဿနာကမ္မဋ္ဌာန်းဆရာတို့အား ညွှန်ကြားသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ .... ၁၅၇

၇၀။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီးတခွင်တွင် ဟောပြော ဖြေကြားတော်မူသော အချို့တရားဓမ္မ အနှစ်သာရများ .... ၁၆၈

၇၁။ ဝိသုဒ္ဓိ (၇)ပါး ဉာဏ်စဉ်တရားအကျဉ်း .... ၁၈၁

## ဓမ္မဒါန အလှူရှင်များစာရင်း

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါ်သိန်းတင် | အုပ်ရေ | — | ၁၀၀၀ |
| ၂။ | ဒေဒေါ်ကြည်ကြည် | ။ | | ၁၀၀ |
| ၃။ | ဒေါက်တာ မြမြအေး<br>ဦးသန်းဝင်း မိသားစု | ။ | | ၁၀၀ |
| ၄။ | ဒေါ်ကျင်မြ | ကျပ် | — | ၅၀၀ |
| ၅။ | ဒေါက်တာကေမြရီ | ။ | — | ၅၀၀ |
| ၆။ | ဒေါ်ချမ်း | ။ | — | ၂၀၀ |
| ၇။ | ဒေါ်ခင်မြင့် | ။ | — | ၁၅၀ |
| ၈။ | သာသနာ့ရိပ်သာ အမျိုးသမီးယောဂီများ | ။ | — | ၃၇၅ |

## ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌လာရောက်တရားအားထုတ်သော နိုင်ငံခြား ယောဂီများ စာရင်း

(၁၉၇၉ ခုနှစ် ဇူလိုင် ၂၇ ရက်မှ ၁၉၈၀ ခုနှစ် ဧပြီလ ၃၀ ရက်အထိ)

| အမှတ်စဉ် | အမည် | သံဃာ | သီလရှင် | အမျိုးသား | အမျိုးသမီး | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | အမေရိကန် | | ၁ | ၁၄ | ၆ | ၂၁ |
| ၂ | ဂျာမဏီ | | | | ၁ | ၁ |
| ၃ | အင်ဒိုနီးရှား | | | | ၁ | ၁ |
| ၄ | ဖိလစ်ပိုင် | | | ၁ | | ၁ |
| ၅ | ယိုးဒယား | ၂ | | | | ၂ |
| ၆ | လာအို | ၁ | | | | ၁ |
| ၇ | အိုင်ယာလန် | | | ၁ | | ၁ |
| ၈ | ကနေဒါ | | | ၁ | | ၁ |
| ၉ | မလေးရှား | ၂ | | | ၁ | ၃ |
| ၁၀ | အင်္ဂလန် | ၁ | | ၁ | ၂ | ၄ |
| ၁၁ | နီပေါ | ၁ | ၅ | ၅ | ၁၅ | ၂၆ |
| ၁၂ | ဒတ်(ချ်) | | | ၁ | ၁ | ၂ |
| ၁၃ | သြစတြေးလီးယား | ၁ | | | | ၁ |
| | စုစုပေါင်း | | | | | ၆၅ |

# အာသီသမွန်

ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ်ကြယ်ကိုဆွတ်တယ်လဲ မသွတ်စတမ်း ရမြဲလမ်းတည်း။

ဟုတ်ပါတယ် ရှေးလူကြီးတို့စကားအတိုင်းဖြစ်နေပါပြီ။ ကမ္ဘာဦးသူတို့ မျက်စေ့သဘွယ်ဖြစ်သော နေမင်း၊ လမင်းပမာ မြတ်ဘုရားသားထေရ်ရှင်မြတ်များသည် ကမ္ဘာကြီး အရှေ့မှ အနောက်သို့ ရေိပ်–ပေးရောက်နိုင်ဘို့ နောင်ကြီးမဟာစည် ကမ္ဘာတလွှား အရှေ့ အနောက်သွား၊ ခရီးမှတ်တမ်း ဓာတ်ပုံအစုံများပါနဲ့ ကမ္ဘာအရှေ့အနောက် ယနေ့ဖြစ်နေတဲ့သတင်း၊ လုပ်သားနေ့စဉ်လမ်းစဉ်မှာ ပါသမျှ စုပေါင်းကူးယူ ယှဉ်ပြပြီး တတ်သမျှ ရေးလိုက်ပါသည်။ ပုံပမာ သစ်ရွက်နုနဲ့ထွေ – မြရည်သွေးကို ပမာတင်၍ ရေးသားခြင်းဖြစ်ပါသည်။

သပိတ်တော် ပွေ့ပိုက်လျက် ယပ်ကိုယ်စီနဲ့ ကြွချီတော်မူလာသော ယော–တိပိဋကဓရ ဆရာတော်နဲ့ နောက်ပါသံဃာတော်အပါး(၆၀)ကို အား ဖူးမျှော်ကန်တော့ မြတ်နိုးလက်စုံမိုး၍ ခါခါရိုကျိုးရှိခိုးလိုက်ပါသည်။ ကြည်ညိုလိုက်ပါသည်မှာ ရေးပြမတတ်ပေ။

ဘီဘီစီ နံနက်သတင်း ဖမ်းယူနားထောင်ဘို့ ကက်ဆက်ဖွင့်လိုက်၊ ဖွင့်ဖွင့်ခြင်း၊ အမျိုးမျိုး အံ့ဩလောက်အောင် အစွမ်းထက်တဲ့ ပညာတွေနဲ့ ယခု လောကကြီးကို စူးစမ်းရှာဖွေသိရှိလာပြီး အသက်ကိုလဲရှာဖွေဘို့ အလွန်အရေးကြီးပါတယ်–ရှာကြပါစို့။ ဆဲဆိုတဲ့အထဲမှာ ဝိုင်းဝိုင်းပုံ၊ လေးဒေါင့်ပုံ၊ ဆေးသေးရှေ့ရှေ့ကြီးလိုပုံ ကြိုးတွေခွေချထားသလိုပုံ၊ လှေကားလိုပုံ၊ လက်ရန်းပုံ၊ လှေကားထစ်ပုံ စုံနေတာဘဲ။ အဲဒါတွေထဲမှာ လှေကားလက်ရန်းပုံထက် လှေကားထစ်ပုံက ပိုမိုလုပ်အားစွမ်းရှိတယ်၊ အားစွမ်းကတော့ အမဲသားထဲကနဲ့နဲ အသီးအရွက်တွေကလိုတာ အားလုံးပေးနိုင်၊ ဘုရားသခင်က ဖန်ဆင်းထားတယ် ကြားလိုက်ရတော့ ဘီဘီစီကမဟုတ် အရှေ့ဖျားအသံလွှင့်ဌာန မနီလာကဖြစ်နေတယ်။

မဟာစည် ဥ–ပ-မ-သ-စ

အာရုဏ်ဆွမ်းလောင်းပြီး လမ်းရှောက်ဆက်သွားနေတဲ့၊ ဆရာကြီးက ပြန်ရောက်လာ အမကြီး မထသေးဘူးလား ထဘာကြာပါပြီ ကက်ဆက်ယဲက ဘုရားသခင်တွေကို စဉ်းစားရင်း ဘယ်လောက်ကြာသွားတာ မသိတာပါ။

နံနက်ခင်း နှင်းချုံလွှာထဲ မမြင်တမြင် ရွက်အောက်မှာပုံးပွင့်နေတဲ့ အိမ်ရှေ့ ကားဝင်ဂိတ်ဘယ်ညာရှိ ကံ့ကော်ပင်မေါ်တက်ပြီး ခူးပေးခဲ့တဲ့ ပန်းကံ့ကော်တွေကို သေသေချာချာ ရေတခွက်နဲ့ အရွက်တွေရွေး ရေဆေးနေတဲ့ ဆရာမကြီးကို ကြည့်ပြီး ဘာလုပ်ရမလဲ ကုသိုလ်လိုချင် အပြင်ထွက်မျှော်ကြည့်တော့ ညောင်ရွက်တွေ အရောင်ပြောင်းမြန်လိုက်တာ၊ ညောင်ချင်ဖူးတွေ နီ ဝါ စိမ်း ဝါလက်လက်ပြောင်းရာက မြသွေးရွက်နုနုထွေးထွေး ဖြစ်နေကြတာတွေ့တော့ စိတ်ရှင်ကြည်လင်လိုက်ပါဘိ အောက်နားက ဖြူဖြူဖွေးနေတဲ့ စပါယ်ပန်းလေးပေါ့က လဲကံ့ကော်နဲ့ပြိုင် အနိုင်မခံ မွှေးလိုက်ပါဘိ ပန်းပွင့်လေးတွေ ၃ – ၅ ပွင့်က မွှေးခြင်းပြိုင်အနိုင်ရအောင် မွှေးနေတော့ လက်နဲ့ချွေယူ ကံ့ကော်ကို အပေါ်တက် ခက်ခက်ခဲခဲ ခူးရရင်လဲ တူမလေးလိုခူးနိုင်မှာမဟုတ် အိုရုပ်နဲ့ ခုနဲ့အား နည်းလိုက်ပါဘိ၊ တွေးရင်းတောရင်းဆရာမကြီးရေ စပါယ်ဖြူကြူကြူမွှေးလေးတွေကိုလဲ ဘုရားတင်အုံးနော်။

ဆရာမကြီး ပန်းဘုရားတင်၊ ပန်းကပ်ရှိခိုးပြီး၊ ရေချိုးအဝတ်လဲပြီး၊ ဈေးကိုလိုက်ပါအုံးဆိုလာတော့၊ အဝတ်ရှိဘာလဲရင်း ၂၇–၂–ဂဝ ခု သံဃာ့ဥသျှောင်ဆရာတော်ကြီး (၆၆)ပါး ရွှေရင်တော်အေးရတို့ ဈေးသွား။ မှာချင်တာတွေ ဈေးသည်နဲ့နှီးရင်းပြော၊ ပြန်လာပြီး ပျော်ရွှင်လှုချင်တာလှုနိုင်ရတို့၊ ရောင်းနေတဲ့ဈေးသည်မလေးကို ကျေးဇူးတင်ပါဘိ၊ ဆရာမကြီးကိုလဲ့ ကားပေါ်ကဆင်းရင်း ကျေးဇူးတင်ပါဘိ၊ မနက်ကဘာတွေစဉ်းစားတာလဲ၊ ဆရာမကြီးမေး –

အ – မနေ့က နေကြပ်လို့ မျက်လုံးတွေ ကျိန်းစပ်နေတာ မနက်က နှင်းမှုံဖြူဖြူဖွေးတွေကြည့်–အအေးဓာတ်ထိတာခံရင်းက မျက်

လုံးတွေ—ကြည့်ကောင်းနေတယ်၊ နေခြည်ဖြာတော့ ငွေနှင်းမှုံ ဘယ်ဆီပြေးလဲမသိဘူး၊ မြေခြွင်းနဲ့ ပူကြိမ်းခြင်းက ကွာလှချေ၊ ပါလို့စိတ်ထိ၊ သိသမျှ၊ နံနက်(၄)နာရီဘုရားရှိခိုး၊ တရားရှုမှတ် စိတ်က မငေးတော့ အသေးအမွှားတွေပါ ကွဲကွဲပြားပြားသိနေတာ၊ ကမ္ဘာသတင်းကို လုပ်သားနေ့စဉ်မှာထက် စောသိချင်လို့ ဘီဘီစီဖွင့်နားထောင်တာ။

ဆ — ဘာဖြစ်လဲ။

ဆ — ရှင်တော်ဗုဒ္ဓက ကိုယ်လုပ်ကိုယ်ခံ ဘယ်သူမှ မခံရဘူးတဲ့။

အ — လေးသချေ်နဲ့ ကမ္ဘာတသိန်း ပါရမီတော် အလီလီဖြည့်တော်မူမှ ရလာတဲ့ သဗ္ဗညုရွှေဉာဏ်ရှင်၊ အတုမရှိက အမှန်ဆုံး ပေါ့ကွယ်။

အ — ဟုတ်တယ် ရှင်တော်ဗုဒ္ဓက ဖြစ်ပြီးပျက် ဆင်းရဲဒုက္ခ စွဲလမ်းလို့ ဆင်းရဲတာကို ဂဂနနသိရအောင် သမာဓိရအောင် မပြတ်ရှုမှတ် ပွားနေကြလို့ မိန့်ခဲ့တာနော်။

ဆ — ဖျော်လာပို့တဲ့ ကော်ဖီပူပူလေး သောက်ပါအုံး၊ သောက်သာ သောက် စိတ်က ရောက်ချင်တာရောက်၊ ဘာမှမသိလိုက်လို့ ကောင်းလားလို့မေးတော့မှ အင်း–သတင်းစာထဲ ဘာတွေဖတ်ရလဲတဲ့။

အ — ဖတ်ရတာ အားရှိဘွဲ့သဘင်း အားမရှိ၊ စိက်မောရတဲ့သတင်းတွေ နှိုင်းယှဉ်ပြီးဖတ်နေရတယ်။

ဆ — ဥတုသုံးလီ အခါနေရာဘွေ့ကမတူညီ၊ အရှေ့အနောက်သတင်းတွေ ဘယ်တူညီပါ့မလဲ။

အ — ဘာသာရေးက မတူဘူးလေ။

ဆ — မတူတာ ပြောပါအုံးလေ။

အ — လုပ်သားနေ့စဉ် သတင်းစာထဲမှာ အတ္တလန္တိတ် ပင်လယ်ပြင်ရှိ ပေါ်တူဂီပိုင် အဇိုရီကျွန်း(၇)ကျွန်းအနက် (၃)ကျွန်း ပြင်းထန် လျှင်လှုပ်၍ အိမ်ပြို၊ လူအများထိခိုက်ဒဏ်ရာရ၊ လျှမ်စစ်မီးမရ ဒုက္ခ၊ အီရန် အရေးအခင်း စစ်အင်အားသုံးရန် အီဂျစ် သမတ ဆဒတ်က တိုက်တွန်း၊ ဆိုဗီယက်အလံ အီရန်၌ မီးရှို့၊ အဖဂန် နစ္စတန် ပြည်ပြေးဆန္ဒပြပွဲ ပြင်းထန်၊ ဘာသာရေး မတူလို့ပေါ့။ အားမရှိ စိတ်မောလိုက်ပါဘိ။

ဆ — ကိုယ်လုပ်ကိုယ်ခံ၊ ဘာစိတ်မောရတာလဲ။

အ — ၂-၁-၈၀ ခု သတင်းက ကမ်ပူးချားအရေး စစ်နဲ့ ဖြေရှင်းရန်၊ သီဟာနု၊ တရုတ်နဲ့ညှိဦးတဲ့။ နေပါအုံး ဘာဆိုင်လို့လဲ၊ အနောက် က အရှေ့မီးလို ပူနေတာ။ ဘာသာရေး မတူဘူးဆို၊ ဟုတ်ပါ တယ်။ မြန်မာပြည်သတင်းက ပျော်စရာ အားရှိစရာတွေပါ။

ဆ — ပြောပါအုံးလေ၊ နားယောင်ချင်လိုက်တာ။

အ — ၃-၁-၈၀ သတင်းစာမှာ ငရဲပန်း စစ်ဆင်ရေး။

ဆ — ဟင်၊ ဘိန်းခင်းများ ဖျက်ဆီးတဲ့ မြန်မာပြည်သတင်းလား။

အ — အေး— ဟုတ်မှဟုတ်။ ၁-၂-၈၀ ခု သာသနာတော် တည်တံ့ သန့်ရှင်းရေး အကြံဉာဏ်ပေးပို့တော်မူရန်လျှောက်တာ ၂၇-၁-၈၀ နေ့ကလဲ ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေး ဖြစ်မြောက်ရေး ဆရာတော်များအား ဝန်ကြီးဗိုလ်မှူးချုပ်စိန်လွင် လျှောက်ထား တဲ့ ၂၇-၁-၈၀ ခု ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသန ဆွေး နွေးပွဲဖွင့်ရန်၊ ရန်ကုန်မြို့ ဇဖားရှားလမ်းရှိ ဆေးသုတေသနဦးစီး ဌာနခန်းမတွင် ကျင်းပခြင်း။ ၃၀-၁-၈၀ ခု လယ်ယာခေတ်မီ တိုးတက်ရေး ၁ ကောက္ကက် ဖော်မည်တဲ့။

ဆ — ဘယ်မှာလဲ။

အ – ကျုံပျော်မြို့နယ်တွင် စပါးအထူးအထွက်တိုး စိုက်ကေအားလုံး၏ ၁၀%ဖြစ်သော ၁၂၆၁၇ ကေကို ရွေးပြေးအနေဖြင့် ဖော်ထုတ်ရန် စီမံချက်ရေးဆွဲ ပြင်ဆင်လျက် ရှိ၏။

ဆ – မြန်မာပြည် ကြွယ်ဝသာယာရေး အားရှိရှိနဲ့ လုပ်ကြတော့မယ်နော်။

အ – အင်း.... နံနက်ခင်းလှပခြင်းက နှင်းမှုံမှုံကြား လေအေးလေးများ တိုးလိုက်ပလားဆို ရှက်ဟောင်းတွေ လေဟုန်စီးပြီး မြေကိုဆင်းကြပြီး ရှက်သစ်တွေက တချို့ နီဝါ၊ စိမ်းဝါ၊ ရောင်စုံဖြာပြီး ကမ္ဘာကို အလှဆင် လှချင်တိုင်းလှရာမှ မြရည်သွေးရှက်နုနုထွေး စိမ်းလမ်းစိုလာပြီး မကြာမီပူပြင်းလှတဲ့ဒဏ်ကာကွယ်ဖို့ အားသစ်တွေယူ၊ လူတွေကိုသတ္တဝါကို၊ ကမ္ဘာကြီးကို အေးရိပ်ပေးတော့ပယ်။ ရှေးက စာဆိုတို့ ညောင်ညိုရိပ်မှာ ချွေးသိပ်ကြပါစို့တဲ့။ (ဆရာမကြီး)ထမင်းပူပူနွေးနွေး စားကြစို့လေ ပေါ်သံကြား ပြန်ပြီ။

ဆ – ထမင်းစားကောင်းရဲ့လား။

အ – မဆိုးပါဘူး။

ဆ – ဘာတွေဆိုးနေလဲ။

အ – လုပ်သား သတင်းတွေခုဖတ်ကြည့်ဘာ အာမေရိကန် ကာလီဖိုးနီးယား တောင်ပိုင်းတွင် ရေလွှမ်းမိုးခြင်း၊ မြေများပြိုခြင်း၊ လေဆင်နှာမောင်းများ တိုက်ခတ်ခြင်းတို့ကြောင့် (၁၉)ဦး သေပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း(၁၀၀) ကျော်ဘိုး ပျက်စီးဆုံးရှုံးသွားတယ်တဲ့။

ဆ – နောက်ပြီးတော့။

အ – ရှားဘုရင်အမှုစစ်ရန် ကော်မီရှင်အဖွဲ့ဝင်စာရင်း၊ ကော်မရှင်အ အင်ဒရက်အဂ္ဂလာ (ပင်နီဇွဲလား)၊ မိုဟာမက်ဘတ်ဂျော်အိုး

(အယ်ဂျီးရီးယား၊ အဒစအဲဒါဒီ (ဆီးရီးယား)၊ အိပ်ချိဒဗလျူ ဂျာယာဝ ါဒီနေ(သိရိလင်္ကာ)၊လူစီအက်ဒမွန်ပက်တီတီ(ပြင်သစ်) ၅ ဦး ပါဝင်မယ်၊ ဘက်ဂျော်အိမ်နဲ့ အဂ္ဂိလာတို့က ပူးတွဲ ဥက္ကဋ္ဌ များအဖြစ် ဆောင်ရွက်မှာတဲ့။

ဆ – ရှားဘုရင် အစစ်ခံမှာလား၊ အဆန်းနော်။

အ – ဆန်းတာတခုက ရှိသေးပါတယ်။

ဆ – ဘာလဲပြောအုံးလေ။

အ – လန်ဒန် ရွှေဈေး ၅၉၀ ဒေါ်လာဘိုး ထိုးကျတဲ့။

ဆ – ရေနံကရွှေဖြစ်နေတဲ့ ရွှေသဌေးတွေက ဒီဈေးမျိုးဆာခါမှ မဖြစ် သေးဘူး။

အ – နောက်တခုက ရေရှားရပ်ဝန်းဒေသ စက်ရေတွင်းတူးပေးတာ ၁၉၇၉ ခုနှစ်မှ ၁၉၀၀ ခု ဘဏ္ဍာရေးနှစ်တွင် စက်ကိုင်းတိုင်း ထွင်းပေါင်း ၁၂၀၊ မကွေးတိုင်း ၂၆၀၊ မန္တလေးတိုင်း ၁၃၀ ဓအောင်မြင်ရေ ရရှိနေပြီဖြစ်တယ်။

နံနက် ၄ နာရီ၊ ဆရာမကြီးထ၊ အဝတ်လဲဘုရားရှိခိုး၊ ဝိစိမှုတ်သံနား ထောင်နေတာတွေ့လို့-ဘယ်သွားမှာလဲမေးမိတယ်၊ ခြေလျင်တောင်တက် အဖွဲ့ သာစုကန်ကို လမ်းလျှောက်လိုက်မလို့၊ မနေ့ကစိတ်၊ ဒီနေ့စိတ်၊ စိတ်။ တရောက်ထဲ ကော်ဖီပွဲထိုင်၊ မြောက်ဘက်က ချောင်ပင်ကြီးဆီ မျက်လုံးရောက် နီဝါစိမ်းဝါ၊ ပျောက်၊ မြသွေး ရွက် နုနုထွေးထွေး အိခြွေ—လှလှနဲ့ အနားမှာက ရွက်ဝါမရှိ၊ ရှိးတံကြဲကြဲ၊ ပဒေါက်ပင်က သနားစရာ—အိုရပ်ဆင်ဝင်အောက်နားက၊ တရုမ်စကားဖြူ နီ ဝါ ပွင့်တို့ အရေး အရွက်မဖုံး ကိုယ်တုံးလုံးနဲ့ ၃–၄ ရက်လောက်က၊ ရွက်အောက် ပုံးပြီး ပွင့်လှကံ့ကော်တွေ၊ လူများက အနံ့သင်း၊ အဆင်းလှ အတင်း ခူးကြ တံချူနဲ့လိမ်ချူ၊ ပွင့်တွေကုန် ရွက်တွေအခက်တွေကျိုး အလိမ် ခံရတဲ့ဒဏ်ချက် အသက် ထွက်မလောက်ကြည့်ရတာ မသက်သာပါဘိ

လှုခြင်းမွေးခြင်း ဒုက္ခတွင်ရောက်ရပြီး၊နှံနက်စာစားပြန်တော့လဲ တရောက် ထဲ တွေးမိပြန်တယ်၊ နေ့လည်တချက်တီးခါနီး၊ ဆရာမကြီးပြန်လာ၊ တွေး စရာတွေ မကုန်သေးဘူးလားဘဲ့။

အာ – ရော့–ရော့–ဖတ်ကြည့်။

ဆ – ဖတ်ကောင်းတယ်။

အာ – အဟုတ်လား။

ဆ – ကောင်းတာက ရိုးနေပြီ။

အာ – အရိုးမှ ကြာရှည်အမာခံတာကွဲ့။

ဆ – ဘာဖြစ်လို့ မနေနိုင်အောင်ရေးချင်တာလဲ။

အာ – ပျော်လို့လေ။

ဆ – ဟင်။

အာ – မဟင်နဲ့–ကမ္ဘာ့ဆူပွက်သတင်းစဉ်ထွက်နေတာနေ့တိုင်း။

ဆ – ဒါပျော်စရာလား။

အာ – ပျော်တယ်–ပျော်တယ် ဒို့ဗမာပြည်မပါ။

ဆ – မပါလို့ပျော်ရင်–မတော်ဘူး၊ အားလုံးသနားစရာကြီးပါ။

အာ – ဟုတ်ပါတယ်၊ လုပ်သားနေ့စဉ် သတင်းဖတ် ယှံဉ်ကြည့်၊ ပြည် မြန်မာသာယာပုံက။

ဆ – ဆက်ပြောပါ–နားထောင်နေပါတယ်။

အာ – နေ့တိုင်းသာသနာ သန့်ရှင်းရေး အစိုးရက ဆောင်ရွက်ပုံ၊ ဆရာ တော်ကြီးတွေ၊ ဆောင်ရွက်နေပုံ၊ လျှောက်ထားပုံ။

ဆ – နောက်ဆက်ပါဦး။

အ – စာမေးပွဲအရပ်ရပ်မှာ ကျင်းပနေပုံ၊ စာဖြေနေကြတဲ့ ဘုရားသားသမီးတွေ။

ဆ – ပြီးတော့

အ – စာအောင်ကိုယ်တော်ဘွဲ့ ချိမ့်ချိမ့်သဲပူဇော်ပွဲလုပ်နေပုံ။

ဆ – ဒါဘဲလား။

အ – ဘယ်ဟုတ်မလဲ၊ နှစ် ၂၅၀၀ နှစ်ပြည့် ရွှေဘိုဂုံဘုရားပွဲဖွင့်ပုံ၊ ဗုဒ္ဓပူဇနိယလေ။

ဆ – စုံပါတယ်။ ဒါပေမဲ့ နောင်တခေတ် ခေါင်းဆောင်ဖြစ်မဲ့ ခလေးတွေ လှုပ်ရှားပုံ မပျော်ဘူးလား။

အ – ပျော်တယ် ပျော်တယ်၊ အားကြီးပျော်တယ်။ သာသနာ့အရေးမှာလဲ ခေါင်းဆောင်ပေါ်မှုကြမဲ့ ကိုယ်တော်လေးတွေကြည့်ပြီး အားရတယ်။ ပျော်တယ်၊ အတိုင်းမရှိ ပျော်။

ဆ – ပျော်လွန်းပြီး မနေနိုင် ရေးချင်တိုင်း ရေးနေတာ ကျမှာရေးကြည့်ပါအုံးနော်။

အ – ရေးရင်း ရေးရင်း အားရှိလိုက်တာ၊ ဆေးမထိုးရတော့ဘူးမှတ်ပါ။

ဆ – ဒါတော့ ပိုပြီ။

အ – ပိုတာ မပိုတာ ကြည့်၊ စိတ်ကြည်တော့၊ မနေ့ညက ဆရာမအမာကြည်က အမကြီး ရုပ်ကြည့်ပြီး မအိုဘူးလို့ ချီးမွမ်းတယ်၊ ကန်တော့တယ်၊ ဒါနဲ့ ဆုပေးလိုက်တယ်။

ဆ – ဘာဆုတွေလဲ၊ ပြောပြပါအုံး။

အ – ၇ ရက် သားသမီးတို့ ချစ်ကြည်ညီကြ၍ လိုတိုင်း ရ ရတိုင်းပျော်၊ ကိုယ်စိတ်ရွှင်လန်းစေသော်၊ ဆုတောင်း အပိုအလိုမပါ။ တကဲ့အဖြစ် ရေးခြစ်ရသော သစ္စာ စွမ်းပကားကြောင့် သာသနာပြုရဟန်းတော် များများ ပေါ်ထွန်းပါစေသား။

ဆ — နံနက် ၅ နာရီမှတ်သံကြားတော့လဲ ပညာရေးတက္ကသိုလ် ခြေလျင်တောင်တက် လမ်းလျှောက်အသင်း လှုပ်ရှားမှုကြောင့် စိတ်ထဲမှာ ပျော်မိတယ်။

အ — လိုက်ချင်လို့လား။

ဆ — ဒေါ်ကြတယ်၊ လှုပ်ရှားသွားလာကြမှာ အများကြီးဘဲ။

အ — သွားလေ ကောင်းလေ ဟောင်းလေ သစ်လေ ချစ်လေ ဆိုဘာလိုပေါ့။

ဆ — နားဦးမယ်၊ ည တရားနာ၊ မနက် တရားမှတ်၊ နေ့စာဖတ်၊ အများအကျိုး သယ်ပိုးလေ၊ ခု ရေးနေတာ ဘယ်ရောက်ပလဲ။

အ — ဘာမှ မရောက်သေး။

ဆ — ဘာဖြစ်လို့။

အ — ယခုမှ စာဖြေတော်မူနေတာ အောင်စာရင်း ထွက်ခါနီး ရှိသေးတယ်။

ဆ — ဘာဆိုင်ယှဉ်လဲ နားမလည်။

အ — နားမလည်မဟုတ် နားလည်သွားတာပါ။ ရေးတဲ့စာအုပ်က မပြီးသေးဘူး။ခရီးသွားမှတ်တမ်းဓာတ်ပုံတွေကြည့်ပြီး အားရကြိုးစားတော်မူကြပါမှ ဟိုကပင့်၊ ဒီကပင့်၊ ပင့်ရာကြွ ဒီတော့မှ ရောက်ကြမှာပေါ့။

ဆ — ဒါဖြင့် တော်တော်စောင့်ရဦးမှာနော်။

အ — ဒီနေ့သတင်းစာဖတ်တာလေ ကွာဟချက်တွေ့ပြန်တယ်။

ဆ — ဘာကွာဟပါလိမ့်။

အ — မြန်မာပြည်ထွက်လျှောက်စိမ်းတုံးကြီး အလေးချိန်-၇၅၀=ကရက် အလျား ၅၅—မီလီမီတာ၊ လုံးပတ်—၁၂၀၊ မီလီမီတာရှိ ဘဲဥ

ပုံသဏ္ဌာန်ကျောက်စိမ်း တွေ့ရပုံ ပြုပြင်ထားတာ လုလိုက်တာ ပတ္တမြားမွမ်းမံထားသော ကျောက်စိမ်းခေါင်းလောင်းပုံ ၁၇– ကြိမ်မြောက် မြန်မာ့ကျောက်မြက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားပုံ ယခု (၁၇) ကြိမ်မြောက် မြန်မာ့ ကျောက်မြက်ရတနာ ကျောက်စိမ်းနဲ့ပုလဲ ရတနာပြပွဲတွင် ပြသထားပုံ ကျပ်ငွေ ၅၅-သန်း၊ ၃ သိန်း၊ ၉ သောင်း၊ ၄ ထောင်၊ ၅၃၄ ကျပ်၊ ဒေါ်လာ ဂ သန်း၊ ၅ သိန်း၊ ၉ သောင်း၊ ၆ ထောင် ၄၃၀ ဒေါ်လာ ကြမ်းခင်းဈေး တန်ဘိုးရှိ မြန်မာ့ရတနာအကွဲပေါင်း ၄၇၆ တွဲကို ရောင်းချသွားမည်။ အသင့်ပြုလုပ်ပြီး လက်ဝတ်လည်ဆွဲရတနာများ ကျောက်စိမ်း ရုပ်ထုများကို ရောင်းချသွားမည်တဲ့။ ၆၄ ခုနှစ်က စတင်၍ ခင်းကျင်းပြသ ရောင်းချခဲ့တာ ၁၉၇၉ ခုနှစ် (၁၆) ကြိမ်ပြပွဲထိ ရောင်းရငွေ စုစုပေါင်းငွေ ၃၁၄ သန်း၊ ဂ သိန်း၊ ၃ သောင်း၊ ၆ ထောင်၊ ၃၁၃ ကျပ် အမေရိကန်ဒေါ်လာ ၅၅ သန်း၊ ၆ သိန်း၊ ၅ သောင်း၊ ၂ ထောင်။ ၇၅၀ ဒေါ်လာ ရခဲ့တယ်။

ဆ – ဒါဘဲလား ဘာရှိသေးလဲ။

အ – ရှိပါသေးတယ်။

## ဟုသီတာလား တာဝတိံသာလား

၁၃၄၁ ခု၊ နတ်တော်လဆန်း ၁၁ ရက် မှ ၁၄ ရက်ထိ၊

၁၉၇၉ ခု နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အကြိမ် ၃၀ မြောက် သြဝါဒခံယူပူဇော်ပွဲတွင် နေ့ညမပြတ် လာသမျှပရိသတ်တို့ကို ကျရာတာဝန်ကိုယ်စီ ထမ်းဆောင်နေကြသော အဖွဲ့များမှာ

၁။ ချက်ပြုတ်ကျွေးမွေးရေးအဖွဲ့

၂။ တရားပွဲများ ကျင်းပရေးအဖွဲ့

၃။ ဧည့်ခံကြိုဆိုပို့ဆောင်ရေးအဖွဲ့

၄။ နေရာချထားရေးနှင့် စောင့်ရှောက်ရေးအဖွဲ့

၅။ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုထိမ်းသိမ်းရေးအဖွဲ့

၆။ ကျန်းမာသန့်ရှင်းရေးအဖွဲ့

၇။ လုံခြုံရေးအဖွဲ့

၈။ တရားတော်များ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့

၉။ စာအုပ်များ ဖြန့်ချီရောင်းချရေးအဖွဲ့

၁၀။ ရေ မီး မိလ္လာ အကောက်အဦအဖွဲ့

၁၁။ ဖလ်ယဉ်ဓမ္မာရုံ ပြင်ဆင်ရေးနှင့် စောင့်ရှောက်ရေး

၁၂။ လှူဒါန်းရန်ဌာန

၁၃။ တရားတိတ်ခွေများ ကူးယူရောင်းချရေးအဖွဲ့

၁၄။ စတုဒိသာ ဧည့်ခံကျွေးမွေးရေးအဖွဲ့

၁၅။ လှူဘွယ်ပစ္စည်းများ လက်ခံရေးအဖွဲ့

ပူဇော်ပွဲဆိုင်ရာ ပြန်ကြားရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို တင်ပြကြည်ညိုစေချင်ပါသည်။ ပူဇော်ပွဲအကြိုနေ့ ဖြစ်သော ၁၃၄၁ ခု၊ နတ်တော်လဆန်း ၉ ရက်၊ ၁၀ ရက်ညများတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ မှတ်တမ်းတင်ရုပ်ရှင်ကားနှင့် နိုင်ငံခြားသို့ သာသနာပြုကြွရာတွင် ရိုက်ကူးလာသော ဆေးရောင်စုံရုပ်ရှင်ကားများကို ရိပ်သာအတွင်းရှိ သံဃာတော်နှင့် ဧည့်သည်များ သဒ္ဓါရှင်လန်း ဝမ်းမြောက်

ကြစေရန် ရိပ်သာအတွင်း ၂ နေရာခွဲ၍ ည ၇ နာရီမှ ၉ နာရီအထိ ပြသခဲ့ပါသည်။ ထိုနေ့ ပူဇော်ပွဲသို့ မရောက်လာကြသေးသော နယ်မှသံဃာတော်များနှင့် ဧည့်သည်တော်များကို နောက်ဆုံးနေ့ဖြစ်သော နတ်တော်လဆန်း ၁၄ ရက်နေ့ညတွင် ထပ်မံပြသပါသည်။ ဩဝါဒခံယူပူဇော်ကြတာ ကြည်ညိုဘွယ်ကောင်းလွန်း၍ တင်ပြပါရစေ –

၁။ ရန်ကုန်တိုင်းမှ ကမ္မဋ္ဌာနာစရိယဆရာတော် ၁၁ ပါး

၂။ ပဲခူးတိုင်းမှ ၃၀ ပါး

၃။ ဟင်္သာတမြို့နယ် ၂၆ ပါး

၄။ မကွေးတိုင်း ၁၃ ပါး

၅။ မန္တလေးတိုင်း ၂၃ ပါး

၆။ စစ်ကိုင်းတိုင်း ၄၀ ပါး

၇။ တနင်္သာရီတိုင်း ၂ ပါး

၈။ ရခိုင်ပြည်နယ် ၄ ပါး

၉။ ရှမ်းပြည်နယ် ၁၀ ပါး

၁၀။ ကချင်ပြည်နယ် ၃ ပါး

၁၁။ ကယားပြည်နယ် ၂ ပါး

ပေါင်း ၁၆၃ ပါး၊ တပည့်များကို ဦးဆောင် ကြွရောက်တော်မူလာကြပါသည်။ ရဟန်း ယောဂီ ဧည့်သည်များမှာ သံဃာ ၃၅၀၊ ယောဂီ ၂၄၀၊ ဧည့်သည် ၁၂၀၀၀ တို့ကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် တပည့်ယောဂီများက ဆွမ်း ပုဇွန်ဆီပြန် ငါးခြောက်ဟင်း ပဲနှပ် လဘက်သုပ်စုံနဲ့ ပူဇော်ပွဲ နောက်ဆုံးနေ့ကြီးကို မမေ့နိုင်သော နေ့ထူးကြီးအဖြစ် ကျွေးမွေးဧည့်ခံကြပါသည်။

နေ့စဉ် နံနက်ဘုရား နေ့တရားပွဲ တရားပူဇော်တော်မူကြတာ နံနက် ၇ နာရီမှ ၉ နာရီ ၈ ပါး။ နေ့လည် ၁ နာရီ ၃၀ မိနစ်မှ ၃ နာရီ ၃၀ မိနစ် အထိ ၄ ပါး။ ညတရားပွဲက ည ၇ နာရီမှ ၉ နာရီထိ ပူဇော်ပွဲကြီး ပြီးသော်လဲ မမေ့နိုင်တဲ့ နေ့ထူးကြီးကို ယနေ့ထိမမေ့နိုင်၊ ရိပ်သာအတွင်း မီးရောင်စုံထွန်း ဓမ္မာရုံတွင် မီးတိုင်းများ ပန်းများ အလှခန်းဆီးက ဇာနုနုလှပတင့်တယ် ရှုမောဘွယ်ရာ ပန်းအလှတို့ကို လက်စွမ်းပြအလှဆင် ပူဇော်ကြတာ မြင်ရသူတိုင်း တုသိတာလား၊ တာဝတိံသာလား ထင်မှတ်ရအောင် လှပနေတယ်၊ အာရုဏ်နေအတက်မှာ မဟာစည်ဆရာတော် ဘုရားကြီး သက်တော်ရာကျော် ရှည်ပါစေကြောင်း ဆုမွန်တောင်း၍ ထောပတ်ဆွမ်း၊ အုန်းဆွမ်း၊ နို့ဆွမ်း သကြားဆွမ်း ပျားရည်ဆွမ်းပါသော ဆွမ်းစေတီကို အသီးမျိုးစုံနဲ့ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် ဘုရားအား ပူဇော်လှူဒါန်းပါသည်။ ပဋိပတ္တိ တရား ပြသတော်မူသော ဆရာတော်ဘုရားကြီး မဟာစည် ဟိပိဋက နိကာယ မိုးမိတ်ကုန်းမြေမှ ဦးစီးနာယက ဆရာတော်ကြီး ၂ ပါးမှာ ကမ္ဘာအေးကုန်းမြေမှာ သံဃနာယကတင်စဉ်က အမေးဆရာတော် အဖြေ ဆရာတော်ကြီး ၂ ပါး ဖြစ်ပါတယ်။ ယခုလဲ ပဋိပတ္တိသာသနာ ပရိယတ္တိ သာသနာကို အဘက်ကိုမငဲ့ ကြံ့တိုင်းဆုံတိုင်း မနေမနား ကြိုးစားပြုစုတော် မူကြပြန်သည်။ နိုင်ငံခြားက ကျင့်ကြံကြရန်လာကြတဲ့ ယောဂီ ရဟန်း သီလရှင်တွေ ယခုရှိတာ မနဲပါဘူး။

နှစ်ကူးပြီး နှစ်ဦးမှာလဲ နိုင်ငံခြားသာသနာပြုကြွတော်မူဘို့ နိုင်ငံခြား သားတို့ကိုဟောနိုင် နားလဲလည်ရအောင် ကြိုးစားတော်မူသည်၊ တိပိဋက ဆရာတော်ကြီးက သာသနာ့သန့်ရှင်းရေး ဝန်ဆောင်ဆရာတော်အဖွဲ့မှာ ပါနေတယ်။ ယခုနှစ်သစ် ပေါ်ထွက်တော်မူကြတဲ့ မြသွေးရှက် နုနုတွေး တွေ့ ဆရာတော်ကြီးများ ရင်ဝယ်ဖွားသားတော်တို့က တအား ကမ္ဘာငြိမ် အေးရိပ်ပေးမယ်ဟဲ့ လို့ စိတ်အားတက်စေကြောင်း ဆုတောင်းပြီး ရောင်စုံ ရုပ်ပုံ ခရီးသွားမှတ်တမ်းများပါ ကြည်ချင်ဘွယ် မှက်ချင်ဘွယ် ရင်ဝယ် ရှိသမျှ တိတိပပ တက်သမျှ ရေးလိုက်ပါသည်။

## ဩသတ္တိ

ညနေဆည်းဆာနေမင်း ရွှေရည်သွန်းလို့ ယွန်းတော့မယ်၊ ထမင်းစားကောင်းတော့လဲ လမ်းလျှောက်ရတယ်၊ အိမ်နောက်က ဝန်းဝိုင်းပြီးမကြွေ ရွက်နဲ့ မတ်မတ်ရပ်ပြီး စိမ်းညိုမှောင် လှပနေတဲ့ ခရေပင်ကြီးကြည့် ဩသတ္တိ ရှိလိုက်ပါဘိ၊ အပွင့်တွေကြွေ–မြေမှာချပေးလို့ကောက်ယူသီပန်ကြတယ်။ အရောင်မလှ အမွှေးကြတော့ ယဉ်စစ၊ ခြောက်လဲမွှေး ရှေးကပန်းခြောက် အုန်းဆီမှာ ထဲ့ပြီး လိမ်းကြတယ်၊ ခေါင်းပေါ်က မဆင်း၊ ပိတောက်ရွှေဝါပွင့်ဘို့ အားယူနေရလို့ ပင်ရွက်မရှိ ရိုးတံကျဲနေတဲ့အပင်ကြီး–ပွင့်ရွှေရွှေဝါ မွှေးလိုက်မှာ တရွာလုံး အပင်ပါခုတ် တပွင့်မကျန်ပန်တမနက်သာခံ၊ ညိုးတော့မြေပေါ် ပစ်ချခံရအုံးမယ်။ သရက်ပင်ကြီးအောက် ပစ်ကြ ခတ်ကြ ခုတ်ကြ ဆူညံသံ မနက်ကကြားလို့ကြည့်ရင်း သနားဖွယ်ရာ ရင်ကွဲလေးနဲ့ ခြံထဲမှာသီးနေတဲ့သရက်သီးခမြာ ခြံထဲမှာမို့ သက်သာရှာတယ်၊ ပွင့်တော့ဆုပ်ဖွား ရွက်ကလေးတွေ သေးသေးဝိုင်းအခက်နဲ့သီးသွားတော့ တမတောင်ဖလောက် ဒန့်ဒလွန်အရွက် ဟင်းခါးချက်သောက်၊ အသီးကြတော့ ကုလားဟင်းချက်၊ လူသားတွေ အသက်ရှည်ရေး ဆက်ပေးလိုက်တာ၊ ဆူးအပြည့်နဲ့ပိန်းနဲ့သီး သီးလိုက်တာ ကျီးလာစား အထိုးခံရတော့ မြေပေါ် ဘုံးကနဲကျ၊ မနက်က မာလကာအရွက်မွှေး အသီးအစေ့ သေးကလဲ သီးလိုက်ပါဘိ၊ မြောက်ဘက်က ငှက်ပျောပင်ခမြာ အသီးခိုင် မနိုင့်တနိုင် ယိုင်လဲတော့မယ်။ ဩောင်ပင်ကြီးအရွက်တွေ စိမ်းရောင်စို့ ညို့ညို့မှိုင်းက ပင်မျိုးစုံ ငုံ့ကြည့်နေတာကိုကြည့်ရင်း ရင်ထဲမှာ ဩောင်ဗောဓိပင်အောက် ပေါက်လာခဲ့တဲ့ ရွှေပလ္လင်ပေါ်မှာ သဗ္ဗညုတ ရွှေဉာဏ်တော်ရပါတဲ့ အတုမရှိ ရှင်ဘော် မြတ်ဗုဒ္ဓကို မြင်လာလာ ခါခါလက်စုံမိုးလို့ ကန်တော့လိုက်မိ သည်မှာ ဝမ်းသာမဆုံးပါတကား။

### ရွှက်မြသွေးနုနုတွေး

၃၀–၁၂–၇၉ ခုနှေ့ တိပိဋက စာမေးပွဲကျင်းပမည်။ ၁–၂–၈၀ ခု သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၃၂ – ကြိမ်မြောက်

တိပိဋက ရွေးချယ်ရေးစာမေးပွဲ စာပြန်ပွဲတွင် ၆၁–ပါး ဝင်ရောက်ပြန်ဆိုရာ ၂၉–ပါး အောင်မြင်၏။ ဒီဃနိကာယဘာဏကတွဲ ၂၆–ပါး၊ ဝိနယဓရတွဲ ၁–ပါး၊ သံယုတ္တဘာဏက ၁–ပါး၊ အဘိဓမ္မာပိဋက ပဋ္ဌာန်းပိုင်းငါးကျမ်း ၁–ပါး အောင်မြင်၏။ သဘောရေးဖြေ စာမေးပွဲတွင် ၇၇–ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၅–ပါး အောင်မြင်၏။ ဒီဃနိကာယကောဝိဒ ၄–ပါး၊ အင်္ဂုတ္တရနိကာယကောဝိဒတွဲ ၁–ပါး အောင်မြင်တော်မူ၏ = လို့ လုပ်သားနေ့စဉ်သတင်းစာထဲဖတ်ရတာ နောင်တခေတ်ခေါင်းဆောင်ဖြစ်မဲ့ ရွှက်မြေသွေး နုနုထွေးတွေ စိမ်းလန်းစိုပြေ လာပြီ၊ စိတ်ထဲ ဝမ်းမြောက် မျက်လုံးက အိမ်ပြင်ရောက်ပြီး — အပြင်မှာ ရှိတဲ့ ပိတောက်ပင်ကြီးလဲ ရွှက်ဝါတွေလဲ ရွှက်ဝါတွေ လေဟုန်စီးပြီး မြေပေါ် ဆင်းနေပြီ။ လတန်ခူးကြတော့ လေးမျက်နှာအိမ်တောင့်မှာ ပွင့်လိုက်မဲ့ ပန်းပိတောက်ရွှေဝင်းရဲ့ အဆင်းအနံ့က တလမ်းလုံး သင်းပျံ့အုံးမယ်၊ ရာသီလိုက်ပြီး ဒညင်းသီး ညိုညို အတွဲတွေကလဲ ကံ့ကော်ပင်ပေါ် ကျော်မိုးနေတဲ့အပင်ကြီးတွေမှာ တွဲလဲဆွဲနေကြလေပြီ။ အနံ့ မသင်းတဲ့ ဒညင်းသီးကြတော့ကြီးငယ်မရွေးထမင်းနဲ့လွေးကြအုံးမည်၊ ဩ မျက်လုံး မျက်လုံး အိမ်ပြင်ရောက်ရောက်နေပါလား။ ထမင်းစားရင်းက ဘာသာရေးတွေးမိတယ်။ ရှင်တော်ဗုဒ္ဓက ဖြစ်ပြီးပျက် အနိစ္စ — ဆင်းရဲဒုက္ခ၊ နှစ်သက်စွဲလမ်းလို့ ဆင်းရဲ။ ကိုယ်ပြုတဲ့ ကံကအကျိုး၊ ကိုယ်ပြုသမျှ ကိုယ်ခံရတာ အားကိုးစရာ ကံသာဖြစ်တယ်။ အားကိုးစရာ ကယ်မ,သူ မရှိပါဘူး။ကမ္ဘာအလီလီကပြည့်ခဲ့တဲ့ ပါရမီတော်ကြောင့် သိလာမြင်လာတဲ့ တရားဓမ္မကို ကျင့်ကြပါလို့ ဟောပြဆုံးမတော်မူတယ်။

ရှင်တော်ဗုဒ္ဓက ကိုယ်ပြုသမျှ ကိုယ်ရတာ ကံအတိုင်းဘဲတဲ့၊ ကမ္ဘာ အလီလီက ဖြည့်ခဲ့ရတဲ့ ပါရမီတော်ကြောင့် သိလာ မြင်လာ ရလာတဲ့ တရားဓမ္မကို ၄၅-ဝါတိုင်ပတ်လုံး မနေမနား မဟာကရုဏာတော်ဖြင့် သတ္တဝါတို့အား ကျင့်ကြံအားထုတ်ပါလို့ မှာရစ်ခဲ့တယ်။ ရတနာသုံးပါး ကိုးကွယ်အားတားရာ သတ်မှတ်ပေးခဲ့တယ်။ ဘုရားရှင် ရင်ဝယ်ဖွား သားတော်များ ကမ္ဘာမှာ ယနေ့ ဥစ္စာတွေ တောင်လိုပုံ လောကခေတ်

စကြာဝဠာကို အရောက်သွား နတ်မျက်စေ့လို မြင်နိုင်အောင် ပြုပြင်ထားတဲ့ မှန်ပြောင်းကြီးတွေ အဝေးမိုင် အရှေ့ဖျားမှ အနောက်ဖျားကို ကြားအောင် အသံသွင့်ကောင်းကင်ကို လေယာဉ်စီးလိုရာခရီး မကြာရောက်နိုင်၊ အသံထက်မြန် ဒုံးပျံတွေနဲ့ လိုရာကို ချယ်လှယ်နိုင်စွမ်းရှိ။ ခန္ဓာကိုယ်ထဲက အသဲ၊ အဆုတ်၊ နှလုံး၊ အရိုး အကုန်ဓာတ်မှန်ကို ရိုက်၊ အကြောထဲ ဆေးသွင်း အားရှိအောင် လူသေးလူထဲ သွင်းနိုင်ကြပါသော်လဲ အစွမ်းထက်တဲ့ လက်နက်စွမ်းတွေ အားကိုးပြီး စစ်မီး စီးပွားရေးမီးကြီးတွေ ခဏမစဲလောင် ပူပြင်းလာတော့ ဘာမှ မတတ်နိုင်။ စိတ်အေးရာ စိတ်ငြိမ်းရာ လမ်းကြောင်းရှာတော့မယ်လို့ အနောက်မှ အရှေ့ဆီသို့ အားကိုးရှာ မြတ်ဗုဒ္ဓဘုရားနဲ့တွေ့တော့မှ အေးလှပါတဲ့ တရားရေစဉ်ကို အမြဲပင်လိုချင်၊ တမ်းတမှန်းဆပြီး မြန်မာပြည်ကို လာကြကျင့်ကြ၊ အားကိုးကြ၊ ကောင်းမှန်းသိ၊ သေးမှန်းသိပြီး သူတို့ဆီကို လာပါ ပင့်ဖိတ်ကြ၊ သာသနာတော်ကို ရှိသေကိုင်းရှိုင်းလာကြတာ တွေ့ရတယ်၊ မြင်ရတယ်။ သာသနာ့အာဇာနည် ထေရ်အရှင်တို့ နှုတ်တွင်ရွရွ ပရိယတ္တိ စိတ်ရှိတိုင်း ရွတ်နိုင် ရေးနိုင်ကြပြီး စိတ်ကို သတိတရားအမြဲထားနိုင်အောင် သတိပဋ္ဌာန်တရား ပြည့်စုံစွာနဲ့ ကမ္ဘာမှာ သာသနာလက်တွေ့ကျကျ ပြုနိုင်ပြင်နိုင်ကြပါစေ-လို့ ဆုတောင်းရင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပူဇော်သြဝါဒခံယူပွဲကို မရောက်လာကြသေးတဲ့ ကမ္ဘာကို အေးရိပ်ပေးနိုင်ပါတဲ့ ရွက်မြသေွးနုနုံထွေးတွေအတွက် ရေးဆက်လိုက်ပါရစေ။ ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ပဋိပတ္တိသာသနာပြု ဖြစ်တော်မူသော မဟာစည်ဆရာတော်ဘုရားကြီး ကမ္ဘာအရပ်ရပ် သာသနာပြုကြစဉ်က နောက်တော်ပါးမှ တပါးတည်း ခေါ်သွားတော်မူသော ဦးအဂ္ဂမဟ္မထံသွားပြီး သာသနာပြု ခရီးစဉ် သိကောင်းရာရာမေးပြီး ခရီးသွားပုံ၊ ဆရာတော်ကြီး ဟောတော်မူသော တရားမေးဖြေမှစ၍ သာသနာတော်ဝန်ဆောင်ကြမည့် ထေရ်အရှင်တို့ သိကြပါစေ၊ သာသနာပြုလိုစိတ်တွေ ပွားကြပါစေကြောင်းနှင့် စာအုပ်ရေးရန် အကြံပြုပါသည်၊ ရေးပါသည်။

အတွဲ ၁

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
## အနောက်နိုင်ငံ သာသနာပြုထွက်စဉ်က

## နိဒါန်း

## အမေရိကန်ဧည့်သည်များ၊ ဆရာတော်ဘုရားကြီးအား
## ဖူးမျှော်ကန်တော့ရန် လာရောက်ကြခြင်း

ခရစ်သက္ကရာဇ် ၁၉၇၇-ခု၊ မတ်လဆန်း စောစောပိုင်း တနေ့၌ ကျွန်တော်သည် ထမင်းစားပြီး သတင်းစာဖတ်နေစဉ် ဦးထွန်းနိုင်အိမ်သို့ ရောက်လာပါသည်။ ကျွန်တော်က "ဦးထွန်းနိုင် ထိုင်ပါခင်ဗျား" ဟု ပြောသောအခါ ၎င်းက "မထိုင်တော့ဘူး၊ ဆရာတော် ဦးဇဝနက ခေါ်ခိုင်းလို့ လာပြောတာ" ဟု ပြော၍ ပြန်သွားပါသည်။ ကျွန်တော်သည် အဝတ်လဲ၍ ရိပ်သာသို့ ထွက်လာပါသည်။ ရိပ်သာရောက်သောအခါ ဆရာတော် ဦးဇဝနကျောင်းသို့သွား၍ ဆရာတော်အား ဝပ်ချပါသည်။ ဆရာတော်က "အမေရိကန် မက်ဆာချူးဆက်ပြည်နယ် ဘာရီမြို့ရှိ ဝိပဿနာဘာဝနာ အသင်းမှ ဧည့်သည်တော်များ ရောက်နေတယ်၊ မြန်အောင် ဦးတင်မှတဆင့် လာတယ်၊ ဆရာတော်ဘုရားကြီးကို ဖူးမျှော်ရန်လာကြတာ၊ အခု ဆရာတော်ဘုရားကြီးဟာ အထက် မြန်မာပြည် တရားဟောထွက်ရန် မွေးရပ်နေရာ ဆိပ်ခွန်မှာ ဆီတင်းသုံးနေတယ်၊ သူတို့က အဝေးကြီးကလာရတယ်၊ ဆိပ်ခွန်ကိုလိုက်ပီး ကန်တော့လိုတယ်၊ ဥက္ကဋ္ဌကြီး ဦးညီဘုဘဲ လိုက်ပို့မယ့်လူရှိတယ်၊ ဦးအောင်နိုင် အားရင် လိုက်ပို့ပေးပါ" ဟု အမိန့်ရှိတော်မူသဖြင့် "လိုက်ပို့ပါမည်ဘုရား" ဟု လျှောက်ပါသည်။

ဆရာတော်က "ဒီလိုဆိုရင် အခု စီစဉ်ပါ၊ ရက်သိပ်မရှိဘူး" ဟု မိန့်တော်မူသဖြင့် ကျွန်တော်လဲ ချက်ခြင်း မန္တလေးရှိ မိတ်ဆွေ ဦးစိုးဦးထံ

ဖုံးဆက်ရာ အရန်သင့် ဦးစိုးဦးနှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြရာ ၎င်းက "ကားစီစဉ်ပြီး လေဆိပ်ကစောင့်နေပါမည်"ဟု ပြောပါသည်။ ကျွန်တော်က "လေယာဉ်လက်မှတ်ရပြီးရင် နောက်ထပ် ဖုံးဆက်မည်" ဟုပြောပြီး လေယာဉ်လက်မှတ် ဝယ်ယူပြီးနောက် ညဉ့်ပိုင်းတွင် ဦးစိုးဦးအား လေယာဉ်လက်မှတ် ဝယ်ပြီးကြောင်း၊ မန္တလေးသို့ ရောက်မည့် ခန့်မှန်းချိန် နာရီကို ဖုံးဖြင့်အကြောင်းကြားလိုက်ပါသည်။

နောက်တနေ့ နံနက်စောစော အာရုဏ်စားပြီး ဥက္ကဋ္ဌကြီး စည်သူဦးညီဘ စီစဉ်ထားသော ကားများနှင့် လေဆိပ်သွားကြရာ ဥက္ကဋ္ဌကြီးကိုယ်တိုင် လေဆိပ်သို့ လိုက်ပို့ပါသည်။ နံနက် ၉-နာရီခန့် မန္တလေးလေဆိပ်သို့ရောက်ရာ ဦးစိုးဦးသည် ကားနှင့် အဆင်သင့်စောင့်နေပါသည်။ ကျွန်တော်တို့လဲ ဦးစိုးဦးအား ကျေးဇူးတင်စကား ပြောပြီး ဆိပ်ခွန်သို့ ကားနှင့်ထွက်ခွါခဲ့ကြပါသည်။ မုံရွာနှင့် ရွှေဘို လမ်းခွဲရှိ အုန်းတော၌ နေ့လည်စာစားပြီး ထွက်ခွာလာကြရာ ဆိပ်ခွန်သို့ ညနေ ၃-နာရီခန့်ရောက်ပါသည်။ ရောက်ချိန်၌ ဆရာတော်ကြီးမှာ တရားဟောဆဲ ဖြစ်နေသောကြောင့် ကျွန်တော်လဲ ဆွမ်းစားကျောင်းသို့သွား၍ ဒေါ်ကြည်ကို အကျိုးအကြောင်းပြောပြရာ ၎င်းက ချက်ခြင်းပင် စားသောက်ဖွယ်များ ပြင်ဆင်ကျွေးမွေးပါသည်။ ဗုဒ္ဓသာသနာ့အဖွဲ့ ဦးသိန်းဟန်ကလဲ ခေတ္တနေရာချထားပေးပါသည်။ ဆိပ်ခွန်က ပရိသတ်ကြီးမှာလဲ သိလိုဇောနဲ့ ဇရပ်ဘေးပတ်လည်မှ ပိုင်းဝန်း၍ ကြည့်နေကြပါသည်။ အချို့က အကျိုးအကြောင်း မေးမြန်းသဖြင့် ဧည့်သည်များမှာ အမေရိကန်မှဖြစ်ကြောင်း ဆရာတော် ဘုရားကြီးအား ဖူးမျှော်ကန်တော့ရန် လာရောက်ကြောင်း ပြောပြသောအခါ ၎င်းတို့မှာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာရှိကြပါသည်။

ဆရာတော်ဘုရားကြီး တရားပွဲသိမ်းပြီးသောအခါ အမေရိကန်မှ ၁၆-ဦးပါဝင်သောအဖွဲ့ ဆရာတော်ဘုရားအား ကန်တော့ရန်ရောက်ရှိလာကြောင်း လျှောက်ထားရာ ဆရာတော်ဘုရားကြီးက အဖူးမျှော်ကန်တော့ခံပြီး ခမိုးပန်းလာကြသဖြင့် ခေတ္တနားနေကြရန် ဆရာတော်

ဦးသုန္ဒရအား သင့်တော်သော နေရာများ ချပေးရန်လည်း မိန့်တော်မူပါသည်။

ဆိပ်ခွန်ပရိသတ်ကြီး မှာလဲ ဆရာတော်ဘုရားကြီး စံကျောင်းဘေးပတ်လည်၌ သိလိုဇောနှင့် စောင့်ကြည့်နေကြသည်မှာ အုတ်ညြသောင်းပြောင်း တိုးမပေါက်နိုင်လောက်အောင် စည်ကားလှပါသည်။ ထိုအခါ ဆရာတော် ဦးစန္ဒာဝရက ပရိသတ်ကြီးနှင့် ဧည့်သည်များ မိတ်ဆက်ပေးမည်၊ ဓမ္မာရုံ၌ စည်းကမ်းသေဝပ်စွာ စုဝေးရန် မိန့်တော်မူသဖြင့် ပရိသတ်ကြီးလဲ ဝမ်းမြောက်ဝမ်းသာ စည်းကမ်းသေဝပ်စွာ ဓမ္မာရုံတွင်း၌ စုဝေးထိုင်နေကြပါသည်။ ဆရာတော် ဦးစန္ဒာဝရက ဧည့်သည်များလာရောက်ကြခြင်းအကြောင်း အနည်းငယ် မိန့်တော်မူပြီး ဧည့်သည်များနှင့် မိတ်ဆက်ပေးပါသည်၊ ဧည့်သည်များကလဲ အလှည့်ကျနှုတ်ဆက်စကား ပြောကြပြီး ဆိပ်ခွန်ပရိသတ်က ၎င်းတို့အား ဤကဲ့သို့ လိုက်လိုက်လှဲလှဲကြိုဆိုကြသည်ကို များစွာမှ ဝမ်းမြောက်ကြောင်းပြောကြပါသည်။ ၎င်းနောက် ပရိသတ်ကိုယ်စား ဆရာတော် ဦးစန္ဒာဝရက ပြန်လည်နှုတ်ဆက်မိန့်ခွန်း ပြောပြီးနောက် ပရိသတ်ကြီးမှာ လူစုကွဲသွားပါတော့သည်။

ဧည့်သည်များမှာလဲ ချထားပေးရာ မိမိတို့ဇရပ်သို့သွား၍ နေရာခင်းကျင်း ရေမိုးချိုးကြပြီး ခေတ္တနားနေကြပါသည်။ ည ၈–နာရီအချိန်၌ ဆရာတော်ဘုရားကြီးထံ တဖန်သွားကြပါသည်။ ကမ္ဘောဒီးဆရာဂျက်ကွန်းဖီးက ၎င်းတို့၏ အသင်းအကြောင်း အကျဉ်းချုပ်လျှောက်ပြီးနောက် မိမိတို့၏ အဖွဲ့ကို ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုပါရန် တောင်းပန်သောအခါ ဆရာတော် ဘုရားကြီးက မိန့်တော်မူသည်မှာ မိမိမှာ အသိအမှတ်ပြုရန် ဝန်မလေးကြောင်း၊ ယခု လက်ရှိအမည်နှင့် ဆက်လက်၍ တရားပြသခြင်းနှင့် ရိပ်သာခွဲအနေနှင့် တရားပြသခြင်းတွင် မည်သည်က အကျိုးများမည်နည်းဆိုသော အချက်ကို ၎င်းတို့ စဉ်းစားရန် မိန့်တော်မူသောအခါ ၎င်းတို့က အမေရိကန် ပြန်ရောက်သောအခါ

အခြားအဖွဲ့ဝင်များနှင့် တိုင်ပင်ပြီး လျှောက်ထားပါမည်ဟု လျှောက်ထားပြီး ည ၁၀–နာရီကျော်ကျော်ခန့်တွင် ၎င်းတို့ ဇရပ်သို့ ပြန်ကြပါသည်။

နောက်တနေ့ နံနက်အာရုဏ်တက်တွင် ဒေါ်ကြည်က မြန်မာစားသောက်စရာ၊ ဖွယ်ဖွယ်ရာရာတို့နှင့် ကျွေးမွေးပါသည်၊ ရွှေဘိုသို့ ရောက်ရှိနေသော ချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဇနကသည် ထိုနေ့ နံနက်မှာပင် ဆိပ်ခွန်သို့ ဆရာတော်ဘုရားကြီးအား ကန်တော့ရန် ကြလာရာ ဆရာတော်ဘုရားကြီးက အမေရိကန်ဧည့်သည်များ ရောက်နေကြောင်း ဩဝါဒပေးရန် မိန့်တော်မူသဖြင့် ဓမ္မာရုံအတွင်း၌ ဆရာတော် ဦးဇနက က အင်္ဂလိပ်ဘာသာနှင့် ဩဝါဒပေးပါသည်။ ဧည့်သည်များက ၎င်းတို့မပြန်မီ ဆရာတော်နှင့် နောက်ထပ်တွေ့လိုကြောင်း လျှောက်ထားရာ ဆရာတော်က ထိုနေ့ည စိန်ပန်းရိပ်သာတွင် တွေ့နိုင်ကြောင်း မိန့်တော်မူပါသည်။

ဧည့်သည်များလဲ ကျောင်းတွင်းရှိ ဆရာတော်ဘုရားကြီး မူလပဋ္ဌမ ဝိပဿနာကျမ်းပြုစုသော ကျောင်းနှင့် မဟာစည်ဆရာတော်ခေါ်တွင်ရခြင်းအကြောင်း စည်ကြီးကို သွားရောက် ကြည့်ရှုကြပါသည်။ ၎င်းပြင် ရွာထိပ်ရှိအင်ကြင်းတောကျောင်းရှိ နာမည်ကြီးအင်ကြင်းတောစေတီတော်ကို သွားရောက် ဖူးမျှော်ကြပါသည်။ နံနက် ၁၀ နာရီ အချိန်ခန့် ဆိပ်ခွန်မှ မန္တလေးသို့ ထွက်ခွာလာကြပါသည်။ စစ်ကိုင်းတွင် နေ့လည်စာ စားပြီး စစ်ကိုင်းတောင်ရိုးသို့ သွားရောက်၍ ကျောင်းကန် ဘုရားများကို ကြည့်ရှုဖူးမျှော်ကြပြီး မန္တလေးသို့ ညနေ နေဝင်ရီ တရော ရောက်ကြပါသည်။ မန္တလေးဟော်တယ်၌ အခန်းများရယူကြပြီး စိန်ပန်းရိပ်သာသို့ သွားကြပါသည်။ စိန်ပန်းရိပ်သာ ကမ္မဋ္ဌာနာစရိယ ဟံလင်းကြီးဆရာတော်အား ဖူးမျှော်ကန်တော့ပြီး ဆရာတော် ဦးဇနကနှင့် တွေ့ဆုံကန်တော့ လျှောက်ထားကြရာ ည ၁၁ နာရီခန့် ဟော်တယ်သို့ ပြန်လည်ရောက်ရှိကြပါသည်။ လေယာဉ်လက်မှတ်ရရန် တရက်နေပြီး နောက်နေ့ ရန်ကုန်မြို့သို့ ပြန်ရောက်သောအခါ ယောဂီ



(၁) ဘာရီကမ္ဘဌာန်းအဖွဲ့မှ ဆရာတော်ဘုရားကြီးအား ဆိပ်ခွန်ရွာတွင် လာရောက်ဖူးမျှော်ပြီး အနောက်နိုင်ငံ သာသနာပြုကြွတော်မူရန် လျှောက်ထားပုံ



(၂) ဂျပန်ပြည် မိုဂျီရှိကမ္ဘာ့အေးဘုရား

မနုန်က ၎င်းတို့အား မြို့ပေါ်ရှိ နာမည်ကြီး ဘုရားများအား ဖူးမျှော်ရန် လိုက်လံပို့သပေးပြီး မတ်လ ဂ ရက်နေ့ ရန်ကုန်မြို့မှ ထွက်ခွာသွားကြပါသည်။

## ဝိပဿနာဘာဝနာအသင်း

၎င်းဝိပဿနာ ဘာဝနာအသင်း (Insight Meditation Society) မှာ အမေရိကန် မက်ဆာချူးဆက်ပြည်နယ် (Massacrusettes) ဘွန်စတွန် (Boston)မြို့နှင့် မိုင် ၆၀ ခန့် ဝေးကွာသော ဘာရီ (Barre) မြို့အစွန်၌ တည်ရှိပါသည်။ ၎င်းအသင်းကို ဂျူးဆက်ဂိုးစတိုင်း ခေါင်းဆောင်သော ဗုဒ္ဓဘာသာဝင် အမေရိကန်အမျိုးသားတစုက စ၍ပြုစုပျိုးထောင်ခဲ့ပါသည်။ ၎င်းအသင်းဘည်ရာ အဆောက်အဦမှာ ယောဂီ ၁,၀၀ ကျော်ခန့် ဆန့်ပါသည်။ မီးဖို၊ ထမင်းစားခန်း၊ ဘုရားခန်း၊ ဓမ္မာရုံ၊ ရုံးခန်း၊ ဧည့်ခန်း စသော အခန်းများစွာ ပါရှိပါသည်။ ထိုအဆောက်အဦ ရှေ့လမ်းတဘက်၌လဲ အိပ်ခန်း ၃ ခန်း၊ ဧည့်ခန်း၊ မီးဖို၊ ရေချိုးခန်းစသော အခန်းများပါရှိသော အိမ်ငယ်တလုံးလဲရှိပါသည်။ ၎င်းအသင်းပိုင်မြေမှာ ဂ၄ ဧကရှိရာ ကျောင်းရှိမြေကွက်မှာ ၅ ဧကခန့်မျှရှိပြီးလျှင် ကျန်မြေမှာ တောနှင့်မြက်ရိုင်းခင်းများဖြစ်ပါသည်။ ဌာနချုပ်၌ ၁၀ ရက်စခန်း၊ ၂ ပတ်စခန်းနှင့် ၃ လစခန်းများ ကျင်းပပါသည်။ ၎င်းဌာနသို့ အခြားထင်ရှားသော ဝိပဿနာကမ္မဋ္ဌာန်းဆရာများလဲ လာရောက်၍တရားများ ပြသပါသည်။ ၎င်းဌာနရှိ ကမ္မဋ္ဌာန်းဆရာများမှာလဲ အမေရိကန် အခြားပြည်နယ်များ သို့လဲ သွားရောက်၍ တရားများပြသကြပါသည်။

အင်္ဂလန်နှင့် ဥရောပသို့လဲသွားရောက် တရားပြသပါသေးသည်။ ယခုလက်ရှိ ကမ္မဋ္ဌာန်းဆရာ ၄ ဦး ရှိပါသည်။ ၎င်းတို့မှာ မစ္စတာဂျူးဆက်ဂိုးစတိုင်း ဂျက်ကုန်းဖီး၊ ဂျက်ကလင်းရှ(ဆရာမ) နှင့် ရှယ်ရွန်ဆဲလ်ဘာက်ခ်(ဆရာမ)တို့ ဖြစ်ကြပါသည်။ ၎င်းအသင်းကို ဥက္ကဋ္ဌ၊ မန်နေဂျာ အပါအဝင် အဖွဲ့အုပ်ချုပ်ပါသည်။ အားလုံးစေတနာ့ဝန်ထမ်းများသာဖြစ်ကြပါသည်။

ပဓာနကမ္မဋ္ဌာန်းဆရာ ဂျိုးဆက်ဂိုးစတိုင်းမှာ ကိုလံဘီယာ(Columbia) တက္ကသိုလ်မှ ဒဿနိကဘာသာရပ်နှင့် ဘွဲ့ရသူ ဖြစ်ပါသည်။ အမေရိကန်ငြိမ်းချမ်းရေးတပ် (Peace Corps.)၌ ပါဝင်ခဲ့ပြီး ဘုရင်နန်းတော်ကျောင်း၌ (Royal Palace King School)၌ အင်္ဂလိပ်စာပြဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အိန္ဒိယသို့ သွားရာ အနာဂါရိကမုနိန္ဒရနှင့် တွေ့ရှိပြီး ၎င်းထံ၌ ၇ နှစ်ခန့် တရားအားထုတ်ခဲ့ပါသည်။ ၁၉၇၄ ခု စောစောပိုင်း၌ အမေရိကန်သို့ပြန်၍ ဝိပဿနာ တရားများ ပြသပါသည်။ ထိုအချိန်၌ အမေရိကန်၌ ဝိပဿနာ ထွန်းကားစ အချိန်ဖြစ်သဖြင့် ၎င်းမှာ အချိန်ပြည့်တရား ပြသနိုင်ခဲ့ပါသည်။ ယောဂီများက လှူဒါန်းသောငွေနှင့် ခြိုးခြံစွာ နေနိုင်ပြီး၊ မိမိ၏ ပရိယေသနဝမ်းစာအတွက် သက်သက်ရှာရန် မလိုတော့ပါ။ အသက်မှာ ၃၆ နှစ်ရှိပြီး ၎င်းပြုစုသော Experience of Insight A natural unfolding မှာ အလွန်ပင် ထင်ရှားပါသည်။

မစ္စတာဂျက်ကွန်းဖီးမှာလဲ ပဓာနကမ္မဋ္ဌာန်းဆရာတဦး ဖြစ်ပါသည်။ ၎င်းသည် ဒက်မောက် (Dartmouth) တက္ကသိုလ်မှ အာရှသာသာရပ် (Asian Studies)နှင့် ဘွဲ့ထူးရရှိသူ ဖြစ်ပါသည်။ အမေရိကန်ငြိမ်းချမ်းရေးတပ်တွင် ဝင်ရောက်ပြီး ယိုးဒယားပြည် အနောက်မြောက်ဘက်ရှိ တောတောင်ထူထပ်သော အရပ်များ၌ တာဝန်ထမ်းဆောင်ရပါသည်။ ၎င်းအရပ်ရှိ ယိုးဒယား ဘုန်းတော်ကြီးများနှင့် အများဆုံးဆက်ဆံရသဖြင့် ရဟန်းဝတ်လိုသောဆန္ဒ ပြင်းပြလာပြီး တာဝန်ဝတ္တရားထမ်းဆောင်ပြီးသည်နှင့် ယိုးဒယားဆရာဘော် အကျန်များထံ၌ သင်္ကန်းဝတ်နှင့် ဝိပဿနာတရားများ လေ့လာအားထုတ်ခဲ့ရပါသည်။ ထို့နောက် ချွန်ဘူရီ (ယိုးဒယား)သာသနာ့ရိပ်သာခွဲ ဝိဝေကအာစုံ ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်ပြီး ဆရာတော် ဦးအာသဘထံမှောက်၌ ဝိပဿနာတရားများ နှစ်အတန်ကြာ အားထုတ်ခဲ့ပါသည်။ အမေရိကန်သို့ ပြန်လာပြီး ဘော်စတွန်မြို့ Boston Humansstic Psychology တက္ကသိုလ်၌ ပီအိတ်ချ်ဒီ (Ph.D.) ဘွဲ့ရယူပြီး Buddhist Study of Colorado ၌

အဘိဓမ္မာတရားများ ပြသပါသည်။ ထိုနောက် ဂျိုးဆက်နှင့် တွေ့ဆုံပြီးနောက် အတူတကွ ဝိပဿနာတရားများ ပြသနေပါသည်။ ၎င်းမှာ အသက် ၃၅ နှစ်ရှိပြီး Liginv Nuddhist Masters အမည်ရှိသော ကျမ်းစာအုပ်ကို ပြုစုသူဖြစ်ပါသည်။ ၎င်းစာအုပ်မှာလဲ ထင်ရှားပါသည်။

၎င်းနှစ် (၁၉၇၇) ဝါဆိုဦး လောက်တွင် ဂျိုးဆက်စတိုင်းနှင့် ဂျက်ကွန်းဖီးတို့ထံမှ ဆရာတော်ဘုရားကြီးအား အမေရိကန်သို့ကြွရောက်၍ ဝိပဿနာတရားများ ဟောပြော ပြသတော်မူပါရန် ပင့်ဖိတ်စာ တစောင် ရောက်ရှိလာရာ ဆရာတော်ဘုရားကြီးက အချိန်မကျသေးကြောင်း၊ နောင် အကြောင်းသင့်သောအခါ ကြွမည်ဖြစ်ကြောင်း မိန့်တော်မူသဖြင့် ၎င်းအမိန့်အတိုင်း စာပြန်လိုက်ပါသည်။

* * *

## ဘားမင်ဂန်ဆရာတော် ဒေါက်တာ ဦးရေဝတဓမ္မ၊ ဓမ္မာစရိယ ပီအိပ်(ချ)ဒီ၊ အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီဘုတို့ ဆရာတော်ဘုရားကြီး အနောက်နိုင်ငံ သာသနာပြုကြွရန်ကိစ္စများ စီစဉ်ဆက်သွယ်ခြင်း။

ဆရာတော် ဦးရေဝတဓမ္မမှာ ဟင်္သာတနယ် ဒေါင့်ကြီးရွာဇာတိသား ဖြစ်ပါသည်၊ မြစ်ကျေ့ကျောင်း၌ ရဟန်းဖြစ်ခဲ့ပါသည်။ ဓမ္မာစရိယ၊ အမ်အေ၊ ပီအိပ်(ချ်)ဒီ ဘွဲ့များရရှိထားသူ ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။ သာသနာ့ရိပ်သာ ဆရာတော် ဦးသုဇာတထံမှောက်၌ တရားအားထုတ်သွားသူဖြစ်ပါသည်။ နိုင်ငံခြားသို့ သာသနာပြုရောက်နေသည်မှာ အနှစ် ၂၀–ခန့်ရှိပါသည်။ ပဌမအိန္ဒိယတွင် သင်္သကရိုက်စာပေ၊ ဝေဒကျမ်းများ၊ မဟာယာနဗုဒ္ဓကျမ်းများကို လေ့လာသင်ကြားခဲ့ပါသည်။ အိန္ဒိယ တက္ကသိုလ်များတွင်လဲ စာပေပို့ချခဲ့ပါသည်။ ၁၉၇၅–ခု ဇွန်လတွင်

အင်္ဂလန်ရှိ ဗုဒ္ဓဘာသာဝင် အချို့တို့၏ ပင့်လျှောက်ချက်အရ အင်္ဂလန်သို့ ရောက်ခဲ့ပါသည်၊ အင်္ဂလန်တွင် ပင့်ပတ္တိကိစ္စများ၌ မဟာစည်ဆရာတော် ဘုရားကြီးအား ဦးထိပ်ထား၍ ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ကမ္မဋ္ဌာန်းတရားများကို ဟောပြောပြသလျက် ရှိပါသည်၊ တရားပွဲများ အောင်မြင်ပါသည်၊ ဥရောပသို့သွားရောက်၍ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘဲလ်ဂျီယန်၊ ဟော်လန်၊ ဂျာမနီ စသော နိုင်ငံများ၌ ဝိပဿနာတရား များ ဟောပြောပြသပါသည်၊ အီတလီနိုင်ငံ ရိုမင်ကက်သလစ်ဝင်များက ပင့်သဖြင့် ၁၉၇၇–ခုနှစ်တွင် တလတိတိ ကက်သလစ်ကျောင်းများတွင် လှည့်လည်၍ ဝိပဿနာတရားများ ဟောကြားပြသခဲ့ပါသည်၊ ထိုနှစ် အောက်တိုဘာလ ၁၉–ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးနှင့် တွေ့၍ သာသနာရေးကိစ္စများ ဆွေးနွေးခဲ့ပါသည်။

## ၎င်းဆရာတော်က ဂျာမ်းစားတိုင်းမင်းကြီး စည်သူ ဦးညီဘုထံ စာရေးသည်မှာ–

ဒကာကြီးတို့ ဝမ်းသာစရာသတင်းကတော့ ဥရောပတိုက်နှင့်အမေရိကန် တွင် ဗုဒ္ဓဘာသာ အလွန်တိုးတက်နေပါသည်၊ အင်္ဂလန်နိုင်ငံတခုထဲတွင် ဗုဒ္ဓဘာသာဌာနပေါင်း ၁၀၀ ကျော်ကျော် ရှိနေပါသည်၊ ဥရောပတွင်လဲ ဗုဒ္ဓဘာသာအသင်းအဖွဲ့ မရှိသည့်နိုင်ငံဟူ၍ မရှိသလောက် ဖြစ်နေပါ သည်၊ အင်္ဂလန်ရှိ ခလေးစာသင်ကျောင်းတွေမှာလဲ ဘာသာရေးအခန်းတန်း တွင် ဗုဒ္ဓဘာသာပါဝင်လာပါပြီ ရေဒီယိုတွင်လဲ တနင်္ဂနွေနေ့များတွင် ဗုဒ္ဓ ဘာသာအကြောင်းတရားများ အသံလွှင့်ပေးနေပါသည်၊ ရုပ်မြင်သံကြား မှာလဲ ဗုဒ္ဓဘာသာအကြောင်းများ လစဉ် ဟောပြောပြသခန်းများပါ ပါသည်။ သို့အတွက် သင်္ကန်းနှင့် ခရီးသွားတဲ့ ရဟန်းတော်တွေဟာ သူတို့အတွက် ,အဆန်းမဟုတ်တော့ဘဲ ဗုဒ္ဓဘာသာ ရဟန်းတော်များဖြစ် ကြောင်း ခလေး လူကြီး အားလုံးသိနေကြပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးကို အမေရိကန်မှာ ပင့်ထားကြောင်း ကြားရပါသည်။ ဦးပဥ္စင်းတို့အင်္ဂလန်မှ ဆရာတော်ဘုရားကြီး အမေရိကန်ကြွလျှင် အင်္ဂလန်သို့ ပင့်မည်ဟု စောင့်နေကြပါသည်၊ အကယ်၍ ၎င်းတို့ဘက်က မသေချာလျှင် ဆရာတော် ဘုရားကြီးအား အင်္ဂလန်သို့ သာသနာပြုကြွရန် ဦးပဥ္စင်း၏ ဒါယကာ ဒါယိကာမများက လေယာဉ်လက်မှတ်နှင့် အခြား ကုန်ကျသော စရိတ်များအားလုံးကို လှူဒါန်းပါမည်။ ဆရာတော်ဘုရားကြီးနှင့် ကပ္ပိယတဦးအတွက် လေယာဉ်လက်မှတ် ဆက်ကပ်လှူဒါန်းရန် အဆင်သင့်ရှိပါသည်၊ သို့အတွက် ဒကာကြီးကိုယ်တိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ နိုင်ငံကူးလက်မှတ် အဆင်သင့်ရှိပါက ဦးပဥ္စင်းထံ အကြောင်း ကြားပါ၊ လေယာဉ်လက်မှတ်များ ပို့ပေးပါမည်၊ ဆရာတော်ဘုရားကြီး တရားပြသတော်မူရန်အတွက် ယောဂီ ၁၀၀ ကျော်ကျော်နေနိုင်သည့် ရိပ်သာလဲ ရှိပါသည်။ ၎င်းတွင် ဆရာတော်ကြီးကျောင်းအမှတ်ဖြင့် ချမ်းသာစွာ သီတင်းသုံးနေနိုင်ပါသည်၊ အင်္ဂလန် ရောက်သောအခါ အမေရိကန်၊ အင်္ဂလန်၊ ဥရောပရှိနိုင်ငံများသို့ သာသနာပြုကြွရန် ဦးပဥ္စင်း စီစဉ်ပေးနိုင်ပါသည်။ အကယ်၍ လိုအပ်ပါက ဦးပဥ္စင်းကိုယ်တိုင် ဆရာတော်ဘုရားကြီး၏ စကားပြန် ပစ္ဆာသမဏအဖြစ် သာသနာပြုလိုက်နိုင်ပါသည်။

အကယ်၍ ဆရာတော်ဘုရားသည် နိုင်ငံကူးလက်မှတ်ရရှိပါက အင်္ဂလန်သို့ ဝါဆိုမီ ပင့်နိုင်ပါသည်။ သို့အတွက် ၎င်းကိစ္စ စာပြန်ရေးသားပါ၊ ဒီမှာ ဝါဆိုသီတင်းကျွတ်လျှင် ဥရောပနှင့် အမေရိကန်သို့ သာသနာပြုကြွနိုင်ပါသည်၊ ဝိနည်းနှင့်အညီ သီတင်းသုံးနိုင်သည့် ရိပ်သာကြီးရှိပါသည်။ မြေကေ ၃၀ ကျော်ရှိပြီး အလွန်ချမ်းသာသာယာပါသည်။ ၎င်းရိပ်သာတွင် ဆရာတော်ဘုရားကြီးသည် ဗမာနိုင်ငံမှာကဲ့သို့ပင် သီတင်းသုံး၍ သာသနာပြုနိုင်ပါသည်။

ပုံ – အရှင်ရေဝတဓမ္မ

မဟာစည် ၃-ပ-မ-သ-စ

အထက်ပါစာမှာ ဆရာတော် ဦးရေဝတဓမ္မက စည်သူဦးညီဘုထံ ၁၉၇၀ ခု မေလက ရေးသောစာဖြစ်ပါသည်။နောက်ထပ်စာကို ဩဂုတ်လ ၁၂ ရက်နေ့က ရရှိသည်။ ၎င်းစာမှာ –

၃–၈–၇၀

ဦးညီဘုခေါ် အရှင်သုစိတ္တ

ပေးပို့သောစာနှင့် ဟယ်ဒါဘာအသင်းတွင် ဝေငှသော စာရွက်များ ကောင်းစွာရပါသည်။ ဦးပဥ္စင်းလဲ စကော့တလန် တရားပြသွားနေရ သော်လဲ ဝါတွင်းဖြစ်၍ တပါတ်တခါ ကျောင်းတွင်ပြန်၍နေရ၊ ဝါပန် သွားရပါသည်။ ဗမာပြည် မဟာစည် ဆရာတော်ဘုရားကြီးထံက စာရ ပါသည်။ ဆရာတော်ကြီးစာအရ အစစအရာရာအဆင်ပြေပါက ရှေ့နှစ် ပြီးသလောက်တွင် သာသနာပြုလာပါမည်တဲ့၊ မေလကစ၍ စက်တင်ဘာ လအထိ ရာသီဥတုသင့်ပါသည်။ အကောင်းဆုံးကတော့ မေလမှ ဇူလိုင် လအထိပါဘဲ။ အနောက်နိုင်ငံက သတ္တဝါတွေရဲကံရှိလျှင် မြန်မာနိုင်ငံမှ ဆရာတော်များ သာသနာပြုကြွနိုင်ပါမည်။ ဒါယကာကြီးတို့အနေနဲ့ မဟာစည်ဆရာတော်ကြီးအတွက် အစိုးရထံ လျှောက်လွှာတင်ထားပေး သင့်ပါသည်။

အမေရိကန်မှ ဂျိုးဆက်တို့ထံကလဲ စာရပါတယ်။ အကယ်၍ မဟာစည်ဆရာတော်ကြီး နိုင်ငံခြားသာသနာပြုထွက်နိုင်ပါက သူတို့ကလဲ အမေရိကန်တွင် တရားပွဲကျင်းပနိုင်ရန် အစစအရာရာ တာဝန်ယူပါ မည်တဲ့။ သို့အတွက် ဆရာတော်ကြီး နိုင်ငံကူးလက်မှတ်ရတဲ့အခါ ဥရောပ နှင့် အမေရိကခရီးသွားစီစဉ်ပါ၊ သာသနာရေးအသင်းအဖွဲ့များစွာနှင့် ဆက်သွယ်၍ ဦးပဥ္စင်းတို့ အစီအစဉ်လုပ်ပေးပါမည်။ ယခုလ ၆ ရက် နေ့တွင် ဦးပဥ္စင်းကျောင်းမှာ ဗမာလေး ၂ ဦးအား ရှင်ပြုပွဲရှိ၍ ဗပာ အရာရှိ တဦးရဲ့ ရဟန်းခံပွဲလဲရှိပါသည်။ နိုင်ငံခြားတွင်ကြီးတဲ့ ဗမာက လေးတွေရှင်ပြုပွဲလဲ စခဲ့နိုင်ပါသည်။ သာဓုခေါ်ပါ။

ကျန်းမာရွှင်လန်းကြပါစေ
**အရှင်ရေဝတဓမ္မ**

## ရှက်မြသွေးနုနုထွေး

### အမေရိကန် ဘာရီမြို့၊ ဝိပဿနာဘာဝနာအသင်း (Insight Meditation Society) မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား သာသနာပြု ပင့်ဖိတ်ခြင်း။

ကျွန်တော်သည် နှစ်စဉ် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဝါမဝင်ခင် ကန်တော့လေ့ ရှိပါသည်။ ၁၉၇၈ ခု၊ ဝါဆိုလဆန်းတရက်တွင် ဆရာတော်ဘုရားကြီးအားသွားကန်တော့သော အခါ ဥက္ကဋ္ဌစည်သူဦးညီဘုလဲ ဆရာတော်ဘုရားကြီးရှေ့မှောက်တွင် ရောက်နေပါသည်။ ကျွန်တော့ကို တွေ့သောအခါ ဥက္ကဋ္ဌကြီးက "ဦးအောင်ဂိုင် ဆရာတော်ဘုရားကြီး အနောက်နိုင်ငံသာသနာပြုသွားရင် ဦးအောင်ဂိုင် သက်န်းဝတ်နဲ့လိုက်ရမယ်၊ လိုက်နိုင်မလား" ဟု မေးသောအခါ ဆရာတော်ကြီးက "ဒင်းကိစ္စမှာ စောလွန်းပါသေးတယ်" ဟု မိန့်တော်မူသဖြင့် စကားပြတ်သွား ပါသည်။ ကျွန်တော်လဲ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကောင်းတော်မူပါရဲ့ အကြောင်း လျှောက်ထားပြီး ပြန်ခဲ့ ပါသည်။

ဒင်းနှစ် နိုဝင်ဘာလ စောစောပိုင်းတွင် ကျွန်တော်သည် ညစာစားပြီး စာဖတ်နေရာ ည ၉ နာရီခန့် ဥက္ကဋ္ဌကြီး ဦးညီဘုအိမ်ရောက်လာပါသည်။ ကျွန်တော်လဲ နေရာထိုင်ခင်းပေးပြီ "အဘ ဘာများအရေးကြီး၍ အချိန်မတော်ညကြီးလာခဲ့ရတာလဲ" ဟု ပြောသောအခါ ဒင်းက တောင် ပုလုဆရာတော်ကြီး အမေရိကကြွသွားတာ ကြားတယ် မဟုတ်လား၊ အခု အမေရိက၊ ဘာရီဝိပဿနာ (Insight Meditation Society) အသင်းက နောက်ထပ်ပင့်စာ ရောက်လာတယ်။ ဆရာတော်ဘုရားကြီးကလက်ခံမည် ဖြစ်ကြောင်း မြန်အောင် ဦးကင် ကို စာပြန်ခိုင်းတယ်။ ဦးအောင်ဂိုင် ဆရာတော်ကြီးထံ သွားပါအုံး" ဟု ပြောပြီးပြန်သွားပါတယ်။ နောက် တနေ့၊ ကျွန်တော်ဆရာတော်ကြီးထံ သွားသောအခါ ဆရာတော်ကြီးက

“အမေရိက ပင့်စာရောက်လာတယ်။ လက်ခံမည်ဖြစ်ကြောင်း မြန်အောင် ဦးတင် ကို စာရေးခိုင်းထားတယ်။ ဦးရေဝတဓမ္မထံကလဲ ပင့်စာရောက်တယ်။ ဦးညိဘု၊ ဦးတင်တို့နဲ့ တိုင်ပင်ဆောင်ရွက်ရန် မိန့်တော်မူသဖြင့် မြန်အောင် ဦးတင် အိမ်သို့ သွားပါသည်။ ဦးတင်နှင့် အဆင်သင့်တွေ့၍ အကျိုးအကြောင်း ပြောပြသောအခါ ၎င်းက အမေရိကန်ကပင့်စာကို ထုတ်ပေးပါသည်။ ဆရာတော်ဘုရားကြီးက လက်ခံကြောင်း စာပြန်လိုက်သည်ဟုပြောပါသည်။ အမေရိက ကပင့်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Insight Meditation Society
Pleasant Street
Barre, Massachusetts 01005.

617–335–4378

October 12, 1978.

Most Venerable Mahasi Sayadaw,

Thathana Yeiktha

16 Hermetage Road,

Rangoon, Burma.

Dear Venerable Sayadaw,

We have heard from Dr. Rewatadhama in England that there is a possibility of your visiting Europe & America sometime next year. We would be most delighted and honored to receive you have at the Insight Meditation Society. There are many students who would greatly benefit by your visit.

You may wish to come with a part of five Sayadaws in order to provide the apPortunity for ordination of students in America, In additions we hope that you could be aecompanied by a skilled translator such as Myanaung U Tin.

Do you foresee the possibility of such a visit in the near future? If so, in order to fa cilitate the arrangements and scheduling, it would be important & helpful if we could know your plans & likely dates as soon as possible.

We look forward to hearing from you soon.

With the deepest respects,

Sd/- Sd/-

Joseph Goldstein. Jack Kornfield

ကျွန်တော်လဲ အိမ်ပြန်လာပြီး နောက်နေ့၊ နေ့ယောဂီအဖြစ်ရိပ်သာ၌ နေပါသည်။ သင့်လျော်သောအချိန်၌ ဆရာတော်ကြီးထံသွား၍ မည်သည့် နေ့ရက်ခန့်တွင် ထွက်ခွာနိုင်မည်၊ မည်သည့်နေ့ရက် မြန်မာပြည်သို့ အရောက် ပြန်ကြလိုသည် စသော အချက်အလက်များ မေးမြန်းသော အခါ၊ ဆရာတော်ဘုရားကြီးက "ဧပြီလဆန်းလောက်ထွက်၍ ဝါမဆိုမှီ အရောက်ပြန်လာမည်၊ ဦးအောင်ပိုင်လဲ သင်္ကန်းဝတ်နဲ့ လိုက်ရမယ်" ဟု မိန့်တော်မူရာ၊ ကျွန်တော်က "ဆရာတော်ဘုရားကြီး အမိန့်ရှိတဲ့အချိန် သင်္ကန်းဝတ်ရန် အဆင်သင့်ရှိကြောင်း" လျှောက်ထားသောအခါ "အခု တော့မလိုသေးပါဘူး။ နီးတော့ပြောမယ်" ဟု မိန့်တော်မူပါသည်။

ဂျူးဆက်ဂိုစတိုင်းနဲ့ ဆရာတော် ဦးရေဝတဓမ္မထံတို့သို့ ကျွန်တော်သည် ဆရာတော်ဘုရားကြီးမိန့်တော်မူသည့်အတိုင်း၊ အငြိမ်စားရဲချုပ် သိရိပုံချို

ဦးဘအေးနှင့် တိုင်ပင်၍ စာရေးလိုက်ပါသည်။ ပထမ အင်္ဂလန်သို့ကြွပြီး နောက်ပါသံဃာများကို ဆရာတော် ဦးရေဝတဓမ္မကျောင်း၌ထားခဲ့ပြီး၊ ဦးရေဝတဓမ္မနှင့် ဥရောပသို့ကြွမည်၊ အပြန် ဦးရေဝတပါ အားလုံး အမေရိကသို့သွားပြီး ဂျပန်ဘက်မှ ယိုးဒယားဝင်ပြီး ရန်ကုန်သို့ပြန်မည်ဟု ဆရာတော်ဘုရားကြီး၏ အကြမ်းပြင်းအစီအစဉ်ကိုပါ ထည့်ရေးလိုက်ပါသည်။

Rangoon,

15th Nov, 1978

Dear Joseph,

I am glad to inform you that I will be coming with the Ven. Mahasi Sayadaw. I will be coming as monk. The party will comprise of 4 monks and one lay attendant.

If everything goes well, we will leave Rangoon about 1st week of April for London: There Ven. Rewata Bhama will take us around Europe (including England) and tentatively it will be about 40 days. From there we, including Ven. Rewata Dhamma, will come to you. We are to be back in Rangoon by 1st week of July i.e. before the Rains. We intend to leave U.S., latest by the end of June and come back to Rangoon via Japan.

Please convey my warm regards to Jack and to those who came to Rangoon with you.

With metta,

Yours in Dhamma,

Sd /–

(U Aung Gine)

Rangoon,

Dated the 17th Nov. 78

Dear Joseph,

In continuation of my lettter dated the 13rd Nov., I am sending you further information regarding the Vernerable Mahasi Sayadaw's proposed visit to the States and certain parts of Europe.

In order to expedite this visit, the following requirements have to be fulfilled so that travel documents can be obtained from the authorities —

(a) If you haven't sent it yet, a formal invitation should be sent to the Venerable Mahasi Sayadaw somewhat on the lines of your letter dated the 12th October, 1978.

(b) A letter addressed to the Minister of Home and Religious Affairs of the Socialist republic of the Burma and another addressed to the Ambassador, Embassy of the Socialist Republic of the Union of Union of Burma in Washington, need to be forwarded for the purpose of soliciting their help to facilitate in the matter of the proposed visit of the Sayadaw:

In the letters an assurance has to be made that the sponsers/ doners (preferrably a Society or Organisation or a group of allied organisations) Will provide the necessary Air Tickets for the Sayadaw and his group to travel from Burma to the United States of America and back, and that lodging and other incidental expenses in the States will also be borne by the sponsers.

Not intending to be presumptuous, I am enclosing a draft of a letter addressed to the Minister of Home and Religious Affairs, Socialist Republic of the Union of Burma and the Ambassador, Socialist Republic of the Union of Burma in Washington, to be used by you as a guideline for whatever it is worth. Please send to the Venerabie Mahasi Sayadawa copy of your letter sent to the Ministry.

The funding for the expenses regarding the sojourn in London and Europe is being arranged by separātely Venerable Dr. Rewatadhamma and other sponsers/doners from that end.

As is usual in all countries, issuance of travel documents take some time and in order to alleviate difficulties, preparations for the application of passports should be made in advance so that they will be issued in time for the tentative date of journey in April 1970.

If you have any advice, suggestion or questions regarding this project, please feel free to contact me immediately,

Your sincerely,
Sd/- Aung Gine

ရန်ကုန်မြို့
(၁၃-၁၁-၇၀)

ဆရာတော်ဦးရေဝတဓမ္မ အရှင်သူမြတ်ထံ ရှိသေစွာ လျှောက်ထား အပ်ပါသည် ဘုရား။ အနောက်နိုင်ငံတွင် သာသနာပြုရန်၊ မဟာစည် ဆရာတော်ဘုရားကြီးသည် ဒါခြားသံဃာ(၃)ပါး၊ ကပ္ပိယတယောက်နှင့် ဧပြီလဆန်းလောက်တွင် လန်ဒန်သို့ ကြွလာပါမည်။ ဝါဆိုလပြည့်နေ့မှာ

ဇူလိုင်လ ၈ ရက်နေ့ဖြစ်ပါ၍၊ ၎င်းနေ့မတိုင်မီ ရန်ကုန်သို့အရောက်ပြန်ကြွပါမည်။ အပြန်တွင် ဂျပန်မှလှည့်၍ပြန်ရန် ဆရာတော်ဘုရားကြီးက အာသီသရှိပါသည်။ အပြန်ခရီးအတွက် ၁၀ ရက်ခန့်ရာထားပါသည်။ ဥရောပ (အင်္ဂလန်ပါ) နှင့် အမေရိကန်၌ သာသနာပြုရန် ရက်ပေါင်း ၈၀ ခန့်ရှိပါမည်။ ဥရောပ — (အင်္ဂလန်ပါ) သာသနာပြုရန်အတွက် ရက်ပေါင်း ၄၀ ခန့်၊ အမေရိကန်၌ ရက်ပေါင်း ၄၀ ခန့်ရာထားပါသည်။ အမေရိကသို့ကြွသောအခါ၊ ဆရာတော်ဦးရေဝတပါကြွရန် ဖြစ်ပါသည်။

အထက်ပါ အစီအစဉ်မှာ ဆရာတော်ဘုရားကြီး၏ အကြမ်းပြင်းရာထားချက် ဖြစ်ပါသည်။ ၎င်းရာထားချက်ကို ဂျိုးဆက်တို့ထံကိုစာဖြင့် အကြောင်းကြားထားပါသည်။ ၎င်းတို့က ဆရာတော်ဘုရားကြီး အမေရိကန်၌ သာသနာပြုရန်အတွက် သံဃာ ၅ ပါးနှင့် ကပ္ပိယတယောက်အတွက် အသွားအပြန်နှင့်အမေရိကတွင် ကုန်ကျသောစရိတ်အားလုံးကို တာဝန်ယူထားပါသည်။

ဆရာတော်ဦးရေဝတ၏ ဥရောပနှင့်အင်္ဂလန်၌ ဆရာတော်ဘုရားကြီး သာသနာပြုရန်အတွက် အစီအစဉ်ကို ကြိုတင်၍ လျှောက်ထားနိုင်ပါက၊ ဆရာတော်ဘုရားကြီးထံ စာရေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ရိုသေစွာ ရှိခိုးဦးတင်လျှောက်

ပုံ/—အောင်ဂိုင်

ဟာစည်ယောဂီ။

ထိုနောက် ဆရာတော်ဦးရေဝတထံမှ နှင့် ဂျိုးဆက်တို့ထံမှ စာပြန်လာပါသည်။ ၎င်းတို့က ဧပြီလတွင် လန်ဒန်နှင့်ဥရောပ၌အေးပါသေးသည်။ အမေရိကအနောက်ဘက်ကမ်းမှာ ရာသီဥတုပို၍နွေးပါသည်။ အမေရိကသို့ ပဌမကြွပြီးမှ အင်္ဂလန်နှင့်ဥရောပသို့ ကြွပါရန် ၎င်းတို့၏အစီအစဉ်

အကြမ်းကိုပို့လိုက်ပါသည်။ ဆရာတော်ဦးရေဝတမွကလဲ အမေရိကားက ပင့်သံဃာ ၅ ပါးလုံး တာဝန် ယူမည် ဖြစ်ကြောင်း စာတွင် ပါလာပါ သည်။ ၎င်းပြင် ယာ့အနောက်နိုင်ငံ၌ တရားဟောသောအခါ ကိုးတင်၍ ရေးသားထားသောစာရွက်ကို ဘတ်ဟောလေ့ရှိပါသည်။ ဤကဲ့သို့ပင် ဆရာတော်ဘုရားကြီးလဲ တရားများကို အင်္ဂလိပ်ဘာသာပြန်ပြီး၊ အနောက် နိုင်ငံရောက်သောအခါ ကိုယ်ဘိုင်ဘတ်၍ ဟောတော်မူပါရန် အကြံပေး လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးသည် အောက်ပါ တရား ၅-ပုဒ်ကို၊ ရေးသားတော်မူပါသည်။

(၁) အမြတ်ဆုံးတရားတော်

(၂) ဗုဒ္ဓသာသနာတရားတော်

(၃) သတိပဋ္ဌာန်တရားတော်(ပါဒ)

(၄) ချမ်းသာရေးတရားတော်

အမြတ်ဆုံးတရားတော်ကို အငြိမ်းစားသာမဝါယမင်းကြီး၊ သီရိပျံချီ ဦးညိုညို ဘီအေ၊ဘီယ်လ်က ဘာသာပြန်၍၊ကျန်တရားများကို ဦးသာနိုး အမ်အေက ဘာသာပြန်ပါသည်။

ကျွန်တော်လဲ ရိပ်သာ၌ တရားအားထုတ်သွားကြသောယောဂီများ နှင့် နိုင်ငံခြားသို့ ရောက်ရှိနေသော မိမိ၏အသိမိတ်ဆွေများထံ၊ ဆရာ တော်ဘုရားကြီး ကြွလာတော်မူမည့်အကြောင်းနှင့် အကြမ်းပြင်း အစီ အစဉ်များပါ စာရေးသားပေးပို့ပါသည်။

ဝါရှင်တန်မြို့ရှိ မြန်မာအမျိုးသားများက၊ ၎င်းတို့အတွက် ပေးထား သောရက်မှာ အလွန်နည်းနေပါ၍ ရက်တိုးပေးပါရန် အဖွဲ့ချုပ်နှင့်ဆရာ တော်ဘုရားကြီးထံ စာလာသဖြင့်၊ ဘာရီအသင်း နှင့် ဆက်သွယ်ပါရန် စာပြန်လိုက်ပါသည်။ ၎င်းပြင် ဘာရီအဖွဲ့သို့လည်း ဆန်ဖရန်စစ္စကို၊ ဝါ ရှင်တန်နယူးရောက်စသော မြန်မာများများရှိသောမြို့များအတွက် ရက် အတော်အသင့် တိုးပေးနိုင်ပါက၊ တိုးပေးပါရန် စာရေး အကြောင်း ကြားလိုက်ပါသည်။

## အနောက်နိုင်ငံသာသနာပြု ကြွရန် နောက်ထပ်မင့်ဖိတ်ခြင်းများ

၁၉၇၀ ခု၊ ဒီဇင်ဘာလဆန်းတွင် သာသနာရေးဌာန ညွှန်ကြား ရေးမှူးချုပ်သည်၊ ဆရာတော်ဘုရားကြီးထံလာရောက်၍ လျှောက်ထား သည်မှာ "အမေရိက၊ ဘာဂျီ ဝိပဿနာဘာဝနာအသင်းမှ ဆရာတော် ကြီးနှင့်တကွ အဖွဲ့ဝင် ၅-ဦး၊ ကပ္ပိယတယောက်ကို ၎င်းတို့က စရိတ် အကုန်အကျ အားလုံး တာဝန် ယူ၍ အမေရိကသို့ ပင့်လိုပါကြောင်း၊ ဝိပဿနာတရားများ ဟောကြားပြသရန်ကိစ္စဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ကို သက်ဆိုင်ရာနိုင်ငံကူးလက်မှတ် စာရွက်စာတမ်းများ ထုတ်ပေးပါရန် မေတ္တာရပ်ခံကြောင်း စာရရှိပါ သည်။ ဆရာတော်ဘုရား ကြွလိုပါက နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် မိမိတို့ဌာနက ထောက်ခံပါမည်"ဟု လျှောက်ထားသောအခါ ဆရာ တော်ဘုရားကြီးက "နိုင်ငံကူးလက်မှတ် ထုတ်ပေးပါက ကြွရောက်မည် ဖြစ်ကြောင်း" မိန့်တော်မူရာ၊ "သက်ဆိုင်ရာလျှောက်လွှာများကို ဖြည့် စွက်ပြီး သာသနာရေးဌာနသို့ ပို့ပေးပါရန်၊ ၎င်းလျှောက်လွှာများ ရရှိ သောအခါ ထောက်ခံပြီး ပြည်ထဲရေးဌာနသို့ ပို့ပေးပါမည်" ဟုလျှောက် ထားပြီး ပြန်သွားပါသည်။ ဆရာတော်ဘုရားကြီးသည်၊ ၎င်း ကိစ္စကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဉက္ကဋ္ဌ နှင့် အကျိုးဆောင်အတွင်းရေးမှူးတို့ အား လိုအပ်သလိုဆောင်ရွက်ရန် မိန့်ကြားတော်မူပါသည်။

ထိုနောက် ဝါရှင်တန်မြို့ ဦးချစ်မြိုင်ထံမှ၊ ၎င်းတို့အဖွဲ့က အောက်ပါ အချက်အလက်များကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း စာရရှိ ပါသည်။

၁။ အမေရိက အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်း ဘာဂျီမြို့ထိ ကုန်ကျသောစရိတ်များကို ဝါရှင်တန်အဖွဲ့က တာဝန်ယူမည်ဖြစ်ကြောင်း။

၂။ သာသနာပြုခရီးစဉ်များကိုလဲ ကြိုတင်စီစဉ်ထားပြီးဖြစ်ကြောင်း။

၃။ မဟာစည်သာသနာပြုလုပ်ငန်းများ မော်ကွန်းတင်ရုပ်ရှင်ရိုက်ကူးရန် ဂ လီမီတာ၊ မူဗီကင်မရာနှင့်ရုပ်ရှင်ပြစက်၊ ဖလင်ကားများကို ဝါရှင်တန်အဖွဲ့က လှူဒါန်းမည်ဖြစ်ကြောင်း။

ဝါရှင်တန်အဖွဲ့မှ လိုသည်များမှာ–

၁။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတိတ်ခွေများ အဖွဲ့ချုပ်မှခွီးမြှင့်ရန်။

၂။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားစာအုပ်များကို အလိုရှိပါသဖြင့်၊ လေယာဉ် နှင့် သယ်ခွင့်ရှိသလောက် ပေးပို့ပါရန်။

၃။ ဆရာတော်များအတွက် စတုမဓူကို ကပ္ပိယနှင့်တပါတည်း ထည့်ပေးပါရန်။

ဘာရီ ဝိပဿနာဘာဝနာအသင်းမှ အမေရိကသာသနာပြုအစီအစဉ်နှင့် နိုင်ငံကူးလက်မှတ်ရယူရေးအတွက် ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးထံ တောင်းပန်စာရေးထားကြောင်း၊ ၎င်းစာမိတ္တူကိုထည့်ပေးလိုက်ကြောင်း၊ လေယာဉ်လက်မှတ်များ ကြိုတင်ဝယ်ယူနိုင်ရန်အဖွဲ့ဝင်များ၏ အမည်စာရင်းကို အလိုရှိပါကြောင်း စာရောက်လာပါသည်။ (၎င်းတို့ထံမှ စာနေ့စွဲ ၂၇/၁၁/၇ဂ ) ဆရာတော် ဘုရားကြီးသည် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ် ရွေးချယ်ပါသည်။

(၁) ဆရာတော် ဦးဘိလာနန္ဒ၊ အဘယာရာမတိုက်၊ မန္တလေး။

(၂) ဆရာတော် ဦးဇနက၊ ချမ်းမြေ့ရိပ်သာ၊ ရန်ကုန်။

(၃) ဆရာတော် ဦးကေလာသ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်။

(၄) ဦးအဂ္ဂဓမ္မ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်။

(၅) ကပ္ပိယမြတ်သိန်း၊ မော်လမြိုင် တို့ ဖြစ်ကြပါသည်။

ဆရာတော် ဦးရေဝတဓမ္မထံမှလည်း အောက်ပါ အင်္ဂလန်နှင့်ဥရောပ သာသနာပြု ခရီးအစီအစဉ် ရောက်ရှိလာပါသည်။ (၎င်း၏ ၂၃/၁/၇၉ နေ့စွဲပါစာ)

မေလ ၁၀–၂၂ နယူးရောက်မှ လန်ဒန်ရောက်၊ ဝိဟာရ၌ ခေတ္တနားနေရန်။

မေလ ၂၂–၂၀ စကော့တလန်၊ ဆမြေလင်းတိဗက်ကျောင်း၌ ဝိပဿနာတရားများ ဟောကြားပြသရန်။

မေလ ၂၉–၃၁ မင်ချက်စတာနှင့် ဘာမင်ဂန်၌ ဝိပဿနာတရား ဟောကြားရန်။

ဇွန်လ ၁–၁၄ ဥရောပရှိ ဂျာမနီ၊ ပြင်သစ်၊ ဘဲလ်ဂျီယန်နှင့်နယ်သာလင်တို့၌ ဝိပဿနာတရားများ ဟောကြားပြသရန်။

ဇွန်လ ၁၅–၂၃ လန်ဒန်၌ သီတင်းသုံး၍ ဝိပဿနာတရားများ ဟောကြားပြသခြင်း၊ ရဟန်းခံပွဲများ ကျင်းပရန်။

ဇွန်လ ၂၄–ဇူလိုင်-အောက်စဖို့ ဗုဒ္ဓဘာသာအသင်း၌ OAKENHOLT ၂–ရက်ထိ BUDDHIST ECNTRE OXFORD ဝိပဿနာတရားများ ဟောကြားပြသရန်။

ဇူလိုင် ၃–ရက်နေ့–ရန်ကုန်သို့ ဗန်ကောက်မှ တဆင့်ပြန်ရန်။

* * *

Insight Meditation Society

Pleasant Street

Barre, Mass. 01005 Phone 617-355-4378

November 27, 1978.

Ven. Mahasi Sayadaw
Thathana Yeiktha
16, Hermitage Road
Rangoon, Burma.

Dear Ven, Sir,

We are most greatful and delighted to learn that you a party of Sayadaws will be able to visit the USA and Europe in 1979. This is an auspicious and wonderful event for those of us studying Buddha-dhamma in the West.

We would like to hereby formally invite you, a party of two or three other Sayadaws and a lay supporter to the Insight Meditation Society in Barre, Massachusettes with stops at other Buddhist Centres in America and Europe. We hope that you are able to be accompanied by sayadaws such as the Ven, U Zawana, Ven. U Janaka, or others who speak English and can help teach the many students who are looking forward to your visit.

We have planned the following itinenary with Dr. Rewata Dhamma who will meet you upon your arrival in California and travel with you throughout America and Europe.

Your party would be leaving Burma about the 5th of April to arrive in Los Angeles, California the 8th or 9th of April. We are conducting a two week meditation course in California for about 120 students at a very beautiful facility in the high desert country a few hours from Los Angeles. We are hoping you spend one week (April 10–17) at the retreat giving guidance and instruction. This will be a great inspiration to our California students who might otherwise not have the opportunity to meet with you.

From Los Angeles, your party will possibly to Washington D. C. perhaps with a few days in San Francisco and be received at the Washington Buddhist vihara. The most Ven. Taungpulu Sayadaw also visited there and was able to meet many of the Burmese Community.

On April 25th you can fly to Boston and be received by the Insight Meditation Society. The centre is about one and a half hours drive from Boston. There will be somedays to rest, tour the area and receive visitors, particularly the Burmese lay peopel from New York City. On May 2nd we are planning a twoweek meditation retreat at the centre, also for about 110 peoples, who would greatly benefit from your teaching, On May 17th your party will leave for England with Dr. Rewata Dhamma, who will a arrange the details of your stay in Europe.

This itinerary is most suitable for the schedule of courses being taught in America and to allow for the

length of time Dr. Rewata Dhamma would like to have you in Europe. We will arrange for the appropriate round–the–world air tickets including stopovers at the various places indicated. We're hoping that this plan is agreeable to you. If so, please let us know so that we can begin to make the necessary travel arrangements. We are also enclosing a second formal letter of invitation and a financial guarantee letter to assist in the process of obtaining travel permission and visas.

We will be most happy to be or any further assistance be required.

with the despest, repect,

Yours in the dhamma,

Sd/– Joseph Goldstein,

Meditation teacher,

Sd/- Jack Kornfield

Meditation teacher

Sd/– Guy Armstrong

Managing director.

INSIGHT MEDITATION SOCIETY
PLEASANT STREET
BARRE, MASSACHUSETTES 01005
617-355-4378

Nov, 29, 1978

Last minute addition:

Dear Ven. Mahasi Sayadaw,

we have just received a letter from U Aung Gine and have sent the requexted letters to you and to the Burmese Embassy here and the Minister in Rangoon. We hope that what We have enclosed will be suitable for arranging your travels. As soon as we hear back form you confirming the enclosed itinenary, we will purchase round the world tickets for you and your party.

In order to purchase tickets, we must have the names or all who will accompany you. In speaking with Dr. Rewata Dhamma, We understand that he has no plans for bhikkhus ordinations in Europe. Similarly, since you will only be in the USA for some weeks, it seems most suitable for you to offer the vipassana Meditation teachings to the many students who are here without ordinations during this visit. In this case, you could be accompanied by two or three Sayadaws who can also help teach meditation, and a lay attendant.

We have just spoken to Dr. Rewata Dhamma again to-day and he confirmed that the enclosed itinenary starting in California on April 8th is also most suitable for your

Europeon visit: In this way, you will be in California, Massachusettes, and England at the warmest times.

Again we are all most honoured that you will be eaching in the USA at last.

Most respectfully,
Sd/- Joseph Goldstein
Jack Kornfield
Guy Armstrong.

* * * *

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် အင်္ဂလိပ်ဘာသာပြန်တရားများကို မိမိ မူလကရေးထားသော မြန်မာတရားတော်များနှင့်မှန်မမှန် ကိုယ်တော်တိုင်စစ်ဆေးတော်မူပါသည်။ ဤကဲ့သို့စစ်ဆေးရာ၌ ဆရာတော်ဘုရားကြီး အလိုရှိသော ပိုမို၍ သင့်တော်မည်ထင်သော ဝေါဟာရများကို ဦးအဂ္ဂဓမ္မနှင့် ဦးမောင်မောင်ဘတို့က ရှာပေးရပါသည်။ ဆရာတော်ဘုရားကြီးမှာ အနောက်နိုင်ငံသို့ ကြွရောက်တော်မူရန် မစီစဉ်မီက အောက်နှင့်အထက် မြန်မာပြည်၌ ဇန်နဝါရီ ၆ ရက်မှ မတ်လ ၂၃ ရက်အထိ တရားဟော ကြွတော်မူရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် အလွန်ပင်စေ့စပ်သေချာသော ပုဂ္ဂိုလ်ကြီးဖြစ်တော်မူသည့်အတိုင်း အင်္ဂလိပ်ဘာသာပြန် တရားတော်များကို စီစစ်ရာတွင် အချိန်မှာ အတော်ပင် ကုန်ပါသည်။ အောက်မြန်မာပြည် တရားဟော ကြွတော်မူသော အချိန်မှာ ၎င်းတရားများ စီစစ်၍ မပြီးသေးသဖြင့် ဦးအဂ္ဂဓမ္မနှင့် ဦးမောင်မောင်ဘတို့ကို ခေါ်သွားပါသည်။ မအူပင်မြို့သို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးက ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ဝင် ဦးလေးမောင်အား အထက်မြန်မာပြည် ခရီးစဉ်မှာ

အရေးမကြီးလှကြောင်း၊ ဖျက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ အကြောင်းကြားရန် မိန့်တော်မူပါသည်။ မတ်လ ၉ ရက် သုံးဆယ် ရိပ်သာဖွင့်ပွဲပြီး ရန်ကုန်သို့ ပြန်ကြွတော်မူပါသည်။ ဇွဲပုံနှိပ်တိုက်ပိုင်ရှင် ဦးထွန်းရှိန်အား အင်္ဂလိပ်စာမူများအပ်ပြီး အချိန်မှီ ရိုက်နှိပ်ပေးရန် မိန့်တော်မူရာ ဦးထွန်းရှိန်လဲ အခြားအလုပ်များကို ရပ်ဆိုင်းထားပြီး စာအုပ်များကို အချိန်မှီ ရိုက်နှိပ်ပေးပါသည်။ (မြန်မာစာမူ တရားများ မှာမူ ရိုက်နှိပ်ပြီး ဖြစ်ပါသည်။

ဖေဖော်ဝါရီ လဆန်းရက်တွင် ဘာရီအဖွဲ့မှ ဟာဝေယန်ကျွန်းသို့ ဧပြီ ၅ ရက်မှ ၈ ရက်ထိ ကြွရောက်၍ ဝိပဿနာတရားများ ဟောကြားပြသတော်မူပါရန် သံကြိုးလာရာ ဆရာတော်ဘုရားကြီးက လက်ခံတော်မူကြောင်း သံကြိုးပြန်ကြားလိုက်ပါသည်။ထိုနောက် ဂျပန်ဘုန်းတော်ကြီး စူကီဇားကီးက ဂျပန်၌ တပတ်ကြွရောက်ချီးမြှင့်တော်မူပါရန် ပင့်စာ ရောက်လာရာ ဆရာတော်ဘုရားကြီး အချိန်မရသဖြင့် ဧပြီ ၂ ရက်မှ ၅ ရက်ထိသာ ကြွနိုင်မည်ဖြစ်ကြောင်း သံကြိုးနှင့် ပြန်ကြားလက်ခံလိုက် ပါသည်။ ထိုနောက် ဟော်လန်၊ ဟိတ်မြို့ ဗုဒ္ဓဘာသာဌာနမှ စာတစောင် ရောက်လာပါသည်။ (ပူးတွဲပါ) ၎င်းစာတွင်အဖွဲ့မှာ ဒတ်(ချ) အမျိုးသား ဘုန်းကြီး ဦးဓမ္မဝိရနတ က ဦးဆောင်ကြောင်း၊ ၎င်းမှာ အင်ဒိုနီးရှားရှိ ဆရာတော်ဘုရားကြီး၏ တပည့် သံဃရာဇာ ဆရာတော် ဦးဇီနရက္ခိတ၏ တပည့် ဖြစ်ပါသည်။ ဟိတ်မြို့၌ ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ဝိပဿနာတရားများ ပြသလျက်ရှိပါသည်။ ဆရာတော် ဘုရားကြီး၏ ရေးသားတော်မူသော ဝိပဿနာ အလုပ်ပေးတရားနှင့် ဉာဏ်စဉ်တရားများကို ဒတ်(ချ)ဘာသာနှင့် ပြန်ထားကြောင်း၊ ၎င်းဌာန မှာ ပွင့်ခါစဖြစ်၍ ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်သည် ကို ယောဂီ အပေါင်းတို့ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေပါကြောင်း၊ ဖြစ်နိုင်ပါက ၎င်းတို့ဌာန၌ ကမ္မဋ္ဌာန်းတရား စခန်းဖွင့်ပြီး ဆရာတော် ဘုရားကြီး ရောက်သခိုက် ချီးမြှင့်တော်မူပါရန် ရိုသေစွာ လျှောက်ထား ပါကြောင်း ပါရှိပါသည်။

ဆရာတော်ဘုရားကြီးက ဒင်းကိစ္စမှာ သာမန် ပူဇော်ကန်တော့ရန် ပင့်သည်မဟုတ် ဝိပဿနာကမ္မဋ္ဌာန်းတရား ဟောကြားပြသရန် လျှောက်ခြင်းကိစ္စဖြစ်၍ ပင့်လျှောက်သည်ကို လက်ခံမည် လိုအပ်လျှင် ဒုတိယဝါဆိုထိ နေမည်၊ အခြားဌာနများကလည်း ဝိပဿနာတရားစခန်းများ ဖွင့်လိုပါက လက်ခံရန် ဆရာတော် ဦးရေဝတဓမ္မထံ စာရေးရန် မိန့်ဆိုတော်မူသဖြင့် အောက်ပါစာများ ရေးသားပေးပို့လိုက်ပါသည်။

17 th Feb. '79

Upasika Dharma Padma
Boeddhayana Centrum
Gravenhage.

I received your letter of 15 th ultimo on 16 th of this month. only, as I was away from Rangoon touring the district with Ven. Mahasi Sayadaw.

I showed your letter to Ven. Mahasi Sayadaw and he is very glad to learn that the Nederlandse Buddha Dharma Stricting is able to open a new centre of Buddhist Meditation and study.

Your invitation is being accepted by Ven. Mahasi Sayadaw with great pleasure and he said that he is willing to give you the necessary assistance and encouragement for the sucessful operation of your centre. He instructed me to write to Ven. Dr. U Rewata Dhamma to make necessary arrangement in consultation with you.

Please inform Ven. Dharmawiranata that Ven. Mahasi Sayadaw wishes him success in his translation of the Practical Insight Meditation and the Progress of Insight.

Yours in Dhamma,
Sd/- Agga Dhamma
for Ven. Mahasi Sayadaw

Copy to
Ven. Dr. U Rewata Dhamma

* * * *

၁၇-၂-၇၉

ဆရာတော် ဦးရေဝတဓမ္မထံ တပည့်တော် ဖဂ္ဂဓမ္မရိုသေစွာလျှောက်ထားအပ်ပါသည် ဘုရား--

Nederlandse Buddha Dhamma Sticting မှ ဆရာတော်ဘုရားကြီးအား ပင့်ဖိတ်စာ ရပါ၍ ဆရာတော်ဘုရားကြီးက ၎င်းပင့်ဖိတ်ချက်ကို လက်ခံကြောင်း ကိုယ်တိုင်ကြွရောက်၍ချီးမြှင့်မည်ဖြစ်ကြောင်း အမိန့်ရှိပါ၍ ၎င်းတို့ထံ တပည့်တော် စာရေး အကြောင်းကြားလိုက် ပါသည်။ ၎င်းပြင် ဆရာတော်ဘုရားကြီးက လိုအပ်သော အစီအစဉ်များ ပြုလုပ်နိုင်ရန် ဆရာတော်ထံ စာရေး အကြောင်းကြားရန် မိန့်တော်မူသဖြင့် ယခုစာနှင့် ရေးသားလျှောက်ထားရခြင်း ဖြစ်ပါသည်။ နယ်သာလင်သို့ ပို့သော စာ၏ မိတ္တူကို ဆရာတော် သိသာရန်နှင့် လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန် ယခုစာနှင့် ပူးတွဲ၍ ပေးပို့လိုက်ပါသည် ဘုရား။

ဆန်ဖရန်စစ္စကို၊ နယူးရောက်နှင့် ဝါရှင်တန်မြို့များ၌ ရှိသော မြန်မာအမျိုးသားများက ၎င်းတို့၏ အသီးသီးသော မြို့များ၌ ဆရာတော်

ဘုရားကြီး အနည်းဆုံးတပတ်ခန့် သီတင်းသုံးတော်မူပါရန် (ရန်ကုန်ရှိ ဆွေမျိုးများမှတဆင့်) လျှောက်ထားလာခဲ့ရာ ဆရာတော် ဘုရားကြီးက ဂျူးဆက်တို့နှင့် ဆက်သွယ်ရန် မိန့်ကြားခဲ့ပါသည်။

ယခုအခါ ဆရာတော်ဘုရားကြီးသည် အထက်မြန်မာပြည် ခရီးစဉ် အားလုံးကို ဖျက်သိမ်းလိုက်ပြီး ဖြစ်ပါသည်။ ၎င်းဖျက်သိမ်းပြီးနောက် ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိသည်မှာ လိုအပ်ပါက အမေရိကသို့ တပတ်မျှ စော၍ ကြွမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဆရာတော် သင့်တော်သလို၊ လိုအပ်သလို ဂျူးဆက်တို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် တပည့်တော် ရှိသေစွာ စာရေးလျှောက် ထားရခြင်း ဖြစ်ပါသည်ဘုရား။ (ဟာဝေးကျွန်း၌ ၃ ရက်စော၍ ဝင်ရောက် ချီးမြှောက်ပါရန် ဂျူးဆက်တို့က သံကြိုးဖြင့် လျှောက်ထား သည်ကို ဆရာတော်ကြီးက လက်ခံကြောင်း သတင်းကို ဆရာတော် သိနှင့်ပြီး ဖြစ်သည်ဟု ယုံကြည်ပါသည်ဘုရား။

ပုံ / — အဂ္ဂဓမ္မ

* * * *

Nederlandse Buddha Dhamma Stichting

B. S./ D. P.

'S-Gravenhage, 15 januari 1979/2522

Namo Buddhaya!

Venerable Sir,

The Nederlandse Buddha Dhamma Stichting is a Dutch Buddhist Foundation/Society, founded in 1973. Recently we

were able to open a new centre 'Boeddhayana Centrum, in which the Dhaema Dipa Arama is located as a Buddhist Meditation and Study Centre.

The foundation as well as the arama/Centre is working under supervision of the Ven. Bhikkhu Dharmawiranta, A Dutch Bhikkhu, ordained in Indonesia. His teacher is the Ven. Bhikkhu A. Jinamitto (a pupil of the Most Ven. Maha Nayaka Sthavira Ashin Jinarakkhita Mahathera, head of the Indonesian Sangha and ordained in Burma in 1953 by the most Ven. Mahasi Sayadaw.)

It is rejoicing to hear from Joopkniff that mos Ven. U Sobhana Mahathera Mahasi Sayadaw is intending visit Europe. Therefore we would like to inform whether it is possible that the Most Ven. Mahasi Sayadaw can come and stay in our arama in the Nederlands to give Dhamma talks and meditation instructions. Of course we will contribute in the costs.

At this very monent the Ven. Bhikkhu Dharmawiranata is making translations from 'Practical Insight Meditation' and 'The Progress of Insight of which he has obtained permission via the Buddhist Publication Society Inc., Sri Lanka, for our publication serial.

We sincerely hope to hear from you as soon as possible. Please do accept our appologies for possible incorrect

words. A copy of this letter will be sent to the Ven. Dr. U Rewata Dhamma, Birmingham, England.

Yours in metta,
Sd/- Dharma Padama
Upsika Dharma Padma Huisman–Veat
Secretary.

Boeddhayana Centrum
Buys Ballotstrert 89
2563 ZH–'s Gravenhage
Nederland

(ယွတ်တနိုက်သည်၊ ၁၉၇၅ ခုနှစ်က ဤသာသနာ့ရိပ်သာ၌ တရားအားထုတ် – သွားသူ ဖြစ်ပါသည်။ နိုင်ငံခြား သာသနာပြု မထွက်မီ အချိန်က၊ ဦးပဥ္စင်း ၎င်းထံ ဆရာတော်ကြီး ဥရောပသို့ သာသနာပြုကြွရောက်မည်ဖြစ်ကြောင်း စာရေးသား ပေးပို့ထားပါသည်။)

* * * *

## အနောက်နိုင်ငံ သာသနာပြုကြွရန် ပြင်ဆင်ခြင်း

ဝါရှင်တန်အဖွဲ့မှ မှာသောစာအုပ်များနှင့်တိဘက်ခွေအားလုံးလေယာဉ်နှင့် သယ်ဆောင်ရန်မလွယ်ကူသဖြင့်၊ ဆရာတော်ဘုရားကြီးက သင့်တော်မည်ထင်သောစာအုပ်များ ရွေးချယ်ပေးပြီးနောက်၊တွဲဘက်အတွင်းရေးမှူး ဦးလေးမောင်သည်၊ ဝါရှင်တန်အတွက် စာအုပ်များနှင့်ဆရာတော်ဘုရားကြီး ဟောကြားတော်မူမည်ဖြစ်သောစာအုပ်များထဲ့ရန် ရှာဖွေရွေးချယ်ရပါသည်။ ကြိမ်သေတ္တာနှင့်ထဲ့ရန် ဆုံးဖြတ်ပြီး ကြိမ်သေတ္တာများမှာရော၊ ယောဂီဟောင်း – ဒေါ်တင့်တင့်မေ၊ ဒေါ်ခင်ခင်နှင့်သားများ၊ ၁၀၁- ဗဟိုရုံ၊ ဗိုလ်ချုပ်ဈေးတို့က လှူဒါန်းကြပါသည်။

အမေရိက၊ ဘာရီဝိပဿနာဘာဝနာအဖွဲ့မှ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များအတွက် လေယာဉ်လက်မှတ်နှင့် အတည်ပြုပြီး **သာသနာပြု** ခရီးစဉ်များကို ပို့သလိုက်ရာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်မှ **အောက်** ဖော်ပြပါ ပြည်ပသာသနာပြုခရီးစဉ်ကို ကြေငြာပါသည်။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
မဟာစည် သာသနာ့ရိပ်သာ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့
ပြည်ပသာသနာပြု ခရီးစဉ်

ကြွချီရာတွင်ပါဝင်သည့် သံဃာတော်အရှင်မြတ်များ–

(၁) အရှင်သောဘန ( ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး )
(၂) ဦးသီလာနန္ဒ
(၃) ဦးဇနက
(၄) ဦးကေလာသ
(၅) ဦးအဂ္ဂဓမ္မ
(၆) ဦးရေဝတဓမ္မ(အင်္ဂလန်) (အမေရိကန်ပြည်မှ ကြိုဆိုနေမည်)

ကပ္ပိယ–ဦးမြသိန်း

| နေ့ရက် | ကြွရောက်မည့်နေရာ | အချိန်နာရီ |
|---|---|---|
| ၇၉၊ ဧပြီ (၁)ရက် | ရန်ကုန်မှ | ထွက်–မွန်းလွဲ ၃း၃၀ |
| | ဘန်ကောက်(ယိုးဒယား) | ရောက် ။ ၅း၅၅ |
| ဧပြီ (၂)ရက် | ဘန်ကောက်မှ | ထွက်–နံနက် ၁၀း၄၅ |
| | တိုကျို(ဂျပန်) | ရောက် ည ၈း၁၅ |
| ဧပြီ (၅)ရက် | တိုကျိုမှ | ထွက် – ည ၉း၀၀ |
| | ဟော်နိုလူလူ(ဟာဝေယံ) | ရောက် နံနက် ၈း၃၀ |
| ဧပြီ (၈)ရက် | ဟော်နိုလူလူမှ | ထွက်– ။ ၁၀း၃၀ |
| | လော့စ်အင်ဂျလိစ် | ရောက် ညနေ ၅း၄၀ |
| ဧပြီ (၉)ရက် | လော့စ်အင်းဂျလိစ်မှ ပန်းစပရင်း ကားနှင့်သွား ၁၇–ရက်နေ့အထိ (၇) ရက်စခန်း၊ | |
| ဧပြီ(၁၇) | ပန်းစပရင်းမှ | ထွက်–နံနက် ၁၁း၅၀ |
| | ဆန်ဖရန်စစ္စကို | ရောက်–မွန်းလွဲ ၁း၀၀ |
| ဧပြီ(၂၀) | ဆန်ဖရန်စစ္စကိုမှ | ထွက်–နံနက် ၈း၄၅ |
| | ဝါရှင်တန် | ရောက် ညနေ ၄း၄၀ |
| | ဝါရှင်တန် ၇ ရက်စခန်း၊ | |
| ဧပြီ(၂၇) | ဝါရှင်တန်မှ | ထွက်–နံနက် ၁၁း၁၅ |
| | ဘော့စတန် | ရောက် မွန်းလွဲ ၁၂း၂၂ |
| ဧပြီ | ကော့စတန်မှ ကားနှင့်ဘာရီသွား ၁၅ ရက်စခန်း | |
| မေလ(၁၄) | ဘော့စတန်မှ | ထွက်–မွန်းလွဲ ၁၂း၄၅ |
| | နယူးရောက် | ရောက် ။ ၁း၂၀ |
| မေလ(၂၀) | နယူးရောက်မှ | ထွက်–နံနက် ၈း၁၀ |
| မေလ(၂၁) | လန်ဒန် | ရောက် နံနက် ၈း၂၀ |

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်ပသာသနာပြုရန်ထွက်ခြင်း၊ ဘန်ကောက်မြို့သို့ ကြွတော်မူခြင်း။

မူလက စီစဉ်ထားသည့်အတိုင်း ၁၃၄၀-ခု၊ တန်ခူးလဆန်း ၅ ရက်၊ ၁၉၇၉ ခု၊ ဧပြီလ ၁ ရက်နေ့ မွန်းလွဲချိန် ဆရာတော်ဘုရားသည် ဒေါ်ကြွေမွှာရုံ၌ သံဃာတော်များ၊ ယောဂီများ၏အကန်တော့ခံ၊ ဩဝါဒပေးတော်မူပြီး ၂း၃၀ အချိန် မင်္ဂလာဒုံလေဆိပ်သို့ ကြွတော်မူပါသည်။ လေဆိပ်တွင်လည်း လိုက်ပို့ကြသောသံဃာတော်များ၊လူပရိသတ်ကြီးမှာ အထူးပင် စည်ကားလှပါသည်။ လေဆိပ် အထူးဧည့်သည်တော်ဆောင်၌ ဆရာတော်ဘုရားကြီးသည် အဖွဲ့ဝင်လူကြီးများ၊ အခြားပုဂ္ဂိုလ်ကြီးများနှင့် လိုက်ပို့သောပရိသတ်ကြီး၏ ထပ်မံကန်တော့သည်ကိုခံယူပြီး၊ မွန်းလွဲ ၃း၃ာရီခွဲအချိန်ခန့်တွင် ဘီအေစီလေယာဉ်ပေါ်သို့ အဖွဲ့ဝင်များနှင့်တကွ ကြွတော်မူပါသည်။ ၄ နာရီခန့် လေယာဉ်ထွက်ပါသည်။ လေယာဉ်မှာ ဟော်လန်လုပ် အက်(၈) ၂၈ဂျက် အင်ဂျင် ၂ လုံးတပ် အမျိုးအစားဖြစ်ပါသည်။ တစ်နာရီ မိုင်-၅၀၀ နှုန်း၊ ပေ-၂၈၀၀၀အမြင့်မှ ပျံပါသည်။ လေယာဉ်မှူး ကပ္ပတိန် ကိုဇော်ရှင်း၊ တွဲဘက်လေယာဉ်မှူး ကိုငွေးမြင့်နှင့် လေယာဉ်မယ် (မဟာစည်ယောဂီ) မခင်ဝင်းတို့ လိုက်ပါကြပါသည်။ ဘန်ကောက်သို့ ၅း၃၀ ရောက်ပါသည်။ ပျံသန်းချိန် ၁ နာရီ၊ ကွာခြားချိန်နာရီဝက် လေယာဉ်မှာ ခရီးသည် ၇၅ ယောက်တင်ဆောင်နိုင်ပါသည်။ ရန်ကုန်နှင့်ဘန်ကောက်ခရီးမှာ မိုင် ၃၃၀ ရှိပါသည်။


ဘန်ကောက်လေဆိပ်၌ ဝတ်မဟာတဆရာတော်ဦးဝိမလ၊ ဆရာတော်ဦးပညာဝံသ (လန်းပန်)၊ ဆရာတော်ဦးဓမ္မာနန္ဒ(လင်းပန်)၊ ဆရာတော်ဦးသောဘန(နခေါင်းစွန်)၊ ချွန်ဘူရီဝိဝေကအာစုံဆရာတော်ဦးအာသဘနှင့် ၎င်းကျောင်းဒကာ၊ မြန်မာသံရုံးမှ ပဌမအတွင်းဝန်ဦးသိန်းနှင့်အခြားအရာရှိများ၊ ဦးထွန်းသိန်း ဒေါ်မေမေပု၊ သမီးစိုးစိုးနှင့်ဒကာအောင်းဒရူး၊ ဦးစို အစရှိသော မြန်မာအမျိုးသားများ၊ ဘာရီအသင်းမှ ကမ္မဋ္ဌာန်း

ဆရာ ဂျက်ကွန်းဖီးတို့ လာရောက် ကြိုဆို ကြပါသည်။ အမေရိကန်နှင့် အင်္ဂလန် ဥရောပ၌ သုံးရန်ဖြစ်သောစာအုပ်များ၊ သင်္ကန်းသပိတ်များကို မစ္စတာ ဂျက်ကွန်းဖီးအား ပေးလိုက်ပါသည်။ ၎င်းမှာ ဘန်ကောက်မှ အမေရိကသို့ တောက် လျှောက် ပြန်ပါသည်။ ချွန်ဘူရီသို့ ည ၈း၃၀ ရောက်ပါသည်။ ခရီးမှာ ကီလိုမီတာ ၇၀ ရှိပါသည်။ ည ၉ နာရီ ဆရာတော်ဘုရားကြီး နှုတ်ခွန်းဆက် မိန့်ခွန်းတရားဟောရာ ၁၀ နာရီ ပြီးဆုံးသွားပါသည်။

## ဂျပန်သို့ ကြွတော်မူခြင်း

တန်ခူးလဆန်း ၆ ရက်။ ။ဧပြီလ ၂ ရက် အာရုဏ်ဆွမ်းကို ဦးထွန်းသိန်း–ဒေါ်မေမေပုတို့ ဦးဆောင်ပြီးကပ်ပါသည်။ နံနက် ၇ နာရီ ချွန်ဘူရီမှထွက်၍ ဘန်ကောက်လေဆိပ်သို့ ၉း၃၀ ရောက်ပါသည်။ ၁၀း၁၅ လေယာဉ်ပေါ်တက်ပါသည်။ ၁၀း၄၅ ထွက်ရန် ဖြစ်သော်လည်း စက်ချို့ယွင်း၍၊ မွန်းလွဲ ၂ နာရီမှ ထွက်ပါသည်။ လေယာဉ်မှာ အဲယားဘတ်(စ) အမျိုးအစားဖြစ်၍၊ ပြင်သစ်ပါ ဥရောပ ၅ နိုင်ငံ ပေါင်း၍ ထုတ်လုပ်ပါသည်။ တနာရီမိုင် ၅၀၀ ကျော်နှုန်းနှင့် အမြင့်ပေ ၃၀၀၀၀ ကျော်မှ ပျံသန်းပါသည်။ ဟောင်ကောင်သို့ ညနေ ၅း၃၀ ရောက်၍– ၆း၁၅ တိုင်ပေသို့ ထွက်ခွာပါသည်။ ၇း၁၅ ရောက်ပြီး ၎င်းတွင် ညအိပ်ရပါသည်။ တိုကျိုနာရီတာလေဆိပ်သည် လုံခြုံရေးအတွက် ည ၁၁ နာရီတွင်း ပိတ်ပါသည်။ တိုင်ပေ ပင်ဒါရင်း ဟော်တယ်၌တည်းပြီး နံနက် ၆ နာရီထွက်ခွာရာ၊ တိုကျိုနာရီတာလေဆိပ်သို့ နံနက် ၉း၄၅ ရောက်ပါသည်။ လေဆိပ်တွင် မြန်မာသံရုံးမှ ဦးတင်အောင်နှင့်အခြားအရာရှိများ၊ ဂျပန်ဘုန်းတော်ကြီး ကင်ရူစုကီကီဇာဘးကီးနှင့် ဦးပြန့်ခေါ် မစ္စတာအီရှိဂါမိတို့က ဆီးကြိုပါသည်။

ဆရာတော် ဘုရား ကြီး အဋ္ဌမြစ်ချထားသော မိုဂျီ (ဂျပန်) ကမ္ဘာဧစေတီရှိ မြန်မာဘုန်းကြီးကျောင်းသို့ ကြွရောက်လိုကြောင်းကို ကြိုတင်၍ အကြောင်းကြားထားပါသဖြင့်၊ ဂျပန်ဘုန်းတော်ကြီး ကင်ရှုစုကီးဇာဘးကီး



(၃) ဂျပန်သို့ သရာတော်ဘုရားကြီးအား ပင့်ဆောင်သော ဂျပန် ဘုန်းတော်ကြီးကျောင်း



(၄) ဂျပန်ပြည် ကမာ ကူရာ ဘုရားပုံတော်

သည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လေဆိပ်၌နှုတ်ခွန်းဆက်ပြီး၊ မိုဂျီ ကြွရန် တိုကျိုဟာနေဒါးလေဆိပ်သို့ ပို့ပေးပါသည်။ လေယာဉ်မှ ညနေ ၄ နာရီထွက်၍ ဖူးကရိုးကား( )လေဆိပ်သို့ ၅း၃၀ ရောက်ပါ လမ်းတွင် စောင့်ရှောက်ရန် မြန်မာသံရုံးမှ ဦးတင်အောင်နှင့် ဦးမြန့် (ခေါ်) မစ္စတာအီရှီဂါမီတို့ လိုက်ပါလာကြပါသည်။ ဖူကရိုကား လေဆိပ်တွင် မိုဂျီမှ ဆရာတော် ဦးဝေပုလ္လ၊ ဦးဓမ္မာစာရ၊ ဂျပန်အမျိုး သား ဒကာများ (ဦးဘဆွေလေး၏သား) မောင်တင်မောင်ဦးတို့ လာ ရောက်ကြိုဆိုနေကြပါသည်။ မိုဂျီကျောင်းသို့ ည ၇ နာရီရောက်ပါသည်။ ခရီးမှာ ကီလိုမီတာ ၇၀ရှိပါသည်။မော်တော်ကားများနှင့်သွားပါသည်။ လမ်းမကြီးတလျှောက်လုံး နှစ်ကီလိုမီတာခန့်တိုင်း၍ တယ်လီဖုံး တလုံး တလုံး တပ်ဆင်ထားသည်ကို တွေ့ရပါသည်။ ရာသီဥတုမှာ အလွန်ပေါ သည်။ ကျောင်းတွင်း အပူချိန်မှာ စင်တီဂရိတ် ၁၈ ဒီဂရီ ရှိပါသည်။ ညအိပ်သောအခါ စောင်ထူထူ ၃ ထပ်ခြုံအိပ်ရပါသည်။

ဧပြီလ ၄ ရက် အရုဏ် ဂျပန်အစာများ ကပ်ပါသည်။ အချိန်မှာ ၇ နာရီခန့်ဖြစ်ပါသည်။ ဆွမ်းစားပြီး ကမ္ဘာ့အေးစေတီတော်ကို ဖူးမျှော် ကန်တော့ကြပါသည်။ ဂူထဲ၌ ပရိတ်တော်များ ရွတ်ဖတ်ကြပါသည်။ စေတီကို တောင်ကုန်းထိပ်၌ တည်ထားပါသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဆရာတော်ဘုရားကိုယ်တိုင် အုတ်မြစ်ချပါသည်။ ရှုမျှော်ခင်း မှာ အလွန်မှသာယာပါသည်။ တည်နေရာမှာ ဂျပန်တောင်ဘက်ဆုံး ကျွန်းကျူးရှူးနှင့် အကြီးဆုံးကျွန်းကွန်းရှူးတို့ဆုံရာ ကျူးရှူးဘက်ကမ်း၌ ဖြစ်ပါသည်။ အရှေ့ အနောက် နှစ်ဘက်စလုံး ပင်လယ်ဖြစ်ပါသည်။ ၎င်းကျောင်းအနီး၌ ကမ္ဘာလှည့် ခရီးသည်များ တည်းခိုသော နာမည် ကြီး ဟော်တယ်တခုရှိပါသည်။ ဆရာတော် ဦးဝေပုလ္လနှင့် ဆရာတော် ဦးခေမိန္ဒ၊ ဆရာတော် ဦးဓမ္မစာရတို့မှာ ဂျပန် ရောက်နေကြသည်မှာ ကြာပြီဖြစ်၍ ဗုဒ္ဓဘာသာတရားများကို ဂျပန်ဘာသာနှင့် ကောင်းမွန်စွာ ဟောပြော နိုင်ကြပါသည်။ ဂျပန်စာနှင့်လည်း ကျမ်းများကို ပြုစုနေကြ ပါသည်။ ဆရာတော်များမှာ ပစ္စည်းလေးပါး ပြည့်စုံသည်သာမက ကျောင်းတိုက်ကိုလဲ တိုးချဲ့နိုင်သည်ကို တွေ့ရှိခဲ့ရပါသည်။

နံနက် ၁၀ နာရီခန့် နေ့ဆွမ်းစားပြီး ကိုကူရာ (Kokura) ဘူတာသို့ ကားများနှင့်သွားသည့် ကျည်ဆံရထား (Bullet Train)နှင့် ထွက်ခွါလာရာ ဟာကာတား (Hakata) ဘူတာသို့ မွန်းလွဲ ၁၂း၄၅ ရောက်ပါသည်။ ၎င်းကျည်ဆံရထားမှာ ၁ နာရီ မိုင် ၁၂၀ နှုန်းသွား၍ ကမ္ဘာပေါ်တွင် အမြန်ဆုံးရထားဟု ထင်ရှားပါသည်။ ၎င်းဘူတာမှ ဖူကူရိုးကား လေဆိပ်သို့သွား၍ ၃း၁၅ လေဆိပ်မှ လေယာဉ်နှင့် တိုကျိုသို့ ထွက်ခွါလာရာ တိုကျိုဟာနေးဒါး လေဆိပ်သို့ ၄း၄၅ အချိန် ရောက်ပါသည်။ ဂျပန်ဘုန်းတော်ကြီး ကြိုတင်ငှါးထားသော တိုကျိုမြို့နာမည်ကြီး ပစိဖိတ်ဟော်တယ်သို့ ကားများနှင့် သွားကြရာ ညနေ ၅း၃၀ အချိန် ဟော်တယ်သို့ ရောက်ကြပါသည်။ ထိုနေ့ည မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးတိုးလုံနှင့် ဇနီး။ ဒုတိယအတွင်းဝန် ဦးချစ်စိုး၊ သံမှူးများဖြစ်သော ဦးကျော်၊ ဦးချစ်ထွေးနှင့် မစပယ်၊ ဒေါ်ကြည်တင်တို့ လာရောက်၍ ဆရာတော်ဘုရားအား ဖူးမျှော်ကန်တော့ကြပါသည်။

ဧပြီလ ၅ ရက်နေ့ အာရုဏ် မြန်မာသံရုံးအဖွဲ့မှ မြန်မာ စားသောက်ဖွယ်များ ကပ်ကြပါသည်။ နံနက် ၈း၃၀ ဟော်တယ်မှထွက်၊ တိုကျိုမြို့ရှိ နဂါးဝါးဘူတာမှ အထက်တန်းတွဲ (Green Car) စီး၍ ၉၊၃၀ ထွက်ခွါလာရာ ယိုကိုဖူးကားဘူတာသို့ ၁၀း၃၀ အချိန်ခန့် ရောက်ပါသည်။ ဘူတာ၌ ဂျပန်ဘုန်းတော်ကြီး ကင်ရူစုကီဇာကီး ကိုယ်တိုင်လာရောက်၍ ကြိုဆိုပါသည်။ ၎င်း၏ မိုဇိုဂျိုးကျောင်းသို့ ကားများနှင့် သွားကြပါသည်။ ကျောင်းသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးသည် ဂျပန်ဘုန်းတော်ကြီးအား မန်ကျည်းစေ့ကမ္မဝါတစုံနှင့် ကျေးဇူးတင်လက်မှတ်စာတစောင် ရေးပေးပါသည်။ ကျောင်းမှာ အလွန်ပင် ကောင်းမွန်ခန့်ညားပါသည်။ ၎င်းတို့မှာ သားစဉ် မြေးဆက် ဘုန်းကြီးများဖြစ်၍ အလွန်ပင် ကြွယ်ဝချမ်းသာပါသည်။ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ ဂျပန်တွင်နေစဉ် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူသူ ဖြစ်ပါသည်။ နံနက် ၁၁ နာရီ နေ့ဆွမ်းကပ်ကြပါသည်။ စားသောက်ဖွယ်ရာများမှာ အင်္ဂလိပ် ဆန်ဆန် ချက်ထားသော လွန်စွာကောင်းသော စားသောက်

ဖွယ်များ ဖြစ်ပါသည်။ ဆွမ်းစား၍ ခေတ္တနားပြီးချိန်၌ ၎င်းတွင်ရှိသော ဘုရားကျောင်းနှင့် အခြား သာယာလှပသော သစ်ပင်ပန်းပင်များကို လိုက်လံ ပြသပါသည်။ ၎င်းကျောင်းမှ မွန်းလွဲ ၃း၂၀ ထွက်ခွါ၍ ကမာကူရာရှိဒိုင်ဘုတ်စု (The Great Buddha of Kamakura) သို့ သွားရောက် ဖူးမျှော်ကြပါသည်။ ဘုရားကြီးရှိသော ကျောင်းထိုင် ဘုန်ကြီး ဒေါက်တာမစ်စုယိုနှင့် မိတ်ဆက်ပေးပါသည်။ (Rev Mitsuo, D. Litt.) ၎င်းက ဘုရားကြီးနှင့် ပတ်သက်သော စာရွက်စာတမ်းများ ဓာတ်ပုံများပေးလိုက်ပါသည်။

## ဂျပန်ပြည် ကမာကူရာရှိ ရုပ်ပွားတော်ကြီး

မူလရုပ်ပွားတော်သည် သစ်သားနှင့်ပြုလုပ်ထားပါသည်။ ၁၂၃၈–ခုနှစ်တွင် စတင်ထုလုပ်ခဲ့ရာ ၆ နှစ်အတွင်းပြီးစီးခဲ့ပါသည်။ ၁၂၅၂ခုနှစ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ပါသည်။ တဖန်အလှူငွေများ ကောက်ခံ၍ ၁၂၅၂ ခုနှစ်တွင် ကြေးဆင်းထုတော်ကြီးကို သွန်းလုပ်ခဲ့ရာ၊ ယခု မြင်တွေ့ရသော ပုံတော်ပင်ဖြစ်ပါသည်။ တချိန်တည်းမှာပင် ကျောင်းတော်ကိုပါ တည်ဆောက်ခဲ့ပါသည်။ ကျောင်းတော်ကြီးမှာ မုန်တိုင်းဒဏ်ကြောင့် အကြိမ်ကြိမ်ပြုပြင်ခဲ့ပါသည်။ ၁၄၉၅ ခုနှစ်တွင် ပင်လယ်ထဲ မျောပါသွားသောအခါ ထပ်မံ၍၊ စံကျောင်းတော်အသစ်ဆောက်လုပ်ခြင်းမရှိတော့ဘဲ ယခုထက်တိုင် စံကျောင်းမဲ့ ရုပ်ပွားတော်ကြီး အဖြစ် ထင်ရှားခဲ့ပါသည်။

၁၉၂၃ – ခုနှစ်တွင် မြေလျှင်ဒဏ်ကြောင့် ရုပ်ပွားတော်ကြီးသည် ရှေ့သို့အနည်းငယ်ငိုက်ကျသွားသော်လည်း လဲပြိုခြင်းမရှိခဲ့ပါ။ ၁၉၂၆– ခုနှစ်တွင် ရုပ်ပွားတော်ကို ပလ္လင်နှင့်အခိုင်အမာဆက်ပေးလိုက်ပါသည်။ ၁၉၆၀/၆၁–ခုနှစ်တွင် ထပ်မံ၍ ခေတ်မှီ ပလပ်စတစ်ဖြင့် အခိုင်အမာ ပြန်လည်မွမ်းမံခဲ့ပါသည်။

ရုပ်ပွားတော်ကြီး၏—

မျက်ခုံးတော်သည် လခြမ်းပုံသဏ္ဍာန်ရှိပါသည်။

မျက်လွှာချထားသဖြင့် မျက်လုံးတော်သည်ရေပြင်ညီဖြစ်နေပါသည်။

နှုတ်ခမ်းတော်သည် ပြုံးသယောင်ရှိပါသည်။

နားရွက်တော်မှာ ၂ မီတာခန့်ရှိပါသည်။

ထိုရုပ်ပွားတော်ကြီးမှာ ဂျပန်တွင် အလွန်ပင် ထင်ရှားကျော်စောသောကြောင့် နိုင်ငံခြားဧည့်သည်တော်များ၊ အများအပြားလာရောက်ဖူးမျှော်ကြပါသည်။ ကမာကူရာသည် ဟိုကိုယားမားမြို့ အနီးတွင် ရှိပါသည်။

ရန်ကုန်အဖွဲ့ချုပ်သို့ ခရီးသွားမှတ်တမ်း ပေးပို့သည်။

ဘုရားကြီးမှ ကမာကူရာဘူတာသို့ ကားနှင့်သွား၍ မွန်းလွဲ ၃း၄၅ အချိန်ခန့်တွင် ရထားနှင့်သွားကြရာ တိုကျိုဦးယင်းနိုးဘူတာ(UENO)သို့ ၄း၄၅ ရောက်ပါသည်။ ၎င်းဘူတာနှင့်တဆက်တည်းဖြစ်သော ဦးယင်းနိုးကေဆေ (UENO=KESEI) ဘူတာမှ ညနေ ၆ နာရီအချိန်ခန့်တွင် (UENO=KESSEI SKY LINE)ရထားနှင့် နာရီတာလေဆိပ်အနီးရှိဘူတာသို့သွားကြရာ၊ ၇း၁၀ အချိန်ခန့်ရောက်ပါသည်။ ၎င်းရထားမှာဂျပန်တွင်အသစ်ဆုံးရထားဖြစ်၍ လွန်စွာကောင်းမွန် ပြီးသွားရာ၌လည်းလွန်စွာ ငြိမ်သက်ညက်ညောလှပါသည်။ အထူးသဖြင့် အထွက်နှင့်အရပ်တွင် ငြင်သာလှပါသည်။ ထိုကျိုမြို့တွင်းမှ ၎င်းလေဆိပ်သို့ ကားနှင့်သွားလျှင် ၃ နာရီခန့်မျှကြာပါသည်။ ၎င်းဘူတာမှ အထူးဘတ်စကားကြီးများ နှင့် လေဆိပ်သို့ပို့ပေးရာ ၅ မိနစ်ခန့်မျှသာကြာပါသည်။နာရီတာလေဆိပ်မှာ မကြာမီအတွင်းမှ ဆောက်လုပ်ပြီးစီးခြင်းဖြစ်သောကြောင့် အလွန်မှခေတ်မှီပါသည်။လက်ဆေးသုတ်ရန် လေပူနှင့်အခြောက်ခံရသော စက်ငယ်များ (HOT AIR TOWEL) တပ်ဆင်ထားပါသည်။ ၎င်းစက်



(၅)　ဟိုနိုလူလူကျွန်း၌ ဆရာတော်ဘုရားကြီး တရားဟောစဉ်



(၆)　အမေရိကန် ဆန်ဖရံစစ်စကိုမြို့ရှိ ဖရင်းရှစ်ဒအသင်း၌
တရားဟောစဉ်

ငအောက်ရှိ အပေါက်ဝတွင် စိုနေသောလက်ကိုထားရှိပါက၊ လေပူများ အလိုအလျောက် ထွက်လာပါသည်။ လက်ခြောက်၍ ထုတ်လိုက်သော အခါ လေပူမှာ အလိုအလျောက်ရပ်သွားပါသည်။

## ဟာဒဝယံကျွန်းသို့ ကြွတော်မူခြင်း

ည ၈း၃၀ အချိန်၊ ပင်အင်(မ)လေယာဉ်ပေါ်သို့တက်၍ ၉း၀၀နာရီ လေယာဉ်ထွက်ခွာပါသည်။ လေယာဉ်မှာ ဘိုအင်း ၇၄၇ (Boeing 747) အမျိုးအစား ဖြစ်ပါသည်။ လေယာဉ်အလေးချိန်မှာ ၃၅၅ တန်ရှိပြီး အလျား ၂၃၁ ပေရှည်၍၊ အနံမှာ ပေ ၂၀ ရှိပါသည်။ ခရီးသည် ၄၀၀ ကျော် တင်ဆောင်နိုင်ပါသည်။ ခရီးသည်များဝင်ရန် လေယာဉ် အပေါက်မှာ မြေညီမှ ၁၇ ပေမြင့်ပါသည်။ ဂျက်အင်ဂျင်စက် ၄ လုံးနှင့် မိုင် ၃၀၀ အထိ မြင်နိုင်သော ရေဒါတပ်ဆင်ထားပါသည်။ ၁ နာရီ ၅၇၅ မိုင်နှုန်းနှင့် ပေ ၃၇၀၀၀ အမြင့်မှ ပျံသန်းပါသည်။ တိုကျိုစံတော်ချိန် နံနက် ၁ နာရီအရှေ့တက်ပြီး ၂ နာရီအချိန် မိုးထိန်ထိန်လင်းပါ သည်။ အာရှဏ်ဦးကပ်သော စားသောက်ဖွယ်ရာများမှာ လွန်စွာကောင်း ပါသည်။ ဆရာတော်ကြီးအတွက် ကြိုတင်မှာထားသော အထူး စား သောက်ဖွယ်ရာများ၊ သစ်သီးများကပ်ပါသည် ဟာဝေယံကျွန်းဟိုနိုလူလူ မြို့သို့ နံနက် ၈း၃၀ ရောက်ပါသည်။

သင်းမှုပင့်ဖိတ်ချက်အရ ဆရာတော်ဘုရားကြီးသည်၊ အဖွဲ့ဝင်များနှင့် ကြွတော်မူ၍ ဝိပဿနာတရားတော်ဟောကြားတော်မူပါသည်။ မွန်းလွဲ ၃ နာရီခန့် ကျောင်းပြန်ရောက်ကြပြီး၊ ၄ နာရီခန့် လန်ဒန်သို့ ကြွရန် လေဆိပ်သို့ကြွတော်မူပါသည်။ ဦးလှဖေ-ဒေါ်တင်လှိုင်တို့လဲ ဆရာတော် ဘုရားကြီး၊ ကြီးမှူးသောတရားစခန်းများ၌ တရားအားထုတ်ရန် လိုက်ပါ လာကြပါသည်။ လေဆိပ်၌လိုက်ပို့ကြသော ပရိသတ်ကြီးလဲ ဆရာတော် ဘုရားကြီးအား ကန်တော့ကြပြီး ၆း၃၀ အချိန်လေယာဉ်ပေါ်တက်ကြ ပါသည်၊ ၇း၁၅ ခန့် လေယာဉ်ထွက်ပါသည်၊ ကိုရင်အဂ္ဂစာရလဲလိုက်ပါ လာပါသည်။

အပြည်ပြည်ဆိုင်ရာ နေ့မျဉ်း (International date line) ကို ဖြတ်ကျော် ရသဖြင့်၊ ဟိုနိုလူလူ ရောက်သောနေ့မှာ ဧပြီလ ၅ ရက်နေ့ပင် ဖြစ်ပါသည်။ ကွာခြားချိန် ၅ နာရီ (Time Difference) လေဆိပ်တွင် ဟိုနိုလူလူသို့ ပင့်ဖိတ်သော ဒကာ မစ္စတာ ရေဒီဂျာမိလီကင်း ဘာရီမှ ကမ္မဋ္ဌာန်းဆရာ ဂျူးဆက်ပိုလ်စတိုင်း၊ ဦးကြည်လွင်၊ ဦးကျော်မြင့်၊ ဝီလ်ဆင်လျောင်း (ယခင် ရန်ကုန်ဂရုပ်ပိုင်ရှင်) အစရှိသော အမေရိကန် မြန်မာများတို့ လာရောက်ကြိုဆိုကြပါသည်။ ရောဂျား၏စီစဉ်ချက်အရ ဧည့်သည်တော်ဂိတ်မှ ထွက်ကြရပါသည်။ နိုင်ငံကူးလက်မှတ်စစ်ဆေးရာ အရာရှိများက အမေရိကသို့ ဝင်ရောက်လာကြသော ဧည့်သည်များ၏ နိုင်ငံကူးလက်မှတ်သည် အမေရိကတွင် နေမည့်ရက်များထက် ၆ လပိုသော သက်တမ်းရှိမှ ဝင်ခွင့်ရပါသည်။ ယခု နိုင်ငံကူးလက်မှတ်များမှာ ထုတ်ပေးသည့်နေ့မှစ၍ ၆ လမျှသာ သက်တမ်းရှိ၍ ဥပဒေနှင့် မညီညွတ်ပါ၊ သို့သော် ဒဏ်ငွေ ၅ ဒေါ်လာ ဆောင်လျှင် ဝင်ခွင့်ရပါသည်ဟု ရှင်းပြသောအခါ၊ ဆရာတော်ကြီးက လှယ်သားဘဲ ဒဏ်ဆောင်ရုံပေါ့''ဟု မိန့်တော်မူသဖြင့် ဒဏ်ဆောင်လိုက်ကြပါသည်။

ဆရာတော်ဘုရားကြီး ဟိုနိုလူလူတွင် သီတင်းသုံးရာတွင် ချမ်းသာစွာ နေနိုင်ရန် အိမ်ငယ် (Bungalow) တခုကို တပတ် ဒေါ်လာ ၂၅၀ နှင့် အဆင်သင့် ငှါးထားကြရာသို့ သွားရောက်ကြပါသည်။ ဦးကြည်လွင်၊ ဦးကျော်မြင့်၊ ဦးတင်ဧ အစရှိသော မြန်မာအမျိုးသားများက မြန်မာစားသောက်ဖွယ်များနှင့် နေ့ဆွမ်းကပ်ကြပါသည်။ ရာသီဥတုမှာ ပူနွေးကောင်းမွန်ပါသည်။ ရံဖန်ရံခါ မိုးဖွဲဖွဲရွာပါသည်။ ည ၇နာရီကျော်ခန့်တွင် ဝီလဆင်မိသားစု၊ ဂျူးဆက်၊ ဂျက်ကလင်း (ဘာရီအဖွဲ့မှ ကမ္မဋ္ဌာန်းဆရာမ) ကက်သရင်းရောဂျာ၊ မာဂရက်နှင့် အခြား မြန်မာ၊ အမေရိကန်များ လာရောက်၍ ဆရာတော်ကြီးအား ဖူးမျှော်ကန်တော့ကြပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် တရားအနည်းငယ် ဗုဒ္ဓသာသန၁ တရားတော် ဟောပြီး ဗုဒ္ဓသာသနာ (Teaching of Buddha Sasana) တရားတော်တိပ်ခွေဖွင့်၍ နာစေကြပါသည်။ ထိုည ဦးကြည်လွင်နှင့်

ဝီလဆင်တို့ ကျောင်းတွင် အိပ်ကြပါသည်။ ကျောင်းအဝင်ဝတွင် "လူများ လိုက်နာရန် ကျင့်ဝတ်" စာတမ်းကို ကပ်ထားပါသည်။

**တနင်္ဂနွေ:လဆန်း ၁၀ရက်။** ။ဧပြီလ ၆ ရက် အရုဏ်ဆွမ်းကို ဦးကြည်လွင် မိသားစုက မြန်မာစားသောက်ဖွယ်ရာများ ကပ်ပါသည်။ ဟာဝေယံ ကျွန်းတွင် မြန်မာ ၆၀ ခန့်ရှိသည်ဟု ကြားသိရပါသည်။ နံနက် ၇ နာရီ အချိန်ခန့်တွင် ဂျိုးဆက်၊ ဂျက်ကလင်း အစရှိသော အမေရိကန်သား၊ အမေရိကန်သူများ ဦးကြည်လွင်၊ ဦးကျော်မြင့်၊ ဦးတင်အေး အစရှိသော မြန်မာများကို ဆရာတော်ဘုရားကြီးက မြန်မာလို ဝိပဿနာ အခြေခံ တရား အနည်းငယ်ဟောပြီး ဆရာတော် ဦးဇနကက အင်္ဂလိပ်လို ဟောပါသည်။ ၇း၃၀ -၈း၀၀ စင်္ကြံနင်းပြီး၊ ၈း၀၀-၈း၃၀ထိ တရားထိုင်ကြပါသည်။ ယောဂီအားလုံး ၁၆ ယောက်ခန့်ရှိပါသည်။ ၎င်းနောက် ပန်းစပရင်းအနီးရှိ ယက်ကားဘဲလ်းတရားစခန်းအတွက် အစီအစဉ်ကို ဂျိုးဆက်နှင့် ဆွေးနွေးပါသည်။ နေ့ဆွမ်းကို ထိုင်းသံရုံးမှ အမျိုးသမီး ခရစ်စနာဟော့စဖေါ (Krisana Horsfal)က ထိုင်းစားသောက်ဖွယ်များ ကပ်ပါသည်။ ညနေ ၆ နာရီကို ကိုအင်ဇင်ဒိုးတိဘက်ကျောင်း (Koko An Zendo Tibetan Centre) သွား၍ လားမားရင်ချင်နှင့် တွေ့ပါသည်။ ၎င်းဌာနတွင် ည ၇း၀၀ ၇း၃၀ ထိ ဆရာတော်ကြီး သတိပဋ္ဌာန်တရားဟောပြီး ဆရာတော် ဦးဇနက အင်္ဂလိပ်ဘာသာပြန်ပါသည်။ ၇း၃၀-၈း၀၀ အမေးအဖြေ ပြုလုပ်ပြီး ၈း၀၀-၈း၃၀ထိ တရားထိုင်ပါသည်။ ပရိသတ် ၆၀ ခန့်ရှိပါသည်။

တနင်္ဂနွေးလဆန်း ၁၁-ရက်။ ။ဧပြီလ ၇ ရက် အရုဏ် ဦးတင်အေး မိသားစုက မြန်မာစားသောက်ဖွယ်များ ကပ်ပြီး ၎င်းတို့ ပင့်လာခဲ့သော ရုပ်ပွားတော်များကို အနေကဇာတင်၊ သီလပေး၊ အနုမောဒနာဟောပြီး ရေစက်ချ အမျှပေးဝေကြပါသည်။ နံက် ၇း၄၅-၈း၃၀ စင်္ကြံနင်းပြီး၊ ၈း၃၀-၉း၁၅ တရားထိုင်ကြပါသည်။ ယောဂီ ၂၄ယောက်ရှိပါသည်။ ၁၀း၃၀ နေ့ဆွမ်းကို ဦးတင်ဇင် မိသားစုကပင် ကပ်ပါသည်။ နံးလွဲပိုင်းတွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် အင်္ဂလိပ်ဌာနမှ

ဒေါ်ဖွားရင်၊ဟာဝေယံ ယံတက္ကသိုလ်မှပါမောက္ခ ရွတ်(Prof. Roop)နှင့် ဒေါ်ကြည်ကြည်မေတို့ လာရောက်၍ ဆရာတော်ဘုရားကြီးအား ကန် တော့ကြပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ မစ္စတာစူနာအို မီရာဘာရာနှင့် (Mr. Sunao Miyabara) နှင့် ဇင်ဆရာအိုက်တင်ရိုရှိ (Zen Teacher Aitken Roshi) တို့လဲ လာရောက် ကန်တော့ကြပါ သည်။ ည ၇း၀၀ ဆရာတော်ကြီး ဂ ပါးသီလပေးပြီး ချမ်းသာရေး တရား(The Way To Happiness)ကို အင်္ဂလိပ်လိုဘာတ်၍ အနည်းငယ် ဟောပြီး တိပ်ခွေဖွင့်ပေးပါသည်။ ၉း၀၀ မှ ၉း၄၅ ထိ တရားထိုင် ကြပါသည်။

## လော့စအင်ဂျလစ်သို့ ကြွတော်မူခြင်း

တန်ခူးလဆန်း ၁၂–ရက်။ ။ဧပြီလ ဂ ရက် အရုဏ်ကို မြန်မာ အမျိုးသမီးရိုစာ(Rosa)ဒေါ်ကြည်ကြည်မေ၊ ဦးကြည်လွင်၊ဦးကျော်မြင့် ဦးတင်ဧ၊ ဝီလဆင်လျောင်းတို့က မြန်မာစားသောက်ဖွယ်များ ကပ်ပါ သည်။ ဆွမ်းစားပြီး ဆရာတော်ကြီးက အနုမောဒနာတရားဟောကြား ရေစက်ချအမျှဝေပါသည်။ နံနက် ဂ နာရီလေဆိပ်သို့ ကြွသွားကြရာ၊ လေယာဉ်နောက်ကျသောကြောင့် နာမည်ကြီး ပါးလဟားဘား(Pearl harbour) သင်္ဘောဆိပ်သို့ သွားကြည့်ကြပါသည်။ ဂျပန်နှင့်စစ်စဖြစ် စဉ်က ဂျပန်က ၎င်းအမေရိကန်ရေတပ်စခန်းကို အလစ်ဂင်ရောက်ဗုံးကြဲ သဖြင့်၊ အမေရိကန်စစ်သင်္ဘောများစွာ နစ်မြုပ်သွားပါသည်။ ၎င်းတို့ အနက် ၁စင်းကိုဖော်၍ အမှတ်တရပြထားပါသည်။ ထိုနောက် လေ ဆိပ်ရှိ၊အင်တာနေရှင်နယ်ကင်ချင်း၌(Interna–tional Kitchen)နေ့ဆွမ်း စားကြပြီး၊ မွန်းတည့် ၁၂ နာရီအချိန် လေယာဉ်ပေါ်တက်၊ ၁၂း၃၀ လေယာဉ်ထွက်ပါသည်။ လေယာဉ်မှာပင်အင် (Pan–An) လေကြောင်း ကုမ္ပဏီပိုင်ဘိုးအင်း (Boeing)၇၄၇ အမျိုးအစားဖြစ်၍ ပေ ၃၇၀၀၀ အမြင့်မှ ၅၃၀ မိုင်နှုန်း ပျံသန်းရာ၊ လော့စအင်ဂျလစ်သို့ ည ၇း၁၅ ဆိုက်ပါသည်။ ပျံသန်းချိန် ၅ နာရီခန့်ရှိပြီး ကွာခြားချိန် ( Time Difference )မှာ ၃ နာရီဖြစ်ပါသည်။ ခရီးမှာမိုင် ၂၆၆၀ ဝေးကွာပါ

သည်။ လေဆိပ်၌ ဂျိုးဆက်၊ ဂျက်ကလင်း၊ ဦးမောင်စိန် (Henry T. Cheng)၊ ဒေါက်တာဦးအုန်းတင် အစရှိသော အမေရိကန် မြန်မာများ လာရောက်ကြိုဆိုကြပါသည်။ ဆရာတော် ဦးရေဝတမွေနှင့်နယူးရောက်မှ ဒေါက်တာ ဒေါ်တင်လှိုင်တို့လဲ လာကြပါသည်။ ဂျိုးဆက်တို့ စီစဉ်ထားသည့် လော့စအင်ဂျလိစ်ဇင်စင်တာ (Zen centre of Los Angeles) ၌ တည်းခိုကြပါသည်။

*　　*　　*

## လူများလိုက်နာရန်ကျင့်ဝတ်

အာရှတိုက်တခွင်တွင် ထေရဝါဒပြန့်ပွားမှုကြောင့် သာမန်လူများ၊ ဘုန်းတော်ကြီးများနှင့် ဆက်ဆံရာတွင် ပြုကျင့်ရမည့် ဓလေ့ထုံးတမ်းများ ပေါ်ပေါက်လာခဲ့ပါသည်။ အရေးကြီးသော ကျင့်ဝတ်အချို့ကိုအောက်တွင် ဖော်ပြထားပါသည်။

(၁) ဘုန်းတော်ကြီးများနှင့် တွေ့ဆုံရန်လာသောအခါ သန့်ရှင်းသေသပ်စွာ ဝတ်စားဆင်ယင် ရပါမည်။ ယောကျ်ားများအဖို့ ဘောင်းဘီရှည်၊ မိန်းမများအဖို့ ပခုံးလုံသော အဝတ်များဝတ်ဆင်ကြရပါမည်။

(၂) ဘုန်းတော်ကြီး မျက်မှော[illegible] ကျောင်းသို့ဝင်လျှင် ဖိနပ်ချွတ်ရပါမည်။

(၃) ကျောင်းအတွင်းသို့ရောက်သောအခါ ဘုရားစင်ရှိလျှင် ဘုရားကို ၃ ကြိမ်ဝပ်ချပြီး၊ ဆရာတော်ကို ၃ ကြိမ်ဝပ်ချပါ။ အပြန်တွင် ဆရာတော်အား ၃ ကြိမ်ဝပ်ချပြီး ဘုရားကို ၃ ကြိမ်ဝပ်ချပါ။ အကယ်၍ ဝပ်မချနိုင်လျှင် မတ်တတ် ဝပ်ချနိုင်ပါသည်။ ဘုန်း ဘုန်းတော်ကြီးအနီးမှ ဖြတ်သွားလျှင် ရိုသေသော အမူအရာနှင့် သွားပါ။

(၄) သက်သာသလို ထိုင်နိုင်ပါသည်။ တင်ပလ္လင်ခွေ သို့မဟုတ် ပဆစ်တုပ်ထိုင်နိုင်ပါက ပိုမို၍ သင့်တော်ပါသည်။ ဘုန်းတော်ကြီးဘက်သို့ ခြေဖဝါးမထားရန် သတိပြုပါ။

(၅) အလှူငွေများလက်ခံပါသည်၊ ကြိုက်သလောက်လှူဒါန်းနိုင်ပါသည်။ ငွေကိုစာအိပ်ထဲထည့် (တံခါးဝ၌ စာအိပ်များထားရှိပါသည်။)၍ မိမိအမည်ကို စာအိပ်ပေါ်တွင် ရေးသားပါ။ အလိုရှိက ပန်းများကို ဘုရားစင်၌ ကပ်နိုင်သည်။ သစ်သီးများကို ဘုန်းတော်ကြီးများအား လှူဒါန်းနိုင်ပါသည်။ သို့သော် ဘုန်းတော်ကြီးက မကိုင်ပါက၊ စိတ်မပျက်ပါနှင့်၊ ဝိနည်းအရ ဘုန်းတော်ကြီးသည် လက်ခံသောနေ့ နံနက်ပိုင်း၌ ရရှိသော အစားအစာကို နေ့မွန်းမလွဲခင်အချိန်တွင်သာ စားနိုင်ပါသည်။

(၆) မိမိအားသင်ကြားပြသသော ဘုန်းတော်ကြီးကို ဆရာတော်ဟု ခေါ်ရပါသည်။ ကျန်ဘုန်းတော်ကြီးများအား "ဘန္တေ"ဟု ခေါ်နိုင်ပါသည်။ ဘန္တေ၏အဓိပ္ပာယ်မှာအရှင်ဘုရားဟုအဓိပ္ပာယ်ရပါသည်။

အထက်ပါ အချက်များကို ကြိုးစား၍ မှတ်သား လိုက်နာပါရန် သို့သော် အရေးကြီးသည့်အချက်မှာ ကျင့်ထုံးများထက် အမှတ်သတိရှိမှုက ပို၍အရေးကြီးပါသည်။ ရိုသေလေးစားစွာ ရှုမှတ်နေပါက၊ အစစအဆင်ပြေပါလိမ့်မည်။

(ဟာဝေယန်ကျွန်း ဟိုနိုလူလူ၌ ထုတ်ဝေသည်။)

## PROTOCOL

As the Theravada tradition has developed in Asia, a number of customs have arisen as ways for lay people to show respect to the monks. A few of the more important ones are listed below.

1။ Neat clean clothes should be worn when visiting a monk, It is preferable for men to wear long trouers and for women to keep shoulders coveıed.

2။ Take shoes off before entering a monk's presence or his dwelling place.

3း It is traditional to bow to the floor three times to the alter and three times to the Sayadaw on entering the room. (The same is done in reverse order, when leaving.) If you don't feel comfortable bowing to the floor, feel free to make a slight standing bow upon entering and when leaving. A reverent posture is encouraged when wolking near a monk.

4. Sit comfortable, preferable with legs corssed or tucked under. Never point feet toward a monk.

5: Donations are welcome. give as you feel is appropriate. Money should be place in an envelope (availablenear the door) with your name on it, if you wish. Flowers are best placed before the altar. Fruit may also be given, but don't be disappointed it the monk does not touch it. By the rules of the Order, a monk must eat whatever food he receives formally on the day that he receives it.

6. Teachers should be addressed as 'Sayadaw'. For example, Could the Sayadaw comment on ... Other

monks are best called 'Bhante' which means monk or venerable one.

Try to remember these particulars, but more important than the form is the attitude behind it. Be mindful and reverent, and the rest will take care of it.

(Honolulu S Hawaii.)

## ယတ်ကာဘဲလီးသို့ ကြွတော်မူခြင်း

**တန်ခူးလဆန်း ၁၃ ရက်။** ။ဧပြီလ ၉ ရက် အာရုဏ်ဆွမ်းစားပြီး နေ့ဆွမ်းကို မြန်မာ၊ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယားများက ကပ်ကြပါသည်။ စားသောက်ဖွယ်ရာမျိုးစုံများပြားလှပါသည်။ ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမျှော်ကန်တော့ကြသော ပရိသတ်မှာ လူမျိုးစုံများပြားလှပါသည်။ အချို့သောမြန်မာများမှာ မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်မှ လာရောက်ကြသူများ ဖြစ်ကြပါသည်။ ဦးပဥ္စင်း စာရေးထားသော မိုင် ၁၆၀၀ ကျော်ဝေးသော လူစီရာနားမှ ပေါ်ခင်စုလဲ လာရောက်ဖူးမျှော်ပါသည်။ မွန်းလွဲစောစောပိုင်း ဂုဏ်ပြုနှင့်ပန်းမ ဆောင်၍ အပူဇော် အကန်တော့ခံပြီး ၂း၃၀ အချိန် ကားများနှင့် ပန်းစပရင်း(Palm Springs)အနီး မိုင် ၃၀ ခန့်ဝေးသော ယက်ကာဘဲလီးရှိ (Yucca Valley) Institute of mental Physics သို့ သွားကြရာ ညနေ ၆ နာရီခန့် ရောက်ရှိကြပါသည်။ ခရီးမှာ မိုင် ၁၂၀ ခန့် ဝေးကွာပါသည်။ သဲကန္တာရ အငယ်စားကို ဖြတ်၍ မောင်းရပါသည်။ တနေရာတွင် လေပြင်းထန်သောကြောင့် သတိနှင့် ဖြေးညှင်းစွာ မောင်းရပါသည်။ ဤလမ်းတွင် ရံဖန်ရံခါ သဲလေပြင်းမုန်တိုင်း ကျတတ်ပါသည်။ (Sand Storm) လမ်းမကြီး တလျှောက်လုံး နှစ် ကီလိုမီတာခန့်တိုင်း၌ တယ်လီဖုံး တလုံးတလုံး တပ်ဆင်ထားသည်ကို တွေ့ရပါသည်။

စိတ်/ရုပ် သိပ္ပံပညာ(Science of Mental Physics)ကို ၁၉၂၇-ခုနှစ်၌ မစ္စတာအက်ဒဝင်(Rev. Edwin J. Dingle) နယူးယောက်မြို့၌ စတင်တည်ထောင်ပါသည်။ ၎င်းသည် စိတ်နှင့်ရုပ်ဆက်သွယ်ပုံကို အရှေ့တိုင်းပြည်များ၌ ကိုယ်တိုင် နှစ်ပေါင်းများစွာ လေ့လာပြီး၊ အနောက်နိုင်ငံနှင့်သင့်တော်အောင် မွန်းမံပြီး ဟောကြားပြသနေသူ ဖြစ်ပါသည်။ ဝင်သက်ထွက်သက်ကို အခြေခံထားပါသည်။ ၁၉၇၄ ခုနှစ်၌ နယူးယောက်မှ ယက်ကားဘဲလီးသို့ ပြောင်းရွှေ့လာပါသည်။ ပင်လယ်ပြင်မှ ပေ ၃၃၀၀ မြင့်သော တောင်ထိပ်၌ ဆီးနှင်းများရှိသော တောင်တန်းများ ဝန်းရံလျက်ရှိသော သဲကန္တာရထဲ၌ တည်ဆောက်ထားပါသည်။ အဆောက်အဦပေါင်းများစွာရှိပါသည်။ လူပေါင်း-၁၄၀ ထိ ဆန့်သော အိမ်ငယ်ကလေးများ (၄ ယောက်နေနိုင်၍ ရေမီး အစုံ အလင် ရှိသော အိပ်ခန်း၊ ရေချိုးခန်းများ ပါရှိသည်။) တရားဟော၊ တရားထိုင်ရန် ဓမ္မာရုံ၊ စာအုပ်မျိုးစုံပါရှိသော စာကြည့်ခန်း၊ ရုံးခန်း၊မီးဖို၊ ထမင်းစားဆောင်များပါရှိပါသည်။ ယက်ကားပင်များပေါက်ရာအရပ်ဖြစ်သောကြောင့် ယက်ကားဘဲလီဟု အမည်တွင်ပါသည်။ ၎င်း အပင်များမှာ ထိုအရပ်မှလွဲ၍ အခြားအရပ်များ၌ မပေါက်ပါ။ ၎င်းဌာနကို အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ နှင့် တရားစခန်းများ ဖွင့်လှစ်လိုသူများအား အဖိုးနှုန်းချိုသာစွာနှင့် ငှားရမ်းပါသည်။

ဆရာတော်ဘုရားကြီးက တခန်း၊ ဆရာတော်ဦးဇနကနှင့် ဦးပဥ္စင်းက တခန်း၊ ဆရာတော်ဦးသီလာနန္ဒ၊ ဆရာတော်ဦးရေဝတဓမ္မ၊ ဆရာတော် ဦးကေလာသနှင့် ဦးမြတ်သိန်းတို့က တဆောင် နေကြရပါသည်။

**တန်ခူးလဆန်း ၁၄ ရက်။** ။ဧပြီလ ၁၀ ရက် အရုဏ် သက်သတ်လွတ် ဆွမ်းကပ်ပါသည်။ ဘာရီအဖွဲ့မှ မစ္စတာ မိုက်ကယ်ဇွတ်ကား နှင့် အမျိုးသမီးများက ချက်ပြုတ်ကြပါသည်။ ဆရာတော်ဘုရားကြီးအတွက် ဦးမြတ်သိန်း ချက်ပါသည်။ မိုက်ကယ်သည် အလွန်ပင်အချက်ကောင်း၍ မြန်မာကြိုက်ချက်တတ်သူဖြစ်ပါသည်။ ယောဂီအားလုံးကိုလဲ သက်သတ်လွတ် ကျွေးပါသည်။ တနေ့ ဂ ဒေါ်လာ ၅၀ ဆင့် ပေးရပါသည်။

ည ၈ နာရီ ဆရာတော်ဘုရားကြီးက ယောဂီအားလုံးကို သရဏဂုံနှင့် ၅ ပါးသီလ (ပဥ္စမကဗြဟ္မစရိယ)ပေးပြီး နှုတ်ဆက်တရားဟောပါသည်။ ရာသီဥတုမှာ အေးပါသေးသည်။ လေအလွန်တိုက်ပါသည်။ ဆရာတော်ဘုရားကြီး အခန်းတွင်း၌ အပူပေးလျှပ်စစ်မီးချောင်း ထားပေးပါသည်။

**တန်ခူးလပြည့်နေ့။** ။ဧပြီလ ၁၁ ရက်၊ နံနက် ၉–၁၀ မှ မွန်းလွဲ ၃း၅၀–၅း၀၀ နာရီထိ ယောဂီများ ဆရာတော်ကြီးအား ဖူးမျှော်ရင်း ၎င်းတို့ သိလိုသော အချက်များကို လျှောက်ထားကြပါသည်။ ဆရာတော် ဦးသီလာနန္ဒ နှင့် ဆရာတော် ဦးရေဝတဓမ္မ တို့က ဘာသာပြန်ပါသည်။ အားလုံး ယောဂီ ၁၄၀ ရှိပါသည်။ နံနက် ၉–၀၀–၁၀း ၃၀ တကြိမ်၊ မွန်းလွဲ ၃း၀၀ မှ ၄း၃၀ တနေ့ ၂ ကြိမ် ဆရာတော် ဦးဇနက နှင့် ဦးပဥ္ဇင်း၊ ယောဂီများကို တရားစစ်ပါသည်။ (ရန်ကုန်မြို့ အင်းလျားလမ်းနေ) ဒေါ်ငွေကျင်၏သားဒေါက်တာလှငွေတင် ရဟန်းခံပါသည်။ တန်ခူးလပြည့်နေ့ ဖြစ်၍ ဥပုသ် ပြုကြပါသည်။ ည ၇ နာရီ ဆရာတော် ဘုရားကြီး အမြတ်ဆုံး တရားတော် (The Noble Teachnic of Buddha)ဟောတော်မူပါသည်။

**တန်ခူးလဆုတ် ၁ ရက်။** ။ဧပြီလ ၁၂ ရက်၊ ယောဂီများ ဆရာတော်ကြီးအား ဖူးမျှော်ခြင်း၊ တရားစစ်ခြင်းများမှာ မနေ့ကအတိုင်းပင် ဖြစ်ပါသည်။ ည ၇း၃၀ ဗုဒ္ဓသာသနာတရားတော်ကို ဟောတော်မူပါသည်။ အမေရိကန်အမျိုးသမီး ယောဂီ ၂ ဦး သီလရှင်ဝတ်ပွဲ ကျင်းပပါသည်။

**တန်ခူးလဆုတ် ၂ ရက်။** ။ဧပြီလ ၁၃ ရက်၊ အရှက်ဆွမ်းကို လော့စအင်ဂျလီ(စ)မှ မစ္စတာလေဆော့၊ပတ်ဆေသော့ဒ်း အစရှိသော ကမ္ဘောဒီးယား အမျိုးသား အမျိုးသမီးများ၊ အရှိဇိုးနား ပြည်နယ် တင်ပီမှ ကိုဝင်းကျော်မိသားစုနှင့် အခြားမြန်မာအမျိုးသား၊အမျိုးသမီးများလာရောက် ကပ်ကြပါသည်။ ဆရာတော်ဘုရားကြီးသည် ၎င်းတို့အား ပရိတ်တရားများ ချီးမြှင့်၊ အနုမောဒနာတရားဟောပြီး ရေစက်သွန်းချ အမျှ

အတန်းပေးဝေပါသည်။ တင်ပီနှင့်ယက်ကားဘဲလီမှာ မိုင် ၄၀၀ ကျော် ကျော်ဝေးကွာပါသည်။ ည ၇း၃၀ အချိန် ဆရာတော်ကြီးသည် သတိပဋ္ဌာန်တရားတော် ပဌမပိုင်း ဟောပါသည်။

**တန်ခူးလဆုတ် ၃ ရက်။** ။ဧပြီလ ၁၄ ရက်၊ ဆရာတော်ဘုရားကြီးအား ယောဂီများ ဖူးမျှော်ခြင်း၊ တရားစစ်ခြင်းများမှာ မနေ့က အတိုင်းပင် ဖြစ်ပါသည်။ ည ၇း၃၀ တွင် ဆရာတော်ကြီးသည် သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်း ပဌမတဝက်ဟောပါသည်။ ရာသီဥတုမှာ အနည်းငယ် ပိုနွေးလာပါသည်။

**တန်ခူးလဆုတ် ၄ ရက်။** ။ဧပြီလ ၁၅ ရက်၊ မွန်းလွဲ ၂ နာရီ ဆရာတော်ဦးဇနက တရားဟောပါသည်။ ည ၇း၃၀ ဆရာတော်ကြီး သတိပဋ္ဌာန် ဒုတိယပိုင်း အပြီးဟောပါသည်။ ဆရာတော်ဘုရားကြီးအား ယောဂီများ ဖူးမျှော်ခြင်း၊ တရားစစ်ခြင်းများမှာ မနေ့က အတိုင်းပင် ဖြစ်ပါသည်။

**တန်ခူးလဆုတ် ၅ ရက်။** ။ဧပြီလ ၁၆ ရက်၊ မွန်းလွဲ ၂ နာရီ ဦးပဉ္ဇင်းတရားဟောပါသည်။ ည ၇း၃၀ ယောဂီအားလုံး ကန်တော့၍ မေးလိုသောမေးခွန်းများ မေးကြပါသည်။

**ယက်ကားဘဲလီးစခန်း နေ့စဉ်ဇယား**

၁၉၇၉ ခု၊ ဧပြီ ၁၀ ရက်မှ ၁၇ ရက်ထိ။

နံနက် ၄း၃၀ ထချိန်

၅း၀၀ ထိုင်

၆း၀၀ စင်္ကြံ

၆း၃၀ အရုဏ်

၇း၃၀ စင်္ကြံ

၈:၀၀ ထိုင် (အလုပ်ပေးတရား)
၉:၀၀ စင်္ကြံ
၉:၃၀ ထိုင်
၁၀:၁၅ စင်္ကြံ
၁၀:၄၅ ထိုင်
၁၁:၃၀ နေ့လယ်စာ
၁:၁၅ ထိုင်
၂:၀၀ စင်္ကြံ
၂:၄၅ ထိုင်
၃:၃၀ စင်္ကြံ
၄:၀၀ ထိုင်၊ စင်္ကြံ
၅: ၀၀ လဘက်ရည်
၅: ၃၀ စင်္ကြံ
၆: ၀၀ ထိုင်
၇: ၀၀ တရားပွဲ
၈: ၀၀ စင်္ကြံ
၈: ၄၅ ထိုင်
၉: ၃၀ နား

ယောဂီများထဲတွင် ခရစ်ယန်စာပေဟောတရား၊ ဇင်ဆရာ၊ စိတ်ဘက်ဆိုင်ရာ ဆရာဝန်များလဲ ပါပါသည်။ ယောဂီများကို ၎င်းတို့၏ရည်ရွယ်ချက်ကို မေးရာ များသောအားဖြင့် စိတ်ချမ်းသာရေး၊ ပေါင်းသင်း



(၇) ဆန်ဖရံစစ်စကိုမြို့ ဖိလစ်ပီနိုးအမျိုးသမီးအိမ်၌ ဆွမ်းကပ်စဉ်



(၈) ဝါရှင်တန်မြို့ ဗုဒ္ဓဝိဟာရ၌ သိမ်သမုတ်စဉ်

ဆက်ဆံရေး ကောင်းမွန်ရန်အတွက် အားထုတ်ကြောင်း ပြောပါသည်။ သံသရာဘေးမှ ကင်းရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်အတွက် အားထုတ်သည့် ယောဂီမှာ အလွန်ပင်နည်းပါသည်။

## ဆန်ဖရန်စစ္စကိုသို့ ကြွတော်မူခြင်း

**တန်ခူးလဆုတ် ၆ ရက်။** ။ဧပြီလ ၁၇ ရက် အရုဏ်မကပ်ခင် ယောဂီအားလုံး ဆွမ်းလောင်းလို၍ အားလုံး ဆွမ်းခံလွှတ်ကြပါသည်။ ဆွမ်းစားဆောင်ဘေးပတ်လည်၌ ဆွမ်းခံထွက်ကြပါသည်။ ဆွမ်း၊ အသီးမျိုးစုံ၊ အချိုစသည်များလောင်းကြပါသည်။နံနက် ၈:၀၀နာရီ ယောဂီအားလုံး ဆရာတော်ကြီးအား ကန်တော့ကြပါသည်။ ၉:၃၀ ကားများနှင့် ပန်းစပရင်းလေဆိပ်သို့ သွားကြပါသည်။ ကြိုတင်ချက်ယူလာသော ဆွမ်းများနှင့် လေဆိပ်တွင် နေ့ဆွမ်းကပ်ပါသည်။ ၁၁:၀၀ နာရီ လေယာဉ်ပေါ်တက်၊ ၁၁:၅၀ အချိန်ခန့်တွင် ဆန်ဖရန်စစ္စကိုသို့ ထွက်ခွါလာကြပါသည်။ ခရီးမှာ မိုင် ၃၉၀ ခန့်မျှရှိပါသည်။ မွန်းလွဲ ၁:၁၅ ဆန်ဖရန်စစ္စကိုသို့ ဆိုက်ရောက်ပါသည်။ လမ်းတွင် စောင့်ရှောက်ရန် ဘာရီအဖွဲ့မှ မစ္စတာမိုက်ကယ်ဇွတ်ကား လိုက်ပါလာပါသည်။လေဆိပ်တွင် ဦးချစ်ထွန်း ဒေါ်ခင်ထွေး။ ဒေါက်တာရီနာဆာရကား၊ မစ္စတာဒေးဗစ်တေဝေါင်း မစ္စတာဘာရု(စ)မီဘဲလီဒေါ့ စသော မြန်မာနှင့် အမေရိကန် ဗုဒ္ဓဘာသာဝင် အမြောက်အများ လာရောက်ကြိုဆိုကြပါသည်။ ဗရင်ဂျီဘာသာဝင် ဖိုလစ်ပီးနိုး အမျိုးသမီးကြီး မဒမ်လီတာလီပတ်က ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များအား ၎င်း၏အိမ်ကို ကျောင်းအဖြစ် သီတင်းသုံးတော်မူရန် လှူဒါန်းပါသည်။ ည ၇:၃၀တွင် ဒေါက်တာရီနာဆာရကားသည် ဆရာတော်ကြီးနှင့်အဖွဲ့ကို Cultural Integration Fellowship သို့ ပင့်ပြီး ပရိသတ်များနှင့် မိတ်ဆက်စကား ပြောကြားပါသည်။ ထိုနောက် ဆရာတော်ကြီးနှင့် အဖွဲ့က ပရိတ်တရားတော် ဟောတော်မူပါသည်။ ပရိသတ် ၈၈ ခန့်ရှိပါသည်။ရာသီဥတုမှာ နေကောင်းရုံမျှအေးပါသည်။

**တန်ခူးလဆုတ် ၇ရက်။** ။ဧပြီလ ၁၈ ရက်၊ အမေရိကန်အသံမှ ကိုတင်ဦးနှင့် မမြင့်မြင့်ဇော်တို့က အမေရိကန်အသံ မြန်မာပိုင်းအစီအစဉ်တွင် ဆရာတော်ဘုရားကြီး၏ သာသနာပြုသတင်းများ ထည့်သွင်းလိုပါ၍ တယ်လီဖုံးမှ မေးလျှောက်ပါကြောင်း ပြောလာ၍ ယခင်နေ့၊ ယနေ့နှင့် နောက်ရက် အစီအစဉ်များကို ပြောပြပါသည်။ မြန်မာများက မြန်မာ စားသောက်ဖွယ်များနှင့် အရှုဏ်ကပ်ကြပါသည်။ ၎င်းနောက် ဒေးဗစ် ကြိုတင်စီစဉ်ထားသော အေမှီအာကာသ စူးစမ်းလေ့လာရေးဌာနသို့ သွားရောက်ကြည့်ရှုကြပါသည်။ အပြန်တွင် မစ္စတာဘရု(စ)ပိုင်စားသောက်ဆိုင်သို့ ၎င်း၏ပင့်ဖိတ်ချက်အရ သွား၍ဆွမ်းစားကြပါသည်။ မြန်မာ၊ ကုလား၊ တရုတ်၊ အင်္ဂလိပ် စားသောက်ဖွယ်များနှင့် ဆွမ်းကပ်ကြပါသည်။ အလှူရှင်များမှာလဲ လူမျိုးစုံဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးအား လာရောက် ဖူးမျှော်ကြသူများမှာ တနေ့လုံးပင် ဖြစ်ပါသည်။ ထိုင်း ကမ္မဋ္ဌာန်းဆရာ ဒီရဝံသ၊ ယူနတီပိုနိုပ်တိုက်မှ မစ္စဘာစတီဖင်လဗင်းတို့လဲ လာရောက် ကန်တော့ကြပါသည်။ ည ၇း၀၀ နာရီ Cultural Integration Fellowship သို့ ဆရာတော်ဘုရားကြီး ကြွရောက်၍ သတိပဋ္ဌာန်တရားတော် ပဌမပိုင်း ဟောပါသည်။ ၎င်းနောက် နာရီဝက် တရားထိုင်ကြပါသည်။ ရာသီဥတုကောင်းပါသည်။

**တန်ခူးလဆုတ် ၈ ရက်။** ။ဧပြီလ ၁၉ရက် နံနက် ၅ နာရီ အမေရိကန်အသံမှ ကိုတင်ဦးနှင့် မမြင့်မြင့်ဇော်တို့ ဖုံးဆက်၍ အစီအစဉ်များ ပေးလိုက်ပါသည်။ ရပ်ဝေးရပ်နီးမှ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာဝင် သူတော်စဉ်အပေါင်းတို့ ဆရာတော်ဘုရားကြီးအား လာရောက် ဖူးမျှော် ကန်တော့ကြသည်မှာ တနေ့လုံးပင် ဖြစ်ပါသည်။ ည ၇း၃၀ သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို မြန်မာပရိသတ်များ တောင်းပန်ချက်အရ မြန်မာ အင်္ဂလိပ် ၂ ဘာသာဖြင့် ဟောပါသည်။ နောက်ကျမှရောက်လာသော မြန်မာပရိသတ်များ ဆရာတော်ဘုရားကြီးအား ကန်တော့ကြပါသည်။ ဆန်ဖရန်စစ္စကိုရှိ ဦးချစ်ထွန်း အစရှိသော မြန်မာများက ၎င်းတို့ ကိုးကွယ်ရန် သံဃာ တပါးဖြစ်စေ၊ ၂ ပါးဖြစ်စေ အလိုရှိပါကြောင်း

လျှောက်ထားကြသောအခါ ဆရာတော်ဘုရားကြီးက ဝါရှင်တန်အဖွဲ့မှ လဲ လိုချင်ကြောင်း၊ ၎င်းဝါရှင်တန်အဖွဲ့ကို ဦးစားပေးရမည်၊ ၎င်းတို့ အဆင်မသင့်သေးပါက ဆန်ဖရန်စစ္စကိုအတွက် သံဃာ ၂ပါး ပေးမည် ဟု မိန့်တော်မူသည့်အခါ ဦးချစ်ထွန်းက မိမိတို့မှာ အဆင်သင့် ဖြစ်ပါ ကြောင်း၊ မိမိ၏အိမ် အပေါ်ထပ်ကို ကျောင်းအဖြစ် သီတင်းသုံးရန် လှူမည်ဖြစ်ကြောင်း လျှောက်ထားပါသည်။

## ဝါရှင်တန်သို့ ကြွတော်မူခြင်း

**၁၃၄၁ ခု တန်ခူးလဆုတ် ၉ ရက်။** ။ဧပြီလ ၂၀ ရက် နံနက် ၇ နာရီ ကျောင်းမှထွက် လေယာဉ်ကွင်းသို့ ၇း၃၀ ရောက်ပါသည်။ ဝါရှင်တန်သို့ ထွက်မည့် လေယာဉ်ပေါ်သို့ ၈း၀၀ နာရီတက်ပါသည်။ ၈း၄၅ ထွက်ပါသည်။ လေယာဉ်အမျိုးအစားမှာ လေ့ခတိ ၁၀၁၁ အမျိုးအစားဖြစ်၍ တနာရီ မိုင် ၆၅၀နှုန်းနှင့် ပေ ၃၇၀၀၀ ခန့်အမြင့်မှ ပျံသန်း၍ ဝါရှင်တန်သို့ မွန်းလွဲ ၄း၃၀ ရောက်ပါသည်။ ခရီးမှာ ၂၄၄ပ မိုင်ရှိပြီး ပျံသန်းချိန်မှာ ၄း၃၀ ဖြစ်ပါသည်။ အချိန်ကွာခြားခြင်းမှာ သုံးနာရီ ဖြစ်ပါသည်။ ဦးချစ်မြိုင်၊ ဦးထွန်းဝေ၊ ဦးဆွေတင်၊ ဒေါက်တာ တင့်လွင်၊ မြန်မာသံရုံးမှ ပဋ္ဌမအတွင်းဝန်၊ အခြားအရာရှိများ၊ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာဝင်များ လာရောက်ကြိုဆိုကြပါသည်။ ဝါရှင် တန်အဖွဲ့မှ စီစဉ်ထားသော ဝါရှင်တန်သီဟိုကျောင်းနှင့် ၎င်းအနီးရှိ ဂျပန်ကျောင်းသို့ သွားရောက်ကြပါသည်။ ရာသီဥတုမှာ နေကောင်းရုံမျှ အေးပါသည်။

**တန်ခူးလဆုတ် ၁၀ ရက်။** ။ဧပြီလ ၂၁ ရက်၊ အရုဏ်နှင့် နေ့ဆွမ်း ကို ဦးချစ်မြိုင် အစရှိသော မြန်မာများက မြန်မာ စားသောက်ဖွယ်များ ကပ်ကြပါသည်။ (ပူးတွဲပါ)ဇယားအတိုင်း တရားယိုင်၊ စကြံလျှောက် ကြပါသည်။ ယောဂီ ၄၀မျှရှိပါသည်။ ဆရာတော် ဦးဇနကနှင့် ဦးပဥ္စင်း က ယောဂီများကို တရားစစ်ပါသည်။ ည ၇း၃၀ ဆရာတော်ကြီး သတိ ပဋ္ဌာန်းတရားတော် ပဌမပိုင်း ဟောပါသည်။ ရာသီဥတုကောင်းပါသည်။

TAUNGPULU KABA AYE DHAMMA CENTRE

2651 Ortega, San Franbisco, CA, 94122

March 11, 1979

Dear Dhamma Brothers and Sisters,

One of the world's most famous Buddhist maditation masters, the Venerable Mahasi Sayadaw of Burma, and a company of give veneralble masters will come to visit the United States in April this year.

T.K.A.D.C. has the distinct honour and pleasure to be the host of a three-day visit whtle the venerable masters pass through San Francisco.

The following is the tentative program of activities in which everybody is welcome:

| | | |
|---|---|---|
| April 17 | 1:00 P.M. | Arrival, San Francisco Int'l Airport. |
| | 7:00 P.M. | Discourse, Cultural Integration Fellowship 2650 Fulton Street, San Francisco. |
| April 18 | 5:00 A.M. | Serve breakfast to Sayadaws, 626-27th St. San Franciico. |
| | 7:00 A.M. | Visit Dhama Centers/sight-seeing |

10:00 A.M. Serve lunch to Sayadaws, Real Good Karma Restaurant, 501 Dolores St., San Francisco.

1:00 P.M. Sight=Seeing.

8:00 P.M. Discourse, C.I.F.

April 19 5:00 A.M. Serve breakfast to Sayadaws, 626–27th

7:00 A.M. Visit Dhamma centers/sight-seeing

10:00 A.M. Serve lunch to Sayadaws 626—27th St.,

1:00 P.M, Sight-seeing(Our of town)

8:00 P.M. Last discourse of the program, C.I.F.

April 20 5:00 P.M. Serve breakfast to Sayadaws, 626–27th St.,

7:30 A.M. Homage to Sayadaws,626- 27th St.,

8:45 A.M. Departure.

For further information, contact David Wong at 626–27th St., or call 282–4792 in the evenings.

With metta,

The meners of T.K.A.D.C.

WASHINGTON BUDDHIST VEHARA

programme for the visit of Ven. Mahasi Sayadaw's Visit to Washington D.C. April 20-27. 1979.

Friday, April 20.

Welcoming of the Delegation at upon their arrival by

Saturday, April 21.

9:00--10:30 a.m. Meditation, instruction and practice.

2:00- 5:00 p.m.

7:30- 8:30 p.m. Sermon by Ven. Mahasi Sayadaw

8:30- 9:30 p.m. Meditation, instruction and practice.

Sunday, April 22.

9:00-10:30 a.m. Individual counselling on meditation expereiences by U Zanaka and U Agga Dhamma.

2:00- p.m. Regular Sunday service of the Washinton Buddhist Vihara.

3:00- 5:00 p.m. Meditation, instruction and practice

7:30- 8:30 p.m. Sermon by Dr. Rewata Dhamma.

8:30- 9:30 p.m. Meditation, instruction and practice.

**Monday, April 23.**

9:00–10:30 a.m. Individual counselling on meditation experiences by U Zanaka and U Agga Dhamma.

1:30– 5:00 p.m. Sight-seeing of the city of Washington D.C.

7:30– 8:30 p.m. Sermon by U Zanaka.

8:30– 9:30 p.m. Meditation, instruction and practice.

Tuesday, April 24.

9:00–10:30 a.m. Meditation, instruction and practice.

2.00– 3:30 p.m. Individual counselling on meditation experiences by U Zanaka and U Agga Dhamma.

3:30– 5.00 p.m. Meditation, instruction and practice.

7:30– 8:30 p.m. Sermon by U Kelatha.

8:30– 9:30 p.m. Meditation, instruction and practice.

Wednesday, April 25.

9:00–10:30 a.m. Meditation, instruction and practice.

2:00– 3:30 p.m. Individual counselling on meditation experiences by U Zanaka and U Agga Dhamma.

3:30– 5:00 p.m. Meditation, instruction and practice.

7:30– 8:30 p.m. Open discussion on meditation and Dhamma with panel of visiting monks.

Thursday, April 26.

9:00—10:30 a.m. Meditation, instruction and practice.

2:00— 3:30 p.m. Individual counselling on meditation experiences by U Zanaka and Agga Dhamma.

3:30 — 5:00 p.m. Meditation, instruction and practice

7:30— 8:30 p.m. Sermon by Ven. Mahasi Sayadaw.

8:30— 9:30 p.m. Meditation, insturction and parctice.

Friday, April 27.

Departure.

**တန်ခူးလဆုတ် ၁၁ ရက်။** ။ဧပြီလ ၂၂ ရက်၊အရုဏ်ဆွမ်း ဦးထွန်းဝေ၊ ဒေါ်လှသန်းတို့ ကပ်ပါသည်။ နေ့ဆွမ်း ဝါရှင်တန်ရှိ ထေရဝါဒ သံဃာအားလုံး ပင့်၍ကပ်ပါသည်။သိဟိုကျောင်းကို သိမ်သမုတ်ပါသည်။ ရှင်လောင်း ၄ ပါးနှင့် ရဟန်းလောင်း ၁ ပါး တို့ကို ရှင်ပြုပေးခြင်း၊ ရဟန်းခံပေးခြင်းများ ပြုလုပ်ပေးပါသည်။ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းဟောပါသည်။

**တန်ခူးလဆုတ် ၁၂ ရက်။** ။ဧပြီလ ၂၃ ရက်၊ ယခင်နေ့များက ကဲ့သို့ပင် တရားထိုင်တရားစစ်ပါသည်။ မွန်းတည့်အချိန် အမေရိကန်အသံ၊ အာရှအရှေ့ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာဗာရေးဆရာ အယ်ဒီတာမလင်ဒါသည်၊ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမျှော်၍ အနောက်နိုင်ငံ သာသနာပြု ခရီးတလျှောက် သိမှတ်ဖွယ်ရာ အချက်များကို လျှောက်ထား မေးမြန်းပါသည်။ ဆရာတော်ဘုရားကြီးသည်လည်း၊ ၎င်းအသံမှ မြန်မာပြည်ရှိ ပရိသတ်သို့ နှုတ်ဆက်

မိန့်ခွန်းဟောကြားပါသည်။ (ပူးတွဲပါ) မွန်းလွဲ ၁း၃၀ ဦးချစ်မြိုင်၏သား သမားတော်ကြီး ဦးအောင်မြိုင် အမ်ဒီသည်၊ ဆရာတော်ဘုရားကြီး ကျမ်းမာရေးအတွက် ဆေးစစ်ရန် သက်ဆိုင်ရာ ဆေးစစ်ဌာနများသို့ ခေါ်သွားပါသည်။ ရာသီဥတုမှာ ပူနွေးပါသည်။

## မေရီလင်းကမ္ဘောဒီးယားကျောင်းသို့ ကြွတော်မူခြင်း

**တန်ခူးလကွယ် နေ့၊ ဧပြီလ ၂၅ ရက်။** ။မွန်းလွဲ ၂း၃၀ အချိန် မေရီလင်းရှိ ကမ္ဘောဒီယား ဗုဒ္ဓဘာသာသို့ ကြွ၍၊ သရဏဂုဏ်သီလပရိတ်တရားများ ချီးမြှင့်ပါသည်။ ထိုကျောင်းတွင် ဆဋ္ဌသံဃာယနာတင်စဉ်က မြန်မာပြည်သို့ ကြွရောက် ပရိယတ္တိလေ့လာဘူးသော ကိုယ်တော်တပါးရှိပါသည်။ လကွယ်နေ့ ဥပုသ်ပြုကြပါသည်။ ည ၇း၃၀ ယောဂီများ မိမိတို့ သိလိုသော အချက်အလက်များကို ဆရာတော် ဘုရားကြီး အား လျှောက်ထားမေးမြန်းကြပါသည်။ မိုးအနည်းငယ်ရွာပါသည်။

**ကဆုန်လဆန်း ၁ ရက်။** ။ဧပြီလ ၂၆ ရက်၊ အရုဏ်ဆွမ်းစားပြီး ဦးချစ်မြိုင်ပင့်သဖြင့်၊ ၎င်းအိမ်သို့သွားကြပါသည်။ ည ၇း၃၀ တွင် ဆရာတော်ဘုရားကြီးသည် ချမ်းသာရေးတရားဟောပါသည်။ စခန်းဖွင့်စက ယောဂီ ၇၇ ခန့်ရှိသော်လည်း နောက်ပိုင်းတွင် ၅၀ ခန့်သာရှိပါသည်။ ဦးချစ်မြိုင်နှင့်အဖွဲ့အား ဆရာတော်ကြီးက မိန့်တော်မူသည်မှာ ဆန်ဖရန်စစ္စကိုက သံဃာ ၂ ပါးအလိုရှိကြောင်း လျှောက်ထားခဲ့ကြသော်လည်း ဝါရှင်တန်အဖွဲ့ကို ဦးစားပေးရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့ကြောင်းကို ပြောပြသောအခါ၊ ဝါရှင်တန်အဖွဲ့က ၎င်းတို့မှာ အဆင်သင့်မဖြစ်သေးပါကြောင်း၊ ကျောင်းအဆင်သင့်ဖြစ်သောအခါ– လျှောက်ထားပါမည်ဟု လျှောက်ထားကြပါသည်။ ဦးသီလာနန္ဒနှင့်ဦးကေလာသတို့၏ နိုင်ငံကူးလက်မှတ်သက်တမ်း ၆ လတိုးပေးရန် ရန်ကုန်အဖွဲ့ချုပ်သို့ အကြောင်းကြားပါသည်။ မိုးအနည်းငယ်ရွာပါသည်။

## ဝါရှင်တန်အဖွဲ့မှ ရုပ်ရှင်ရိုက်/ပြစက်များ လှူဒါန်းခြင်း ဘာရီသို့ ကြွတော်မူခြင်း။

ကဆုန်လဆန်း ၂ ရက်။ ။ဧပြီလ ၂၇ ရက်၊ အရုဏ်ဆွမ်းစားပြီး ဝါရှင်တန်အဖွဲ့မှ ဆရာတော်ဘုရားကြီးအား ရုပ်ရှင် ရိုက်/ပြစက်များ လှူဒါန်းကြပါသည်။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ အနောက်ကမ်းခြေမှ အရှေ့ကမ်းခြေသို့ သွားရာ လမ်းခရီးစရိတ်များကိုလည်း ၎င်းအဖွဲ့မှ လှူဒါန်းပါသည်။ ဆရာတော်ဘုရားကြီးသည် အနုမောဒနာ တရား ဟောကြား၍ ရေစက်ချ အမျှဝေကြပါသည်။ နံနက် ၉း၁၅ ဘော်စတွန်သို့ သွားရန် လေဆိပ်သွား၍ ၁၁း၁၅ လေယာဉ် ထွက်ပါသည်။ ဘော်စတွန်သို့ မွန်းလွဲ ၁း၁၅ ရောက်ပါသည်။ ခရီးမှာ ၃၉၀၀ခန့်ဝေးပါသည်။ လေဆိပ်၌ ဂျူးဆက်၊ ဂျက်၊ ဒစ်ရောဘင်ဆင်စသော အဖွဲ့ဝင်များ လာရောက်ကြိုဆိုကြပါသည်။ မိုးသည်းစွာ ရွာပါသည်။ ကားများနှင့် ထွက်ခွါလာရာ ဘာရီသို့ ၄ နာရီအချိန်ခန့် ရောက်ပါသည်။ ခရီးမှာမိုင် ၆၀ ခန့်ရှိပါသည်။ ၎င်းအဖွဲ့ ပင်မ အဆောက်အဦရှေ့ လမ်းတဘက်ရှိ ကျောင်းငယ်၌ နေကြပါသည်။ ၎င်းကျောင်း၌ အိပ်ခန်း ၃ခန်း၊ ရေချိုးခန်း၊ ညှိခန်းနှင့် မီးဖိုခန်းများ ပါရှိပါသည်။ အဖွဲ့ချုပ်သို့ ခရီးသွား ပုတ်ဘမ်းပေးပို့ပါသည်။

ကဆုန်လဆန်း ၃ ရက်။ ။ဧပြီလ ၂၈ ရက်၊ ဆရာတော်ဘုရားကြီး အားဆွမ်းကို ဦးမြသိန်းချက်၍ကျန်သံဃာများအတွက် ဘာရီအသင်းမှ အမျိုးသမီးယောဂီများ အလှည့်ကျချက်ကြပါသည်။ နေ့ခင်း၌ ကျောင်း ဘေးပတ်ဝန်းကျင်ကို ဂျူးဆက် အစရှိသော အဖွဲ့ဝင်များက လိုက်လံပြသပါသည်။ မွန်းလွဲ ၃ နာရီ အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့် သံဃာတော်များအား ကန်တော့ပြီး မိမိတို့သိလိုသော တရားနှင့် ပတ်သက်သော အချက်အလက်များကို မေးမြန်း လျှောက်ထားကြပါသည်။ မိုင် ၁၃၀၀ ခန့်မျှ ဝေးကွာသော မာယာမီမှ ယောဂီဟောင်း(ရန်ကုန်သို့ ရောက်ဘူးသူ) မစ္စတာရောဘတ်သီးရှင်း ဆရာတော် ဘုရားကြီးအား

ဖူးမျှော် ကန်တော့ရန် ရောက်လာပါသည်။ ထိုနေ့ည ၁၂:၀၀ မှစ၍ အမေရိကန်တပြည်လုံးကို တနာရီစော၍ ရွှေ့ထားကြပါသည်။

**ကဆုန်လဆန်း ၄ ရက်။** ။ဧပြီလ ၂၉ ရက်၊ နံနက် ၅ နာရီ ဘုရားဝတ်တက်ကြပါသည်။ အဖွဲ့မှ ရုပ်မြင်သံကြားရိုက်ပါသည်။ မွန်းလွဲ ၃ နာရီ ဆရာတော်ဘုရားကြီးသည် ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင် တရားဟောတော်မူပါသည်။ ပရိဟတ် ၁၄၀ ခန့်ရှိပါသည်။ အားလုံး အမေရိကန်များ ဖြစ်ကြပါသည်။ ယောဂီအပြင် အခြားပရိသတ်များလဲ ပါပါသည်။

**ကဆုန်လဆန်း ၅ ရက်။** ။ဧပြီလ ၃၀ ရက်၊ နံနက် ၁၀ နာရီ ဝါရင့်သော ယောဂီ အမေရိကန် ၄ ဦး၊ အီတလီ တဦးတို့သည် မိမိတို့ တွေ့သော တရားများကို ဆရာတော်ဘုရားကြီးအား လျှောက်ထားကြရာ ဆရာတော်ကြီးက မည်သို့ ဆက်လက်၍ အားထုတ်ရန် ဩဝါဒ ပေးပါသည်။

**ကဆုန်လဆန်း ၆ ရက်။** ။မေလ ၁ ရက်၊ နံနက် ၉–နာရီခန့် အဖွဲ့ဥက္ကဋ္ဌ စပ်ဗင်ရှုအိမ်သို့သွား၍ နေ့ဆွမ်းစားပါသည်။ တနာရီခွဲခန့် သွားရပါသည်။ တောထဲ၌ ဆောက်ထားပါသည်။ မွန်းလွဲ ၄ နာရီ ကျော်ကျော်ခန့် ပြန်ရောက်ပါသည်။

**ကဆုန်လဆန်း ၇ ရက်။** ။မေလ ၂ ရက်၊ မွန်းလွဲ ၃ နာရီ အဖွဲ့ဝင်များနှင့်ကမ္မဋ္ဌာန်းဆရာများအား၊ ဆရာတော်ဘုရားကြီးသည် တရားတော်အားထုတ်ပုံနှင့် ဩဝါဒ ပေးတော်မူသည်။ (ဩဝါဒကို နောက်ဆက်တွဲတွင် ကြည့်ရန်) ည ၈ နာရီယောဂီများ အားလုံး ဆရာတော်ဘုရားကြီးအားကန်တော့ကြ၍၊ ဆရာတော်ကြီးက သရဏဂုံ ၅ ပါးသီလ (ပဥ္စမဂ္ဂ ဗြဟ္မစရိယ) ပေးပြီး အလုပ်ပေးတရား ဟောတော်မူပါသည်။ရာသီဥတုအေးပါသည်။ (နေ့စဉ်တရားအားထုတ်ချိန်ဇယားကိုပူးတွဲဖော်ပြပါသည်။) ထိုနေ့ညမှစ၍ တရားစခန်းဖွင့်ပါသည်။ ယောဂီ ၈၆–ယောက်နှင့်အဖွဲ့ဝင် ၁၆ ယောက်ရှိပါသည်။ ယောဂီများအနက် မြန်မာအမျိုးသမီး ၃ ယောက်ပါပါသည်။ ၎င်းတို့မှာ မာယာမိမှ ဒေါ်ခင်ခင်ကြီး (ဒေါက်တာလင်းအောင်၏မိခင်)၊ ဝါရှင်တန် မေရီလင်းမှ ဒေါ်

မြမြခင်၊ နယူးယောက်မှ ဒေါ်တင်လှိုင် နှင့် (ဘလစ်) ဒေါ်ခင်ခင်ကြီး (ဦးဘကြွား၏သမီး)တို့ ဖြစ်ပါသည်။ တဥယောက်လျှင် တနေ့ ၈ ဒေါ်လာ ၂၂ ဆင့် ပေးရပါသည်။

ကဆုန်လန်း ၈ ရက်။ ။မေလ ၃ ရက်၊ မွန်းလွဲ ၄ နာရီမှ ၅ နာရီထိ ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ပြီး သိလိုသော အချက်အလက်များကို လျှောက်ထားမေးမြန်းကြပါသည်။ ဆရာတော် ဦးသီလာနန္ဒနှင့် ဆရာတော် ဦးရေဝတမွေတို့က ဘာသာပြန်ပါသည်။ ဆရာတော် ဦးဇနကနှင့် ဦးပဥ္စင်းက ယောဂီများကို တရားစစ်ပါသည်။ အဖွဲ့မှကမ္မဋ္ဌာန်းဆရာများလဲ စစ်ပါသည်။ ယောဂီများကမြန်မာပြည်က လာသော ဘုန်းကြီးများထံ၌ အစစ်ခံလိုကြောင်း တောင်းပန်ကြသောကြောင့် ဦးပဥ္စင်းတို့ ယောဂီအားလုံး အလှည့်ကျစစ်ကြပါသည်။ တရားစစ်ချိန်မှာ နံနက် ၁၁ နာရီ၊ မွန်းလွဲ၃ မှ ၅း၃၀ ထိ ဖြစ်ပါသည်။ ရာသီဥတုမှာ အေးပါသေးသည်။

## တရက်ပစ်ပစ် ဘုရင်ဂျိကျောင်းသို့ သွားရောက်ခြင်း

ကဆုန်လဆန်း ၉ ရက်။ ။မေလ ၄ ရက်၊ အနီးရှိ ဘုရင်ဂျိဘုန်းကြီးများ၏ ဘိတ်ကြားချက်အရ ၎င်းတို့ကျောင်းသို့ သွား၍ ၎င်းတို့၏ မွန်းလွဲပိုင်း ဓမ္မဒေးဂီတများ ရွတ်ဆိုခြင်းကိုနားထောင်ကြပြီး ဘုန်းကြီးအချို့၏ မေးလျှောက်ချက်များကို ဖြေကြားပြီး အဆင်သင့် ယူသွားသော အင်္ဂလိပ်ဘာသာနှင့် အလုပ်ပေး တရားစာအုပ်များကို အလိုရှိသူများအား ပေးပါသည်။ ၎င်းဂိုဏ်းမှာ အလွန် စည်းကမ်းကြီးပါသည်။ သက်သတ်လွတ် စားကြသည်။ အိမ်ထောင်မပြုရ။ မြို့နှင့် ဝေးသော နေရာ၌သာကျောင်းဆောက်ကြပါသည်။ မြို့ထဲသို့ အချိန်းမသွားရ။ တနေ့ ၄ ကြိမ် ဘုရားရှိခိုးရပါသည်။ အားလပ်ချိန်၌ တရားထိုင်ကြပါသည်။ ၎င်းကျောင်းမှ ဖားဘား သီယိုဆိုဖိန်းသည် ဘာရီရိုပ်သာ၌ ၃ လ တဆက်တည်းတရားအားထုတ်ခဲ့သူ ဖြစ်ပါသည်။ ၎င်းတို့ကျောင်း၌ တရားထိုင်သော အချိန်တွင် သတိပဋ္ဌာန်နည်းနှင့်လည်း ထိုင်ခွင့်ပြုပါသည်။



(၉) အမေရိကန် ဘာရီကမ္မဋ္ဌာန်းဌာနၥ္ဌ ဆရာတော်ဘုရားကြီး တရားဟောစဉ်



(၁၀) ဘာရီကမ္မဋ္ဌာန်းဌာနရှိ ဆရာတော်နှင့် သံဃာတော်များ သီတင်းသုံးသောကျောင်း

ဝိပဿနာဘာဝနာအသင်း၊ ဘာရီမြို့
၁၄ ရက်စခန်း အချိန်ဇယား
၁၉၇၉ ခု၊ မေလ ၂ ရက်နေ့

နံနက် ၄း၃၀ ထချိန်
၅း၀၀ ထိုင်
၆း၀၀ စင်္ကြံ
၆း၃၀ အရုဏ်
၇း၃၀ စင်္ကြံ
၈း၀၀ ထိုင် (အလုပ်ပေးတရား)
၉း၀၀ စင်္ကြံ
၉း၃၀ ထိုင်
၁၀း၁၅ စင်္ကြံ
၁၀း၄၅ ထိုင်
၁၁း၃၀ နေ့လည်စာ
၁း၀၅ ထိုင်
၂း၀၀ စင်္ကြံ
၂း၄၅ ထိုင်
၃း၃၀ စင်္ကြံ
၄း၀၀ ထိုင်၊ စင်္ကြံ
၅း၀၀ လဘက်ရည်

၅း၃၀ စကြံ

၆း၀၀ ထိုင်

၇း၀၀ တရားပွဲ

၈း၀၀ စကြံ

၈း၄၅ ထိုင်

၉း၀၀ နား

ယောဂီများထဲတွင် ခရစ်ယန် စာဟောဆရာ၊ ဇင်ဆရာ။ စိတ်ဘက်ဆိုင်ရာ ဆရာဝန်များ ပါပါသည်။ ယောဂီများကို ၎င်းတို့၏ရည်ရွယ်ချက် မေးရာ၊ များသောအားဖြင့် စိတ်ချမ်းသာရေး၊ ပေါင်းသင်းဆက်ဆံမှု ကောင်းမွန်ရေးအတွက် အားထုတ်ကြောင်း ပြောသူများပါသည်။ သံသရာဘေးမှ လွတ်ကင်းရန် နိဗ္ဗာန်မျက်မှောက်ပြုရန် အားထုတ်သည့် ယောဂီမှာ နည်းပါသည်။ ဝါရင့်သော ယောဂီများလည်း ပါရှိပါသည်။

**ကဆုန်လဆန်း ၁၀ ရက်။** ။မေလ ၅ ရက်၊ အဖွဲ့ဝင် အမျိုးသမီး တယ်ရဲဇာဖိုးရီယတ်နှင့် ဆရာ ရာအိုရှယ်ရီ (Teresia Faudriat & Sara Orchli)တို့ နံနက် ၉ နာရီ သီလရှင်ဝတ်ရာတွင် ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ၁၀ ပါးသီလပေးပါသည်။ အာယဉာဏစာရီ ဟု ဘွဲ့အသီးသီးကို ဆရာတော်ဘုရားကြီးက ချီးမြှင့်ပါသည်။ မွန်းလွဲ ၂နာရီ ဆရာတော် ဦးဇနက တရားဟောပါသည်။ မွန်းလွဲ ၃ နာရီ ပင်ဆိလ်ဗေးနီးယားနေ ဦးဝင်းလှိုင်၏သား မောင်ဒွေးလှိုင် ရှင်ပြုပါသည်။ ၄နာရီ အလှည့်ကျ ယောဂီများ ဆရာတော်ဘုရားကြီးအား ကန်တော့ကြပြီး သိလိုသော အချက်အလက်များကို လျှောက်ထား မေးမြန်းကြပါသည်။ ၇ နာရီအချိန် ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောပါသည်။

**ကဆုန်လဆန်း ၁၁ ရက်။** ။မေလ ၆ ရက်၊ ယခင်ရက်များအတိုင်း တရားထိုင် တရားစစ်ပါသည်။ ည ၇ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဆက်၍ ဟောပါသည်။ မေလဆန်းကစ၍ မေဖလိုင်း (May Fly) ငှက်အငယ်စား အကောင်လေးများ စတင်တွေ့ရှိပါသည်။ ရာသီဥတုမှာ နွေးလာ၍ လမ်းလျှောက်ထွက်သောအခါ ဝိုင်း၍လိုက်ကြပါသည်။ ရောက်ခါစဥ်က သစ်ပင်များမှာ အရွက်များ မရှိသေးပါ။ ယခု ရွက်နုလေးများ အဖူးတွေနှင့် ထွက်လာသည်ကို တွေ့ရှိရပါသည်။ အချို့မှာ ပွင့်စပင်ပြုလာပါသည်။

**ကဆုန်လဆန်း ၁၂ ရက်။** ။မေလ ၇ ရက်၊ ယခင်ရက်အတိုင်းပင် တရားထိုင် တရားစစ်ကြပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော်ဦးသီလာနန္ဒ တရားဟောပါသည်။ ကိုရင် မောင်ဒွေးလှိုင် အိမ်ပြန်ပါသည်။ ဘာရီအဖွဲ့မှ မစ္စတာအယ်လင်ကလီမင့် မြန်မာပြည်သို့ လိုက်၍ ရက်ရှည်တရားအားထုတ်နိုင်ခွင့်နှင့် ဆရာတော် ဦးသီလာနန္ဒနှင့် ဦးကေလာသတို့ အမေရိကန်၌ ရက်ရှည်သာသနာပြုရန်အတွက် နိုင်ငံကူးလက်မှတ် နောက်ထပ် ၆လ သက်တမ်းတိုးရန်ကိစ္စများ အချိန်မှီရရန် ကြိုးစားနေကြောင်း အဖွဲ့ချုပ်မှ သံကြိုးလာပါသည်။

**ကဆုန်လဆန်း ၁၃ ရက်။** ။မေလ ၈ ရက်၊ ယခင်ရက် အတိုင်း တရားထိုင် တရားစစ်ပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော် ဦးကေလာက တရားဟောပါသည်။ ည ၇ နာရီ ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်တရား ဟောပါသည်။ ရာသီဥတုမှာ နွေးပါသည်။

## ဟားဘတ်(ဒ)တက္ကသိုလ်၌ ဆရာတော်ဘုရားကြီး တရားဟောတော်မူခြင်း

**ကဆုန်လဆန်း ၁၄ ရက်။** ။မေလ ၉ ရက်၊နံနက်ပိုင်းသာ ဦးပဥ္စင်းတို့ တရားစစ်ပါသည်။ ဟားဘတ် တက္ကသိုလ် ဆေးကျောင်း မှ Faculty of Medical School of Harvard University of Harvard Centre for the Study of World Religion. ပါမောက္ခဒေါက်တာဒမ်ဘရောင်

နှင့် ဟားဘတ်တက္ကသိုလ် ကမ္ဘာ့ဘာသာရေးများ လေ့လာရေးဌာနတို့၏ ပင့်ဖိတ်ချက် အရ မွန်းလွဲ ၄ နာရီခန့် ကျောင်းမှ ထွက်ကြ ပါသည်။ ယတ်ကားဘဲလီးတွင်ဆွမ်းကပ်သော ဘော့စတွန်နေဒကာ မိုက်ကယ်ဇွတ် ကားက ထိုနေ့မှာ ၎င်း၏မွေးနေ့ဖြစ်ပါ၍ ဖျော်ရည်ဘုဉ်းပေးရန် သူ၏ နေအိမ်သို့ပင့်ဖိတ်၍ အနည်းငယ်စောစော၍ထွက်ခြင်း ဖြစ်ပါသည်။ ၎င်း၏ အိမ်သို့ ရောက်သောအခါ၊ ယခင်ဆိပ်ခွန်သို့လာသောအဖွဲ့မှ မစ္စတာမန် အက်(ပ)စတိန်းနှင့်ဇနီး (Mr. & Mrs. Mark Epstein)မစ္စက်စမစ်နှင့် သမီးလေးချဲန်ဒရာတို့ကိုလဲ တွေ့ကြရပါသည်။ ည ၇ နာရီခန့်တွင် တရားပွဲ စပါသည်။ ပါမောက္ခဒေါက်တာ ဒမ်ဘာရောင်း၊ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်းချုပ် ပြောကြား ပါသည်။ ၎င်းနောက် ဆရာတော် ဘုရားကြီး တရားဟောတော်မူရာ ဆရာတော် ဦးဇနက ဘာသာပြန်ပါ သည်။ တရားဟောပြီးသောအခါ ပရိသတ်ကသိလိုသောအချက်အလက် များကို မေးမြန်းလျှောက်ထားကြရာ၊ ဆရာတော်ဦးသီလာနန္ဒ၊ ဆရာ တော် ဦးရေဝတမမှနှင့်ဦးပဥ္စင်းတို့က အလှည့်ကျဘာသာပြန်ရပါသည်။ ည ၉း၃၀ တရားသိမ်းပါသည်။ ပရိသတ် ၆၀ ခန့်ရှိပါသည်။ ၎င်းတို့မှာ ထိုတက္ကသိုလ်ဆေးကျောင်းမှ ဆရာများ၊ ၎င်းတက္ကသိုလ် ကမ္ဘာ့ဘာသာ လေ့လာရေးဌာနမှ ဆရာကျောင်းသားများနှင့် မြို့ထဲမှ ဗုဒ္ဓဘာသာစိတ် ပါဝင်စားသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**ကဆုန်လပြည့်နေ့**။ ။မေလ ၁၀ ရက်၊ နံနက် ဂး၃၀ အချိန်ခန့် အမေရိကန်အသံမှ မမြင့်မြင့်ဇော် ဖုံးဆက်ပါသည်။တနေ့ခြားမှန်မှန်ဆက် ပါသည်။ ဆရာတော်ဘုရား၏ မနေ့၊ ယနေ့ နှင့် နက်ဖြန်အစီအစဉ်များ ပေးရပါသည်။၎င်းသတင်းများ အမေရိကန်အသံ မြန်မာပိုင်းအစီအစဉ်၌ နေ့စဉ်အသံလွှင့် ပြောကြားပါသည်။ ကဆုန်လပြည့် နေ့ထူးဖြစ်သော ကြောင့် ဆရာတော်ဘုရားကြီးသည် ယောဂီများကို ဂ ပါးသီလပေးပါ သည်။အခြားနေ့များမှာ ပဥ္စမကဗြဟ္မစရိယသီလ စောင့်ထိန်းကြပါသည်။ တရားစစ်တရားထိုင်၊ ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော် ကြသည်မှာ ယခင်နေ့များအတိုင်းပင် ဖြစ်ပါသည်။ ည ၇ နာရီ ဆရာ

တော်ဘုရားကြီး ချမ်းသာရေးတရားဟောတော်မူပါသည်။ အဖွဲ့ဝမ္မာရှိ ဥပုသ်ပြုကြပါသည်။

**ကဆုန်လဆုတ် ၁ ရက်။** ။မေလ ၁၁ ရက်၊ တရားထိုင်တရားစစ် ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကြသည်မှာ ယခင်နေ့ များအတိုင်းပင်ဖြစ်ပါသည်။ ည ၇ နာရီ ဆရာတော်ဘုရားကြီး ချမ်းသာ ရေး တရားဟောတော်မူပါသည်။ သီရာဥတုမှာ နွေးပါသည်။

**ကဆုန်လဆုတ် ၂ ရက်။** ။မေလ ၁၂ ရက်၊ နံနက် ၆ နာရီခန့် ဓမ္မာရှိ ယောဂီများအားလုံးသည်၊ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင် အားလုံး— (ဦးတြိသိန်းပါ)လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး ဆွမ်း တော့ကြပါသည်။ ဘာရီအဖွဲ့ဝင်အားလုံးပါကြပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော်ဦးသီလာနန္ဒ တရားဟောပါသည်။ ဆရာတော်ဦးရေဝတဓမ္မ လည်း ဆရာတော်ဘုရားကြီး နှင့် အဖွဲ့အား ကြိုနိုင်ရန် လန်ဒန်သို့ပြန်ကြ ပါသည်။ ည ၇ နာရီ ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနာတရား ဟော တော်မူပါသည်။

**ကဆုန်လဆုတ် ၃ ရက်။** ။မေလ ၁၃ ရက်၊ နံနက် ၆ နာရီခန့် အဖွဲ့ ညှော်သည်ခန်းတွင် မြန်မာပြည်သို့လာရောက်၍ တရားအားထုတ်လို သော ယောဂီများ ဦးပဥ္စင်းနှင့်ဆွေးနွေးရန် အဖွဲ့က စီစဉ်ပေးပါသည်။ ယောဂီ ၁၂ ယောက်ခန့် လာရောက် ဆွေးနွေး ကြပါသည်။ မွန်းလွဲ ၃ နာရီ ဆရာတော်ဦးဇနက ဉာဏ်စဉ်တရားဟောပါသည်။မြန်မာပြည်သို့ လတ်တလော လိုက်လိုသူများကို ဆရာတော်ဘုရားကြီးက ထောက်ခံစာ ရေးပါသည်။ ည ၇ နာရီ ဗုဒ္ဓ သာသနာ တရားတော် ကို ဆရာတော် ဘုရားကြီး ဟောကြားတော်မူပါသည်။ မိုးဖွဲဖွဲရွာပါသည်။

## နယူးယောက်မြို့သို့ ကြွတော်မူခြင်း

**ကဆုန်လဆုတ် ၄ ရက်။** ။မေလ ၁၄ ရက်၊ အရုဏ်ဆွမ်းစားပြီး နောက် ဆရာတော်ဘုရားကြီးသည်၊ ဘာရီအဖွဲ့ အဖွဲ့ဝင် ၁၇ ယောက် တို့အား မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာစသောပစ္စည်းများကို စွန့်ကြဲတော်

မှုပါသည်။ နံနက် ၈း၃၀ ခန့်မှာရှိ၌ ယောဂီများအားလုံး ဆရာတော် ဘုရားကြီးအား ကန်တော့ကြပါသည်။ အဖွဲ့က ၎င်းတို့အား ရိပ်သာခွဲ အဖြစ် အသိအမှတ်ပြုပါရန် လျှောက်ထားသဖြင့်၊ ဆရာတော်ဘုရားကြီး သည် အသိအမှတ်ပြုကြောင်း စာတစောင်ရေးပေးပါသည်။ (ပူးတွဲပါ) ထိုနောက် ဆရာတော်ဘုရားကြီးက မေးသဖြင့်၊ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အတွက် ကုန်ကျစရိတ် (အရပ်ရပ် မထောက်ခံရရှိသောငွေများအပြင်) ဒေါ်လာ ၁၁၆၁၂ ဖြစ်ကြောင်း စာရင်းတင်ပြပါသည်။ ဆရာတော် ဘုရားကြီးလည်း နှုတ်ဆက်မိန့်ခွန်းဟော၊ အမျှဝေရေစက်ချကြပါသည်။ ၁၀း၃၀ နာရီ နေ့ဆွမ်းစားပြီး၊ နယူးယောက်သို့ကြွရန် ဝူးစကားလေ ဆိပ်သို့ ကားများနှင့်သွားကြပါသည်။ နေ့ ၁၂း၃၀ စလေယာဉ်ပေါ် တက်၊ ၁၂း၄၅ လေယာဉ် ထွက်ပါသည်။ နယူးယောက် လေဆိပ်သို့ ၁း၃၀ ရောက်ပါသည်။ ခရီးမှာ မိုင် ၉၀ ခန့်မျှရှိပါသည်။ ဘာရီအဖွဲ့မှ ဂဲရီဘတ် (ချ) လိုက်၍ စောင့်ရှောက်ပါသည်။ နယူးယောက်လေဆိပ်တွင် ဒေါက်တာဦးလှဖေ၊ ကုလသမဂ္ဂမှ ဦးပေါ်ဦး၊ ဦးဦးသန်းတူ မိသားစု၊ ကိုစောလှ (ဦးအုန်း၏သား) မိသားစုတို့ လာရောက်ကြိုဆိုကြပါသည်။ ဦးလှဖေဒေါ်တင်လှိုင်တို့က မိမိတို့နေအိမ်ကို ကျောင်းအဖြစ် သီတင်း သုံးရန်လျှုဒါန်းပါသည်။ ညဘက်၌ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ်ကြီး ဦးမောင်မောင်ကြီး မိသားစု၊ သံရုံးသူ သံရုံးသားများ၊ ဒေါက်တာ ကြီးတင့်မော်၊ ကြီးမြင့်မော်၊ လလစ် (စ) ခင်ခင်ကြီး (ဦးဘမော်သမီး)၊ ဒေါက်တာဦးအောင်သိန်း၊ အယ်မလီစသော မြန်မာအမျိုးသားအမျိုး သမီးများ လာရောက်ဖူးမျှော်ကန်တော့ကြပါသည်။

## နယူးရောက်အာဂရှအဖွဲ့သို့ တရားဟောကြွတော်မူခြင်း

ကဆုန်လဆုတ် ၅ ရက်။ ။ မေလ ၁၅ ရက်၊ အရုဏ်ကို ဦးလှဖေ၊ ဒေါ်တင်လှိုင်၊ ဒေါက်တာကြီးတင့်မော်၊ ကြီးမြင့်မော်တို့ တက်ကြပါ သည်။ ၈း၀၀ ဆရာတော် ဦးဇနက အလုပ်ပေးတရား ဟောပါသည်။ ယောဂီ အမေရိကန်အမျိုးသမီး ၈ ယောက် ရှိပါသည်။ နေ့ဆွမ်း ဦးပေါ်ဦးအိမ်၌ ၁၁ နာရီအချိန်ခန့် ကပ်ပါသည်။ ပရိတ်တရား၊ သီလ

ပေး အနုမောဒနာတရား ဟောကြားပြီးနောက် ရေစက်ချအမျှဝေကြပါသည်။ မွန်းလွဲ ၃ နာရီ ကုလသမဂ္ဂသို့ သွားရောက်ကြည့်ကြရာ ဦးပေါ်ဦးနှင့်သဇင်(ရဲမင်းကြီးဟောင်း ဦးတင်မောင်မောင်၏သမီး)တို့က လိုက်လံပြသကြပါသည်။ ည ၇ နာရီ အာရှအဖွဲ့သို့ တရားချီးမြှင့်ရန်ကြွပါသည်။ ပါမောက္ခ ဒေါက်တာ ဒေါနယ်အီးစမစ်၊ နာယက၊ သီဟိုကောင်စီ၊ အာရှအဖွဲ့ (Prof: Donal E. Smith, Chairman, Sri Lanka Council, Asia Society) က ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ပြောပြပြီး ပရိသတ်နှင့် မိတ်ဆက်ပေးပါသည်။ ဆရာတော်ဘုရားကြီး မြန်မာလိုဟော၍ ဆရာတော်ဦးဇနက က ဘာသာပြန်ပါသည်။ တရားပွဲအပြီးတွင် ပရိသတ်က သိလိုသောအချက်များကို လျှောက်ထားမေးမြန်းကြပါသည်။ မြန်မာ၊ ကုလား၊ သီဟိုနှင့်အမေရိကန် ပရိသတ် ၁၂၀ ခန့် ရှိပါသည်။ ဆန်ဖရန်စစ္စကို ဦးချစ်ထွန်းထံ ဘုန်းကြီး ၂ ပါး လာမည်ဖြစ်ကြောင်း ဖုံးဆက်ရာ ဦးချစ်ထွန်းက မေ ၁၉ ရက်နေ့ ကြွပါရန် လက်မှတ် ပို့ပေးမည်ဖြစ်ကြောင်း လျှောက်ထားပါသည်။ အမေရိကန်အသံမှ သတင်းတောင်း၍ ပေးရပါသည်။

## အပြည်ပြည်ဆိုင်ရာ ဇင်စင်တာသို့ ဆရာတော်ဘုရားကြီး တရားဟော ကြွတော်မူခြင်း

**ကဆုန်လဆုတ် ၆ ရက်။** ။မေလ ၁၆ ရက်၊ အရှက် ဦးလှဖေ၊ ဒေါ်တင်လှိုင်တို့ ကပ်ပါသည်။ နံနက် ၈ နာရီ ဦးပဥ္စင်းအလုပ်ပေးတရား ဟောပါသည်။ ယောဂီအမေရိကန် ၅ ယောက်ရှိပါသည်။ နေ့ဆွမ်း ဦးသန်းတူတို့၏အိမ်၌ ကပ်ပါသည်။ ဒေါက်တာ ဦးခင်မောင်လတ်လာပြီး ဆရာတော်ကြီးအား လောင်းအိုင်လင်းအိမ်သို့ ပင့်သွားပါသည်။ ခရီးမှာ မိုင် ၈၀ ခန့်ရှိပါသည်။ ည ၈ နာရီ ဇင်စင်တာ၌ ဆရာတော်ဘုရားကြီး အလုပ်ပေးတရား ချီးမြှင့်တော်မူပြီး တနာရီခန့် တရားထိုင်ကြပါသည်။ ပရိသတ်မှာ မြန်မာ၊ ကုလား၊ တရုပ်နှင့် အမေရိကန် ၆၀ ကျော်ခန့်မျှ ရှိပါသည်။ ယောဂီဟောင်းများပါသည်။ ရာသီဥတုမှာ နွေးပါသည်။

**ကဆုန်လဆုတ် ၇ ရက်။** ။မေလ ၁၇ ရက်၊ အရှဏ် ဦးလှဖေ၊ ဒေါ်တင်လှိုင်နှင့် ကြီးတင့်မော်တို့ ကပ်ပါသည်။ နေ့ဆွမ်း ကုလသမဂ္ဂ အရာရှိ ဦးတင်ညွန့် ဒေါ်တင်တင်ထွတ်တို့အိမ်၌ နံနက် ၁၁း၃၀ အချိန်ခန့် ကပ်ပါသည်။ ညဘက်တွင် ဦးပေါ်ဦးနှင့်ဇနီး၊ ကိုစောလွင် မခင်သန်းမြင့်၊ ဒေါက်တာ ကြီးတင့်မော်နှင့်ဇနီး ဒေါက်တာ ဦးအောင်သိန်း၊ ဦးဟန်ကြူ၊ ဒေါ်ခင်ဝေ၊ ပက်ထရစ်ဘညွန့်၊ ရော်နီဘညွန့် စသော မြန်မာအမျိုးသား အမျိုးသမီးများ ဆရာတော်ဘုရားကြီးအား သိလိုသောအချက်အလက်များကို မေးမြန်းလျှောက်ထားကြပါသည်။ နယူးရောက်တွင် မြန်မာ ဗုဒ္ဓဘာသာကျောင်း တည်ထောင်ရန်ကိစ္စကိုလဲ ဆွေးနွေးတိုင်ပင်ကြပါသည်။ အမေရိကန်အသံမှ ဖုံးလာ၍ သတင်းပေးရပါသည်။

## ကိုလံဘီယာတက္ကသိုလ် စိန့်ပေါဘုရားကျောင်း၌ ဆရာတော်ဘုရားကြီး တရားဟောကြွတော်မူခြင်း

**ကဆုန်လဆုတ် ၈ ရက်။** ။မေလ ၁၈ ရက်၊ လောင်းအိုင်းလင်း၊ လစ်တီးနက်(ခ)ဒေါ်ခင်စုသား ဒေါက်တာ ကိုကျော်မြင့် မရင်ရင်အေး တို့အိမ်၌ အရှဏ်စားကြပါသည်။ မွန်းလွဲ ၄ နာရီ ဒဘလျူအေအိုင် အသံလွှင့်ဌာနမှ မစ္စတာ လက်(စ)ဟစ်ဆင် (Mr. Lex Hixon, Radio Station W.B.A.I., nonprofit listener sponsored Radio) ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမျှော်၍ သိလိုသောဗုဒ္ဓတရားတော်များကို မေးမြန်းလျှောက်ထားပါသည်။ ကိုလံဘီယာတက္ကသိုလ် စိန့်ပေါဘုရားရှိခိုးကျောင်း၌ ည ၇း၃၀ ဆရာတော်ဘုရားကြီး ဗုဒ္ဓဘာသာ တရားတော် ဟောပါသည်။ ဂျက်ကွန်းဖီးက ဆရာတော်ဘုရားကြီး၏ ဓာတ္တုပတ္တိအကျဉ်း ပြောပြ၍ ပရိသတ်အား မိတ်ဆက်ပေးပါသည်။ ပရိသတ်မှာ မြန်မာ၊ တရုတ်၊ အမေရိကန် ၁၀၀ ကျော် ခန့်ရှိပါသည်။ အမေရိကန်အသံမှ ဖုံးလာ၍ သတင်းပေးရပါသည်။ ရန်ကုန်အဖွဲ့ချုပ်သို့ ခရီးသွားမှတ်တမ်း ပေးပို့ပါသည်။



(၁၁) နယူးယောက်မြို့ ဦးလှဖေ–ဒေါ်တင်လှိုင် အိမ်၌ ဆွမ်းကပ်စဉ်



(၁၂) ဘာရီ၌ ဆရာတော်ကြီးနှင့် သံဃာတော်များ ဆွမ်းခံကြွစဉ်

**ကဆုန်လဆုတ် ၃ ရက်။** (မေလ ၁၄ ရက်) အရှက်ကို ကုလသမဂ္ဂ အမြဲတမ်း မြန်မာကိုယ်စားလှယ် ဦးမောင်မောင်ကြီးအိမ်၌ သံအမတ်ကြီး အမှူးပြုသော သံရုံးသားများ ယပ်ကြပါသည်။ နံနက် ၈ နာရီခန့် ဆရာတော် ဦးသီလာနန္ဒနှင့် ဦးကေလာသတို့ လေယာဉ်နှင့် ဆန်ဖရန်စစ္စကို သို့ ကြွတော်မူကြပါသည်။ နေ့ဆွမ်းကို ဦးလှမြအိမ်၌ မြန်မာဇနီးများစု၍ ကပ်ကြပါသည် မွန်းလွဲပိုင်းတွင် ဘာရီအဖွဲ့မှ ပစ္စတာအယ်လင်ဟာလီးမင်း ရှင်ပြုပါသည်။ ဂျိုးဆက်၊ ဂျက်၊ အစရှိသော ဘာရီအဖွဲ့ဝင်များလာ ရောက်ကြပါသည်။ ရှင်အဂ္ဂစာရဘွဲ့ပေးပါသည်။ ၎င်းမှာ ဆရာတော် ဘုရားကြီးနှင့်အတူလိုက်၍ ရိပ်သာ၌ ရက်ရှည် တရားအားထုတ်ရန်ဖြစ် ပါသည်။ နယူးရောက်မှ မစ္စတာ ဂရိဂယ်ဘာရိတ်ကလဲ ရိပ်သာ၌ ရက်ရှည် တရားအားထုတ်လိုကြောင်း လျှောက်ထားရာ ဘာရီအဖွဲ့မှ ထောက်ခံသဖြင့် လက်ခံလိုက်ပါသည်။ အမေရိကန်အသံမှဖုန်းလာ၍ သတင်း ပေးရပါသည်။ မိုးရွာပါသည်။ ဦးသီလာနန္ဒထံမှ ကျောင်းသို့ပြန် ရောက်ရှိကြောင်း ဖုန်းလာပါသည်။

## အတွဲ ၂

## ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ လန်ဒန်မြို့သို့ ကြွရောက်တော်မူခြင်း

ကဆုန်လဆုတ် ၁၁ ရက်(မေလ ၂၁ ရက်)။ ကဆုန်လဆုတ် ၁၀ ရက် ည ၇း၁၅ မိနစ်အချိန် နယူးရောက်မြို့မှ ဗြိတိသျှ လေယာဉ်နှင့် ထွက်ခွာလာရာ ၁၁ ရက်နေ့ နံနက် ၇ နာရီအချိန် လန်ဒန် ဟီသရိုးလေဆိပ်သို့ ရောက်ရှိပါသည်။ခရီးမှာ ၃၄၇၁ မိုင်ခန့်ရှိပြီး ပျံသန်းချိန် ၆း၁၅ မိနစ်၊ အချိန်ကွာခြားခြင်း ၄း၃၀ လေဆိပ်၌ ကြိုဆိုနေသော ပရိသတ်ကို ဘီဘီစီ မြန်မာပိုင်းအစီအစဉ် မောင်ချိုပြုံးက အသံလွှင့်ဖော်ပြထားသည်မှာ—

### ဘီဘီစီအသံလွှင့်ဆောင်းပါး

သောတရှင်များ ခင်ဗျား–

ဒီတပတ် ဘဝအထွေထွေနဲ့ အနုပညာစာပေကဏ္ဍမှာ အထူးတလည် တင်ပြဘို့ကိစ္စကတော့ ဟောဒီ ဗြိတိန်နိုင်ငံကို မြန်မာနိုင်ငံမှ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်လာတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။

မဟာစည် ဆရာတော် ဘုရားကြီးဟာ နောက်ပါ သံဃာများနှင့် အနောက်နိုင်ငံများမှာ ဝိပဿနာ တရားတော်များ ပြန့်ပွားရေးအတွက် သာသနာပြုခရီး ထွက်ခဲ့တာကို ပြေီလဆန်းထဲက ဖြစ်ပါသည်။

အယင်တခါထဲက ဒီကဏ္ဍကနေပြီး မောင်ချိုပြုံး အစီရင်ခံခဲ့သည့် အတိုင်းပဲ၊ ဆရာတော်ကြီးဟာ အမေရိကန်မှာ ရက်သတ္တ(၇)ပတ်ကြာမျှ အမေရိကန်ပြည် အနောက်ဘက် ကမ်းနှင့် အရှေ့ဘက် ကမ်းရိုးတန်း တလျှောက် မြို့များမှာရှိတဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်ရာ ရိပ်သာများနှင့်

ဝါရှင်တန်မြို့၊ နယူးရောက်မြို့ စတဲ့ မြို့ကြီးများကို လှည့်လည်ပြီး ဝိပဿနာ ကျင့်စဉ်တရားတော်များကို ပို့ချတော်မူသည့်အပြင် တရားအားထုတ်လို သူများကိုလည်း တရားပြခါ တရားဝင်ခဲ့စေပါသည်။

ဆရာတော်ဘုရားကြီးဟာ မေလ (၂၁)ရက်နေ့က နံနက် ၇နာရီ အချိန်မှာ အမေရိကန် နယူးရောက်မြို့ကနေပြီး တော့ပင်အမေရိကန် လေ ယာဉ်နှင့် လန်ဒန်မြို့ ဟိသရိုးလေဆိပ်ကို ဆိုက်ရောက်လာပါတယ်။ အဲဒီ အကြောင်းများကိုတော့ အဲဒီ ၂၁ ရက်နေ့က ဘီဘီစီသတင်းများမှာလဲ ဖော်ပြခဲ့ပြီးဖြစ်တဲ့အပြင် သတင်းဆောင်းပါးများမှာလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

## လူမျိုးစုံ အလွှာမျိုးစုံကြိုဆိုပုံ

အဲဒီသတင်းဆောင်းပါးမှာ ဖော်ပြခဲ့သလိုဘဲ လေဆိပ်မှာတော့ ဆရာ တော် ဘုရားကြီးကို လာရောက်ကြိုဆိုနေကြတဲ့ ရှင်လူ ပရိသတ်ကြီးဟာ အတော်ဘဲ များပါတယ်။ ကြိုဆိုသူများဟာ နံနက် ၆ နာရီ မထိုးခင် ကတဲက လေဆိပ်ကို ရောက်နေကြပြီး အဲဒီအထဲမှာ ဘုန်းတော်ကြီးများ၊ မြန်မာနိုင်ငံ သံရုံးက အတွင်းဝန် ဦးတင်မောင်ဦးနှင့် သံရုံးသူ သံရုံးသား များ၊ ဘီဘီစီ မြန်မာပိုင်းအစီအစဉ် အဖွဲ့ဝင်များ၊ နောက် ဗြိတိန်နိုင်ငံမှာ ရှိတဲ့ မြန်မာ ဒကာ ဒကာမများ၊ အင်္ဂလိပ် အိန္ဒိယလူမျိုး ဒကာဒကာမ များ စသဖြင့် အမျိုးမျိုးရောက်နေကြပါတယ်။

လာရောက်ကြိုဆိုနေကြတဲ့ ဘုန်းတော်ကြီးများဟာဆိုရင် လန်ဒန် ဝင်ဘဲလ်ဒန်ရပ်မှ ထိုင်း ဘုန်းတော်ကြီးကျောင်းက ထိုင်း ဆရာတော် ကြီးနှင့် သံဃာတော်များ၊ လန်ဒန် ဟိသ်ဖီး ဂါးဒင်း လန်ဒန် ဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်းက သီဟိုဆရာတော်ကြီး ဒေါက်တာ သဒ္ဓါတိဿ နှင့် သံဃာတော်များ၊ နောက် လန်ဒန်ချီ(ပ)စဝိခ်က အင်္ဂလိပ်ဘုန်းတော် ကြီး ကျောင်းက ဆရာတော် ဦးသုမေဓာနှင့် အင်္ဂလိပ်လူမျိုး သံဃာတော် များ၊ နောက် ဝင်ဘဲလဒန်မြို့ ကျောင်းတော်က သီဟိုဆရာတော်နှင့်

သံဃာတော်များ၊ ဘာမင်ဂန် မြန်မာဘုန်းတော်ကြီးကျောင်းက ဆရာတော် ဒေါက်တာ ဦးရေဝတဓမ္မ စသည်ဖြင့် သံဃာတော် အပါး ၂၀ လောက် လာရောက်ကြပါတယ်။

လန်ဒန်လေဆိပ်မှ သံဃာတော်များဟာ သင်္ကန်းတွေဝါဝါဝင်းဝင်း ညိုညိုမောင်းမောင်းနှင့် နှစ်ထောင်းအားရဘွယ် ကောဇီးလှပုံ မြင်ကွင်းကို မောင်ချိုမြုံးကြည့်ရှုရင်း ကျက်သရေရှိလိုက်ပါဘိတော့တယ်။ အနောက်နိုင်ငံ တိုင်းပြည်တွေမှာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားဘို့ ကြိုးကို ဟောဒီမှာစပြီးတော့ မြင်နေရပါပကောလို့ အကြီးအကျယ်ဝမ်းမြောက် သာဓုခေါ်မိတော့တယ်။

မဟာစည် ဆရာတော်ဘုရားကြီးလဲ နောက်ပါ သံဃာတော်များထဲက နေပြီးတော့ ဆရာတော် ဦးဇနက၊ ဆရာတော် ဦးအာဂရမ္မတို့ လိုက်၂ပြီး လေယာဉ်ပျံပေါ်က ဆင်းပြီး လေဆိပ် ဝင်အလာမှာ လာကြိုကြတဲ့ ပရိသတ်ကြီးဟာ လေဆိပ်မှာ မြန်မာ ဗုဒ္ဓဘာသာဝင်များ ပိဋကလက်ဆီးအုပ် ချီပြီး တခါတဲ ခြေဖြင်မှာ ပြားပြားဝပ်ခါ ဆရာတော်ကြီးကို ဝိုင်းဝန်း ပြီး ကန်တော့ကြပါတယ်။

လာကြိုတဲ့ ပရိသတ်ကြီးရဲ့မျက်နှာတွေမှာလဲဘဲ ဂုဏ်ယူခြင်း ဝမ်းသာ ခြင်း ပီတိတွေနဲ့ တခါတဲ ပြည့်နေကာပေါ် တာကို မြင်ရပါတယ်။

ဆရာတော်ကြီးကို ကြည့်ရတာလဲဘဲ ကျန်းကျန်းမာမာ ရှိပြီးတော့ ခရီးပန်းပုံတောင် မတွေ့ရဘူး။ နောက်ပါ ဆရာတော် ၂ ပါးဟာလဲဘဲ သူတို့ကို ကြည့်ရတာ အင်မတန် လန်းလန်းဆန်းဆန်း နှစ်သက်ကြည်ညို ဘွယ်ရာ မြင်ရပါတယ်။ ကျန်အဖွဲ့ ဆရာတော်များကတော့ အမေရိကန် နိုင်ငံမှာ တရားပြရအောင် ခေတ္တ နေရစ်ခဲ့တယ်လို့ သိရပါတယ်။

ထိုနောက် လေဆိပ်မှ ဝင်ဘဲလဒန်ရှိ (Wimbledon) ဗုဒ္ဓပဒီပတိုင်း ကျောင်းသို့ မူလက စီစဉ်ထားသည့် အတိုင်း သွားရောက်ကြရာ နံနက် ၉း၃၀ အချိန်ခန့် ရောက်ရှိကြပါသည်။ နေ့ဆွမ်းကို ဦးစိန်ထွန်းမြအောင်

မိသားစုက ဆက်ကပ်ပါသည်။ သံဃာအပါး ၃၀ ခန့် ရှိပါသည်။မွန်းလွဲပိုင်းတွင် မြန်မာ အမျိုးသား/သမီး အမြောက်အများ လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ကြပါသည်။ ည ၇း၃၀ တွင် ဆရာတော်ကြီး ဝိပဿနာတရားအကျဉ်းချုပ် ဟောတော်မူ၍ ဆရာတော် ဦးဇနက ဘာသာပြန်ပါသည်။ ပရိသတ် ၆၀ ခန့် ရှိပါသည်။

## ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ လန်ဒန်သို့ကြွတော်မူခြင်း

**ကဆုန်လဆုတ် ၁၀ ရက်။** ။မေလ ၂၀ ရက်၊ အရုဏ် ကိုစောလွင် မခင်သန်းမြင့်အိမ်၌ ကပ်ပါသည်။ နေ့ဆွမ်းကို မြန်မာများ စု၍ကပ်ပါသည်။ မွန်းလွဲ ၁း၃၀ ခန့် တရုတ်ဘုရားကျောင်းသို့ ၎င်းအသင်း၌ ပင့်ဖိတ်ချက်အရ ဆရာတော်ဘုရားကြီးသည် အဖွဲ့ဝင်များနှင့် ကြွတော်မူ၍ ဝိပဿနာတရား ဟောကြားတော်မူပါသည်။ မွန်းလွဲ ၃ နာရီခန့် ကျောင်းပြန်ရောက်ကြပြီး၊ ၄ နာရီခန့် လန်ဒန်သို့ကြွရန် လေဆိပ်သို့ ကြွတော်မူပါသည်။ ဦးလှဖေ၊ ဒေါ်တင်လှိုင်တို့လည်း ဆရာတော်ဘုရားကြီး၊ ကြီးမှူးသောတရားစခန်းများ၌ တရားအားထုတ်ရန် လိုက်ပါလာကြပါသည်။ လေဆိပ်၌ လိုက်ပို့ကြသော ပရိသတ်ကြီးလည်း ဆရာတော်ဘုရားကြီးအား ကန်တော့ကြပြီး ၆း၃၀ အချိန်တွင် လေယာဉ်ပေါ်တက်ကြပါသည်။ ၇း၁၅ ခန့် လေယာဉ်ထွက်ပါသည်။ ကိုရင်အဂ္ဂစာရလည်း လိုက်ပါလာပါသည်။

Veneralble Mahasi Sayadaw
Bhadanta Sobhana
Agga Maha Pandita.

Thathana Yeiktha
16, Hermitage Road
Rangoon, Burma.
Cable. MAHASI RANGOON.
Telephone. 50392.

May 12, 1979.

It is my great pleasur to have met many people interseted in Vipassana Meditation during my Dhamma tour In the United States of America, and I believe that the Buddha-Dhamma will flourish in the west.

I delivered many talks on Vipassana at the two Vipassana Meditation retreats conducted by Joseph Goldstein, Jack Kornfield, Sharon Salzberg and Jacqueline Schwartz. the retreats were held at Yucca Valley, Californa and at the Insight Meditation Society in Burre, Massachusettes

In these retreats two Burmese Bhikkhus, instructed by me, checked the practice and the progeess of the meditators and made a report to me. I found it satisfactory. I myself too, having interviewed the meditators, discovered that the progress of some of the meditators was satisfactory.

I believe in the West it will be most beneficial for the spread and development of the Dhamma if these Americans teachers can carry on the teachings of the Buddha. It is threfore, with great pleasure that I gave

my blessings and authorisation to Joseph Jack, Sharon Jacqueline to freely teach the Satipatthana Vipassana Meditation of my tradition,

May the Dhamma spread through their continued efforts for the benefit and hapiness of all beings.

Sd/-Ashin Sobbana
(Ashin Sobbana)
Mahasi Sayadaw
Agga-Maha-Pandita.

၎င်းကျောင်းမှာ ကမ္ဘာကျော် ဝင်ဘဲလာဒန်တင်းနစ်ပြိုင်ပွဲ ကျင်းပသောနေရာနှင့် နီးကပ်ပြီး အလွန်သာယာကောင်းမွန်သော ရပ်ကွက်၌ ရှိပါသည်။ ကျောင်းမှာလဲ အလွန်ပင်ကောင်းမွန်၍ ကျောင်းဝန်းမှာလဲ အလွန်ကျယ်ဝန်းပါသည်။ ထိုင်းသံဃာ ၅ပါးရှိပါသည်။ ရာသီဥတုမှာ နေကောင်းရုံမျှအေးပါသည်။


ကဆုန်လဆုတ် ၁၂ရက်၊ မေလ ၂၂ရက်၊ အရုဏ်ကို ကျောင်း၌ ကပ်ပါသည်။ နေ့ဆွမ်းကို ဘိဘိစီ ဒေါ်မြမြမိုင်နှင့် ၎င်း၏ ဒကာ ဦးအိုန်းထွန်းတို့က ၎င်းတို့နေအိမ်၌ ဆက်ကပ်ပါသည်၊ မွန်းလွဲပိုင်းတွင် နိုဂုဏ်ဟာအဖွဲ့ ဦးဦးခိုင်၏သမီး ဒေါက်တာ ဒေါ်ကြည်ကြည်ခိုင်က ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား မျက်စိများ စမ်းသပ်ပေးပါသည်။ ည ၇း၀၀ နာရီ ဆရာတော် ဦးဇနက အလုပ်ပေးတရား ဟောကြားပြီး တရားထိုင်ကြပါသည်။ ပရိသတ် မြန်မာ အင်္ဂလိပ် ၃၀ ခန့်ရှိသည်။ မိုးအနည်းငယ်ရွာပါသည်။

လန်ဒန်မြို့ တင်းမြစ် (Thames) တဖက်တချက်တွင်ခွကာ တည်ရှိ၍ ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းကြီး သိတင်းသုံး၍ ဗဟိုဘုရားရှိခိုးကျောင်း

စိန်ပေါ ကယ်သီဒရယ်တည်ရာ မြို့ဖြစ်ပါသည်။ ထင်ရှားကျော်ဇောသော အဆောက်အဦများမှာ ဝက်စမင်စတာအက်ဗေး၊ လန်ဒန်ရဲတိုက်၊ ဗက်ကင်တန်နန်းတော်၊ စိန့်ဂျိမ်းနန်းတော်၊ ဗြိတိသျှပါလီမန်၊ ဆာဟန်းစလုန်း ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းများဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ဗြိတိသျှပြတိုက် စသည်တို့ ဖြစ်ပါသည်။

## ဆရာတော်ဘုရားကြီးနှင့် စကော့တလန်သို့ ကြွတော်မူခြင်း (စမ်ရေလင်းကမ္ဘာ့နှာနံးစခန်း)

ကဆုန်လဆုတ် ၁၃ ရက် (မေလ ၂၃ ရက်) အရုဏ် ကျောင်း၌ ကပ်ပါသည်။ နေ့ဆွမ်းကို ဦးအောင်မြင့်ထွန်းနှင့် ဒေါ်ချိုချိုတို့က ရင်းတို့ အိမ်၌ ဆက်ကပ်ကြပါသည်။ မွန်းလွဲ ၁း၄၅ လန်ဒန်မြို့ရှိ အူစတင် (Euston) ဘူတာမှ ရထားဖြင့် စကော့တလန်သို့ သွားကြပါသည်။ ဒေါက်တာ ဦးလှဖေ၊ ဒေါ်တင်လှ၊ ဒေါ်မြမြမိုင်တို့လဲ တရားစခန်းတွင် တရားဝင်ရန် လိုက်လာကြပါသည်။ ဆရာတော် ဦးဇနက၊ ဦးစိန်ထွန်းအောင့် မိသားစုနှင့် အခြား တရားဝင်ရန် ဒကာဒကာမများလဲ ကားများနှင့် လိုက်လာကြပါသည်။ ဆရာတော် ဦးရေဝတဓမ္မမှူ ကြိုတင်၍ သွားနှင့်ပါသည်။ စကော့တလန်တွင် ရဟန်းခံပွဲရှိမည်ဖြစ်၍ ထိုင်းဘုန်းကြီး ဦးတိက္ခထိုလဲ ပင့်သွားပါသည်။ စကော့တလန် လော့ကာဘီတာသို့ ညနေ ၆ နာရီခန့်ရောက်ကြပါသည်။ ခရီးမှာ ၄၀၀မိုင် ဖြစ်ပါသည်။ ရထားမှာ တနာရီ မိုင် ၁၀၀နှုန်း မောင်းပါသည်။ ပဌမ လန်ဒန်မှ ထွက်စ မြေမျက်နှာပြင်မှာ ညီညာပြီး မျက်ခင်းများ စိုက်ခင်းများနှင့် သစ်ပင်များကို ကွက်ကြားကွက်ကြား တွေ့မြင်ကြရပါသည်။ နောက်တဖြေးဖြေး စကော့တလန်နှင့် နီးလာသောအခါ ရထားမှာ တောင်းကုန်းငယ်များကို ဖြတ်သန်း မောင်းနှင်ရပါသည်။ တောင်ကုန်းများမှာ များသောအားဖြင့် မျက်ခင်းများဖုံးလွှမ်းသည်ကို တွေ့ရပါသည်။ အနည်းငယ် တွေ့ရသော သစ်ပင်များမှာလဲ သစ်တောငယ်များ မြန်မာပြည်မှ သစ်ပင်များကဲ့သို့ ကြီးကြီးမားမား မဟုတ်ပဲ ဆီးနှင်းဒဏ်ခံနိုင်သောချုန်နေသော သစ်ပင်အလတ်စားများသာ တွေ့မြင်



အင်္ဂလန်နှင့် ဥရောပတိုက်သို့ ဆရာတော်ကြီးအား ပင့်ဆောင်သော
ဒေါက်တာဦးရေဝတမွေပုံ

ကြရပါသည်၊ မျက်ခင်များမှာ သိုးနှင့်နွား စားကျက်များ ဖြစ်ကြပါသည် ၎င်းမျက်ခင်းများကို စက်နှင့် မြေသြဇာ ကျွေးခြင်းကို တွေ့ရပါသည်။ ဆောင်းအခါ သိုးနွားများကို ကျွေးရန် နွေအခါက မြက်များကို စက်နှင့် ရိတ်သိမ်းသည်ကိုလဲ တွေ့ကြရပါသည်။

၄ လေဘကားဘီတူကာ၌ ဆရာတော်ဦးရေဝတဓမ္မ၊ ဒကာ ကိုထွန်းထွန်း နှင့်စမ်ရေလင်း တိဗက်ကျောင်းမှ ဒကာများ လာရောက်ကြိုဆိုနေကြပါ သည်။ ကားများနှင့် ဒန်ဖရှူးရှားရှိ စမ်ရေလင်းတိဗက်ကျောင်းသို့ သွား ကြရာ ၆း၄၅ အချိန် ရောက်ရှိကြပါသည်။ ရန်ကုန်မြို့ ဘိုကလေးဈေး လမ်းနေ ဦးရင်ဝှက်-ဒေါ်ခင်ဆိုင်တို့၏ သမီး အဘာဒင်းမှ ဒေါက်တာ ဒေါ်ချိုချိုခင်လဲ ရောက်နေသည်ကို တွေ့ရပါသည်။ ည ၉ နာရီကျော်မှ မှောင်လာပါသည်၊ ခရီးလမ်းတွင် မိုးရွာသောကြောင့် ဆရာတော ဦးဇနကနှင့် ဒကာများ ည ၁၂ နာရီမှ ရောက်ကြပါသည်။ စကော့ တလန်သည် အင်္ဂလန်ထက် ပိုအေးပါသည်။

**ကဆုန်လဆုတ် ၁၄ ရက်။** ။(မေလ ၂၄ ရက်) နံနက် ၆း၃၀ အရုဏ်ကပ်ပါသည်၊ နံနက် ၈း၃၀ အချိန်တွင် ဘုရားဆောင်၌ ဆရာ တော်ဘုရားကြီး သရဏဂုံ ၈ ပါးသီလ၊ ၅ ပါးသီလ ပေးပါသည်။ ဒေါ်မြမြမိုင် သီလရှင်ဂုဏ်၍ ဆရာတော်ကြီးက ဒေါ်ဉာဏစာရီဘွဲ့ ပေးပါသည်။ ၎င်းနောက် ဆရာတော်ဘုရားကြီးက အလုပ်ပေး တရား ဟောတော်မူရာ ဆရာတော်ဦးဇနက ဘာသာပြန်ပါသည်။ မြန်မာ အင်္ဂလိပ် ယောဂီ ၃၀ ခန့်ရှိပါသည်။ မွန်းလွဲ ၂ နာရီ ဦးစိန်ထွန်းအောင်၊ ဦးအောင်ချစ်နှင့် ဒေါက်တာရွှေထွန်းအောင်တို့ ရဟန်းခံကြ ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနာတရား ဟောကြားတော် မူပြီး ယောဂီများ တရားထိုင်ကြပါသည်။ ည ၈း၃၀ အချိန်မှ နေဝင် ပါသည်။ လေထန်ပါသည်၊ ရာသီဥတုမှာ အေးပါသည်။ အမြင့်ဆုံး အပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးမှာ ၃ ဒီဂရီ ဖြစ်ပါသည်။

**ကဆုန်** လပြည့်နေ့။ ။(မေလ ၂၅ ရက်) နံနက် ၃ နာရီခန့်တွင် လင်းပါသည်၊ အရုဏ်ဆွမ်းကို ၆ နာရီကပ်၍ နေ့ဆွမ်းကို ၁၁း၃၀

ကင်ကြပါသည်။ ဦးစိန်ထွန်းအောင်၏ဇနီး ဒေါ်လှလှ၊ ဒေါက်တာ ရွှေဘွန်းကျော်၏ ယောက္ခမ ဒေါ်မြကျင်၊ ဒေါ်လီနှင့် တိဗက်ကျောင်းမှ သီလရှင်တဦးက ချက်ပြုတ်ခြင်းစသော ဝေယျာဝစ္စများကို ဆောင်ရွက်ကြပါသည်။ မွန်းလွဲ ၄း၃၀တွင် ယောဂီများ အလှည့်ကျ ဆရာတော်ကြီးအား ဖူးမျှော်ကန်တော့၍ သိလိုသော အချက်များကို မေးမြန်းလျှောက်ထားကြပါသည်၊ ဆရာတော် ဦးဇနက တရားစစ်ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်၊ ဥပုသ်ပြုကြပါသည်။ ည ၁၁ နာရီအချိန်ခန့် မှောင်ပါသည်။ ရာသီဥတုမှာ အေးပါသည်။

**နယုန်လဆန်း ၁ ရက်။** ။(မေလ ၂၆ ရက်) ယခင်နေ့ကအတိုင်း ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော် ကန်တော့ခြင်း၊ ဆရာတော် ဦးဇနက တရားစစ်ခြင်းများ ပြုလုပ်ပါသည်။ ဒကာကြီး ဦးဟုတ်စိန်၏သမီး ဒေါ်တာဒေါ်ခင်မေစိန်နှင့် ၎င်း၏ခင်ပွန်း ဒေါက်တာ ဦးမြသောင်းတို့ ဆရာတော်ဘုရားကြီးအား လာရောက်၍ ဖူးမျှော်ကန်တော့ကြပါသည်။ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားဟောကြားတော်မူပါသည်။ မိုးဖွဲဖွဲရွာသောကြောင့် ပို၍အေးပါသည်။

**နယုန်လဆန်း ၂ ရက်။** ။(မေလ ၂၇ ရက်) ယခင်နေ့ကအတိုင်း ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော် ကန်တော့ခြင်း၊ ဆရာတော် ဦးဇနက တရားစစ်ခြင်းများ ပြုလုပ်ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားဟောကြားတော်မူပါသည်။မိုးအနည်းငယ်ရွာပါသည်။ နံနက် ၂း၃၀ အချိန်ခန့်မှစ၍ အလင်းရောင်ကိုမြင်ကြပါသည်။ ည ၁၁ နာရီခန့်မှ မှောင်စပြုပါသည်။

## အဲဒင်ဘာရာမြို့သို့ ကြွတော်မူခြင်း

**နယုန်လဆန်း ၃ ရက်။** ။(မေလ ၂၈ ရက်) နေ့ဆွမ်း စားပြီး ကားများနှင့် စကော့တလန်မြို့ အဲဒင်ဘာရာမြို့သို့သွားကြပါသည်။ ခရီးမှာ မိုင် ၇၀ ခန့်ရှိပါသည်။ အဲဒင်ဘာရာမှာ စကော့ဘုရင်များ နန်း

စိုက်ရာမြို့ ဖြစ်သောကြောင့် ရဲတိုက်ကြီးများကို တွေ့မြင်ကြရပါသည်။ ၎င်းတို့အနက် အဲဒင်ဘာရာရဲတိုက်မှာ နာမည်အကြီးဆုံး ဖြစ်ပါသည်။ ၄၃၇ ပေ မြင့်သော ကျောက်တောင်ကုန်းပေါ်၌ တည်ဆောက်ထား၍ ၅ ဧက ကျယ်ဝန်းပါသည်။စကော့လူမျိုးတို့၏ဘုရင်မ(Mary Queen of Scots)နှင့် ၎င်း၏မယ်တော်နေသောအခန်းများလည်းရှိပါသည်။ အခန်းများမှာ ခပ်ကျဉ်းကျဉ်းပင်ဖြစ်ပါသည်။ ၎င်းပြင် စကော့တို့၏ကုန်းတပ် ရေတပ် စစ်ဝတ်စစ်စား၊ လက်နက်ကိရိယာများနှင့် စကော့ဘုရင်များ၏ မင်းမြောက်တန်ဆာများ ၎င်းတို့ဆင်မြန်းသောအတိုးတန် ကျောက်မျက်ရတနာများကိုလဲ တွေ့ရှိကြရပါသည်။ အဲဒင်ဘာရာမြို့သည် ပညာဗဟုသုတဆိုင်ရာ သုတေသီလုပ်ငန်းများဖြင့်လဲ ထင်ရှားပါသည်။ အပြန်တွင် မိုးရွာ၍ ဖြေးဖြေးမောင်းရပါသည်။ ည ၇း၃၀ ဆရာတော် ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။

**နယုန်လဆန်း ၄ ရက်။** ။(မေလ ၂၉ ရက်) ယခင်နေ့များအတိုင်းပင် ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ခြင်း၊ ဆရာတော် ဦးဇနက ယောဂီများ တရားစစ်ခြင်း ပြုလုပ်ပါသည်။ ယနေ့မှာ တရားစခန်းသိမ်းသောနေ့ဖြစ်သောကြောင့် တိဗက်ကျောင်းအကြီးအမှူး ကောင်းရင်ပို့ချ်က နှုတ်ဆက်စကား ပြောကြားပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပါသည်၊ ဆရာတော်ဘုရားကြီးလဲ ၎င်းကုသိုလ်အစုစုနှင့်တကွ ဝေယျာဝစ္စကုသိုလ်ကောင်းမှုတို့ကို အနုမောဒနာ ဟောကြားရေစက်ချ အမျှဝေကြပါသည်။

စမ်ရေလင်း တိဗက် ကျောင်းသည် မြို့နှင့်အတန်ဝေးသောအရပ်၌ ဆောက်လုပ်ထားပါသည်။ ပြင်ပက အလှူငွေများ မရရှိသောကြောင့် မိမိကို ကျောင်းဝန်းအတွင်းမှာပင် သီးပင်စားပင်များ စိုက်ပျိုး၍ စားသောက်ကြရပါသည်။ ၎င်း ကျောင်းတွင် အဆောက်အဦ ၃ ခုရှိရာ၊ တကျောင်းမှာ အကောင်းရင်ပို့ချ်နေပါသည်။၎င်းကျောင်း၌ ဆရာတော်ဘုရားကြီး သီတင်းသုံးပါသည်။ နောက်တကျောင်းမှာ ဘုရားဆောင်

ရှုံးခန်း၊ ထမင်းစားခန်း နှင့် အမျိုးသမီးများနေသော အခန်းများရှိပါသည်။ နောက်တကျောင်းမှာ ဘုန်းကြီးများနှင့်အမျိုးသားများနေသော အဆောင် ဖြစ်ပါသည်။

## ဘာမင်ဂန်သို့ ကြွတော်မူခြင်း

နယုန်လဆန်း ၅ ရက်။ ,, ။(မေလ ၃၀ ရက်)အရုဏ်စားပြီး နံနက် ၇း၃၀ ကားများနှင့်တိဗက်ကျောင်းမှထွက်ခွာ၍ ဘလက်ပူးသို့သွားကြပါသည်။ ၁၀း၃၀ အချိန်ခန့် ရောက်ပါသည်။ ခရီးမှာ ၁၂၅ မိုင်ခန့် ရှိပါသည်။ တလမ်းလုံး မိုးရွာ၍ ဖြေးဖြေးခြင်း မောင်းလာရပါသည်။ ဘလက်ပူး၌ ဒေါက်တာ ဦးအောင်မြင့် – ဒေါ်သိန်းတို့က ၎င်းတို့အိမ်၌ မြန်မာစားသောက်စရာ ဖွယ်ဖွယ်ရာရာတို့နှင့်နေ့ဆွမ်းကပ်ပါသည်။ မိုးစဲပြီး ရာသီဥတုမှာလဲ ကောင်းမွန်လာပါသည်။ ဘလက်ပူးမြို့မှာ အင်္ဂလန် အနောက်ဘက်ကမ်း၌တည်ရှိ၍ရေချိုးဆိပ်မှာအလွန်ထင်ရှားပါသည်။ကမ္ဘာလှည့်ခရီးသည်များ၊ အပန်းဖြေသူ အမြောက်အများ လာရောက်လည်ပတ်သောမြို့ ဖြစ်ပါသည်။ နွေဦးပေါက်လများတွင် ခရီးသည်များကို ကြိုဆိုသောအနေနှင့်လမ်းများတွင် အရုပ်မျိုးစုံမီးပုန်းများ ထွန်းညှိထား ပါသည်။ ရန်ကုန်တန်ဆောင်တိုင်မီးထွန်းပွဲကို သတိရမိပါသည်။ ခလေး ကြိုက် လူကြီးကြိုက် မီးပုံများ ထွန်းညှိထားသည်မှာ ၇ မိုင်ခန့်ရှိပါသည်။၎င်းပြင် ခလေးရောလူကြီးပါအတွက် ပျော်ပွဲရှင်ပွဲများလဲ အမျိုးစုံ ရှိပါသေးသည်။ ကမ်းနားရှိ သဲသောင်မှာ ညီညာပြီး ရှည်လျားသော ကြောင့် သဲပေါ်တွင် ရွက်တိုက်သော ရွက်လှေပြိုင်ပွဲများလဲ ကျင်းပ ပါသည်။

ဘလက်ပူးမှ မွန်းလွဲ ၂း၃၀ အချိန်ခန့်ထွက်ခွာလာရာ ဘာမင်ဂန်သို့ ညနေ ၅ နာရီခန့် ရောက်ကြပါသည်။ ခရီးမှာ ၁၂၅ မိုင်ဖြစ်ပါသည်။ တလမ်းလုံး မိုးရွာပါသည်။ ဆရာတော်ဦးရေဝတမေတ္တာကျောင်း၌ သီတင်း သုံးကြပါသည်။ ည ၈ နာရီ မြို့ဒုတော်ခန်းမ၌ သတိပဋ္ဌာန်တရား ဟော ကြားတော်မူပါသည်၊ မြန်မာ အင်္ဂလိပ် ကုလားပရိသတ် ၁၀၀ ခန့်ရှိပါ



(၁၄) အင်္ဂလန်ပြည် ဘာမင်ဂန်မြို့ရှိ ဦးရေဝတဓမ္မကျောင်း၌ ဆွမ်းစားစဉ်

သည်။ ဘာမင်ဂန်အနီးအနားရှိ မြန်မာအမြောက်အများလာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ကြပါသည်။

ဘာမင်ဂန်မြို့သည် ဂရိတ် ဗြိတိန်နိုင်ငံ၏ တတိယအကြီးဆုံးသောမြို့ ဖြစ်သည်။ ကမ္ဘာပေါ်၌ စက်မှုလုပ်ငန်းမြို့ကြီးများတွင် အရေးပါဆုံး မြို့တမြို့ ဖြစ်သည်၊ ကုန်မာပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကြီးများ အများအပြားရှိရာ သံမဏိပစ္စည်းများနှင့်စပ်လျဉ်းသော လက်ပတ်နာရီ၊ သေနပ်၊ မီးရထားခေါင်းတွဲ စသောစက်မှုလုပ်ငန်းအမျိုးပေါင်း ၁၅၀၀ ကျော်ခန့် ရှိလေသည်။ ဗြိတိန်နိုင်ငံ၏ မော်တော်ကား အများအပြား ထုတ်လုပ်ရာ မြို့ကြီးတမြို့လည်း ဖြစ်ပါသည်။ ၎င်းသည် စက်မှုလုပ်ငန်း မြို့ကြီး ဖြစ်လင့်ကစား ရှေးဘုရားရှိခိုးကျောင်းများ၊ ခန့်ငြားလှသော ရှေးခေတ် အဆောက်အအုံ များဖြင့်လည်း တင့်တယ် ဝင့်ကြွား လျက် ရှိသောမြို့ကြီး တမြို့လည်းဖြစ်ပါသည်။

နယုန်လဆန်း ၆ ရက် (မေလ ၁၁) ရက် အရုဏ်ကို ကျောင်းမှဆက် ကပ်ပါသည်။ နေ့ဆွမ်းမှာမူ ဘုတ်(Boote) ကုမ္ပဏီမှ ဦးမောင်မောင်သန်း ဒေါ်အေးသန်းတို့ မိသားစုက မြန်မာစားသောက်စရာ ဖွယ်ဖွယ်ရာရာ တို့နှင့် ဆက်ကပ်လှူဒါန်းပါသည်။ မွန်းလွဲ ၂း၃၀ အချိန်ခန့်တွင် လန်ဒန်သို့ ထွက်ခွာလာကြပါသည်။ လန်ဒန်ဗုဒ္ဓပဒီပယိုးဒယားကျောင်းသို့ ညနေ ၅ နာရီအချိန်ခန့် ရောက်ကြပါသည်။ ခရီးမိုင် ၁၀၀ ခန့်ရှိပါသည်။

## ဥရောပတိုက်သို့ ကြွတော်မူခြင်း

နယုန်လဆန်း ၈ ရက် (ဇွန်လ ၁ ရက်) အရုဏ်စားပြီး ကားများနှင့် ဟိ(သ)ရိုးလေဆိပ်သို့ သွားကြပါသည်။ နံနက် ၉း၃၀ အချိန်ခန့် ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် ဘီအေစီ့ပါ ၁/၁၁ ပေါ်သို့ တက်၍ ၁၀း၃၀ အချိန်ခန့် လေယာဉ်ထွက်ပါသည်။ လေယာဉ်သည် တနာရီမိုင် ၅၅၀ နှုန်းနှင့်ပေ ၃၃၀၀၀ အမြင့်မှပျံသန်းပါသည်။ လေယာဉ်ပေါ်၌ နေ့ဆွမ်းစားကြရပါသည်။ အစားအသောက်များမှာ ကောင်းမွန်ပါသည်။

ပြင်သစ်နိုင်ငံ လီယွန်းလေဆိပ်သို့ မွန်းလွဲ ၁း၁၀ မိနစ် ရောက်ကြပါသည်။ ခရီးမှာ မိုင် ၅၂၃ မိုင်ခန့် ရှိပါသည်။ ပျံသန်းချိန် ၁း၁၀ ခန့် ဖြစ်၍ ကွာခြားချိန်မှာ ၁ နာရီခန့် ရှိပါသည်။ တူနန်မြို့ ဗောဓိဉာဏာရာမ ကျောင်းမှ လောဘုန်းကြီး ဉာဏခေရော နှင့် ဒကာမျာ း ကား ၃ စီးနှင့် လာရောက်ကြိုဆိုနေကြပါသည်။ ၂း၃၀ အချိန် လေဆိပ်မှ ထွက်ခွာလာရာ ကျောင်းသို့ ၄း၃၀ ခန့် ရောက်ကြပါသည်။ ခရီးမှာ မိုင် ၇၀ ခန့်ရှိပါသည်။ ကျောင်းမှာ တောင်ကုန်းပေါ်၌ တည်ဆောက်ထား သောကြောင့် ကျောင်းနားရောက်ခါနီးတွင် လမ်းမှာကျဉ်းမြောင်း သောကြောင့် ဖြည်းညှင်းစွာ ကားကိုမောင်းကြရပါသည်။ ရာသီဥတုမှာ ပူနွေးပါသည်။

## တူနွန်ကမ္မဋ္ဌာန်းစခန်း

နယုန်လဆန်း ၈ ရက် (ဇွန်လ ၂ ရက်) အရဏ်အသက်လွတ်ဆွမ်းများ ကပ်ကြပါသည်။ နံနက် ၉ နာရီအချိန်ခန့်တွင် ပုဂ္ဂိုလ် ၁၃ ဦးတို့သည် ဆရာတော်ဘုရားကြီးထံ၌ သရဏဂုဏ် ၃ ပါး၊ ၈ ပါး သီလ ခံယူပြီး အနာဂါရိကပြုပွဲ ကျင်းပပါသည်။ ၎င်းတို့အနက် အချို့မှာ ယခင်ကပင် ၈ ပါးသီလနှင့် နေခဲ့ကြသူများ ဖြစ်ပါသည်။ အနောက်နိုင်ငံ၌ ရက်ရှည် ၈ ပါးသီလစောင့်ထိန်းသူများကို အနာဂါရိကဟု ခေါ်စမှတ်ပြုကြပါ သည်။ ၎င်းကျောင်းရှိ ဒကာ၊ ဒကာမများ၏ ဆန္ဒအရ ဆရာတော် ဘုရားကြီးနှင့်တကွ ဦးဇင်းတို့ ကျောင်းဝိုင်းထဲ၌ ဆွမ်းခံထွက်ကြရပါ သည်။ ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးများကို သပိတ်ပြည့်လုနီးပါး လောင်း ကြပါသည်။ ၎င်းနောက် သစ်ပင်အောက်၌ ခင်းကျင်းထားသောနေရာ ကွင် ဆွမ်းစားကြရပါသည်။ (ဓာတ်ပုံထဲ့)

ဗောဓိဉာဏာရာမ ကျောင်းမှာ လောဘုန်းကြီး (သေရဝါဒ) ဉာဏခေရော တပါးတည်းရှိပါသည်၊ ဒကာ ဒကာမများမှာ များသော အားဖြင့် ပြင်သစ်လူမျိုးများ ဖြစ်ကြပါသည်။ ကျောင်းမှာ မြို့နှင့် အကင်ဝေးပြီး တောင်ကုန်းပေါ်၌ တည်ဆောက်ထားပါသည်။

တောင်ကုန်းထိပ်များတွင် အလက်စား သစ်တောများ ပေါက်ရောက်လျက်ရှိပါသည်။ ၎င်းတောထဲမှ ငှက်ကလေးများ၏ မြည်တွန်သံမှာ မြန်မာပြည်ရှိ လေချွန်ငှက်ခလေးများ၏ မြည်သံနှင့် တူလှပါသည်။ ဥဩငှက်အသံကိုလဲ ကြားရပါသည်။ မြန်မာပြည်က ဥဩငှက်အသံနှင့် အနည်းငယ် ကွာခြားပါသည်။ ၎င်းကျောင်းပိုင်နက်မြေမှာ အတန်ကျယ်ပါသည်။ တောင်ကုန်းဘေးပတ်လည် အဆင့်ဆင့်၌ ကမ္ဘဋ္ဌာန်းကျောင်းငယ်များထဲ၌ ယောဂီများ နေထိုင်ကြပါသည်။ ယောဂီ ၂၀ ခန့်ရှိပါသည်။ မွန်းလွဲ ၃း၃၀ အချိန် ဆရာတော်ဘုရားကြီး အယုပ်ပေးတရား အင်္ဂလိပ်ဘာသာဖြင့် ဟောတော်မူရာ ဦးဉာဏဓမ္မက ပြင်သစ်ဘာသာပြန်ပါသည်။ ပြင်သစ်နှင့်လော ၆၀ ခန့်ရှိပါသည်။ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ဆွစ်ဇာလန်သို့ ပင့်ရန်ရောက်ရှိနေသော ဆွစ်လူမျိုးများလဲ ပါဝင်ပါသည်။ ညနေ ၅ နာရီခန့်တွင် အယန်ငယ်သည်းယန်သော မိုးရွာပါသည်။ လက်ခုပ်သီးအဆံခန့်မျှ ကြီးသော မိုးသီးအမြောက်အမြား ပါရှိပါသည်။


နယုန်လဆန်း ၉ ရက်(ဇွန်လ ၃ ရက်) အရုဏ်စားပြီး နံနက် ၈ နာရီအချိန်ခန့်တွင် ပင်လယ်ရေပြင်ညီမှ မီတာ ၃၀၀ ခန့်မြင့်သော တောင်ကုန်းပေါ်သို့ ကားများနှင့် သွားကြရပါသည်။ တောင်ကုန်းပေါ်မှမြို့နှင့်ပတ်ဝန်းကျင်ကို ကောင်းမွန်စွာမြင်ကြရပါသည်။ ဆွစ်ဇာလန်တောင်များပေါ်၌ မြစ်ဖျားခံသော ရှုန်းမြစ်သည် မြို့လယ်မှဖြတ်၍ စီးဆင်းပါသည်။ မြို့ကို တောင်ကုန်းများဝန်းရံထားပါသည်။ ချယ်လီသီးပင်နှင့် သဗျစ်ပင်များ ပေါပါသည်။ သဗျစ်သီးမှထွက်သော ဝိုင်အရက်များ သိုလှောင်ရန် တောင်ကုန်းများကို ကွင်း၍ သိုလှောင်ခန်းကြီးများ ဆောက်လုပ်ထားပါသည်။ ၎င်းတို့ကို ဟာမစ်တတ်ချ်ဟု ကဗျည်းထိုးထားသည်ကို တွေ့ခဲ့ရပါသည်။ ၎င်းပြင် ထိုမြို့တွင် တခုတည်းသော သမဝါယမပိုင် ကာရာဗန်(Caravan) ကားများ ထုတ်လုပ်သော စက်ရုံကိုလဲတွေ့မြင်ခဲ့ရပါသည်။ ၎င်းကားများမှာ ဥရောပတိုက်၌ အဘိုးနှုန်းချိုသာပြီး ခိုင်ခန့်ကောင်းမွန်ပါသည်ဟု ဥရောပတိုက်တွင် ထင်ရှားပါ

သည်။ မြို့မှာ သာယာလှသောကြောင့် အပန်းဖြေနှင့် ကမ္ဘာလှည့်ခရီးသည် အမြောက်အမြား လာကြပါသည်။ နေ့စဉ်ပင်ဒင်းမြို့အနီးရှိ မြို့များမှ လောနှင့် ဗီယက်နမ် အမြောက်အမြားလာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ကြပါသည်။ ပါရီမြို့ ကီဗယန်တူးကျောင်းမှ ဗီယက်နာမ်ဘုန်းကြီး ဒေါက်တာ ခန္တီးမမေ့မှာနှင့် ဒကာ ဒကာမ အမြောက်အမြား လာရောက်၍ ဆရာတော်ဘုရားကြီးအားဖူးမျှော်ကန်တော့ကြပြီး ၎င်းတို့မှာ စစ်ပြေးဒုက္ခသည်များ ဖြစ်ကြပြီး ပါရီတွင် မလိုက်နိုင်၍ ကျန်ခဲ့သူအမြောက်အမြားအား ထောက်ထားသောအားဖြင့် ပါရီသို့ အကန်တော့ခံ ကြွတော်မူပါရန် လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးသည် ကရုဏာကြီးစွာနှင့် လက်ခံတော် မူလိုက်ပါသည်။ မွန်းလွဲ ၃.၃၀ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရားတော်မြတ်ကို ဟောကြားတော်မူပါသည်။ ရာသီဥတုမှာပူနွေးပါသည်။ ယင်များကိုလဲ တွေ့ရပါသည်။ ခြင်အနည်းငယ်တွေ့ရပါသည်။ ရိပ်သာနိုင်ငံခြားကျောင်း ဘက်ဆီက ခြင်ကောင်လောက် ကြီးပါသည်။

## ဂျိနီဘာသို့ ကြွတော်မူခြင်း

### မောင့်ဆိုလေကမ္မဋ္ဌာန်းစခန်း

နယုန်လဆန်း ၁၀ ရက်၊ (ဇွန်လ ၄ ရက်)အရုဏ်စားပြီး နံနက် ၇း၃၀ ကီလိုမီတာ ၂၀ ခန့် ဝေးသော ဗဲလင့်(စ်)မြို့သို့ ကားများနှင့် သွားကြပါသည်။ ၉ နာရီအချိန် ၎င်းဘူတာသို့ ရောက်ပါသည်။ ၉း၅၀ ရထားနှင့် လိုမြို့မှ ထွက်ခွာလာပါသည်။ ဆွစ်ဇာလန်မှ ဒကာ ဒေါက်တာ အိုဘာလင်းနှင့် ၃ ဦး လိုက်ပါလာပါသည်။ စက်ခေါင်းမှာ ဒီဇယ်ဖြစ်ပြီး တနာရီ ကီလိုမီတာ ၁၂၀ နှုန်း သွားပါသည်။ ကြိုတင်၍ ချက်လာသော ဆွမ်းများနှင့် ရထားပေါ်မှာ နေ့ဆွမ်းစကပ်ပါသည်။ လမ်းတနေရာတွင် တံတားပျက်နေသဖြင့် တဘူတာနှင့် တဘူတာ ကားနှင့် ကူးပြောင်းရပါသည်။ ဂျိနီဘာမြို့သို့ မွန်းလွဲ ၁း၄၀ ခန့်ရောက်ပြီး ရထားပြောင်းစီးရပါသည်။ မွန်းလွဲ ၄း၁၅ ခန့် ဘီယန်(Bien)သို့ရောက် ရထားပြောင်းစီးကြ



(၁၅) ပြင်သစ်ပြည် တူဒွန်ရှိလာအိုးကျောင်း၌ ဆွမ်းကပ်စဉ်



(၁၆) ဂျီနီဗာမြို့ ကောင်စစ်ဝန် ဦးသိန်းအောင် ဆရာတော်ကြီးနှင့်
သံဃာတော်များအား ပင့်ဆောင်စဉ်

ရပါသည်။ ညနေ ၅း၀၀ စိန့်အိမ်မီယန်ဘူတာ၌ ဆင်းကြပါသည်။ဘူတာ၌ ဂျိနီဘာမှ မြန်မာကောင်စစ်ဝန် ဦးသိန်းအောင်၊ ကုလသမဂ္ဂမှ ဦးဖေ၊ ဘန်းဓမ္မအဖွဲ့မှ ဒေါက်တာ မီရကိုဗရိုင်းဘားနှင့် အဖွဲ့ဝင်များလာရောက်ကြိုဆိုကြပါသည်။ ၎င်းဘူတာမှ ၇ ကီလိုမီတာခန့် ကွာဝေးသော တောင်ပေါ်စခန်း မောင့်ဆိုလေသို့ ကားများနှင့်သွားကြပါသည်။ မောင့်ဆိုလေသည် ပင်လယ်ရေပြင်ညီမှ မီတာ ၁၂၀၀ ခန့်မြင့်ပါသည်။ဦးသိန်းအောင်က နောက်နေ့ ဂျိနီဘာ ၎င်း၏နေအိမ်သို့ ကြွရောက်နေ့ဆွမ်း ဘုဉ်းပေးပါရန်လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးသည် ကရုဏာရှေ့ထား၍ လက်ခံတော်မူပါသည်။

ဗားလင့်(စ)မှ ထွက်ခွာစ မြေမျက်နှာပြင်မှာ ညီညာသော်လဲ ဆွစ်ဇာလန်နိုင်ငံသည် အဲလ်ပ်တောင်ကုန်းများပေါ်တွင် တည်ရှိပါသည်။အချို့သော တောင်ထိပ်များသည် တနှစ်လုံး ဆီးနှင်းများ ဖုံးအုပ်နေပါသည်။ အလယ်ပိုင်းကုန်းပြင်မြင့်တွင် လူနေ အများဆုံး ဖြစ်ပါသည်။ စိုက်ပျိုးခြင်း(ထွန်ယက်)မွေးမြူရေးနှင့် စက်မှုလက်မှု အသေးစားများ လုပ်ကိုင်ကြပါသည်။ အဲလ်ပ်ဘောင်တန်းများသည် အလွန်လှ၍ အပန်းဖြေနှင့် ကမ္ဘာလှည့်ခရီးသည် အမြောက်အများ လာရောက်ကြပါသည်။

မောင့်ဆိုလေ တောင်ပေါ် စခန်းတွင် ဘန်းဓမ္မအဖွဲ့မှ တခုလုံး ငှားထားသော ဟော်တယ်ငယ်တခု၌ ကမ္မဋ္ဌာန်းစခန်း ဖွင့်ပါသည်။ ယောဂီ ၃၀ ခန့်ရှိရာအမေရိကမှ ဒေါက်တာ ဦးလှဖေ၊ ဒေါ်တင်လှိုင်၊ ဦးဖေ ဦးစိန်မှလွဲ၍ ကျန် ယောဂီများမှာ ဥရောပတိုက်သားများ ဖြစ်ကြပါသည်။ ရာသီဥတုမှာ အေးပါသည်။

နယုန်လဆန်း ၁၁ ရက်၊ (ဇွန်လ ၅ ရက်) အရုဏ်ကို အဖွဲ့မှ အသက်လှူတ်ဆွမ်းများ ကပ်ပါသည်။ တဖွဲဖွဲနှင့် တနေ့လုံးလိုလို မိုးရွာပါသည်။ မိုးမရွာသောအခါ နှင်းကျနေပါသည်။ နေရောင်ကို ရံဖန်ရံခါသာတွေ့မြင်ရပါသည်။ တရားအားထုတ်သည့် ဇယားမှာ ပူးတွဲပါအတိုင်း ဖြစ်ပါသည်။ ယောဂီများသည် အလှည့်ကျ စေတနာဝန်ထမ်း ချက်ပြုတ်ခြင်း သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ကြရပါသည်။ လိုသော ဦးရေကို ဘော

တွင် နေ့စွဲအလိုက် ကပ်ထားပါသည်။ စေတနာရှင်ယောဂီများက မိမိတို့ လှုပ်လိုသောနေ့များတွင် မိမိတို့၏ အမည်များကို ရေးထည့်ကြပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။ ယောဂီများကို ဆရာတော် ဦးဇနက တရားစစ်ပါသည်။

နယုန်လဆန်း ၁၂ ရက်၊ (ဇွန်လ ၆ ရက်) အရုဏ်ကို အသက်လွတ် ခွမ်းများနှင့် အဖွဲ့မှ ဆက်ကပ်ပါသည်။ နံနက်ပိုင်း နှင်းကျသည်မှအပ တနေ့လုံး ရာသီဥတုကောင်းပါသည်။ ယောဂီများ ဆရာတော်ဘုရားကြီး အား ဖူးမျှော်ကန်တော့ခြင်းနှင့် တရားစစ်ခြင်းတို့မှာ ဇယားအတိုင်းပင် ဖြစ်ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်ဒုတိယပိုင်း ဟောကြားတော်မူပါသည်။ ခွေးနှင့်ဆွဲသော နို့ပို့လှည်းကို တွေ့ရပါသည်။ (Doy Cart)ခွေးမှာ ကိုယ်ထည်ကြီးမားသန်စွမ်းပြီး အလွန်ပင် လိမ္မာပါသည်။ ၎င်း၏ လည်ပင်းနှင့် ကိုယ်ကို သိုင်းထားသောကြိုးကို လှုပ်ပါက ရပ်ရာက သွားပါသည်။ သွားရာက ရပ်ပါသည်။

## ဂျီနီဘာသို့ကြွတော်မူခြင်း

နယုန်လဆန်း ၁၃ ရက်၊ (ဇွန်လ ၇ ရက်) နံနက် ၅ နာရီ အရုဏ် စားပြီးနောက် နံနက် ၇ နာရီ ခန့်တွင် ဒေါက်တာ မီရကိုဖရိုင်းဘား၊ ဒေါက်တာ ဦးလှဖေ၊ ဒေါ်တင်လှိုင်၊ ဦးစိန်ဦးဖေတို့နှင့်အတူ ဂျီနီဘာမြို့ ကောင်စစ်ဝန် ဦးသိန်းအောင်၏ ပင့်ဖိတ်ချက်အရ ကား ၃ စီးနှင့် သွား ကြပါသည်။ ခရီးအစတွင် လမ်းမှာ တောင်များကြား၌ ဖောက်လုပ် ထားသောကြောင့် ကျဉ်းပါသည်။ တောင်ကုန်းနှင့်သစ်တောများကြားမှ မောင်းနှင်ကြရပါသည်။ အတန်ငယ်သွားပြီးနောက် မြေမှာ ပို၍ညီညာ လာပါသည်။ လမ်းဘေး၌ ဂျုံ၊ အာလူး၊ သဗျက်ပင် (ဘီရှူးဂါး)ပင် များကို စိုက်ထားသည်ကို တွေ့ကြရပါသည်။ တရံတခါ တောယ်များ ကို ဖြတ်၍မောင်းရသောအခါ သတိ၊ သမင်များ ဖြတ်ကူးတတ်သည် ဟု တောများကိုတွေ့ကြရပါသည်။ တနာရီကျော်ကျော်ခန့် မောင်းပြီးနောက်

မိုးရွာလာပါသည်။ မြေမျက်နှာပြင်မှာလဲ ပို၍ ညိုလာပါသည်။ ခပ်လှမ်းလှမ်းတွင်မူ မြင့်မားသော တောင်များကို တွေ့မြင်ရပါသည်။ ၎င်းနောက် ဘီယန်မြို့ကို ဖြတ်၍မောင်းရပါသည်။ ၎င်းမြို့သည် ကမ္ဘာကျော်နာရီများ ထွက်သောမြို့ဖြစ်ပါသည်။ တလမ်းလုံးတွင် ရွာငယ်များကို ဖြတ်မောင်းကြရပါသည်။ တရွာနှင့် တရွာ မဝေးလှပါ။ အိမ်များမှာလဲ ကောင်းမွန် သပ်ယပ်သည်ကို တွေ့ကြရပါသည်။ အချို့ရွာများကို ဖြတ်သောအခါ နွားချေးနံ့များ ရပါသည်။နွားများများမွေးမြူပြီး နွားချေးကို သဘာဝ မြေဩဇာအဖြစ် သုံးသည်ဟု ပြောပါသည်။ ဂျီနီဘာမြို့နှင့် နီးလာသော သောအခါ ဂရင်းဟောက်စ်ခေါ် မှန်အိမ်များထဲတွင် သီးပင်စားပင်များ စိုက်သည်ကို တွေ့ကြရပါသည်။ ငွေကြေးတတ်နိုင်သူများသည် ရေကို လိုသောအခါ အလိုအလျောက် လောင်းပေးသောစက်၊ လိုအပ်သော အပူချိန်ကို အလိုအလျောက် ညှိပေးသောစက် အစရှိသော စက်ကိရိယာ များ တပ်ဆင်ထားသည်ဟု ပြောကြပါသည်။ ၎င်းမှန်အိမ်များ ထဲတွင် စိုက်ပျိုးခြင်းအားဖြင့် ပိုးမွှားအန္တရာယ်ဘေးမှ ကင်းလွတ်သည်ဟု ပြောပါသည်။ ဦးသိန်းအောင်၏အိမ်သို့ နံနက် ၁၀ နာရီခန့်ရောက်ပါသည်။ ခရီးမှာ ကီလိုမီတာ ၁၂၀ ကွာဝေးပါသည်။ကမ္ဘာ့အလုပ်သမားညီလာခံ တက်ရန် အလုပ်သမားဝန်ကြီး ဦးမြမောင် ရောက်နှင့်နေပါသည်။

နေ့လယ်စာကို မြန်မာစားသောက်စရာ ဖွယ်ဖွယ်ရာရာတို့နှင့် ဆက်ကပ်ပါသည်။ ထမင်းစားပြီးနောက် ၂း၀၀ အချိန်ခန့်တွင် မြို့ကိုလိုက်လံကြည့်ရှုကြပါသည်။ ဂျီနီဗာမြို့သည် ဆွစ်ဇာလန်၏ မြို့တော်ဖြစ်ပါသည်။ ရှန်းမြစ်ပေါ်၌ အလွန်လှပသော မြို့တမြို့ဖြစ်ပါသည်။ နေဝင်ချိန်များ၌ အရှေ့ဘောင်ဘက် မိုင် ၄၀ ကွာလောက်တွင်ရှိသည့် ဆီးနှင်းများဖုံးအုပ်နေသော ဗလန့်တောင်ထိပ်သည် ဝင်လုဆဲသော နေရောင်တွင် ရှုမငြီးဖွယ် တင့်တယ်လှပပါသည်။ ဂျီနီဗာမြို့အနီးရှိ ဂျီနီဗာရေအိုင်ကြီးမှာ ၄၅ မိုင် ရှည်လျား၍ ဆွစ်ဇာလန်နိုင်ငံ ၌ အလှပဆုံးနှင့် အကြီးဆုံးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကြက်ခြေနီအသင်း ကုလသမဂ္ဂဆိုင်ရာ အဖွဲ့ အစည်းများတည်ရာမြို့လဲ ဖြစ်ပါသည်။

ဂျိနီဗာမြို့မှ ထွက်ခွါလာပြီး ဂျိနီဗာကန်ဘေးတွင် တည်ရှိသော ဗေဗေးမြို့ကို ရောက်ပါသည်၊ ၎င်းမြို့မှာ အလွန်ပင်လှပ၍ အပန်းဖြေခရီး သည် အမြောက်အများ လာသော မြို့ဖြစ်ပါသည်။ ရေချိုးဆိပ်နှင့် ရွက်လှေစီးရန် အလွန်ကောင်းသောမြို့ဖြစ်ပါသည်။ ၎င်းမြို့နှင့် မနီးမဝေး တောင်ပေါ်မြို့၌ရှိသော တိဗက်ကျောင်းသို့ သွားရောက်ရာ ယောဂီ ခင်များများ တရားထိုင်နေသည်ကို တွေ့ခဲ့ရပါသည်။ ၎င်းမှ ဆက်လက် ထွက်ခွါလာကြရာ အချို့သော နေရာများတွင် ယခင်ရောမလူမျိုးများ တည်ဆောက်ခဲ့သော ပြတိုက်အချို့ကို တွေ့ကြရပါသည်။ ည ၈း၃၀ အချိန်ခန့် မောင့်ဆိုလေစခန်းသို့ ပြန်လည်ရောက်ရှိကြပါသည်။ ဝန်ကြီး ဦးမြမောင်နှင့် ဦးသိန်းအောင်တို့သည်လည်း မောင့်ဆိုလေထိ လိုက်ပို့ကြ ပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

**နယုန်လဆန်း ၁၄ ရက်။** (ဇွန်လ ၈ ရက်) နံနက် ၃ နာရီအချိန် ခန့်မှစ၍ လင်းပါသည်။ ဆရာတော်ဘုရားကြီးအား ယောဂီများ ဖူးမျော် ခြင်း၊ တရားထိုင်ခြင်း၊ တရားစစ်ခြင်းတို့မှာ ယခင်နေ့အတိုင်းပင် ဖြစ်ပါ သည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရား ဟော တော်မူပါသည်။ ည ၁၀ နာရီအချိန်ခန့်မှ မှောင်ပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

**နယုန်လပြည့်နေ့။** (ဇွန်လ ၉ ရက်) ဒစ်ကင်(ဆွစ်ဇာလန်) တရား ဌာနသို့ ကြွတော်မူခြင်း၊ စခန်းသိမ်းမည့်နေ့ ဖြစ်သောကြောင့် နံနက် ပိုင်း တရားထိုင်ပြီးနောက် ယောဂီအားလုံး သန့်ရှင်းရေးလုပ်ကြပါသည်။ ၎င်းစခန်းအနီးရှိ စပို့ဟော်တယ်၌ ဘန်းမဗ္ဗအဖွဲ့မှ နေ့ဆွမ်းဆက်ကပ်ပါ သည်၊ ဆွမ်းစားပြီး ဆရာတော်ဘုရားကြီး အနုမောဒနာ ဟောကြား ရေစက်ချ အမျှဝေကြပါသည်။ ၎င်းနောက် စိန့်အီမီယန်ဘူတာသို့ ကား များနှင့် သွားရောက်ကြပါသည်။ မွန်းလွဲ ၂း၄၀ ရထားစီး၍ ထွက်ခွါ လာရာ ဗီယန်ဘူတာသို့ ၃ နာရီကျော်ကျော်ခန့် ရောက်ရှိကြပြီး ရထား ပြောင်း၍ ဆက်လက်ခရီးသွားကြရာ ဇူးရစ်သို့ ၄း၄၅ ခန့်အချိန်ရောက်



(၁၇) ဆွစ်ဇာလန် မောင့်ဆိုနီစခန်း



(၁၈) မောင့်ဆိုနီစခန်းသို့ ရောက်စဉ်

ရှိကြပါသည်။ ၎င်းမှတဖန် ရထားပြောင်းစီး ဂေါ့ဆန်မြို့သို့ ညနေ ၆ နာရီအချိန်ခန့် ရောက်ရှိကြပါသည်။ ၎င်းဘူတာ၌ ဒစ်ကင်ခမ္မအဖွဲ့မှ မစ္စတာအိုကင်နှင့် ဇနီးတို့က ကြိုဆိုနေကြပါသည်။ ၁၂ ကီလိုမီတာခန့် ဝေးသော ဒစ်ကင်သို့ ကားများနှင့် သွားကြပါသည်။ ဒစ်ကင်မှာ တောင်ကုန်းပေါ်၌ တည်ထားသော လှပသောမြို့ ဖြစ်ပါသည်။ နွားချေးနံ့များမကြာမကြာ ကြိုင်လှိုင်နေသောကြောင့် နွားများများ မွေးသောမြို့ဖြစ်ဟန်တူသည်။ ခမ္မရိပ်သာ အဆောက်အအုံမှာ အလွန်ကောင်းပါသည်။ အိပ်ခန်း၊ ရေချိုးခန်း၊ မီးဖို၊ ဆွမ်းစားခန်း၊ စာကြည့်တိုက် ခမ္မာရုံစသည်များ အပြည့်အစုံ ရှိပါသည်။ အိပ်ခန်းတိုင်းတွင် သောက်ရေ၊ စာရေးစက္ကူ စာအိပ် ဘောပင် စာရေးစာပွဲ စာပွဲတင်မီး ဘီရိုမှစ၍ လိုလေသေးမရှိသလောက် ပြည့်စုံပါသည်။ ခရီးတလျှောက် တည်ခိုခဲ့သော ရိပ်သာတို့တွင် အကောင်းဆုံး ဖြစ်ပါသည်။ အထပ် ၃ ထပ်ရှိရာ အပေါ်ဆုံးအထပ်တွင် သံဃာတော်များ သီတင်းသုံး၍ အလယ်ထပ်တွင် မီးဖိုဆွမ်းစားခန်း စာကြည့်တိုက်နှင့် အိပ်ခန်း ၂ ခန်း ရှိပါသည်။ မြေညီထပ်တွင် အိပ်ခန်း ၄ ခန်းရှိ၍ မြေအောက်ထပ်တွင်မူ ခမ္မာရုံရှိပါသည်။ အလယ်ထပ်နံရံတခုတွင် မီးနီလုံးငယ်များ တပ်ထားသော ဘောတခုရှိပါသည်။ ကုဋီအရေအတွက်အတိုင်း မီးလုံးရှိပါသည်။ ကုဋီ၌ လူရှိလျှင် မီးနီနေပါသည်။ ၎င်းဘောကို ကြည့်ခြင်းအားဖြင့် မည်သည့် ကုဋီ အားလပ်သည် မအားလပ်သည်ကို သိရှိနိုင်ပါသည်။ ဥပုသ်ပြုကြပါသည်။ ပူးနွေး၍ တနေ့လုံး ရာသီဥတုကောင်းမွန်ပါသည်။

နယုန်လဆုပ် ၁ ရက်(ဇွန်လ ၁၀ ရက်)၊ အနီးအနားရှိ ဗုဒ္ဓဘာသာ ဆွစ်လူမျိုး ဒကာဒကာမ ၂၀ ခန့် ရောက်လာ၍ ဆရာတော်ဘုရားကြီး အား ဖူးမျှော်ကန်တော့၍ နေ့ဆွမ်းကပ်ကြ ပါသည်။ ဆွမ်းမကပ်မီ မစ္စတာအိုကင်က နှုတ်ဆက်စကား လျှောက်ထားပါသည်။ ဆရာတော် ဘုရားကြီးလည်း သရဏဂုဏ် ငါးပါးသီလ ပေးပြီး မေတ္တာပွားခြင်းသီလ စာဂကထာများ ဟောကြားတော်မူပါသည်။ မွန်းလွဲ ၂ နာရီအချိန်ခန့် ဆရာတော်ဘုရားကြီး ယောဂီများအား အလုပ်ပေးတရား ဟောပြီး

တရားထိုင်ကြပါသည်။ တရားထိုင်ပြီးနောက် အနုမောဒနာတရားကို ဆရာတော်ဘုရားကြီး ဟောကြားတော်မူပြီးနောက် မစ္စတာ အုံကင်က ရေစက်ချ အမျှဝေပါသည်။ (ဓာတ်ပုံထည့်)

နံနက်စောစောပိုင်းက ဆရာတော်ဦးရေဝတမနှင့် ဦးစိန် မစ္စတာ မိရကိုကို အီပာလ်မိစော့ယူရန် ဘန်းမြို့သို့ သွားကြပါသည်။ တနေ့လုံး ပူနွေး၍ ညနေပိုင်းတွင်မူ မိုးအနည်းငယ် ရွာပါသည်။ ည ၉း၃၀ အချိန်ခန့်မှ မှောင်ပါသည်။

## ဆီးနှင်းများဖုံးနေသော စင်တီတောင်သို့ သွားရောက်ခြင်း

နယုန်လဆုတ် ၂ ရက်(ဇွန်လ ၁၁ ရက်)၊ မိုးတိမ်မြူနှင်းများမရှိလျှင် နံနက် ၂း၃၀ အချိန်ခန့်တွင် လင်းပါသည်။ အရုဏ်စားပြီးနောက် ဆီးနှင်းများဖုံးအုပ်နေသော စင်တီတောင်ထိပ်သို့ သွားကြပါသည်။ ကီလိုမီတာ ၃၀ ခန့် သွားပြီးနောက် တောင်ခြေရှိ ရှဂတ်သို့ရောက်ပါသည်။ ၎င်းမှတောင်ထိပ်သို့ ကောင်းကင်ကြိုးကား(Cable Car)နှင့် တောင်ထိပ်သို့ သွားပါသည်။ (ဓာတ်ပုံထည့်) ၎င်းတောင်မှာ မီတာ ၂၅၀၀ ခန့်မြင့်ပါသည်။ ခြေဖုံစင်တီတောင်ထိပ်ထိ ၁၅ မိနစ်ခန့်စီးရပါသည်။ ညနေပိုင်း မစ္စတာ အုံကင်၏သား ပာတင်နှင့် ၎င်း၏အဒေါ်တို့ ဆရာတော်ဘုရားကြီးအား လာရောက်ကန်တော့ကြပါသည်။ မာတင်၏ အဒေါ်က ဆရာတော်ဘုရားကြီး ရောက်ရှိကြောင်း သိဟိုရှိဆရာတော် ဉာဏပုဏ္ဏိကထံ ရေးစာ၌ ဆရာတော်ဘုရားကြီးအား လက်မှတ်ထိုးပေးပါရန် လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီး လက်မှတ်ရေးထိုးပေးပါသည်။

## ဇူးရစ်တက္ကသိုလ်၌ ဆရာတော်ဘုရားကြီး တရားချီးမြှင့်တော်မူခြင်း

နယုန်လဆုတ် ၃ ရက် (ဇွန်လ ၁၂ ရက်)၊ အရုဏ်စားပြီး နံနက် ၉ နာရီအချိန်ခန့်တွင် ကား ၂ စီးနှင့် ဇူးရစ်သို့သွားကြပါသည်။ မစ္စတာ အုံကင်မာတင်မိုက်ကယ် (ဆရာတော် ဦးရေဝတမ၏တပည့် ဆွမ်းချက်

ကပ်သူ)တို့လဲ လိုက်ပါလာကြပါသည်။ ဆရာတော် ဦးရေဝတမွေနှင့် မိရကိုတို့ ဗူးရစ်မှ စောင့်နေကြပါသည်။ လမ်းတလျှောက်လုံးလိုလိုပင် တောင်ကုန်း တောင်ကြားမှ ဖြတ်မောင်းရပါသည်။ အချို့တောင်ကုန်းများမှာ ထင်းရှူးတောများရှိပြီး အချို့မှာ နွားစားကျက်မြက်ခင်းများ ရှိပါသည်။ နွားများများနှင့် သိုးအနည်းငယ်ကို လမ်းတွင် တွေ့ရပါသည်။ အချို့နေရာများတွင် နွားချေးနံ့သင်းနေပါသည်။ ဗူးရစ်မြို့အနီးရောက်သောအခါ မြေပြင်မှာပိုမိုညီညာပြန့်ပြူးပြီး စိုက်ခင်းများကို တွေ့ကြရပါသည်။ တလမ်းလုံးရွာများ အဆက်မပြတ် တွေ့ရပြီး စားသောက်ဆိုင် ဓာတ်ဆီဆိုင်များ မကြာခဏ တွေ့ကြရပါသည်။ ခရီးမှာ ၈၃ ကီလိုမီတာ ရှိပါသည်။ ဟိုတယ် ဗူးရစ်၌ အသက်လွှတ် နေ့ဆွမ်းစားကြပါသည်။ ဆွမ်း၊ ဆွမ်းဟင်းများမှာ ကောင်းမွန်လှပါသည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးသောအခန်းမှာ နံပါတ် ၁၅ ဖြစ်ပါသည်။ ဗူးရစ်တက္ကသိုလ်မှ ပါမောက္ခ မစ္စတာ ဟန်ကာင် လာရောက်၍ ဆရာတော်ဘုရားအား ဖူးမျှော်ကန်တော့ပါသည်။ ည ၇ နာရီအချိန် ဗူးရစ်တက္ကသိုလ်တွင် ဆရာတော်ဘုရားကြီး သရဏဂုဏ် ငါးပါးသီလပေးပြီး သတိပဋ္ဌာန်တရား တောကြားတော်မူပါသည်။ တရားမဟောခင် ပါမောက္ခ မစ္စတာ ဟန်ကင်က ဆရာတော်ကြီး ထေရုပ္ပတ္တိအကျဉ်း ပြောဟောပါသည်။ ပရိသတ်မှာ ၇၅ ယောက်ခန့် ရှိပါသည်။ ရာသီဥတု ကောင်းပါသည်။

## အီတလီနိုင်ငံသို့ ကြွတော်မူခြင်း

နယုန်လဆုတ် ၄ ရက် (ဇွန်လ ၁၃ ရက်)၊ အရုဏ်စားပြီးနောက် အီတလီသို့သွားရန် လေဆိပ်သို့ဆင်းကြပါသည်။ လေယာဉ်ခကို မစ္စတာ အိုကင်နှင့် ဓမ္မအဖွဲ့မှ လှူဒါန်းပါသည်။ မစ္စတာ မီရကိုနှင့် မိုက်ကယ် နေရစ်ပါသည်။ ၇း၃၀ လေယာဉ်ထွက်၍ ရောမမြို့အနီး ဖယူမီစီးနိုး လေဆိပ်သို့ ၈း၄၀ ခန့် ဆိုက်ရောက်ပါသည်။ ခရီးမှာ ကီလိုမီတာ ၇၀၀ ခန့်ရှိပါသည်။ လေဆိပ်၌ မြန်မာသံအမတ်ကြီး ဦးခင်မောင်လေးနှင့် သံအရာရှိများ အီတာလီယံ ယောဂီ မော်ရိုတို့ လာရောက် ကြိုဆိုနေကြပါ

သည်။ တရားစခန်းဖွင့်မည့် ဂျူမြို့ကလေးသို့ ကား ၂ စီးနှင့်သွားကြရာ နံနက် ၁၁ နာရီအချိန်ခန့် ရောက်ပါသည်။ ခရီးမှာ ၉၄ ကီလိုမီတာ ရှိပါသည်။

အီတလီနိုင်ငံမှာ ဆွစ်ဇာလန်နိုင်ငံလောက် တောတောင်မထူထပ်ပါ၊ မြေထဲပင်လယ်ရာသီဥတုရှိသောကြောင့် အပူအအေးမျှတပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် စိမ်းလန်းစိုပြေပြီး ခြောက်သွေ့သော အရိပ်အရောင် လုံးဝမတွေ့ရခဲ့သော်လဲ အီတလီသို့ရောက်သောအခါ ဝါတာတာ အရွက်များနှင့် ဝင်းမှည့်သော ဂျုံခင်းများကို တွေ့ရှိရပါသည်။ မြေမျက်နှာပြင်မှာလဲ ပိုမိုညီညာ၍ သစ်ပင်များမှာ ဆွစ်ဇာလန်ကသစ်ပင်များကဲ့သို့ မချွန်းဘဲ မြန်မာပြည်မှ သစ်ပင်များကဲ့သို့ ဝိုင်းဝန်းပါသည်၊ တရားစခန်း တည်ရာကျောင်းမှာ ယခင်ကဂါမိုဂလီယိုဘုရင်ဂျီကျောင်း ဟောင်းဖြစ်ပြီး အလွန်တိတ်ဆိတ်ပါသည်။ အီတလီနိုင်ငံတွင် ထူးခြားချက်တခုမှာ ကျင်ကြီးကျင်ငယ်စွန့်ပြီးလျှင် ရေဆေး နှင့် သန့်စင်နိုင်ရန် ရေပူရေအေးလာသော ပိုက်ခေါင်းတပ်ဆင်ထားသည့် (ကမုတ်ကဲ့သို့) အိုးထားရှိပါသည် ရေများမထွက်နိုင်ရန် အပေါက်ပိတ်ရန် အဆို့လဲ ထားရှိပါသည်။ ကျင်ကြီးစွန့်သောအိုးနှင့်ယှဉ်လျက်ထားလေ့ရှိပါသည်။

နေ့ဆွမ်းကို အသက်လွတ်ဆွမ်းဟင်း အချို့နှင့် သစ်သီးစုံဆက်ကပ်ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားဟောကြားတော်မူရာ မော်ရီ အီတလီ ဘာသာပြန်ဆိုပါသည်။ ပြင်သစ်နှင့် အီတာလီယံယောဂီ ၂၀ ခန့်မျှရှိပါသည်။အမေရိကန်မှ ဦးစိန်လာရောက် တရားထိုင်ပါသည်။

နယုန်လဆုတ် ၅ ရက်၊(ဇွန်လ ၁၄ ရက်)နံနက် ၉ နာရီ ဆရာတော် ဦးဇနက ယောဂီများအား အလုပ်ပေးတရားဟောကြားပြီး ယောဂီများ တရားထိုင်ကြပါသည်။ နေ့ဆွမ်းကို သံအမတ်ကြီး ဦးခင်မောင်လေးနှင့် သံရုံး ရုံးသူ/သားများ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ချုပ်မှ ဦးထွန်းရင်နှင့်ဇနီး ဦးထွန်းမြတ်နှင့် ဇနီး တို့က မြန်မာစားသောက်စရာ ဖွယ်ဖွယ်ရာရာတို့ကို



(၁၉)　လန်ဒန်မြို့ ဗုဒ္ဓပဒီပ ယိုးဒယားကျောင်း၌ ဆံချနေစဉ်



(၂၀)　လန်ဒန်မြို့ ဗုဒ္ဓပဒီပကျောင်း၌ ရဟန်းခံပေးတော်မူစဉ်

ဆက်ကပ်လှူဒါန်းပါသည်။ ဆရာတော်ဘုရားကြီးက သရဏဂုဏ်ငါးပါး သီလဆွမ်းအနုမောဒနာတရားများ ဟောကြားတော်မူပြီး ရေစက်ချအမျှ အတမ်းပေးဝေကြပါသည်။ သံအမတ်ကြီးက ဆရာတော်ဘုရားကြီးအား ပုပ်ရဟန်းမင်းကြီးက ဖူးမျှော်လို၍ပင့်ကြောင်း လျှောက်ထားရာ၊ ဆရာ တော်ကြီးက အစီအစဉ်များ ပြုလုပ်ပြီးနှင့်ပြီဖြစ်၍၊ မကြွနိုင်ကြောင်း မိန့်တော်မူပါသည်။ ည ၈ နာရီဆရာတော်ကြီး သတိပဋ္ဌာန်တရား ဟော ကြားတော်မူပါသည်၊ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

## ရောမမြို့သို့ ကြွတော်မူခြင်း

နယုန်လဆုတ် ၆ ရက်၊ (ဇွန်လ ၁၅ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို အဖွဲ့မှ အသက်လွတ် ဟင်းသီးဟင်းရွက်၊ချိုချဉ် သစ်သီးမျိုးစုံတို့ နှင့် ဆက် ကပ်ပါသည်။ မွန်းလွဲ ၁း၃၀ အချိန်ခန့်တွင် သံအမတ်ကြီးနှင့်မောင်ရိုတို့၏ ကား ၂ စီးဖြင့် ရောမမြို့သို့ကြွတော်မူပါသည်။ ခရီးမှာ ၉၉ ကီလိုမီတာ ခန့်ရှိပါသည်။ မြန်မာသံရုံးသို့ ၂း၁၀ မိနစ်ခန့် ရောက်ရှိကြပါသည်။ ၃ နာရီအချိန်ခန့်တွင် ဗက်တီကင်စစ်တီးခေါ် ပုပ်ရဟန်းမင်းကြီး၏နန်းမြို့ တည်ရာသို့ သွားကြပါသည်။

၁၉၂၉ ခုနှစ်တွင် အီတလီအာဏာရှင်မူဆိုလိုနီက ပုပ်ရဟန်းမင်းကြီး အား ၎င်းနန်းမြို့နေရာကို လုံးဝအာဏာပိုင်အဖြစ် လွှဲအပ်ပေးရာမှ စ၍ ဗက်တီကင်နန်းမြို့ ပေါ်ပေါက်လာပါသည်။ အကျယ်အဝန်းမှာ ၁၀၉ ဧကခန့် ရှိပါသည်။ ၎င်းတွင် စိန့်ပီတာနန်းတော်၊ ဗက်တီကင်နန်းတော် ဥယျာဉ်များ၊ ရှေးဟောင်းပြတိုက်ကြီးများ၊ ပန်းချီပြတိုက် ၂ ခုနှင့် စာကြည့်တိုက်မှာ ကမ္ဘာကျော်များဖြစ်ကြပါသည်။ ရှေးဟောင်းပြတိုက် ကြီးများတွင် ရှေးဂရိ၊ ရောမနှင့် အီဂျစ်လက်ရာ ရုပ်တုများနှင့် ရှေး နှစ်ပေါင်းများစွာက မပုပ်မသိုးစေရန် ဆေးဖြင့် စီမံပြုလုပ်ထားသော မမီရုပ်ကလာပ်များ စသည်တို့ကို တွေ့ရှိနိုင်ပါသည်။ ပန်းချီပြတိုက်တွင်မူ ကမ္ဘာကျော် ပန်းချီပညာရှင်ကြီးများဖြစ်သော လီယိုနာဒိုးဒါဗင်ချီ၊ ရက်ဖီအယ်၊ တစ်ရှန်မိုက်ကယ်အင်ဂျလိုး စသည်တို့၏ လက်ရာများနှင့်

တကွ အခြားထင်ရှားကျော်ဇောသော ပန်းချီကားများကို တွေ့နိုင်ပါသည်။ စာကြည့်တိုက်မှာ အဖိုးတန်လှသော ရှေးဟောင်းစာပေများ စုဝေးရာ ဌာနဖြစ်ပါသည်။ ရှေးဂရိစာမူ၊ ရောမစာမူ၊ အရှေ့တိုင်းဆိုင်ရာ စာမူအမြောက်အများ တွေ့နိုင်ပါသည်။ စိန်ပီတာသည် ပထမ ပုပ်ရဟန်းမင်းကြီးဖြစ်ပြီး သခင်ယေရှုနှင့် အရင်းနှီးဆုံးသော တမန်တော်ကြီးလဲ ဖြစ်သည်။ ခရစ်သက္ကရာဇ် ၆၇ ခုနှစ် ရောမဘုရင် နီရိုလက်ထက်ကျအရပ်၌ ကားစင်တင်အသတ်ခံရပြီး ၎င်းနန်းတော်ပြင် မြှုပ်နှံထားသည်ဟု ဘုရင်ဂိုဏ်းဝင်များက ယုံကြည်ကြသဖြင့် နှစ်စဉ် ဗရင်ဂျီဂိုဏ်းဝင်အမြောက်အများ လာရောက်ကြပါသည်။ ရောမမြို့တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ချုပ်လဲ ရှိပါသည်။ (FAO)

ခရီးလမ်းတလျှောက်တွင် လယ်ယာများ များစွာတွေ့ရပါသည်။ အချို့မှာ စက်နှင့်ရိတ်သိမ်း၍ အချို့မှာစိမ်းစိုဆဲ ရှိပါသေးသည်။ ရေပန်းကြီးများနှင့် ရေပက်ဖျမ်းသည်ကိုလဲတွေ့ရပါသည်။ အချို့နေရာ၌ လမ်းမကြီးကိုဖြတ်၍ လမ်းမပေါ်တွင် ဟော်တယ်ဖွင့်ထားသည်ကိုတွေ့ရပါသည်။ အပြင်အဝတ်တန်း၌ အဝတ်များလှမ်းထားသည်ကိုလဲ တွေ့ရပါသည်။ အိမ်ခပ်များများတွင် မျက်နှာချက်မထားဘဲ ၎င်းနေရာတွင် အထပ်ခိုးပြုလုပ်ခါ လူများနေသည်ကိုလဲ တွေ့ရပါသည်။ မောင့်ဘလန့်တောင်ကိုဖြတ်၍ ပြင်သစ်နှင့်ဆက်သွယ်ထားသော တောင်အောက်လမ်းမှာ ၈ ၃ ကီလိုမီတာခန့် ရှည်လျားပါသည်။ မွန်းလွဲ ၅ နာရီအချိန်ခန့်တွင် ပီယာဇာကယ်ရိုလီဘုရားရှစ်ခိုးကျောင်းရှိ မြန်မာ့အီဘာလီယန်ကျေးမှုအသင်းသို့ သွားကြပါသည်။ မြန်မာသုတေသန ရာသက်ပန်အသင်းဝင်ပါမောက္ခ ရင်ဇိုကာမိနာနီက ပရိသတ်နှင့်မိတ်ဆက်ပေးပြီး ရွှေဘိုဘုရားလိုက်ကားများပြသ၍ ရွှေတိဂုံသမိုင်းကိုပြောပြပါသည်။ ၎င်းနောက်ဆရာတော်ဘုရားကြီး ချမ်းသာရေးတရားကို အင်္ဂလိပ်ဘာသာနှင့် ဟောကြားတော်မူပြီး ဒေါက်တာပီနယ်လီက အီတလီဘာသာပြန်ပါသည်။ ပရိသတ် ၂၅ ဦးခန့်ရှိပါသည်။ ၇ နာရီ တရားပွဲသိမ်းပြီး မွန်တီကာလိုဟော်တယ်၌ တည်းခိုကြပါသည်။ ဟော်တယ်ကို အမေရိကန် ဦးစိန်က

လှူဒါန်းပါသည်။ ဟော်တယ်မှာ အလွန်ရှေးကြပြီး ခေတ်လှေကားမှာ ယခင် မြန်မာပြည်ရှိ ခေတ်လှေကားများနှင့်ထပ်တူဖြစ်သည်။ ရာသီဥတု မှာ ပူအိုက်ပါသည်။

## လန်ဒန်သို့ ကြွတော်မူခြင်း

ကဆုန်လဆုတ် ၇ ရက် (ဇွန်လ ၁၆ ရက်)၊ နံနက်အာရုဏ်စားပြီး နောက် လန်ဒန်မြို့သို့ကြွရန် သံအမတ်ကြီး ဦးခင်မောင်လေးနှင့် မော်ရီတို့ ကားများနှင့် စီယမ်ပီနိုးလေဆိပ်သို့ သွားကြပါသည်။ ရောက်ရှိခဲ့ရသော လေဆိပ်များအနက် ယခုလေဆိပ်သည် သန့်ရှင်းမှုအညံ့ဆုံးဖြစ်ပါသည်။ လေဆိပ်တွင် သံရုံးအမှုထမ်း များနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဦးထွန်းရင် နှင့်ဇနီးတို့က ဆရာတော်ဘုရားကြီးအား ကန်တော့ကြပါသည်။ ဦးစိန်လဲ အတူလိုက်လာပါသည်။ လေယာဉ် ၇:၄၅ ထွက်၍ လန်ဒန်ဂက်ဒဝစ် လေဆိပ်သို့ နံနက် ၁၀ နာရီအချိန်ခန့် ရောက်ပါသည်။ လေဆိပ်တွင် ဆရာတော် ဦးရေဝတမှနှင့် ဦးစိန်ထွန်းအောင်တို့ လာရောက်ကြိုဆိုကြ ပါသည်။ ဦးစိန်ထွန်းအောင်က ၎င်း၏နေအိမ်၌ နေ့ဆွမ်းကပ်ပါသည်။ ခရီးမှာ ၃၁ မိုင်ခန့် ရှိပါသည်။ (စီယမ်ပီနိုးလေဆိပ်နှင့် ဂက်ဒဝစ်မှာ မိုင် ၉၀၀ ခန့် ကွာဝေး ပါသည်။) ဦးစိန်ထွန်းအောင် နှင့် ဇနီး ဒေါ်လှလှအောင်တို့က ဝတ္ထုငွေများကိုလဲ နဝကမ္မ လှူဒါန်းပါသည်။ ဆရာတော်ဘုရားကြီးသည် အနုမောဒနာတရား ဟောကြားတော်မူပြီး ရေစက်ချအမျှဝေကြပါသည်။ မွန်းလွဲ ၃ နာရီ ဗုဒ္ဓပဒီပ ယိုးဒယား ကျောင်းသို့ ရောက်ရှိကြပါသည်။ ည ၇:၃၀ ဆရာတော်ဘုရားကြီး အလုပ်ပေးတရား ဟောကြားတော်မူပါသည်။ ရန်ကုန်သို့ ခရီးသွား မှတ်တမ်း ပေးပို့ပါသည်။ ၎င်းစာတွင် ဆရာတော်ဘုရားကြီး ရန်ကုန်သို့ ဇူလိုင် ၂၇ ရက်နေ့ ပြန်လည် ရောက်ရှိပြီးနောက် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ဆိပ်ခွန်တို့သို့ ကြွမည့်အကြောင်း ရေးထည့်လိုက်ပါသည်။ ရာသီ ဥတုမှာ ကောင်းမွန်ပါသည်။

## ဗုဒ္ဓပဒီပကျောင်း၌ ရဟန်းခံပွဲကျင်းပခြင်း

နယုန်လဆုတ် ၈ ရက်(ဇွန်လ ၁၇ ရက်)၊အရုဏ်ဆွမ်းကို ဦးလေးမောင် ဒေါ်အုံးညွန့်တို့က ဆက်ကပ်ပါသည်။ ဒေါက်ဘာ ဦးလှမြင့်နှင့် ဒေါက်တာ ဒေါ်သိန်းမြင့်တို့က ၎င်းတို့နေအိမ်၌ ဆရာတော်ဘုရားကြီး နှင့်အဖွဲ့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပါသည်။ ကျောင်းသို့ မွန်းလွဲ ၁ နာရီ ပြန်ရောက်ပါသည်။ ၂ နာရီအချိန်ခန့်တွင် ဆရာတော်ဦးရေဝတဓမ္မက အင်္ဂလန်မှ ဒေါက်တာ ဦးဝင်းစိန်၊ ဦးလှဌေး၊ ဦးဇေ(ကွယ်လွန်) နှင့် ဒေါ်အုံးမြင့်တို့၏သား မောင်သန့်ဇင် အမေရိကမှ ဦးစိန်တို့ကို ရှင်ပြုပေးပြီး ယိုးဒယားသံဃာတော်များပါ ပင့်သံဃာ ၁၀ ပါးနှင့် ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်အဖြစ် ထား၍ ရဟန်းခံပွဲကျင်းပ ပါသည်။ ည ၇ နာရီ ဗြိတိသျှ မဟာဗောဓိအသင်းကြီးသို့ ကြွရောက်၍ ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနာတရား ချီးမြှင့်တော် မူပါသည်။ တရားပွဲအပြီးတွင် တရားထိုင်ကြပါသည်။ မြန်မာ၊ အင်္ဂလိပ်၊ ကုလား၊ သီဟိုဠ် အားလုံးပေါင်း ပရိသတ် ၁၀၀ ခန့် ရှိပါသည်။ ည ၉ နာရီ ကျောင်းသို့ ပြန်ရောက်ကြပါသည်။ ရာသီဥတု ကောင်းမွန်ပါသည်။

## ပလက်နက်တေးရီးယန်းနှင့် မဒမ်တူးဆော့ ပြတိုက်သို့ သွားရောက်ခြင်း

နယုန်လဆုတ် ၉ ရက် (ဇွန်လ ၁၈ ရက်)၊ အရုဏ်ကို မြန်မာသံရုံးမှ ဦးမောင်မောင်စိုး ဒေါ်ခင်ကြည်မိသားစုတို့က ဆက်ကပ်လှူဒါန်းကြ ပါသည်။ နေ့ဆွမ်းကို နုဂ္ဂဟအဖွဲ့ဝင် ဦးဦးခိုင်၏ သမီး ဒေါက်တာ ဒေါ်ကြည်ကြည်ခိုင်နှင့် ခင်ပုန်းတို့နေအိမ်၌ ဆက်ကပ်ပါသည်။ ဆရာ တော်ဘုရားကြီး ဆရာတော် ဦးဇနကနှင့် ဦးပဥ္စင်းတို့ကို မျက်မှန်လှူဒါန်း ပါသည်။ အပြန်တွင် ဘေကာလမ်ရှိ နက္ခတ်တာရာရုံ Planetarium နှင့် ဖယောင်းပြတိုက် (WAX MUSEUM)သို့ သွားရောက် ကြည့်ရှုကြပါ သည်။ မဒမ်တူးဆော့သည် ပြင်သစ်အမျိုးသမီးကြီး ဖြစ်ပါသည်။ သူမ၏လက်ရာ ဖယောင်းရုပ်များမှာ ပကတိလူမျှလောက် ကြီး၍ တကယ် အသက်ရှိသူများဟု ထင်မှတ်လောက်အောင် လက်ရာမြောက်လှပါသည်။



(၂၁) လန်ဒန်မြို့ မြန်မာသံရုံး၌ ဆွမ်းကပ်ပုံ



(၂၂) အောက်စဖို့ အုတ်ကင်ဟို့ကမ္မဋ္ဌာန်းစခန်း၌ ရဟန်းလောင်း
ဝတ်ဖြူစင်ကြယ်ဖြင့် ဓမ္မာရုံသို့ အသွား

တနေ့ရာ၌ ဒီအချပ်က လူနဲ့ တူလိုက်တာ ဆိုပြီး ဦးပဥ္စင်းက အနားကပ်၍ ကြည့်သောအခါ (အရုပ်က ပြုံးပြမှ) လူအစစ်ဖြစ်နေကြောင်း သိရပါသည်။ ၎င်းပြင် တရာဖာလကါးစစ်ပွဲ(             )သရုပ်ပြ အဆောင် တခုလဲ ရှိပါသည်။ ထိုအဆောင်တွင်းမှာမူ တကယ်ပင်စစ်တိုက်နေသကဲ့သို့ အမြောက်သံများ၊ ယမ်းငွေ့နံ့များ၊ အမိန့်ပေးသံများ စသည်တို့ကို လည်းကောင်း၊ စစ်သားများကိုလည်းကောင်း တွေ့ကြရပါသည်။ ၎င်း ဖယောင်းပြတိုက်မျိုး အင်မစတာဒန်(ဟော်လန်)၌ တခုရှိပါသည်။

နက္ခတ်ဘာရာ ဂြိုဟ်များ ပြသသောရုံမှာ ၎င်းဖယောင်းပြတိုက်နှင့် တဆက်ထဲ တည်ရှိပါသည်။ ရုံကြီးမှာ ဒုမ်း(              )စက်ဝိုင်းခြမ်း ပုံသဏ္ဍာန်ရှိပါသည်။ ရုံအတွင်း ဗဟိုနေရာ၌ ဆန်းကျယ်လှသော ရုပ်ရှင် ပြစက်များ တပ်ဆင်ထားပါသည်။ ရုံအမိုးအတွင်းဘက်တွင် နေထွက်ပုံ နေဝင်ပုံနှင့် ညအချိန် လ နက္ခတ်တာရာဂြိုဟ်များ သွားလာလှည့်ပတ်နေပုံ ကို ပြသရာ အကယ်ပင် ကောင်းကင်၌ မြင်တွေ့နေရသည်ဟုထင်လောက် ပါသည်။ မိုးချိမ်းသံ လျှပ်လက် မိုးကြိုးပစ်သံများကိုလဲ မြင်ရ ကြားရ ပါသည်။

ည ၈ နာရီအချိန် ဆာရေး(          ) ဝုတ်ကင်(          )ရှိ စိန့်ဂျွန်း တက်ပတစ်ကျောင်း၌ ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနာတရား ဟော ကြားတော်မူပါသည်။ ၁၉၅၆ ခုနှစ်က ရန်ကုန်သာသနာ့ရိပ်သာ၌ တရား အားထုတ်သွားသူ ရေတပ်ဗိုလ် ရှိတော့လဲ လာရောက်၍ တရားနာကြား ပါသည်။ တရားပွဲအပြီး ၁၅ မိနစ်ခန့် တရားထိုင်ကြပါသည်။ ထို့နောက် ပရိသတ်က သိလိုသော အချက်အလက်များကို မေးမြန်းကြားပြီး ၁၀ နာရီ တရားပွဲပြီးဆုံးပါသည်။ တရားနာပရိသတ် ၄၀ ခန့်ရှိပါသည်။ ည ၁၁ နာရီ ကျောင်းသို့ ပြန်ရောက်ကြပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါ သည်။

နယုန်လဆုတ် ၁၀ ရက် (ဇွန်လ ၁၉ ရက်)၊ အရုဏ်ဆွမ်းကို ဦးမောင်မောင်-ဒေါ်အေးမြင့်တို့ မိသားစုက ကျောင်းတွင် ဆက်ကပ် လှူဒါန်းကြပါသည်။ နေ့ဆွမ်းကို ဒေါ်အုံးမြင့်မိသားစုက ၎င်းတို့၏

နေအိမ်၌ ဆက်ကပ် လှူဒါန်းပါသည်။ ဆွမ်းစားပြီး ဗြိတိသျှပြတိုက်သို့ သွားကြပါသည်။ ၎င်းပြတိုက်သည် လန်ဒန်မြို့ ဂရိတ်ရာဆဲလ်ကမ်း ဒဗလျူစီ ၁ တွင် တည်ရှိပါသည်။ ၁၇၅၃ ခုနှစ်က ဆာဟန်စလုံး စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို အစိုးရက ဝယ်ယူပြီး စတင်တည်ထောင်ခဲ့ပါသည်။ ၁၈၂၃ ခုနှစ်၌ ယခုလက်ရှိ အဆောက်အအုံကို တည်ဆောက်ပါသည်။ ၎င်းပြတိုက်တွင် မူလ ဆာစလုံး၏ ရှေးဟောင်းပစ္စည်းများအပြင် နောက်ထပ်ဝယ်ယူရရှိသော၊ လှူဒါန်းသော ပစ္စည်းများ ပါဝင်ပါသည်။ အဆောက်အအုံကိုလဲ နောက်ထပ် တိုးချဲ့ရပါသည်။ ၁၉၇၇/၇၈ ခုနှစ်အတွက် အစိုးရ၏ ၎င်းပြတိုက်အတွက် ကုန်ကျသော စရိတ်မှာ ပေါင်စတာလင်ငွေ ၅၄၇၂၀၀၀ ဖြစ်ပါသည်။ ၎င်းပြတိုက်တွင် ရှက္ခဗေဒဆိုင်ရာပြခန်း ပိုးမွှားဆိုင်ရာပြခန်း သတ္တုဆိုင်ရာပြခန်း၊ မြေသိပ္ပံလေ့လာရေးပြခန်း၊ သက္ကဗေဒ (ငှက်မျိုးစုံ)ပြခန်း၊ မနုဿဗေဒဆိုင်ရာ ပြခန်း စသည်များ ရှိပါသည်။

ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်၊ နောက် ဦးပဥ္စင်း အလုပ်ပေးတရားဟောပြီး တရားထိုင်ကြပါသည်။ ယောဂီ ၂၅ ဦးခန့်မျှ ရှိပါသည်။ ရာသီဥတုမှာ ပူနွေးကောင်းမွန်ပါသည်။

နယုန်လဆုတ် ၁၁ ရက် (ဇွန်လ ၂၁ ရက်)၊ အရုဏ်ဆွမ်းကို မဇ္ဈိမာဂရက်ဖရေဇာ ဦးသိန်းထွန်း–ဒေါ်မြမြမိုင်တို့ ကျောင်းတွင် ဆက်ကပ်ပါသည်။ ဒေါ်ခင်စီ ဦးဘင်နှင့် ဒေါ်အေးမြင့် မိသားစုက ၎င်းတို့အိမ်တွင် နေ့ဆွမ်း ဆက်ကပ်ပါသည်။ မွန်းလွဲ ၃ နာရီခန့် ကျောင်းသို့ ပြန်ရောက်ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပြီး ဆရာတော် ဦးဇနက အလုပ်ပေးတရားဟော တရားထိုင်ကြပါသည်။ ည ၁၀ နာရီကျော်ခန့် မှောင်ပါသည်။

## ဝိုက်ကျန်းသို့ ကြွတော်မူခြင်း

နယုန်လဆုတ် ၁၂ ရက်၊ (ဇွန်လ ၂၁ ရက်) နံနက် ၂း၃၀ အချိန်ခန့် လင်းပါသည်။ ယိုးဒယားဘုန်းကြီးများ နေထိုင်ရာမှ အရုဏ်စားသော

ကြောင့် ၆ နာရီကျော်မှ အရှေ့ကပ်ပါသည်၊ အရှေ့စားပြီး ဦးစိန်ထွန်းအောင်နှင့် ဦးသိန်းထွန်းတို့ ကားနှင့်ဆောက်သင်မတန်သို့ သွားကြပါသည်။ ခရီးမှာ ၈၆မိုင်ခန့် ဝေးပါသည်။ ၎င်းမှ ရေယုပ်ယာဉ်နှင့် ဝိုက်ကျွန်းသို့ သွားကြပါသည်။ ( )၎င်းယာဉ်များ ရေပေါ်မှယုပ်၍ သွားသောကြောင့် ရိုးရိုးရေယာဉ်ကဲ့သို့ လှိုင်းပုတ်ခြင်းမခံရ၍ ငြိမ်သာပါသည်။ ခရီးသည် ၆၀ခန့် တင်ဆောင်နိုင်ပြီး တနာရီ မိုင် ၅၀နှုန်း သွားပါသည်။ ဝိုက်ကျွန်း၊ ကိုဝင်( )ဆိပ်ကမ်း၌ ဝိဟာရမှ အင်္ဂလိပ်ဘုန်းကြီး ခေမာဓမ္မောနှင့် တယ်ရီဒီရှိုင်း (ရိပ်သာ၌ တွေ့ ထုတ်အားသူ)တို့ လာရောက်ကြိုဆိုနေကြပါသည်။ ခရီးမှာ ၆ မိုင်ခန့် ပါသည်။ ဘုန်းကြီးကျောင်းမှာ မြို့ပြင်၌ရှိ၍ အလွန်မှတိတ်ဆိတ်ပါသည်။ ကျောင်းဘေးပတ်ဝန်းကျင်၌ ဂျုံနှင့် အခြား စားပင်သောက်ပင်များ စိုက်ပျိုးထားသည်ကို တွေ့ရပါသည်။ ၎င်းပြင် သိုးနှင့် နွားများကိုလဲ တွေ့ရပါသည်။ နေ့ဆွမ်းကို အသက်လွတ်ဟင်းများနှင့် ဆက်ကပ်ပါသည်။ ည ၇ နာရီ မြို့တော်ခန်းမဆောင်၌ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန တရား ဟောကြားတော်မူပါသည်၊ ဆရာတော် ဦးဇနက ဘာသာပြန်ပါသည်။ ပရိသတ် ၅၀ ခန့်ရှိပါသည်။ တရားပွဲအပြီး မြို့ထဲသို့ လှည့်လည် ကြည့်ရှုကြပါသည်။ ကျွန်းမှာ အလွန်သာယာပြီး ရေချိုးဆိပ်မှာ ကောင်းမွန်လှသဖြင့် အပန်းဖြေခရီးသည် အမြောက်အများ သာရောက် ပါသည်။

## ဝိုက်ကျွန်းမှ လန်ဒန်သို့ ပြန်ကြွတော်မူခြင်း

**နယုန်လဆုတ် ၁ ခရက်၊** (ဇွန်လ ၂၂ရက်) အရှေ့စားပြီး ရေယုပ်ယာဉ်နှင့် လန်ဒန်သို့ပြန်ကြွပါသည်။ ဆောက်သင်မတန်၌ ဦးစိန်ထွန်းအောင်နှင့်ဦးသိန်းထွန်းတို့ ကားများနှင့်လာရောက်ကြိုဆိုနေကြပါသည်။ အချိန်စောနေသောကြောင့် လမ်းတွင် ဘုရင်မ နေသော နန်းတော်နှင့် ပင်ဆာဆဖာရဲသို့ ဝင်ကြပါသည်။ အာပာရီခေါ် တိရစ္ဆာန်ဥယျာဉ်မှာ အလွန်ကျယ်ဝန်းပြီ ...းရဲဝတီရှောင် ဒဲစုလိုက် အမျိုး...

ကျယ်ဝန်းသောခြံကြီးများ၌ထားရှိပါသည်။ ခြံများကိုဖြတ်သန်း၍ ကားများနှင့် မောင်းနှင်ကြည့်ရှုနိုင်ပါသည်။ ဂိတ်ပေါက်၌ မေ့ဆေးသေနပ်ကိုင်ဆောင်သော အစောင့်များထားရှိပါသည်။ ဥယျာဉ်အဝင်အပေါက်ဝတွင် ဥယျာဉ်အတွင်း ကားအပြင်မထွက်ရ၊ ကားမှ ပြူတင်းကို ပိတ်ထားပါ၊ တံခါးကိုသော့ခတ်ထားပါ၊ အန္တရာယ်များသည် စသော သတိပေးစာတမ်းများကို ရေးထားပါသည်။ နေ့ဆွမ်းကို ဒေါ်သန်းဧ က မြန်မာစားစရာ ဖွယ်ဖွယ်ရာရာတို့နှင့်ဆက်ကပ်ပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားဟောကြားတော်မူပြီး ဦးပဥ္ဇင်းအလုပ်ပေးတရားဟောကြား တရားထိုင်ကြပါသည်။ ယောဂီ ၂၅ ဦးခန့် ရှိပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

## ကင့်နှင့်အောက်စဖို့သို့ ကြွတော်မူခြင်း

နယုန်လကွယ်နေ့ (ဇွန်လ ၂၃ ရက်)အရုဏ် ဦးမောင်မောင်မိသားစုနှင့် မစ္စက်မာဂရက်ဖရေဇာတို့က ကျောင်း၌ကပ်ပါသည်။ ၎င်းနောက် ဦးစိန်ထွန်းအောင်နှင့် ဦးသိန်းထွန်းတို့ပင့်လာသော ဆင်းတုတော်များကို အနေကဇာတင်ပေးပါသည်။ မြန်မာသံအမတ်ကြီး ကြီးမှူးသော သံရုံးသူ – သံရုံးသားများက သံအမတ်ကြီးအိမ်၌ နေ့ဆွမ်းဆက်ကပ်ပါသည်၊ မြန်မာပရိသတ် ၁၀၀ ကျော်ကျော်ခန့် လာရောက်ကြပါသည်။ မွန်းလွဲ ၁း၃၀ အချိန်ခန့်တွင် ၄၇ မိုင်ခန့်ဝေးသော ကင့်ရှိမိဒ်စတုန်သို့ သွားရောက်၍ ဖရင်းရှစ်ဆိုဆိုင်းတီး၌ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားဟောကြားတော်မူရာ ဆရာတော်ဦးဇနက ဘာသာပြန်ပါသည်။ ရန်ကုန်ရိပ်သာ တရားအားထုတ်သွားသူ မစ္စဟမ်ဇီလဲ လာရောက်ပါသည်။ယိုးဒယားကျောင်းသို့ ညနေ ၆ နာရီခန့် ပြန်ရောက်ပါသည်။ ည ၈ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် ယိုးဒယား သံဃာတော်များသြဝါဒ နှုတ်ဆက်မိန့်ခွန်းပေးပြီး၊ အောက်စဖို့ဒ်ရှိ အုတ်ကင်ဟိုလ်မဟာရိပ်သာသို့ ထွက်ခွာလာကြပါသည်။ခရီးမှာ ၈၀ မိုင်ခန့်မျှရှိသော်လည်း အောက်စဖို့ဒ်ရှိ လမ်းများမှာ ကျဉ်းမြောင်းပြီး တလမ်းမောင်းလမ်းများဖြစ်၍ လမ်းမှားပြီး ည ၁၂ နာရီမှ အုတ်ကင်ဟိုလ်သို့ ရောက်ကြပါသည်။



(၂၃) အောက်စဖို့ ရဟန်းခံပွဲသို့ ကြွလာသော ပင့်သံဃာတော်များ

## အုတ်ကင်ဟိုလ်ကမ္မဋ္ဌာန်းစခန်း ဖွင့်လှစ်ခြင်း

ဝါဆိုလဆန်း ၁ ရက်၊ (ဇွန်လ ၂၄ ရက်) အရုဏ်ဆွမ်းကို အုတ်ကင်ဟိုလ်ဓမ္မရိပ်သာ ပိုင်ရှင် ဦးမြတ်စော–ဒေါ်စန်းရီမိသားစုက ဆက်ကပ်ပါသည်။ နံနက် ၆း၁၅ မိနစ်အချိန် ဆရာတော်ဘုရားကြီးဦးဆောင်သော သံဃာတော်အပါး ၃၀ တို့က တရားများရွတ်ဆိုပြီး သာသနာ့အလံလွှင့်တင်ကာ စခန်းဖွင့်လှစ်ပါသည်။ ၎င်းနောက် ဆရာတော်ဘုရားကြီးနှင့် သံဃာတော်အပါး ၃၀ တို့က ခေါင်းဆောင်လျက် ဒုလ္လဘရဟန်းခံယူကြမည့် ရှင်သာမဏေလောင်းတို့သည် ဝတ်ပြုံစင်ကြယ် ဆင်မြန်းပြီး ဓမ္မာရုံခန်းမဆောင်သို့စီတန်း၍ ကြွကြပါသည်။ ဓမ္မာရုံအတွင်း၌ သံဃာတော်များ ပရိတ်တရားများ ချီးမြှင့်တော်မူပြီး ရဟန်းခံ အခမ်းအနား စတင်ဆောင်ရွက်ကြပါသည်။ ပင့်သံဃာ ၃၀ ထဲတွင် လန်ဒန်နှင့် ယိုးဒယား၊ သီဟိုဠ်၊ အင်္ဂလိပ်နှင့်တရားအားထုတ်ရန် ကြွလာကြသော ဆွစ်၊ ဒတ်ချ်နှင့်လာအိုသံဃာများ ပါဝင်ကြပါသည်။ (အစီအစဉ်ပူးတွဲ) ရဟန်းခံပွဲသို့ ကြွရောက်လာသောပရိသတ်မှာ မြန်မာ၊ ကုလား၊ သီဟိုဠ်၊ ယိုးဒယား၊ အင်္ဂလိပ်၊ ဒတ်ချ်၊ ဆွစ်၊ ပြင်သစ်၊ အီတလီ စသော လူမျိုးစုံ ၃၀၀ ကျော်ခန့် ရှိပါသည်။ ရဟန်းလောင်း ၁၃ ဦးနှင့် ရှင်လောင်း ၄ ဦးတို့ရှိရာ ဥရောပတိုက်၌ အကြီးကျယ်ဆုံး ရဟန်းခံပွဲ ဖြစ်ပါသည်။ နေ့ဆွမ်းကို ဦးမြတ်စော–ဒေါ်စန်းရီ အမှူးထား၍ ကြွလာသော ပရိသတ်များက မြန်မာ၊ ကုလား၊ တရုတ် အစရှိသော မျိုးစုံသော စားသောက်စရာအမြောက်အမြားတို့ကို ဆက်ကပ်ကြပါသည်။ နံနက်ပိုင်း ရဟန်းခံပွဲမပြီး၍ မွန်းလွဲပိုင်း ဆက်ရပါသည်။ မွန်းလွဲပိုင်း အစီအစဉ်တွင် လန်ဒန် ဗုဒ္ဓဝိဟာရမှ သီဟိုဠ်ဆရာတော် အုတ်ကင်ဟိုလ်ဓမ္မရိပ်သာ ဥက္ကဋ္ဌ ဦးသဒ္ဓတိဿက ပရိသတ်အား မဟာစည် ဆရာတော်ဘုရားကြီးနှင့် မိတ်ဆက် နှုတ်ခွန်း လျှောက်ထားပြောကြားပါသည်။ ဆရာတော်ဘုရားကြီးကလဲ ပြန်လှန်၍ မိန့်ခွန်းတရား ဟောကြားတော်မူရာ ဆရာတော်ဦးဇနက ဘာသာပြန်ပါသည်။ ည ၈ နာရီ အချိန်တွင် ဆရာတော်ဘုရားကြီး သရဏဂုဏ်နှင့် သီလပေးပြီး အလုပ်ပေးတရား အနည်းငယ် ဟောကြားတော်မူပြီး ဆရာတော်ဦးဇနက

ဆက်လက်ပြောကြားပါသည်။ အနောက်နိုင်ငံရှိသံအသာတော်များ စလေ့ထုံးစံအရ ယနေ့မှဥပုသ်ပြုကြရပါသည်၊ ပြောင်းခံသူများအနက် ဦးမြတ်စော၊ ဦးမောင်မောင်(ဂျီဘီအိုကုမ္ပဏီပိုင်ရှင်)၊ ဘီဘီစီ ဦးခင်၊ လန်ဒန်မှ ဦးသိန်းထွန်း၊ ဂျနီဗာမှ ဦးဖေနှင့် ရင်း၏သား၊ အမေရိကမှ ဒေါက်တာဦးလှဖေ၊ လန်ဒန်မှ လင်းသန်း၊ သူရိန်သန်းဒေ့ဂ်၊ နဂ္ဂဟာအဖွဲ့ ဒုဥက္ကဋ္ဌဦးကျော်သောင်း၏သား မိုးကျော်သောင်းတို့ ပါဝင်ကြပါသည်။ တနေ့လုံးလိုလိုပင် မိုးရွာပါသည်။

## ဘုတ်ကင်ဟိုလ်ဓမ္မရိပ်သာ ၁၀ ရက်စခန်း

ဝါဆိုလဆန်း ၂ ရက်၊ (ဇွန်လ ၂၅ ရက်)အရုဏ်ဆွမ်းကို ဦးမြတ်စော-ဒေါ်စန်းရီ မိသားစုက ဆက်ကပ်ပါသည်။ ယနေ့မှစ၍ ကမ္မဋ္ဌာန်းစခန်း စတင်ဖွင့်လှစ်ပါသည်။ (အချိန်ဇယား ပူးတွဲ)နံနက် ၂ နာရီ ကျော်ကျော် ခန့်တွင် အလင်းရောင်ကို မြင်တွေ့ရပါသည်။ ၄:၃၄ မိနစ် နေထွက်ပါသည်။ ညသြသံ ဂျိုးကူသံများ ကြားရပါသည်။ နေ့ဆွမ်းမှာလဲ ဦးမြတ်စော မိသားစု ကောင်းမှု ဖြစ်ပါသည်။ ညနေ ၅ နာရီ မွန်းလွဲ ၂ နာရီ ဆရာတော် ဦးဇနက အလုပ်ပေးအမေး ထပ်မံ ပြောကြားပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး သရဏဂုံ ၃ ပါး သီလပေးပြီး သတိပဋ္ဌာန် တရား ပြောကြားတော်မူပါသည်။(အင်္ဂလိပ်ဘာသာနှင့်) ည ၉း၂၀ မှ ပြီးပါသည်။ ၁၁ နာရီခန့်မှ မှောင်ပါသည်။ ရန်ကုန် အဖွဲ့ချုပ်ကို စရိုးသွားမှတ်တမ်းပေးပို့ပါသည်။

ဝါဆိုလဆန်း ၃ ရက်၊ (ဇွန်လ ၂၆ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို ဦးမြတ်စော-ဒေါ်စန်းရီ မိသားစုက အသက်လွတ် ဆွမ်းများနှင့် ဆက်ကပ်ပါသည်။နံနက် ၉း၁၅၊ ပေး၁၅ တကြိမ်၊ မွန်းလွဲ ၄း၃၀၊၅း၃၀ တကြိမ် ဆရာတော်ဘုရားကြီးအား ယောဂီများ အလှည့်ကျ ဖူးမျှော်ကြပါသည်။ သိလိုသော အချက်အလက်များကိုလဲ လျှောက်ထားမေးမြန်းကြပါသည်။ နံနက် ၆း၄၅၊ ၁၀း၄၅ တကြိမ်၊ မွန်းလွဲ ၄း၃၀၊ ၄း၄၅ တကြိမ် ယောဂီများအား ဆရာတော် ဦးဇနက တရားစစ်ပါ

သည်။ ည ၈ နာရီ ဆရာတော် ဘုရားကြီး သတိပဋ္ဌာန် ပဉ္စမပိုင်းအပြီး ဟောကြားတော်မူပါသည်။ အမြင့်ဆုံး အပူချိန် ၆၆ ံ (ဖ) အနိမ့်ဆုံး ၄၅ ံ(ဖ) ရာသီဥတုမှာ ကောင်းမွန်ပါသည်။

ဝါဆိုလဆန်း ၄ ရက် (ဇွန်လ ၂၇ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို ဦးမြတ်စော ဒေါ်စန်းရီ မိသားစုက အသက်လှူတ်ဆွမ်းဆက်ကပ်ပါသည်။ ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ခြင်းနှင့် တရားစစ်ခြင်း တို့မှာ ယခင်နေ့က အတိုင်းဖြစ်ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရား ကြီး သတိပဋ္ဌာန် ဒုတိယပိုင်း ဟောကြားတော် မူပါသည်။ ရာသီဥတု ကောင်းမွန်ပါသည်။

ဝါဆိုလဆန်း ၅ ရက် (ဇွန်လ ၂၈ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို ဦးမြတ်စော ဒေါ်စန်းရီ မိသားစုက အသက်လှူတ်ဆွမ်းများ ဆက်ကပ် လှူဒါန်းပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန် ဒုတိယပိုင်းအပြီး ဟောကြားတော်မူပါသည်။ မိုးအုံ့၍ အအေးအနည်း ငယ်သက်သာပါသည်။

ဝါဆိုလဆန်း ၆ ရက် (ဇွန်လ ၂၉ ရက်) အရုဏ်ကို ဦးမြတ်စော ဒေါ်စန်းရီ မိသားစုက ဆက်ကပ်ပါသည်။ နေ့ဆွမ်းကို ဗိုလ်ချုပ် အောင်ဆန်းသမီး အောင်ဆန်းစုကြည် မိသားစုက ၎င်းတို့နေအိမ် (အောက်စဖို့ဒ်)၌ မြန်မာစားသောက်စရာ ဖွယ်ဖွယ်ရာရာတို့နှင့် ဆက်ကပ် ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရား ဟော ကြားတော်မူပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

ဝါဆိုလဆန်း ၈ ရက်(ဇွန်လ ၃၀ ရက်) အရုဏ်ဆွမ်းကို ဦးမြတ်စော ဒေါ်စန်းရီမိသားစုက ဆက်ကပ်ပါသည်။ နေ့ဆွမ်းကို ဦးမောင်မောင် ဒေါ်အေးမြင့် မိသားစုက ဒန်ပေါက်ဆွမ်း ဆက်ကပ် ပါသည်။ ဦးကျော်သောင်း၏ဇနီး ဒေါ်မျိုးသိမ့်ကလဲ အချိုပွဲ ဆက်ကပ်ပါသည်။ ည ၈ နာရီဆရာတော်ဘုရားကြီးက ချမ်းသာရေးတရား အပြီးဟော

ကြားတော်မူပါသည်။ အမြင့်ဆုံးအပူချိန် ၆၈° အနိမ့်ဆုံး ၅၇° နေထွက်ချိန် ၄း၄၇ နေဝင်ချိန် ၉း၂၁။

ဝါဆိုလဆန်း ၈ ရက်(ဇူလိုင်လ ၁ ရက်) အရုဏ်ဆွမ်းကို ဦးမြတ်စောဒေါ်စန်းရီ မိသားစုက ဆက်ကပ်ပါသည်။ နေ့ဆွမ်းကို ဒေါက်တာဦးဝင်းမောင်နှင့်(ယောဂီဟောင်း ဒေါ်မြင့်၏သမီး) ဒေါ်ခင်စမ်းဝင်းတို့က မြန်မာစားသောက်ဖွယ်ရာ အဖြာဖြာတို့နှင့် ဆက်ကပ်လှူဒါန်းပါသည်။ ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ခြင်း၊ ဆရာတော်ဦးဇနက တရားစစ်ခြင်းမှာ ယခင်နေ့များအတိုင်းပင် ဖြစ်ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး ဗုဒ္ဓသာသနာတရား ဟောကြားတော်မူပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

## အုတ်ကင်ဟိုလ်ဇ္မရိပ်သာကို သာသနာ့ရိပ်သာခွဲအဖြစ်
## ဆရာတော်ဘုရားကြီး အသိအမှတ်ပြုတော်မူခြင်း

ဝါဆိုလဆန်း ၁၀ ရက် (ဇူလိုင်လ ၃ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို ဦးမြတ်စော ဒေါ်စန်းရီ မိသားစုတို့က ဆက်ကပ်လှူဒါန်း ပါသည်။ ဤနေ့တွင် ဦးပဥ္စင်း ဦးမြတ်စောက ဆရာတော်ဘုရားကြီးအားလျှောက်ထားသည်မှာ ၎င်းရိပ်သာကို ၁၉၇၁ ခု ဒီဇင်ဘာ ၄ ရက်နေ့မှစ၍ တည်ထောင်ခဲ့ရာ ယခု ၈ နှစ်ရှိပြီဖြစ်ကြောင်း၊ ပထမဆုံး ဆရာတော် ဦးရေဝတဓမ္မက စတင် ဖွင့်လှစ်ပေးကြောင်း၊ အဆောက်အဦကြီး၌ သံဃာအပါး ၂၀ သီတင်းသုံးနိုင်၍ ကျောင်းငယ် ၂ ကျောင်းတွင် ၆ ပါး အားလုံး သံဃာ ၂၆ ပါး သီတင်းသုံးနိုင်ပါကြောင်း။ အမျိုးသား/အမျိုးသမီးများအတွက် တဦးစီထားလျှင် (အခန်း ၁ ခန်း) ၄၀ နှင့် ၂ဦးစီထားလျှင် ၈၀ ထားနိုင်သော အဆောက်အဦ ၂ခုရှိပါကြောင်း။ ၎င်းပြင် ဓမ္မာရုံအဖြစ် အသုံးပြုနိုင်သော အဆောက်အဦ ၂ ခု ရှိပါကြောင်း။ ဆရာတော်ဘုရားကြီး၏ နည်းနိဿယအတိုင်း တရားပြသနေသော မြန်မာ ပြည်တွင်းပြည်ပ ကမ္မဋ္ဌာန်းဆရာများအား ဤရိပ်သာ၌ လာရောက်၍ ကမ္မဋ္ဌာန်းပြသပါရန် ဖိတ်ကြားပါကြောင်း။ ဆရာတော်



(၂၄) အောက်စဖို့ ရဟန်းခံပွဲ၌ နေ့ဆွမ်းကပ်နေပုံ

ဘုရားကြီးကလဲ ညွှန်ကြားပေးတော်မူပါရန်နှင့် ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူပါရန် လျှောက်ထားသောအခါ ဆရာတော်ဘုရားကြီးသည် ကရုဏာရှေ့ထား၍ အသိအမှတ်ပြုတော်မူပါသည် (အသိအမှတ်ပြုစာ ပူးတွဲ) ၎င်းပြင် ဦးမြတ်စောက ကမ္မဋ္ဌာန်းစရိယ တပါး အမြဲတမ်းထားပေးနိုင်ပါက မိမိက ပစ္စည်းလေးပါး တာဝန်ယူပါမည်ဟုလျှောက်ထားပါသည်။ ၎င်းရိပ်သာမှာ အောက်စဖို့မြို့နှင့် အတန်ငယ် ဝေးကွာပြီး အလွန်တိတ်ဆိတ်သာယာလှပါသည်။ ဝန်းခြံမှာ အလွန်ကျယ်ပြန့်ပြီး သစ်ပင်ပန်းပင်များနှင့် သာယာစိုပြေလှပါသည်။ သစ်ပင်များအနက် အုခ်ပင်များ တွေ့မြင်ရပါသည်။ ထိုအကြောင်းကြောင့် အုတ်ကင်ဟိုလ်ဟု ခေါ်ဟန်တူပါသည်။

## ဟော်လန်နိုင်ငံသို့ ကြွတော်မူခြင်း

**ဝါဆိုလဆန်း ၁၁ ရက်၊** (ဇူလိုင်လ ၄ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို ဦးမြတ်စော–ဒေါ်စန်းရီ မိသားစုတို့က စားသောက်စရာ ဖွယ်ဖွယ်ရာရာ ချိုချဥ်သစ်သီးမျိုးစုံတို့နှင့် ဆက်ကပ်လှူဒါန်းပါသည်။စခန်းသိမ်းမည့်နေ့ ဖြစ်သောကြောင့် ယောဂီအားလုံး ဆရာတော်ဘုရားကြီးအားလာရောက်ကန်တော့ကြပါသည်။ ယောဂီအားလုံး ၇ဝခန့်ရှိရာတွင် သံဃာအပါး ၂၀ နှင့် လူ ၅၀ ခန့်ရှိပါသည်။ သံဃာများထဲတွင် မြန်မာ၊ အင်္ဂလိပ်၊ သီဟို၊ လာအို၊ ပြင်သစ်၊ ဒတ်ချ်၊ ဆွီဒင်လူမျိုးများ ပါဝင်ကြပါသည်။ လူယောဂီများထဲမှာမူ အမေရိကန်၊ ဂျာမန်၊ အီတလီ (အထက်ဖော်ပြပါလူမျိုးများအပြင်)များပါဝင်ကြပါသည်။နံနက် ၇း၃ဝ အချိန် ဆရာတော်ဘုရားကြီး သရဏဂုဏ် ၅ပါးသီလပေးပြီး စခန်းရက်အတွင်း ဦးမြတ်စော ဒေါ်စန်းရီနှင့် အခြား ကောင်းမှုရှင်များ၏ ကောင်းမှုအစုစုတို့အတွက် အနုမောဒနာ ဟောကြားတော်မူပြီး ရေစက်ချ အမျှဝေကြပါသည်။ မွန်းလွဲ ၁း၃ဝ အချိန် ဟိသရိုးလေဆိပ်သို့ သွားကြပါသည်။ ဟော်လန် ဟိတ်မြို့မှာ ဒတ်ချ်ဘုန်းကြီး ဦးဓမ္မဝိရထေရ ထနှင့် ကပ္ပိယ ဝိလမ်ရှုတ်တို့သည် တရားစခန်းအတွင်း တရားများ အားထုတ်ပြီး ဟိတ်မြို့သို့ ဆရာတော်ဘုရားနှင့် အဖွဲ့အား ပင့်ဆောင်ကြပါသည်။ ၅ နာရီ အချိန့်ခန့်တွင်

လေယာဉ်ထွက်၍ အမ်စတာဒမ်မြို့သို့ ၆း၁၅ အချိန်ခန့် ရောက်ပါသည်။ ခရီးမှာ မိုင် ၃၀၁ ခန့်ရှိပါသည်။ လေဆိပ်တွင် ဟိတ်မြို့ ဗုဒ္ဓယာနဝိဟာရမှ ဒကာများ ကားများနှင့် ကြိုနေကြပါသည်။ ၎င်းဝိဟာရသို့ ၇း၄၅ အချိန်ခန့် ရောက်ရှိကြပါသည်။ ခရီးမှာ ကီလိုမီတာ ၆၀ခန့်ရှိပါသည်။ ခေတ္တနားပြီး ဆရာတော်ဘုရားကြီး သရဏဂုံ သီလပေးပြီး နှုတ်ဆက်မိန့်ခွန်း အနည်းငယ် ဟောကြားပါသည်။ ပရိသတ် ၂၅ ခန့်မျှရှိပါသည် ရာသီဥတု ကောင်းမွန်ပါသည်။

ဝါဆိုလဆန်း ၁၂ ရက် (ဇူလိုင်လ ၅ ရက်)၊ အာရုဏ်နှင့်နေ့ဆွမ်း အသက်လှူတ်ကို အဖွဲ့မှဆက်ကပ်ပါသည်။ ဆွမ်းနှင့် ဆွမ်းဟင်းများ အလွန်ပင်ကောင်းမွန်ပါသည်။ နံနက် ၈ နာရီ ဆရာတော်ဘုရားကြီး သရဏဂုံသီလပေးပြီး အလုပ်ပေးတရားအနည်းငယ် ဟောကြား၍ ဆရာတော် ဦးဇနက အပြီးဟောကြားပါသည်။ (အချိန်ဇယားပူးတွဲ) ည ၈ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။ ဒတ်ချ ပရိသတ် ၃၀ ခန့် ရှိပါသည်။ ည ၉း၂၀ မှ နေဝင်ပါသည်။ အမြင့်ဆုံး အပူချိန် ၇၇ံ(ဖ) အနိမ့်ဆုံး ၆၃ံ(ဖ)ဖြစ်ပါသည်။

ဝါဆိုလဆန်း ၁၃ ရက် (ဇူလိုင်လ ၁၆ ရက်)၊ နံနက် ၄း၅၀ နေထွက်ပါသည်။ ၂း၃၀ ခန့်တွင် အလင်းရောင်လာပါသည်။ အရုဏ်ဆွမ်း အဖွဲ့မှ ဆက်ကပ်ပါသည်။ နံနက် ၈ နာရီ ယောဂီများ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ပြီး သိလိုသော အချက်များကို လျှောက်ထားမေးမြန်းကြပါသည်။ ၉း၄၅ အချိန်ခန့်တွင် ကမ်းနားရှိ ရေကာတာများကို သွားရောက်ကြည့်ရှုကြပါသည်။ ဟော်လန်နိုင်ငံ အနောက်ဘက်ကမ်းခြေမှာ ပင်လယ်ထက်နိမ့်၍ ရေကာတာများဆောက်လုပ်ထားရပါသည်။ အမြင့်ဆုံးမှာ ၁၀ မီတာခန့် ရှိပါသည်။ ထိုမှ မက်စဒတ်ပန်းချီပြတိုက်နှင့် မြင်ကွင်းကျယ် ပန်းချီကားကြီးကိုသွားရောက်ကြည့်ရှုကြပါသည်။ မြင်ကွင်းကျယ် ပန်းချီကားကြီးမှာ တဘက်တွင် ကမ်းနားဆိပ်ဖြစ်၍ အခြားတဘက်မှာ မြို့ဖြစ်ပါသည်။ ပန်းချီကားကြီးမှာ အလွန်ကြီးသည့်ပြင် ပတ်လည် ရေးဆွဲထားသောကြောင့်

အကာယ်ပင် ကမ်းနားနှင့်မြို့ကို ကြည့်ရသည်ဟု ထင်မှတ်ရပါသည်။ ဤပန်းချီကားမျိုး ကမ္ဘာတွင် ဤတကားသာရှိပါသည်။ ဦးဓမ္မဝိရနတ မိခင်က ၎င်း၏နေအိမ်၌ နေ့ဆွမ်း ဆက်ကပ်ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။

## ဘွန်းမြို့သို့ ကြွတော်မူခြင်း

ဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၇ ရက်)၊ အရှက်နှင့် နေ့ဆွမ်း အဖွဲ့မှ အသက်လှူဟ် ဆွမ်း၊ ဆွမ်းဟင်း၊ ချိုချဉ်သစ်သီးစုံများနှင့် ဆက်ကပ်ပါသည်။ နံနက် ၉ နာရီအချိန်ခန့်တွင် ဆရာတော်ဘုရားကြီး ဦးဓမ္မနုတအား ဩဝါဒ ပေးတော်မူပါသည်။ ၎င်းဘုန်းကြီးသည် ဆရာတော်ဘုရားကြီး စီစဉ်ရေးသားတော်မူသော အလုပ်ပေးတရားနှင့် ဉာဏ်စဉ် တရားတော်တို့ကို ဒတ်ချ်ဘာသာ ပြန်ဆိုရေးသားပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရား ဟောကြား တော်မူပြီး၊ ပရိတ်တရားများ ချီးမြှင့်တော်မူပါသည်။ အဖွဲ့နှင့် ဒကာ ဒကာမများက လှူဒါန်းသော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဆရာတော်ဘုရားကြီးသည် အနုမောဒနာတရား ဟောကြားတော်မူပြီး ငွေစက်ချ အမျှဝေ နှုတ်ဆက်မိန့်ခွန်း ပြောကြားတော် မူပါသည်။ ပရိသတ် ၃၀ ကျော်ကျော်ခန့်ရှိပါသည်။ ညနေ ၄ နာရီ ကား ၂ စီးနှင့် ဝါဝစ် (ဟော်လန်)ရှိ ဗုဒ္ဓရာမယိုးဒယားကျောင်းသို့ သွားကြရာ ၆ နာရီအချိန်ခန့် ရောက်ရှိကြပါသည်။ ခရီးမှာ ကီလိုမီတာ ၁၀၀ ခန့် ရှိပါသည်။ ကျောင်းဘုန်းကြီး မေတ္တာဝိဟာရီနှင့်ထိုင်းသံဃာတော်များက ကြိုဆိုနေကြပါသည်။ ဘွန်းမြို့မှ စီးပွားရေးသံမှူး ဦးကိုကိုကြီး ကားနှင့် လာရောက်၍ ဘိက္ခုဝိဟာရီနှင့် ဦးသုမင်္ဂလာ(ထိုင်း)တို့ကိုပါ ဘွန်းသို့ ပင့် ဆောင်ပါသည်။ လမ်းတွင် ဗုဒ္ဓရာမကျောင်းအဖွဲ့ အတွင်းရေးမှူး မစ္စတာ ပက်တရစ်ဖရင်ဆန် အိမ်သို့ ခေတ္တဝင်ကြပါသည်။ ည ၁၁ နာရီ ဘွန်းသို့ ရောက်ပါသည်။ ခရီးမှာ ကီလိုမီတာ ၂၆၇ မျှ ရှိပါသည်။ သံမှူး ဦးကိုကိုကြီးနှင့် ဒေါ်ရင်ရင်မြတို့က ၎င်းတို့၏နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးရန် လှူဒါန်းပါသည်။

## ဟောလန်တီးဒေါ့ပ်စခန်းသို့ ကြွတော်မူခြင်း


ဝါဆိုလပြည့်နေ့ (ဇူလိုင်လ ၈ ရက်) အရုဏ်ဆွမ်းကို ဦးကိုကိုကြီး မိသားစုတို့က ဖွယ်ဖွယ်ရာရာစားသောက်စရာများ ချိုချဉ်သစ်သီးစသည် များနှင့် ဆက်ကပ်လှူဒါန်းပါသည်။ နံနက် ၈ နာရီခန့်တွင် သံအမတ် ဦးမောင်မောင်ညွန့်နှင့် သံရုံးသူ/သားများ (ရန်ကုန်မြို့ ဦးချန်စိန်၏သမီး) ဒေါ်ရှုဘီစိန်နှင့်မိသားစုတို့က လှူဖွယ်ဝတ္ထုအစုစုနှင့် နဝကမ္မဝတ္ထုငွေ များကို လှူဒါန်းကြပါသည်။ နေ့ဆွမ်းကိုလဲ ဆက်ကပ်လှူဒါန်းကြ ပါသည်။ ဆရာတော်ဘုရားကြီးသည်လဲ သရဏဂုံ၊ သီလနှင့် နုမောဒနာ တရားများ ဟောကြားတော်မူပြီးနောက်၊ ရေစက်ချ အမျှဝေကြပါ သည်။ မွန်းလွဲ ၂ နာရီခန့်တွင် သံအမတ်ကြီးအိမ်သို့ကြွရောက်ပြီး ဂျာမန် ဗုဒ္ဓဘာသာဝင်အချို့တို့၏သိလိုသော လျှောက်ထားမေးမြန်းသည်တို့ကို ဖြေကြားတော်မူပြီး၊ ရန်ကုန်မှ ဦးတင်ထွန်း(ဒေါ်ရှုဘီ၏မောင်)ရိုက်ကူး သော ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုရန် မြန်မာပြည်ကထွက် ခွာပုံ ရုပ်ရှင်ကားပြသပါသည်။ ညနေ ၄း၁၅ ခန့်၌ ဘဲလဂျီကိုဖြတ်၍ (ဟော်လန်) တီးဒေါ့ပ်ကို သွားကြရာတွင် ဘဂိုဇင် (ဟော်လန်) မြို့မှ ကူးတို့နှင့်ကူးကြရပါသည်။ ကားကိုတပါတည်း တင်ဆောင်လာပါသည်။ ၂၅ မိနစ်ခန့်စီးပြီး တဘက်ကမ်း ဘလစ်ဇင်ဂင်သို့ ရောက်ပါသည်။၎င်းမှ (      )ဘာ်ဟင်းမစတတ်အနီးရှိ တီးဒေါ့ပ်မမ္မရိပ်သာသို့ သွားကြရာ၊ ည ၁၂ နာရီရောက်ပါသည်။ခရီးမှာ ကီလိုမီတာ ၃၇၀ ခန့်မျှရှိသော်လဲ့ လမ်းတလျှောက်တွင် လမ်းခွဲများပြား၍ လမ်းမှားသွားပြီး ဤမျှကြာ ရခြင်းဖြစ်ပါသည်။ မိုးကလဲ ရွာပါသေးသည်။

## သံရုံးတီးဒေါ့ပ်ကမ္မဋ္ဌာန်းစခန်း ဖွင့်လှစ်တော်မူခြင်း

ဝါဆိုလဆုတ် ၁ ရက်၊ (ဇူလိုင်လ ၉ ရက်) အရုဏ် အသက်လွတ် ဆွမ်းများကိုအဖွဲ့မှ ဆက်ကပ်ပါသည်။နံနက် ၉ နာရီခန့်တွင် ဆရာတော် ဘုရားကြီး အလုပ်ပေးတရားအနည်းငယ် ဟောကြားတော်မူပြီး၊ ဆရာ တော် ဦးဇနကာဘိဝံသပြီးဟောပါသည်။ ယောဂီ ၂၀ ခန့်ရှိပါသည်။ (အချိန်



(၂၅)  အောက်စဖို့ ဒုလ္လဘာရဟန်းများနှင့် ဆရာတော်ဘုရားကြီးပုံ



(၂၆)  ဟော်လန်ပြည် တီးဒေါ့စခန်းရှိ ဒတ်(ချ)ဘုန်းတော်ကြီး
ဦးပုညဓမ္မနှင့်အတူ တွေ့ရပုံ

ဇယား ပူးတွဲ)ထိုစခန်း၏ထူးခြားချက်မှာ အဆောက်အအုံ လုံးဝမရှိပါ။ ယောဂီများ မြေဖိုက်တဲနှင့် နေကြပါသည်။ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်တို့ကို ကာရာဗန်( )မော်တော်ယာဉ် နောက်ဆက်တွဲများ၌ ထားပါသည်။ကျောင်းဘုန်းကြီး ပူညစမ္မော၊ရုံးခန်း၊ဆွမ်းစားဆောင်နှင့် မီးဖိုဆောင်တို့မှာလဲ ၎င်း ကားနောက်ဆက်တွဲထဲမှာပင် ဖြစ်ပါသည်။ ဓမ္မာရုံမှာ ဒုမ်း( )ခေါ် လိမ္မော်သီးအချမ်းပုံသဏ္ဍာန်ရှိ သတ္တုတိုင် အရှင်များ အပေါ် ပလက်စတစ် အုပ်ထား သော ရုံကြီး ဖြစ်ပါသည်။ (ဓါတ်ပုံထည့်)လျှပ်စစ်မီး၊ ရေပိုက်များမရှိပါ၊ ရေကိုဘွင်းမှ ခပ်ယူသုံးစွဲကြရပါသည်။ ညအခါ ဖယောင်းတိုင် မီးခွက်များနှင့် နေကြရပါသည်။ ဝစ္စကုဋီမှာ ကျဉ်းငယ်အတွင်းအဖုံးပါရှိသော ပလစ်စတစ်ပုံးကို အမိုးမပါသောအကာအရံသာရှိပါသည်။ ကျင်ငယ်စွန့်ရန် သီးခြားတပုံးရှိပါသည်။ သဒ္ဓါတရားရှိသော ယောဂီများက တနေ့ ၂ ကြိမ်မျှဆေးကြောပါသည်။ သစ်ပင်ပန်းပင်များမှာ စိမ်းလန်းစိုပြေပြီး လှန်စွာတိတ်ဆိတ်ပါသည်။ အနောက်နိုင်ငံဒေသများတွင် ဗုဒ္ဓဘာသာဝင်နည်းပါးသောကြောင့်၊ ကျောင်းရှိယောဂီများသည် ကျောင်းဝင်းအတွင်းရှိ မြေများတွင် သီးပင်စားပင်များ စိုက်ပျိုး၍စားသောက်ကြရပါသည်။ ကျောင်းဘုန်းကြီး ဦးပူညစမ္မောသည် ယိုးဒယားချွန်ဘူရီဆရာတော် ဦးအာသဘထံတွင် တရား အားထုတ်ခဲ့သူ ဖြစ်ပါသည်။ ည ၆ နာရီ ဥပုသ်ပြုကြပါသည်။ ၇ နာရီ ဆရာတော်ဘုရားကြီး မီးခွက်နှင့်သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။ (ဓာတ်ပုံထည့်) ရာသီဥတုမှာ ပူနွေးကောင်းမွန်ပါသည်။

ဝါဆိုလဆုတ် ၂ ရက်၊ (ဇူလိုင် ၁၀ ရက်) အရုဏ်နှင့် နေ့ဆွမ်းကို အဖွဲ့မှ အာသက်လှတ်ဆွမ်းများ ဆက်ကပ်ပါသည်။ နံနက် ၉ နာရီမှ ၁၁– နာရီထိ ယောဂီများအလှည့်ကျ ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမျှော်ကြပြီး သိလိုသောအချက်အလက်များကို လျှောက်ထားမေးမြန်းကြပါသည်၊ ဆရာတော်ဦးရေဝတမှ ဘာသာပြန်ပါသည်။ ဘိက္ခုမ္မဝိရနတ်ကြွလာပါသည်။

ဝါဆိုလဆုတ် ၃ ရက်၊ (ဇူလိုင်လ ၁၁ ရက်)အရုဏ်နှင့် နေ့ဆွမ်းကို အဖွဲ့မှ အသက်လွှတ်ဆွမ်းများ ဆက်ကပ်ပါသည်။ ဆရာတော် ဦးဇနက ယောဂီများကို တရားစစ်ပါသည်။ ဝါလ်ဝစ်မှ ထိုင်းဘုန်းကြီး မေတ္တာ ဝိဟာရီ ကြွလာပါသည်။ နက်ဖန် ဝါလ်ဝစ်သို့ ပင့်ရန် ဖြစ်ပါသည်။ ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်ပြီး ပြန်သော သောဒတ်ချ ယောဂီ မစ္စတာစတီဗင်စမစ်သည် ရိပ်သာမှပို့လိုက်သော ဆရာတော်ဘုရား ကြီး၏ မွေးနေ့တော်အလှူ၊ ဖိတ်စာများလာပေးပြီး၊ ၎င်း စခန်းတွင် ဆက်၍ တရားအားထုတ်ပါသည်။ ည ၈ နာရီ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရား ဟောကြားတော်မူပါသည်။ ရန်ကုန်အဖွဲ့ချုပ်သို့ ခရီးသွားမှတ်တမ်းပေးပို့ပါသည်။

## ပါရီမြို့သို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၄ ရက်၊ (ဇူလိုင်လ ၁၂ ရက်) အရုဏ်အဖွဲ့မှ အသက် လွှတ်ဆွမ်းများ ဆက်ကပ်ပါသည်။ နံနက် ၈နာရီ ဘိက္ခုမေတ္တာဝိဟာရီ ပါဝါလ်ဝစ်သို့ ကား ၂စီးနှင့်သွားကြပါသည်။ ၁၀း၁၅ ခန့်ရောက်ရှိကြ ပါသည်။ ခရီးမှာ ကီလိုမီတာ ၁၁၂ ခန့်ရှိပါသည်။ ဝါလ်ဝစ်ဗုဒ္ဓာရာမ ကျောင်းမှ စားသောက်စရာ ဖွယ်ဖွယ်ရာရာ ချိုချဉ်၊ သစ်သီးမျိုးစုံတို့နှင့် နေ့ဆွမ်းဆက်ကပ်ပါသည်။ မွန်းလွဲ ၂နာရီခန့် အမ်စတာဒမ်မြို့သို့ ကား များ နှင့် သွားကြပါသည်။ ၃ နာရီ အချိန်ခန့် ရောက်ရှိကြပါသည်။ Holland International Ronoluanrt)မှ ရေယာဉ်နှင့်မြို့ကို လှည့်ပတ် ကြည့်ရှုကြပါသည်။

၎င်းမြို့တွင် တူးမြောင်း ၁၀၀ ကျော်နှင့်တံတားကြီးငယ် ၁၀၀၀- ရှိသည်ဟု ပြောပြပါသည်။ မြို့ဟောင်းဘက်ရှိ အိမ်များ ကျဉ်းမြောင်း သောကြောင့်၊ အပေါ်ဆုံးအထပ် ထိပ်ဘက်၌ ပူလီ (Chain Block) ချိတ်ဆွဲရန် သံကောက်ကြီးများတင်ဆင်ထားသည်ကို တွေ့ကြရပါသည်။ အိမ်ထောင်ပရိဘောဂများကို အပေါ်ထပ်သို့ တင်လိုသောအခါ၊ ၎င်း သို့နှင့်ချိတ်ဆွဲ၍ တင်ရပါသည်။ လှေခါးများမှာ ကျဉ်းမြောင်းသော

ကြောင့် ဖြစ်ပါသည်။ အမ်စတာမြစ်ဝ၌ ဒမ်ခေါ် ရေသာတာများ ဆောက်လုပ်ပြီး တည်ထားသောကြောင့်၊ ၎င်းမြို့ကို အင်စတာဒင်ဟု ခေါ်ဆိုသမုတ်ကြပါသည်။ ရိုကာဒမ်မှလည်း ထိုနည်းဘူ မှည့်ခေါ်ဆည် ဟု ပြောကြပါသည်။ ဟော်လန်နိုင်ငံ မြေမျက်နှာပြင်မှာ ညီညာပြီး ကုးမြောင်းများစွာရှိသောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အကြီး အကျယ် လုပ်ကိုင်ကြပါသည်။ ဆွစ်ဇာလန်တွင် နာရီစင် နေရာဘကာ လိုလိုပင်တွေ့ရသကဲ့သို့ ဟော်လန်နိုင်ငံတွင် နေရာတိုင်းလိုလို လေရဟတ် ( )များကို တွေ့မြင်ရပါသည်။ ဟော်လန်နိုင်ငံထွက် နို့ဆီနှင့် နို့ထွက်ပစ္စည်းများမှာ ကမ္ဘာတွင်ထင်ရှားကျော်ကြားပါသည်။ တီဒေါ်ပ် ကျောင်းဘုန်းကြီး ဦးပုညဓမ္မာစတာဒမ်အနီး ရှိပဟိုးသေဆိပ်သို့ သွား ကြပါသည်။ ၆ နာရီ လေယာဉ်ထွက်၍ ပါရီဒီဂေါလ်လေဆိပ်သို့ ၇– နာရီအချိန်ခန့် ရောက်ပါသည်။ လေယာဉ်လက်မှတ်ကို ဦးမေတ္တာဝိဟာရီ က လှူဒါန်းပါသည်။ လေဆိပ်၌ မြန်မာသံအမတ်ကြီး ဦးစောလှိုင် နှင့် သံအရာရှိများ၊ ဗီယက်နမ်ဘုန်းကြီး ဒေါက်တာခန္တီဓမ္မောနှင့် ဒကာများ လာရောက်ကြိုဆိုကြပါသည်။ သံအမတ်ကြီးဦးစောလှိုင်က ၎င်း၏နေအိမ် ကိုကျောင်းအဖြစ် သီတင်းသုံးတော်မူပါရန် လျှောက်ထားသဖြင့်၊ ၂၆– ကီလိုမီတာခန့် ကွာဝေးသော သံအမတ်ကြီးအိမ်သို့ ထွက်ခွာလာကြရာ၊ ည ၈ နာရီအချိန်ခန့် ရောက်ရှိကြပါသည်။

ဝါဆိုလဆုတ် ၅ ရက်၊ (ဇူလိုင်လ ၁၃ ရက်) အရုဏ်နှင့်နေ့ဆွမ်းကို သံအမတ်ကြီး ဦးစောလှိုင် အမှူးပြု၍ သံရုံးသူ/သား တို့က မြန်မာစား သောက်ဖွယ်ရာအမြောက်အမြား ကိတ်မုန့်မျိုးစုံ၊ ချိုချဉ်၊ သစ်သီး စသည်တို့ဖြင့် စုံလင်စွာ ဆက်ကပ်ကြပါသည်။ နေ့ဆွမ်းစားပြီး သံအမတ်ကြီးက ဆရာ တော်ဘုရားကြီး နှင့်အဖွဲ့အား မြို့ကို လိုက်လံပြသပါသည်။ ည ၉ နာရီ ဆရာတော်ဘုရားကြီးသည် သရဏဂုဏ်သီလပေးပြီး၊ အလုပ်ပေးတရား ဟောကြားတော်မူပါသည်။ ပရိသတ်မှာ သံအမတ်ကြီး မိသားစုနှင့် သံရုံးသူ/သား ၁၅ ဦးခန့်ရှိပါသည်။ ရာသီဥတုမှာ ပူးနွေး၍ကောင်းမွန် ပါသည်။

## မဟာယာနကျောင်းနှင့် တီဗယန်တူးခကျောင်းသို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၆ ရက်၊ (ဇူလိုင်လ ၁၄ ရက်)၊ အရုဏ်ကို သံအမတ်ကြီး မိသားစုတို့က ပူရီ၊ ကြက်သားဟင်း၊ ဟင်းသီးဟင်းရွက်၊ ကိတ်မျိုးစုံ သစ်သီးစုံတို့နှင့်ဆက်ကပ်ပါသည်။ နံနက် ၈ နာရီ အချိန်ခန့်တွင် ကားများနှင့် ၂၉ ကီလိုမီတာခန့်ဝေးသော မဟာယာနကျောင်းသို့ သွားကြပါသည်။ မဟာယာန ဘုန်းတော်ကြီးများ နှင့် ဒကာဒကာမ အမြောက်အများ ကျောင်းဝမှ ကြိုဆိုနေကြပါသည်။ ဗီယက်နမ်စားဖွယ်များသစ်သီးများနှင့် ကြားဆွမ်း ဆက်ကပ်ကြပါသည်။ ကျောင်းမှာ အတော်ပင်ကောင်းမွန် ကျယ်ဝန်းပါသည်။ အချို့သော ဒကာဒကာမများ ဆရာတော်ဘုရားကြီး အထံတော်၌ သရဏဂုဏ်နှင့် ငါးပါးသီလ ခံယူကြပါသည်။ ထိုနောက် ဒေါက်တာခန္တီဓမ္မော၏ ကီဗယန်တူးကျောင်းသို့ သွားရောက်ကြပါသည်။ ၎င်းကျောင်းမှာ ကောင်းမွန်သော်လဲ မဟာယာနကျောင်းလောက် မကြီး မကျယ်လှပါ၊ ဗီယက်နမ်အမျိုးသား/သမီး အမြောက်အများ ရောက်ရှိနှင့်ကြပါသည်။ ဗီယက်နမ်တချပ်စားသောက်ဖွယ်ရာများ၊ အချိုပွဲမှာ ပသျှူးမုန့်နှင့်တူသောကျောက်ကျော၊ ဟာလဝါကိတ်မုန့်၊ သစ်သီးမျိုးစုံတို့နှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။ ၎င်းပြင် အခြားလှူဖွယ် ဝတ္ထုအစုစုတို့ကိုလဲ လှူဒါန်းကြပါသည်။ နဝကမ္မပစ္စည်းငွေများကိုလဲ လှူဒါန်းကြပါသည်။ ပရိသတ်တွင် မြင်ကွန်းမင်းသားကြီး၏သမီးတော် ဒေါ်ဖြူ၏ သမီး ဒေါ်စိန်မြိုင် လဲပါပါသည်။ မွန်းလွဲ ၂ နာရီ ဒေါက်တာ ခန္တီဓမ္မော(ထေရဝါဒ)က ပရိသတ်နှင့် ဆရာတော်ဘုရားကြီးအား မိတ်ဆက်တရား ပြောကြားပြီး ဆရာတော်ဘုရားကြီး သာဓိပဋ္ဌာန်တရား အနည်းငယ်ဟောကြားပြီး ဆရာတော်ဦးဇနက အပြီးဟောကြားပါသည်။ ၎င်းနောက် တရားထိုင်ကြပါသည်။ ပရိတ်သတ် ၅၀ ခန့် ရှိပါသည်။ ညနေ ၆ နာရီခန့် သံအမတ်ကြီးအိမ်သို့ ပြန်ကြပါသည်။ ည ၉ နာရီ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပြီး တရားထိုင်ကြပါသည်။ တရားထိုင်ပြီးနောက် သံအမတ်ကြီးနှင့်တကွ သံရုံးသူ/သားများက လှူဖွယ်ဝတ္ထု အစုစုတို့ကိုလှူဒါန်းကြပါသည်။ ဆရာတော်ဘုရားကြီး အနုမောဒနာ ဟောကြားရေစက်ချအမျှဝေကြပါသည်။

ပါရီသည် ပြင်သစ်နိုင်ငံ၏မြို့တော်ဖြစ်ပါသည်။ စိန်းမြစ်ကို ခွ၍တည်ရှိပါသည်။ စာပေနှင့် သုခုမအနုပညာရပ်များအပြင် သိပ္ပံပညာအစရှိသော ပညာရပ်များ ထွန်းကားရာမြို့ဖြစ်သည်။ ကမ္ဘာပေါ်ရှိအလှအပဆုံးမြို့များထဲတွင် အပါအဝင်ဖြစ်ပါသည်။ ထင်ရှားသော အဆောက်အဦများမှာ ၁၂ ရာစုနှစ်အတွင်းက တည်ဆောက်သော နိုတရာဒမ်ကာသီဒရဲလ်ဘုရားရှိခိုးကျောင်းပေါ်တွင် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သော လူးဗရအနုပညာပြတိုက်၊ လပ်ဇင်ဘာခ် နန်းတော်နှင့် ဥယျာဉ်၊ နဝမလူဝီဘုရင်၏ နန်းတော်၊ ၁၈၈၉ ခုနှစ်က တည်ဆောက်ထားသော အီဖဲလ်မျှော်စင် ၎င်းမျှော်စင်မှာ ၉၈၄ ပေမြင့်ပါသည်။ အလွန်လှပသော တံတား ၃၀ နှင့် စိန်းမြစ်ကို ဖြတ်၍ ပေါင်းကူးထားပါသည်။

## လန်ဒန်သို့ ပြန်ကြွတော်မူခြင်း

ဝါလဆုတ် ၇ ရက်(ဇူလိုင်လ ၁၅ ရက်) အရုဏ်ကို သံအမတ်ကြီး မိသားစုတို့က ဆက်ကပ်ပါသည်။ ဆွမ်းစားပြီး ကီဗယန်တူးကျောင်း အဖွဲ့အတွင်းရေးမှူးနှင့် သံအမတ်ကြီး ကားတို့နှင့် လန်ဒန်သို့ ကြွတော်မူရန် ကာလေး (ပြင်သစ်) မြို့သွားကြပါသည်။ လမ်းတလျှောက်တွင် စိုက်ခင်းများတွေ့ရှိရပါသည်။ များသောအားဖြင့် ဂျုံ၊ ဘီရှူးဂါး (သကြားမုံလာ)စိုက်ခင်းများဖြစ်သည်ဟု ပြောပါသည်။ မြေမျက်နှာပြင်မှာ ညီညာ၍ သစ်ပင်များမှာ မြန်မာပြည်ကအပင်များကဲ့သို့ စိုင်းဝန်းပါသည်။ အချို့သောနေရာများ၌ သမင်များ ဖြတ်ကူးတတ်သည်ဟု ရေးထားသောတောများကို တွေ့ရှိရပါသည်။ တယ်လီဖုံးတိုင်များကိုလဲ လမ်းတလျှောက်လုံး တွေ့ကြရပါသည်။ ကာလေးသို့ နံနက် ၈း၂၅ ရောက်ကြပါသည်။ ခရီးမှာ ၂၉၉ ကီလိုမီတာရှိပါသည်။ လူဝင်လူထွက်ဌာနက စစ်ဆေးပြီးသောအခါ ရေသျှပ်ယာဉ်ပေါ် တက်ကြပါသည်။ ပြင်သစ်အချိန် ၉း၂၅ ထွက်ခွါလာပါသည်။ ရေယာဉ်မှာ ခရီးသည် ၄၀၀ နှင့် မော်တော်ကား အစီး ၆၀ တင်ဆောင်နိုင်ပါသည်။ တနာရီ ၆၅ မိုင်နှုန်း ပြေးပါသည်။ ခုတ်မောင်းနေစဉ်မှာ စက်သံမှာ အလွန်ပင် ညံပါသည်။

ရေပေါ်လျှပ်မောင်း၍ လှိုင်းဒဏ် မခံရသော်လဲ ရေအလွန်စင်သော ကြောင့် မှန်ပြတင်းပေါက်များမှာ အမြဲတမ်းလိုပင် မှုံနေ၍ အပြင်သို့ ကောင်းမွန်စွာ မမြင်ရပါ၊ ဗြိတိသျှရေလက်ကြားကို ဖြတ်မောင်းပြီး ဗြိတိသျှ အချိန် ၉း၂၅ ဒိုဗာ (အင်္ဂလိပ်ကမ်း)သို့ ဆိုက်ရောက်ပါသည်။ ဦးစိန်ထွန်းအောင်၊ ဒေါက်တာဦးဝင်းမောင်၊ ဦးသိန်းထွန်းနှင့်ဒေါက်တာ ရှောထွန်းကျော်တို့ လာရောက်ကြိုဆိုနေကြပါသည်။ ယာဉ်မောင်းချိန် မှာ မိနစ် ၃၀ခန့်မျှရှိပါသည်။ ၎င်းမှ လန်ဒန် ဦးမောင်မောင် နေအိမ် သို့ ကားများနှင့် သွားကြရာ ၁၁း၃၀ အချိန်ခန့် ရောက်ကြပါသည်။ နေ့ဆွမ်းကို ဦးမောင်မောင် မိသားစုက ၎င်းတို့အိမ်၌ ဆက်ကပ်လှူဒါန်း ပါသည်။ ဆွမ်းစားပြီး ဆရာတော်ဘုရားကြီး အနုမောဒနာ ဟောကြား ပြီး ရေစက်ချအမျှဝေကြပါသည်။ ထိုမှ ဒေါ်အုံးမြင့် နေအိမ်သို့ သွား ကြပါသည်။ ဒေါ်အုံးမြင့်က ၎င်း၏နေအိမ်ကို ကျောင်းအဖြစ် သီတင်း သုံးတော်မူပါရန် လျှောက်ထား၍ ၎င်းအိမ်၌ တည်းနေကြပါသည်။ နောက်တနေ့ ဗန်ကောက်သို့ ကြွမည်ဖြစ်သောကြောင့် တချိန်လုံးလိုလိုပင် မြန်မာ ဒကာ ဒကာမများ ဆရာတော်ဘုရားကြီးအား လာရောက်၍ ဖူးမျှော်ကန်တော့ကြပါသည်။ ည ၈ နာရီခန့် ဦးမြက်စော ဒေါ်စန်းရီ မိသားစုတို့ ဆရာတော်ဘုရားကြီးအား ကန်တော့ရန် ရောက်လာကြပါ သည်။ဆရာတော်ဘုရားကြီးသည် မြန်မာနှင့် ဗုဒ္ဓဘာသာဝင်အခြားဒကာ ဒကာမများအား နှုတ်ဆက်တရား ဟောကြားတော်မူပြီး ည ၁၀း၃၀ အချိန် နားနေတော်မူပါသည်။ ရာသီဥတုမှာ ကောင်းမွန်ပါသည်။

## ဗန်ကောက်မြို့သို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၈ ရက်၊ (ဇူလိုင် ၁၆ရက်) နံနက် ၆နာရီ ဒေါ်အုံး မြင့် မိသားစုနှင့် အခြား ဒကာ ဒကာမများက အရုဏ်ဆွမ်းဆက်ကပ်ကြ ပါသည်၊ ဆရာတော်ဘုရားကြီးသည် သရဏဂုဏ်သီလပေး အနုမောဒနာ တရားများ ဟောကြားတော်မူပြီး အမျှအတမ်း ပေးဝေကြပါသည်။ နံနက် ၇ နာရီ ကားများနှင့် ဟိသ်ရိုးလေဆိပ်ကို သွားကြပါသည်။ ၈ နာရီ လေဆိပ်ရောက်ပါသည်။ မြန်မာနှင့် အခြား ဗုဒ္ဓဘာသာဝင်

သူတော်စဉ် အမြောက်အမြား လာရောက်၍ ကန်တော့ကြပါသည်။ လေယာဉ်ပေါ်သို့ ၉ နာရီကျော်ခန့် တက်ရောက်ပြီး ၁၀ နာရီခန့် လေယာဉ်ထွက်ပါသည်။ နေ့ဆွမ်း လေယာဉ်ပေါ်၌ စားကြပါသည်။ ကြိုတင်စီစဉ်ထားသဖြင့် ဆရာတော်ဘုရားကြီးကို အသက်လွှတ်ဆွမ်းကပ်ပါသည်။ ရောမမြို့သို့ မွန်းလွဲ ၁ နာရီရောက်ပါသည်။ ခရီးမှာ မိုင်ဂ၉၀ ရှိပါသည်။ ၎င်းလေဆိပ်၌ လေယာဉ်မှုထမ်း အသစ်လဲလှယ်ပါသည်။ စားဖွယ်သောက်ဖွယ်များကိုလဲ ဖြည့်တင်းပါသည်။ မွန်းလွဲ ၃ နာရီအချိန်ခန့် ရောမမြို့ ဖြူးမီးစီယိုလေဆိပ်မှ ထွက်ခွာလာပါသည်။ ရာသီဥတုမှာ ကောင်းမွန်သဖြင့် စိမ်းလန်းစိုပြေနေသော ကုန်းမြေနှင့် အပြာရင့်ရောင် မြေထဲပင်လယ်ကို လေယာဉ်ပေါ်မှ ကောင်းစွာ တွေ့မြင်ရပါသည်။ လေယာဉ်မှာ အီဂျစ်ပြည်ဘက်သို့ ပျံသန်းနေပါသည်။ မြေထဲပင်လယ်ကို အတန်ငယ်ဖြတ်ကျော်ပြီးနောက် ခြောက်သွေ့နေသော သဲသောင်ပြင်၊ သဲလွင်ပြင်နှင့် သံတောင်ကုန်းပီးရမစ်များကို ခပ်လှမ်းလှမ်းမှတွေ့မြင်ရပါသည်။ ရှုမျှော်ခင်းတခုလုံးမှာ ခြောက်သွေ့ညှိုးမှိုင်းနေပါသည်။ ကိုင်ရိုမြို့အနီး ရောက်သောအခါ အနောက်ဘက် မိုးကုတ်စက်ဝိုင်းတွင် နေလုံးသည် တစိမ့်စိမ့် ပြုပ်ဝင်နေသည်ဟု မှတ်ထင်ရပါသည်။ ညနေ ၆ နာရီ ကိုင်ရိုမြို့သို့ဆိုက်ရောက်ပါသည်။ ပျံသန်းချိန် ၃း၂၀၊ ကွာခြားချိန် ၁ နာရီ၊ ခရီးမှာ ၁၃၀၀ မိုင် ရှိပါသည်။ ကိုင်ရိုလေဆိပ်မှာ ခြောက်သွေ့ပြီး သစ်ပင်မြက်ပင် အနည်းငယ်သာ တွေ့ရပါသည်။ ပူချိန် ၉၆° ဒီဂရီ ရှိပါသည်။ ညနေ ၇ နာရီ လေယာဉ်ထွက်ခွာပါသည်။ နောက်ဘက် ကောင်းကင်မှာ လင်းနေပြီး ရှေ့ဘက်ကောင်းကင်မှာ မှောင်နေသည်ကို တွေ့ရပါသည်။ အဘူဒါဘား (ယူအေအီး) မြို့သို့ သန်းခေါင်ကျော် ၁၂း၄၀ အချိန် ဆိုက်ရောက်ပါသည်။ အပူချိန် ဂဂ° ရှိပါသည်။ ပျံသန်းချိန် ၃ နာရီခန့်ရှိပါသည်။ ကွာခြားချိန် ၁း၁၅ ခန့် ရှိပါသည်။ စားဖွယ်သောက်ဖွယ်များ အသစ်ဖြည့်တင်းပါသည်။

ဝါဆိုလဆုတ် ၉ ရက်၊ (ဇူလိုင်လ ၁၇ ရက်)၊ နံနက် ၂ နာရီလေယာဉ် ထွက်ခွာပါသည်။ နာရီဝက်ခန့် အကြာတွင် နံနက်စာ ကျွေးပါသည်။

အရုဏ်မတက်သေး၍ မစားကြပါ။ နံနက် ၅ နာရီခန့်အချိန်တွင် လင်းပါသည်။ ၆း၄၀ နယူးဒေလီသို့ ဆိုက်ရောက်ပါသည်။ ၇း၅၀ အချိန်လေယာဉ် ထွက်ခွာပါသည်။ ၈း၃၀ အချိန် နံနက်စာ ကျွေးပါသည်။ နေ့လည် ၁၂း၅၅ အချိန် ဘန်ကောက်လေဆိပ်သို့ ရောက်ပါသည်။ ခရီးမှာ ၁၈၁၀ မိုင်၊ အပူချိန် ၉၀° ရှိပါသည်။ မြန်မာသံရုံးမှ ပဋ္ဌမအတွင်းဝန် ဦးသိန်းနှင့် အခြားအမှုထမ်းများ၊ ဆရာတော် ဦးအာသဘနှင့် ဒကာဒကာမများ၊ ဦးထွန်းသိန်း-ဒေါ်မေမေပု၊ ဦးကျော်စိုး (ဦးခင်မောင်စိန်ကိုယ်စားလှယ်) နှင့် အခြားသံဃာတော်များ၊ ဒကာ ဒကာမများ လာရောက်ကြိုဆိုနေကြပါသည်။ ၎င်းလေဆိပ်မှ ချွန်တူရီသို့ ထွက်ခွာလာရာ ညနေ ၄ နာရီခန့် ရောက်ရှိပါသည်။(လေယာဉ်ကွင်းမှ ၂ နာရီ ထွက်ခွာလာပါသည်။) ည ၇း၃၀ ဆရာတော်ဘုရားကြီး တရားဓမ္မများ ဟောကြားတော်မူရာ ဆရာတော် ဦးအာသဘ ထိုင်းဘာသာပြန်ဆိုပါသည်။ ရာသီဥတုမှာ ပူအိုက်ပါသည်။

လန်ဒန်မှ ဘန်ကောက်ခရီးမှာ မိုင် ၆၇၀၀ ကျော်ရှိပါသည်။ပျံသန်းချိန် ၁၇ နာရီဖြစ်ပါသည်။ ကွာခြားချိန် ၇ နာရီ ဖြစ်ပါသည်။

## ဘန်ကောက်မြို့ ဝတ်မဟာယသို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၁၀ ရက်၊ (ဇူလိုင်လ ၁၈ ရက်)၊ အရုဏ်ကို ဒေါ်မေမေပု၊ မသန်းသန်းတို့က ဆက်ကပ်ပါသည်။ နံနက် ၈ နာရီ ကားများနှင့် ဘန်ကောက်မြို့ ဝတ်မဟာထသို့ ကြွတော်မူပါသည်။ ဝတ်မဟာထမှ စားသောက်ဖွယ် မျိုးစုံ၊ ချိုချဉ် ဒူးရင်းသီး စသော သစ်သီးမျိုးစုံတို့နှင့် နေ့ဆွမ်း ဆက်ကပ်ပါသည်။ မွန်းလွဲ ၁း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူပါသည်။ ရဟန်းရှင်လူ ပရိသတ် ၅၀၀ ကျော်ခန့် ရှိပါသည်။ ညနေပိုင်းတွင် မဟာမာကုဋ် သံဃာ့တက္ကသိုလ်သို့ ကြွရောက်၍ သတိပဋ္ဌာန်တရား ဟောကြားတော်မူရာ သံဃာပရိတ်သတ် ၂၀၀ ခန့် ရှိပါသည်။ ၎င်းမှ ထိုင်းသံဃာ့ရာဇာအား သွားရောက်ဖူးမျှော်ကြပါသည်။ သံဃာ့ရာဇာသည် ဆရာတော်ဘုရားကြီးထက် ဝါကြီးသည်

ဟု ကြားသိရပါသည်။ ည ၈ နာရီခန့် ဝတ်မဟာထသို့ ပြန်ရောက်ကြပါသည်။ ဝတ်မဟာထ၌ သံဃာ ၁၀၀၀ ခန့်ရှိသည်ဟု ကြားသိရပါသည်။ ရာသီဥတုမှာ ပူအိုက်လှပါသည်။

ဝါဆိုလဆုတ် ၁၁ ရက် (ဇူလိုင်လ ၁၉ ရက်)၊ အရုဏ်ကို ဝတ်မဟာထမှ ဒကာဒကာမများက ဆက်ကပ်ပါသည်။ လန်းပန်းသို့ သွားရန် ပြည်တွင်းလေဆိပ်သို့ ကားများနှင့် ၆း၃၀ ဝတ်မဟာထမှ ထွက်ခွာလာကြပါသည်။ နွယ်ခေါင်းစွမ်မှ ဆရာတော် ဦးသောဘနလဲ လိုက်ပါလာပါသည်။ ၈ နာရီအချိန် လေယာဉ်ထွက်၍ ၁၀း၄၅ လန်းပန်းသို့ ရောက်ရှိကြပါသည်။ ခရီးမှာ မိုင် ၃၀၀ ခန့် ရှိပါသည်။ လေဆိပ်တွင် ဝတ်ထမအိုမှ ဆရာတော် ဦးမေဓာနန္ဒနှင့် ဒကာဒကာမများ၊ ဝတ်စီကျုံမှ ဆရာတော် ဦးပညာဝံသနှင့် ဒကာ ဒကာမများ၊ ဦးထွန်းသိန်း၏သမီး မစိုးစိုးတို့လာရောက်ကြိုဆိုနေကြပါသည်။နေ့ဆွမ်းကို ဝတ်တမာအိုဌ် စားသောက်စရာ ဖွယ်ဖွယ်ရာရာ ချိုချဉ် သစ်သီးစုံတို့နှင့် ဆက်ကပ်ပါသည်။ အခြားလှူဖွယ်ဝတ္ထုအစုစုတို့ကိုလဲ လှူဒါန်းပါသည်။ ညနေ ၄ နာရီတွင် ဆရာတော်ဘုရားကြီး ချမ်းသာရေးတရားဟောကြားတော်မူပြီး ဆရာတော် ဦးဇနက အလုပ်ပေးတရားဟောကြားပါသည်။ ပရိသတ်မှာ ရဟန်းရှင်လူ ၅၀ ခန့် ရှိပါသည်။ ရာသီဥတုမှာ ပူအိုက်ပါသည်။

## ဇင်းမယ်သို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၁၂ ရက် (ဇူလိုင်လ ၂၀ ရက်)၊ အရုဏ်စားပြီး လန်းပန်းရှိ ကျောင်းများကို သွားရောက်ကြည့်ရှုကြပါသည်။ ဆရာတော် ဦးပညာဝံသက ၎င်း၏ကျောင်း ဝတ်စီကျုံ၌ နေ့ဆွမ်းကပ်ပါသည်။ ဆွမ်းကပ်ပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကိုလဲ လှူပါသည်။ ဆရာတော်ဘုရားကြီး သရဏဂုဏ်သီလပေးပြီး အနုမောဒနာတရား ဟောကြား၍ ရေစက်ချ အမျှဝေကြပါသည်။ ပရိသတ် ၆၀ ခန့် ရှိပါသည်။ ညနေ ၄ နာရီခန့်တွင် လန်းပန်းဂိုဏ်းအုပ်ဆရာတော်ကို သွားရောက်ကန်တော့ကြပြီး

ကားများနှင့် ဇင်းမယ်သို့ ခရီးထွက်ခွာလာကြပါသည်။ ဝတ်ပါဖန်မှ ဦးသာသနလဲ လိုက်ပါလာပါသည်။ ပထမထွက်ခါစ မြေပြင်မှာညီညာပြီး လမ်းဘေးတွင် လယ်ကွင်းများကို တွေ့ရပါသည်။ နောက်တဖြေးဖြေး မြေပြင်မှာမြင့်တက်လာပြီး လယ်များနည်းပါး၍ မြိုင်ယံနှင့် သစ်ပင်များ ထူထပ်လာပါသည်။ ငှက်ပျောခြံများလဲ တွေ့ရပါသည်။ ရံဖန်ရံခါ ဓာတ်ဆီဆိုင်၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းများကို တွေ့ကြရပါသည်။ လမ်းမှာတဖြေးဖြေးနိမ့်လာပြီး လယ်များကိုတဖန် ပြန်တွေ့ရပါသည်။ ညနေ ၆ နာရီအချိန်ခန့် ဇင်းမယ်သို့ရောက်ကြပါသည်။ ယောကျ်ားများ ခြင်းခတ်ကစားသည်ကို တွေ့ရပါသည်။ ခရီးမှာ ၉၆ ကီလိုမီတာ ရှိပါသည်။ ဝတ်မောင်းမန်း၌ သီတင်းသုံးပါသည်။ ကျောင်းဘုန်းကြီး ဦးသီရိမင်္ဂလာနှင့် ဒကာ ဒကာမများက အသင့်ကြိုဆိုနေကြပါသည်။ ခေတ္တနားပြီး ဆရာတော်ဘုရားကြီး နှုတ်ဆက်မိန့်ခွန်း ဟောကြားတော်မူပါသည်။ လန်းပန်း ဦးသာသန ဘာသာပြန်ပါသည်။ ၎င်းကျောင်းတွင် ရဟန်း ၂၉ ပါး၊ သာမဏေ ၁၃ ပါးနှင့် သီလရှင် ၄၀ ခန့် ရှိပါသည်။ ည ၈:၃၀ ဆရာတော်ဘုရားကြီး သရဏဂုဏ်သီလပေးပြီး ချမ်းသာရေး တရား အနည်းငယ်ဟောကြားပြီး ဆရာတော် ဦးဇနက အပြီးတိုင်ဟောပါသည်။ ပရိသတ် ၁၂၀ ခန့်ရှိပါသည်။ ရာသီဥတုမှာပူအိုက်လှပါသည်။ ဆရာတော်ဘုရားကြီး သီးသန့်အခန်းတွင် သီတင်းသုံး၍ ကျန်သံဃာတော်များ ၂ ခန်းခွဲ၍ နေကြပါသည်။ ကိုရင်လေးများသည် ရေခဲ အဖျော်ရည်တို့ မပြတ်လပ်စေရန် အစဉ်ဂရုတစိုက် ကြည့်ရှုဖြည့်ပေးပါသည်။

## ဝက်တပေါ်တာရာမတောကျောင်းသို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၁၃ ရက်၊ (ဇူလိုင်လ ၂၁ ရက်) အရုဏ်စားပြီးနောက် ၃ ကီလိုမီတာခန့် ကွာဝေးသော ဌာနခွဲတောကျောင်း ဝက်တပေါ်တာ ရာမ ကမ္မဋ္ဌာန်းကျောင်းသို့ သွားကြပါသည်။ ၎င်းကျောင်းတွင် စေတီ တဆူရှိရာ ၎င်းစေတီတော်ထဲတွင် သဖန်းပင်တွင်းမှ ရသော ဓာတ်တော် များဌာပနာထားပါသည်။သဖန်းပင်မှ ရောင်ခြည်လွှတ်သည်ကို လူအများ

တွေ့သောအခါ ဇင်မယ်စော်ဘွားအား လျှောက်ထားရာ စော်ဘွား ကိုယ်တိုင် သွားရောက် အစိဋ္ဌာန်ပြုရာ ရောင်ခြည်တော်များ ကွန့်မြူး သည်ကို ကိုယ်တိုင်ကြည်ညိုပြီး ယခု စေတီရှိရာ၌ ဌာပနာပြီး တည်ထား ကိုးကွယ်သည်ဟု ပြောကြပါသည်။ ဆရာတော်ဦးသုမင်္ဂလ(အကျမ်းသုံး) သည် ဆရာတော်ဘုရားကြီးထံမှောက်၌ ဝိပဿနာတရားများကိုအားထုတ် ခဲ့ပါသည်။ ၎င်းဝတ်တပေါ်တာရာမသည် တောကမ္မဋ္ဌာန်းကျောင်းဖြစ် ပါသည်။ ယောဂီများနေရန် တယောက်ကျောင်းငယ် မြောက်များစွာ ရှိပါသည်။၎င်းတို့မှာ တောကျောင်းဖြစ်လင့်ကစား အလွန်ကောင်းမွန်ပါ သည်။ ကုဋီ၊ ရေချိုးခန်း၊ အိပ်ခန်းများ ပါရှိသော တထပ်တိုက်ကျောင်း ဖြစ်ပြီး သတ္တုခြင်စကာများ တပ်ဆင်ထားပါသည်။ ရဟန်း ရှင် လူ ယောဂီအားလုံး ပေါင်း ၇၂ဦး ရှိပါသည်။

ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူရာ ထိုင်း အမျိုးသား ဦးသာ ထိုင်းဘာသာပြန်ဆိုပါသည်၊ ဦးသာမှာ ငယ်စဉ်က မော်လမြိုင်မြို့တွင် စာသင်ဘူးပါသည်။ ပရိသတ်မှာ ၁၀၀ခန့်ရှိပါသည်။ ဖွယ်ဖွယ်ရာရာ စားစရာများ ချိုချဉ်သစ်သီးမျိုးစုံတို့နှင့် ဆက်ကပ်ပါ သည်။ အပြန်တွင် သီဟို မဟာဗောဓိနှင့် ဆင်တူ တည်ထားသော ဝတ်ဖာစင်သို့ ဝင်ရောက်၍ တရားအနည်းငယ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူပါသည်။ ညနေ ၅ နာရီခန့် ကျောင်းသို့ပြန်ရောက် ကြပါသည်။ ည ၈ နာရီ ခကာ ဒကာမများက သက်န်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ဆက်ကပ် လှူဒါန်းကြပါသည်။ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရား ဟော ကြားတော်မူပြီး ဦးသာသနာ့ ဘာသာပြန်ဆိုသည်။ ရာသီဥတုမှာ ပူအိုက်ပါသည်။

## ဇင်းမယ် မြသပိတ်ဘုရားသို့ ကြွတော်မူခြင်း

ဝါဆိုလဆုတ် ၁၄ ရက်၊ (ဇူလိုင်လ ၂၂ ရက်) အရုဏ်ကို အသား ယာဂု၊ ကျောက်ကျော၊ ဟာလဝါ၊ ချိုချဉ် သစ်သီးမျိုးစုံတို့နှင့်ဆက်ကပ်


ပါသည်။ နံနက် ၇း၃၀ အချိန်ခန့်တွင် ၁၇ကီလိုမီတာခန့် ဝေးသော ဇင်းမယ်မြသပိတ်တောင်သို့ သွားကြပါသည်။ တောင်ပေါ်သို့ ကားနှင့် အတန်ငယ်သွားနိုင်ပါသည်။ ကားပေါ်မှဆင်းပြီး တောင်ထိပ်သို့တက်ရာ လှေခါးမှာ ၂၉၄ထစ်ရှိပါသည်။ တထစ်လျှင် ၉ လက်မခန့်ရှိပါသည်။ ၉း၃၀ တောင်ထိပ်ပေါ်သို့ ရောက်ပါသည်။ ၎င်းနောက် မိုးရွာလာပါ သည်။ တောင်ထိပ်ပေါ်မှကြည့်လျှင် ဇင်းမယ်နှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်စွာ မြင်တွေ့ကြရပါသည်။ တောင်မှာ အတော်မြင့်မားပါ သည်။ ၁၁ နာရီအချိန်ခန့်တွင် ကောင်းမွန်လှသော စားသောက်စရာ အဖြာဖြာချိုချဉ်သစ်သီးစုံစသည်တို့ဖြင့်နေ့ဆွမ်းဆက်ကပ်ပါသည်၊မိုးမှာလဲ တဖွဲဖွဲ ရွာသွန်းလျက် ရှိပါသည်။ ၎င်းတောင်ထိပ်ရှိကျောင်းမှာ ကမ္မဋ္ဌာန်း ကျောင်းဖြစ်ပါသည်။ ယောဂီ သံဃာ ၂၀ ခန့်နှင့် လူသီလရှင် ၅၀ ခန့် ရှိပါသည်။ မွန်းလွဲ ၁း၃၀ တွင် ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူရာ ဦးသာ ကိုင်းဘာသာပြန်ပါသည်။ ပရိတ်သတ် ၁၀၀ ကျော်ခန့် ရှိပါသည်။ ၃ နာရီခန့် ပြန်ထွက်လာပြီး လမ်းတွင် ဝတ်စုံဒေါက်သို့ ခေတ္တဝင်ရောက်ပါသည်။ ကျောင်းသို့ ညနေ ၄း၃၀ ခန့် ပြန်ရောက်ကြပါသည်။ ည ၇း၃၀ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန် တရားအနည်းငယ်ဟောကြားတော်မူပြီး ဆရာတော်ဦးဇနက အပြီးတိုင် ဟောကြားပါသည်။ ထိုင်းနိုင်ငံကိုတွေ့ခဲ့ရသော ဆင်းတုတော်များ အားလုံးလိုလိုပင် ပိတ်သကန်းတော်များ ဝတ်ထားသည်ကို တွေ့ကြရပါ သည်။ ကျောင်းသို့ဝင်တိုင်း ဆရာတော်ဘုရားကြီးမှာ ဖယောင်းတိုင်နှင့် အမွှေးတိုင်များနှင့် ပူဇော်ပြီး ဘုရားဝတ်ချရပါသည်။ မိုးရွာသော ကြောင့် အပူသက်သာပါသည်။

## ဘန်ကောက်သို့ ပြန်လည် ကြွတော်မူခြင်း

ဝါဆိုလကွယ်နေ့ (ဇူလိုင်လ ၂၃ ရက်) အရုဏ်ကို အသားယာဂု၊ ဝက်ခြေထောက် စွတ်ပြုတ်၊ ငါးဟင်း၊ ကြက်သား ဝက်အူချောင်း၊ ဟင်းသီးဟင်းရွက်များ ချိုချဉ်သစ်သီးစုံနှင့် ဆက်ကပ်ပါသည်။ နံနက် ၇း၃၀ ခန့် ဝတ်ဖာထဟာလီဖွန်ချိုင်ကျောင်းသို့ ကားများနှင့် သွားကြ



(၂၇) ဇင်းမယ်ရှိ ဝပ်ဆွမ်ဒေါင်စေတီတော်ပံ



(၂၈) ဇင်းမယ်ရှိ ဝပ်ဆူဖရမ်စေတီတော်ပုံ

ပါသည်။ ကျောင်းမှာ အလွန်ခန့်ငြားကောင်းမွန်ပါသည်။ မှန်စီရွှေချ တိုင်များ၊ တံခါးနှင့် ပြူတင်းပေါက်တံခါးများတွင် သိကြားနတ်ဘီလူး စသောအရုပ်များကိုထွင်းပြီး ရွှေချထားပါသည်။ မျက်နှာကျက်ကိုလဲ ယိုးဒယားပန်းရုပ်စုံတို့နှင့် လှပစွာတန်ဆာဆင်ထားပါသည်။ မောင်မန်း ဘုန်းကြီး မဲဆိုင်းမြို့ပိုင်ဘုန်းကြီး ဦးဝိလာသ၊ နှမ်ခေါင်းစွမ်ဦးသောဘန၊ ဝတ်စီချန် ဦးပညာဝံသ၊ ဝတ်ပါဖန် ဦးသာသနဝှတို့လဲ လိုက်ပါလာကြ ပါသည်။ ဆရာတော်ဘုရားကြီး သဟိပဋ္ဌာန်တရားဟောကြားတော်မူပြီး ဦးဝိလာသ ဘာသာပြန်ပါသည်။ ဦးဝိလာသ (ထိုင်း)သည် မန္တလေး၌ စာဝါတက်ခဲ့ပြီး မြန်မာစကားကောင်းမွန်စွာ ပြောတတ် ပါသည်။ ရဟန်းရှင်လူပရိတ်သတ် ၇၅ ဦးခန့် ရှိပါသည်။ တရားပွဲအပြီး တရား ထိုင်ကြပါသည်။ ၁၁ နာရီအချိန်ခန့်တွင် နေ့ဆွမ်းကပ်ပါသည်။ မွန်း လွဲ ၁း၁၅ မိနစ်ခန့်တွင် ဖရာဗုဒ္ဓပတဖသို့ သွားပါသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဤအရပ်၌ ရေသနုတ်လှမ်းသည်ကို အထိမ်း အမှတ်အဖြစ် တည်ဆောက်ထားသော ကျောင်းဖြစ်သည်ဟု ပြောပါ ဖရာဗုဒ္ဓပတဖမှာ ဘုရားရေသနုတ်လှမ်းရာ ကျောင်းဟု ဆိုလိုပါသည်။ ကျောင်းတွင် ပရိယတ္တိ ပရိပတ္တိနှစ်ရပ်စလုံး သင်ကြား၍ သံဃာ ၉၂ ပါး သာမဏေ ၉၁ ပါးနှင့် သီလရှင်များ ရှိပါသည်။ စေတီ၊ ဓမ္မာရုံနှင့် ကမ္မဋ္ဌာန်းကျောင်းများမှာ အလွန်ကောင်းပါသည်။ မူလက မြသပိတ် ဆရာတော်အုပ်ချုပ်ခဲ့သော်လည်း ယခုလက်ရှိဆရာတော်အား လွှဲပြောင်း ပေးထားပါသည်။ ဆရာတော်မှာ သက်တော် ၇၂ နှစ် ဝါတော် ၆၂ ဝါရှိပါသည်။ ပရိတ်သတ်က ဆရာတော်ဘုရားအထံတော် ငါးပါးသီလ တောင်းခံ၊ ဆရာတော်ဘုရားကြီး သရဏဂုဏ် သီလပေးပြီး သတိပဋ္ဌာန် တရား ဟောကြားတော်မူရာ ဦးဝိသာလ ဘာသာ ပြန်ဆို ပါသည်။ ပရိတ်သတ် ၄၀၀ ကျော်ခန့် ရှိပါသည်။ ဇရပ်တန်ဆောင်းများတွင် မြန်မာပြည်မှာ ကဲ့သို့ပင် သိဒ္ဓတ္ထမင်းသား ဆံပယ်ခန်း၊ ခန္ဓကမြင်းနှင့် အနော်မာကူးခန်း၊ ဝေဿန္တရာဇာတ်တော်ထဲမှ အခန်းများ၊ သုဝဏ္ဏ သာမ မြှားမှန်ခန်း အစရှိသော ဇာတ်တော်များထဲမှ ဝတ္ထုများ အကြောင်း ပန်းချီကားများ ဆွဲထားသည်ကို တွေ့ခဲ့ရပါသည်။

အဆိုပါ ကျောင်းမှ အပြန်တွင် ဇင်းမယ်ပဏ္ဍာသနှင့် မင်္ဂလတ္ထဒီပနီ ရေးသားပြုစုတော်မူသော ဆရာတော် (ပြုန်လွန်) သီတင်းသုံးတော်မူခဲ့ သော ဝတ်သီရိမင်္ဂလာကျောင်းသို့ ခေတ္တဝင်ကြပါသည်။ သက်တော် ၆၀၊ ဝါတော် ၃၉ ရှိ ဆရာတော် လုံဖော့သီရိကို ဖူးမျှော်ကန်တော့ခဲ့ရ ပါသည်။ ညနေ ၆း၃၀ အချိန်ခန့် ကျောင်းသို့ ပြန်လည်ရောက်ရှိကြပါ သည်။ ည ၈ နာရီတွင် သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များ နှင့် ဒကာ ဒကာမများတို့က ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လှူဖွယ် ဝတ္ထုအစုစုတို့နှင့် ဆက်ကပ်လှူဒါန်း ကန်တော့ကြပါသည်။ ဆရာတော် ဘုရားကြီးက နှုတ်ဆက်မိန့်ခွန်းဟောကြားအနုမောဒနာတရားများဟော ကြားတော်မူပြီး ရေစက်ချ အမျှဝေကြပါသည်။ ၎င်းနောက် အဝေး ပြေး ခရီးသည်တင်ဆောင်သော မော်တော်ယာဉ်နှင့် ည ၉ နာရီအချိန် ခန့် ဇင်းမယ်မှ ဘန်ကောက်သို့ ထွက်ခွာလာကြပါသည်၊ ၎င်းကားမှာ လေယာဉ်ကဲ့သို့ပင် ထိုင်ခုံများ တပ်ဆင်ထားပါသည်။ နံနက်စာ၊ နေ့လည် စာ၊ ညစာများကိုလဲ ကျွေးမွေးပါသည်။ တေးသံသာများကိုလဲ တလမ်း လုံး ဖွင့်လှစ်ပေးပါသည်။ ခရီးသည် ၂၄ ဦး တင်ဆောင် နိုင်ပါသည်။ အအေးခတ် အမြဲတမ်းပေးထားပါသည်။ ရေချိုးခန်း၊ ကုဋ္ဌိအစုံအလင် ပါရှိပါသည်။ဘန်ကောက်သို့ နံနက် ၅း၄၅ အချိန်ခန့် ရောက်ကြပါသည်။ ဦးသာသနာ၊ ဦးပညာစံသ၊ ဦးသောဘန၊ ဦးဝိလာသနှင့် ဦးသာတို့သဲ လိုက်ပါလာကြပါသည်။ ခရီးမှာ ၇၂၀ ကီလိုမီတာ ရှိပါသည်။

ဝါခေါင်လဆန်း ၁ရက်၊ (ဇူလိုင်လ ၂၄ ရက်)၊ ကားဆိပ်မှ တက်စီ ကားများနှင့် ဝတ်မဟာထသို့ သွားကြပါသည်။ အရုဏ်နှင့် နေ့ဆွမ်းကို ၎င်းကျောင်းမှ ဒကာ ဒကာမများက ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကျောက်ကျော၊ သစ်သီးစုံ၊ ချိုချဉ်နှင့် ဖွယ်ဖွယ်ရာရာ ဆွမ်း၊ ဆွမ်းဟင်း များကို ဆက်ကပ် လှူဒါန်းကြပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော် ဘုရားကြီး သတိပဋ္ဌာန်တရား ဟောကြားတော်မူရာ ဦးဝိလာသ ဘာသာ ပြန်ဆိုပါသည်။ တရားနာပရိသတ် ရဟန်း ၁၅၀၀ ခန့်နှင့် လူ ၂၀၀၀ ခန့် ရှိပါသည်။ ညဘက် ဥပုသ် ပြုကြပါသည်။ ရာသီဥတုမှာ ပူအိုက် ပါသည်။

ဝါခေါင်လဆန်း ၂ ရက်၊ (ဇူလိုင်လ ၂၅ ရက်)၊ အာရုဏ်စားပြီး နံနက် ၈ နာရီအချိန်ခန့်တွင် ချွန်ဘူရီသို့ သွားကြပါသည်။ နေ့ဆွမ်းကို ဆရာတော် ဦးအာသဘ၏ကျောင်းဒါယကာ ၎င်း၏ နေအိမ်၌ ဆက်ကပ်ပါသည်။ ည ၆း၃၀ ဆရာတော်ဘုရားကြီး ငါးပါးသီလ၊ ရှစ်ပါးသီလ ပေးတော်မူပြီး သတိပဋ္ဌာန် တရား ဟောကြားတော်မူရာ ဦးသာသနာ့ ဘာသာပြန်ပါသည်။

ဝါခေါင်လဆန်း ၃ ရက် (ဇူလိုင်လ ၂၆ ရက်)၊ အရုဏ်ဆွမ်းကို ဒေါ်မေမေပု မသန်းသန်းတို့က ကိုယ်တိုင်ချက်ပြုတ်၍ ဆက်ကပ်လှူဒါန်းပါသည်။ နေ့ဆွမ်းမှာမူ မသန်းနှင့် ၎င်း၏ခင်ပွန်း ကိုမောင်မောင်စိန်တို့က ဆက်ကပ်လှူဒါန်းကြပါသည်။ မွန်းလွဲ ၂ နာရီ ဆရာတော်ဘုရားကြီး ချမ်းသာရေးတရားဟောကြားတော်မူ၍ ဦးသာသနာ့ ဘာသာပြန်ဆိုပါသည်။

## ရန်ကုန်မြို့သို့ ပြန်ကြွတော်မူခြင်း

ဝါခေါင်လဆန်း ၄ ရက် (ဇူလိုင်လ ၂၇ ရက်)၊ ချွန်ဘူရီဝိဝေက အာသုံကျောင်း၌ နေ့ဆွမ်းစားပြီး နံနက် ၈ နာရီအချိန်ခန့် ဘန်ကောက်သို့ ကားများနှင့် သွားကြပါသည်။ ဝတ်မဟာထကျောင်း၌ ထားရှိခဲ့သော ပစ္စည်းများကိုယူ၊ ဝတ်မဟာထ ဆရာတော်အား နှုတ်ဆက်ပြီး၊ ဦးခင်မောင်စိန်နှင့် ဒေါ်အမာရီ တို့က ၎င်းတို့နေအိမ်သို့ ပင့်ဆောင်ပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပါသည်။ ၎င်းပြင် မတ်တတ်နာရီကိုးလုံးနှင့် အခြား သက်န်းအစရှိသော ဝတ္ထုပစ္စည်းများကို လှူဒါန်းကြပါသည်။ ဆရာတော်ဘုရားကြီး သရဏဂုဏ်သီလပေး အနုမောဒနာတရားများ ဟောကြားတော်မူပြီး ရေစက်ချအမျှဝေကြပါသည်။ ထို့မှ ဦးသိန်းထွန်း ဒေါ်မေမေပုတို့၏ နေအိမ်သို့သွားရောက်ပြီး မွန်းလွဲ ၃ နာရီအချိန် လေဆိပ်သို့ဆင်းကြပါသည်။ လေဆိပ်တွင်မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးသိန်းနှင့် အရာရှိများ၊ ဦးသိန်းထွန်းနှင့်ဇနီးမိသားစု၊ ကိုမောင်မောင်စိန် မသန်းသန်း၊ ဦးမောင်မောင် (အက်ဖအေအို)၊ ဦးသာ၊ ဦးလှဖေ

ဒေါ်တင်လှိုင်၊ ဦးခင်မောင်စိန်၏ မန်နေဂျာ ကိုကျော်စိုး၊ ဦးသောဘန၊ ဦးသာသန၊ ဦးအာသဘနှင့် ဒကာ ဒကာမ အမြောက်အများတို့သည် ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကန်တော့ကြပါသည်။ ဆရာတော်ကြီးနှင့်အတူ ကိုရင် အဂ္ဂစာရ(အမေရိကန်)နှင့် မစ္စတာရော့ဒနီစမစ်တို့လဲ ရိပ်သာတွင် တရားအားထုတ်ရန် လိုက်ပါလာကြပါသည်။ ဘန်ကောက်အချိန် ည ၇ နာရီခန့် လေယာဉ်သည် ဘန်ကောက်လေဆိပ်မှ ထွက်ခွာလာရာ မင်္ဂလာဒုံ လေဆိပ်သို့ ည ၇း၄၀ အချိန် ဆိုက်ရောက်ပါသည်။

## အတွဲ ၃

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

## ပြည်ပသာသနာပြုခရီးစဉ်ကြွ နှုတ်ဆက်တရားတော်

ဘုန်းကြီးတို့ ဒီကနေ့ နိုင်ငံခြားသွားပြီးတော့ သာသနာပြုဘို့ကိစ္စမှာ သက်ဆိုင်ရာဖြစ်တဲ့ တပည့်ပရိသတ်တွေက လာရောက်ပြီးတော့ ဖူးမျှော်ကန်တော့ကြ၊ အားပေးကြ၊ ဘာသနာပြုရေးနဲ့စပ်ပြီးတော့ ဝမ်းမြောက်စရာ၊ ဝမ်းသာစရာ၊ နိုင်ငံခြားကို သာသနာပြုဖို့ရာ နိုင်ငံခြားက ပုဂ္ဂိုလ်တွေက ဘုန်းကြီးကိုပင့်လျှောက်နေတာ မြောက်များပါပြီ၊ ဒါပေမဲ့လို့ ဘုန်းကြီးက နိုင်ငံခြားသွားဖို့ရာ တယ်စိတ်မကူးပါဘူး၊ ဘာကြောင့်လဲ ဆိုလို့ရှိရင် နိုင်ငံခြားသွားတော့၊ သူတို့နိုင်ငံက ဘာသာနဲ့ ဟောနိုင်ပြောနိုင်မှ ပိုကောင်းမှာဘဲ၊ သူတို့နိုင်ငံကဘာသာနဲ့ မဟောနိုင်မပြောနိုင်ရင် ဘုန်းကြီးက ဗမာလိုပြော၊ ဘာသာပြန်တဲ့သူက ဘာသာပြန်တယ် ဆိုလို့ရှိရင် တိတိကျကျဖြစ်ဘို့ရာ သိတ်မလွယ်ဘူး၊ တာဝန်လေးတယ်၊ အဲဒီတော့ ကိုယ်တိုင်က သူတို့ဘာသာနဲ့ မပြောနိုင်တဲ့နေရာတွေ သွားဘို့ သိတ်မတော်ပါဘူး။ ခုလိုအောင်းမေ့တာနဲ့ ဘုန်းကြီးက သွားဘို့ရာ မစဉ်းစားခဲ့ပါဘူး။ ဒါပေမယ်လို့ အခုဝါမဆိုခင်က ဒီဝါမဆိုခင်ကတလလောက်လေးကျော်ကျော် လောက်ကနေပြီးတော့၊ ဦးရေဝတမ္မထံက စာတွေရောက်ဘယ်၊ ဦးရေဝတမ္မ ဆိုတာ ဘုန်းကြီးတို့ ဒီသာသနာ့ရိပ်သာလာပြီး တရားအားထုတ်သွားတဲ့ ယောဂီဟောင်းပါဘဲ၊ သူကအိန္ဒိယမှာ နေတာကြာပါပြီ၊ အိန္ဒိယမှာ ဘာသန္တရတွေလေ့လာပြီးတော့ ဂုဏ်ထူးတွေ ရနေတာကြာပါပြီ၊ ဒီကနေပြီးတော့ အခု အင်္ဂလန်ရောက်နေပြီ၊ အင်္ဂလန်ကနေပြီး သူက တရားဟောလို့ သူဟောတဲ့ တရားတွေသဘောကျပြီး၊ စိတ်ပါဝင်စားပြီးတော့ သူ့တရားနာကြ၊ တရားအားထုတ်ကြ အဲဒါတွေက ရှိနေတယ်။ ဥရောပမှာဆိုရင် ဌာနပေါင်း အတော်များများပါဘဲ၊ အဲဒါနဲ့စပ်ပြီး သူကဝါမဆိုခင်ဘဲ ဟိုကိုလာဘို့ သူကပင့်

ပါတယ်။ ဝါမဆိုခင်သွားရင် ဝါဆိုနေလို့တော့မတော်ဘူး၊ ဒီလိုတော့ စဉ်းစားပါတယ်၊ နောက်ပြီးတော့ အမေရိကကနေပြီးတော့၊ အရင်က ဒီမှာလာဘူးတဲ့ဂျိုးဇက်ဂိုလ်စတိုင်းခေါင်းဆောင်ပြီးတော့လာကြပါတယ်။ လူ ၂၀ ကျော် သူတို့ကလဲ ဟိုမှာ ကမ္မဋ္ဌာန်းဌာနပြီးတာနဲ့ တရားပြနေတယ်၊ တရားဟောတဲ့ ပုဂ္ဂိုလ် ဆရာလဲ ၂ ဦးလောက် ပါပါတယ်၊ တရားအားထုတ်တဲ့ ထဲကကျတဲ့ ပုဂ္ဂိုလ်တွေ တော်တော် များများ ဘဲ ဘုန်းကြီးတို့က အဲဒီတုံးက ဇာတိအရပ်ဖြစ်တဲ့ ရွှေဘိုဆိပ်ခွန်သွားနေတဲ့ အခါဖြစ်တော့ သူတို့နဲ့တွေ့မှုမဟုတ်ဘူးလို့ အောင်းမေ့တယ်၊ စောစော ကထဲက တားထားပါတယ် သူတို့လဲ မစောင့်နိုင်ဘူး၊ ဘုန်းကြီးတို့က အစဉ်ရှိနေတာဘဲ၊ ဒါနဲ့သူတို့က တကူးတကန့်ဘုန်းကြီးရှိရာ ဆိပ်ခွန်ထိ အောင်လိုက်လာကြတယ်။ တော်တော် စိတ်ပါလက်ပါဘဲ တော်တော် ကြိုးစားနေတဲ့သူတွေဘဲ၊ အဲသူတို့ကလဲ သူတို့ဆီလာဘို့ဆိုပြီးတော့ ပင့်ပါ တယ်၊ နောက်သုဇာတဆိုတဲ့ ပုဂ္ဂိုလ်တဦးလဲ့ရှိတယ်၊ သူက သီဟိုကနေပြီး တော့ အားထုတ်လာပါတယ်၊ ဒီမှာလဲဘဲလာပြီးတော့ အားထုတ်ဖူးပါ တယ်၊ ဒီကနေပြီးတော့ အိန္ဒိယာမှုနိုင်ငံဆီကိုလဲခေတ္တနေပြီးတော့ ကမ္မဋ္ဌာန်း ဆရာအဖြစ်နဲ့ ကမ္မဋ္ဌာန်းပြဘူးပါတယ်၊ အဲဒီ သုဇာတကလဲ စောစော ပိုင်းကထဲက ဘုန်းကြီးကို အမေရိကန်ကို လာပြီးတော့ သာသနာပြုဘို့၊ တရားဟောဘို့ ပင့်ထားတာရှိတယ်၊ အဲဒီလိုပင့်ထားတာတွေ ထောက်ဆ ကြည့်တော့သွားဦးမှဖြစ်မှာဘဲလို့ ဖြစ်သမျှဖြစ်နိုင်တဲ့နည်းနဲ့ဘဲ သာသနာ ပြုရမှာဘဲလို့ စိတ်ကူးပါတယ်။ နောက်ပြီးတော့ ဦးရေဝတမမ္ဘက စာ တစောင်ရေးတယ်၊ သူတို့ဆီမှာ အလွတ်မဟောဘဲနဲ့ စာနဲ့ရေးပြီး စာနဲ့ ဖတ်ပြီး ဟောတဲ့ ထုံးစံလေ့ရှိပါတယ်။ အင်္ဂလိပ်လို စာနဲ့ရေးပြီး စာနဲ့ ဖတ်ပြီးလဲ ဟောနိုင်ပါတယ်။ ဟိုကနေပြီး စာနဲ့ လျှောက်ထားတယ်။ ဒါနဲ့ အဲဒီလိုဆိုရင်တော့ နေရာကြသားဘဲ၊ ဒီလိုဆိုရင်တော့ ရေးပြီးတော့ ဖတ်တာကတော့ ဖြစ်နိုင်စရာအကြောင်းရှိတယ်။ ဘုန်းကြီးက သဘော ကျပြီးတော့ သာသနာပြု တရားစာ ၅ပုဒ် ရေးပါတယ်။ ဗမာလိုဆိုရင် တော့ တပုဒ်တပုဒ် နာရီဝက် နာရီငါးကျော်ကျော်လောက်ပဲ။ အင်္ဂလိပ် လိုဆိုရင်လဲ သွက်သွက်လက်လက် ဖတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် နာရီဝက်

ကျော်ကျော်လောက်ရှိမှာပါပဲ၊ မိနစ် ၄၀ လောက်ဆိုရင်တော့ ပြီးမှာပါပဲ၊ အဲဒီတော့ အဲဒီတရားစာ ၅ ပုဒ်ရေးပြီးတော့ အင်္ဂလိပ်လို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ဒီက ဘာသာပြန်ခိုင်းပါတယ်။ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က ဦးညီညီကတော့ သူက ဘာသာပြန်နေကြ။ သူကကျွမ်းကျင် ပါတယ်။ စကားအသုံးအနှုန်းတွေ အင်မတန် ကောင်းပါတယ်။ သူ့ကို စပြီးတော့ ပြန်ခိုင်းပါတယ်။ နောက်တော့ သူကလဲ ကျန်းမာရေးလေး တော်တော် ချို့ယွင်းနေတာနဲ့ ဇွဲဦးထွန်းရှိန်နဲ့ ပတ်သက်တဲ့ ဦးသာနိုး ဆိုတဲ့ပုဂ္ဂိုလ် သူကလဲ တော်တော်ကျွမ်းကျင်ပါတယ်။ ပါဠိတွေကော သက္ကတတွေကော သူက ကျွမ်းကျင်တယ်။ အဲဒါနဲ့ အဲဒီတရား ၅ပုဒ်ထဲ က ၄ ပုဒ်ကိုတော့ ဦးသာနိုး အပြန်ခိုင်းတယ်။သူက ပြန်ပေးပါတယ်။ အဲဒီလို ဘာသာပြန်ပြီးတော့ စာအုပ်တွေက ရိုက်ရတာ ဘုန်းကြီးတို့က ခရီးထွက်နေတော့ ရိုက်ရတာလဲ တယ်အဆင်မပြေပါဘူး။ ခရီးထွက်ရ တာက စောစောက စီစဉ်ထားပြီးသားဖြစ်လို့ ဖျက်လို့မဖြစ်တာနဲ့ သွားရတာ၊ သွားတော့ ဘုန်းကြီးက မသွားချင်ပါဘူး။ ဒီမှာကတော့ ခရီးသွားခါနီး နိုင်ငံခြား သာသနာပြု သွားခါနီး ကိုယ့်နေရာကိုယ် နေပြီးတော့ ငြိမ်ငြိမ်သက်သက်နဲ့ အဆင်ပြေသည်ထက် ပြေအောင်လို့ လေ့လာတို့ရာ လိုတယ်ဆိုတာ ဘုန်းကြီးက သိပါတယ်။ ဒါပေမယ်လို့ ဟိုက စီစဉ်ထားပြီးဖြစ်တော့ မသွားလဲ မဖြစ်ဘူး။ အဲဒါနဲ့ အဲဒီသွားတို့ ရက်ကလဲ အချိန်က နောက်ပိုင်းရောက်တော့ စာအုပ်လဲ သိပ်မပြည့်စုံဘူး။ ပြင်စရာတွေ တချို့ဟာတော့ ကျန်နေတာဘဲ။ ဒါပေမယ့် မတတ်နိုင်ဘူး၊ တိုက်ပရိုက်တာ ရိုက်ကူးတဲ့ ပုဂ္ဂိုလ်တွေကလဲ ချိန်းပြီးတော့ ရိုက်ကူးတာ တွေတော့ တချို့လဲပိုနေတာရှိဘယ်၊ တချို့လဲ လိုနေတာရှိဘယ်။ ဗမာလို ရိုက်တာထဲမှာ စာပိုဒ်တပိုဒ်ဘဲ ဝါကျလေးတခုသက်သက်ပိုနေ့ တာရှိတယ်။ အခု ထပ်တွေ့ရတယ်၊ အရင်က ချို့ယွင်းနေတာလေးတွေ ကတော့ ပြင်ထားပြီးပါပြီ။ အင်္ဂလိပ်လိုထဲမှာလဲ ဒီလို ချို့ယွင်းတာ သေးဘွေ့ရှိတယ်။ ဒါလဲ မတတ်နိုင်ဘူး၊ မြန်မြန်ရိုက်ရတာ နောက်တခါ ရိုက်ရင်တော့ ချောချောမောမော ဖြစ်မှာပါဘဲ ဆိုပြီးတော့ အဲဒါ အခုစာတွေလဲ ရိုက်ပြီးပါပြီ၊ တရားလဲဘဲ ယနေ့ နိုင်ငံခြားဟောဘို့ရာ

တရား ဘုန်းကြီးက အသံသွင်းထားတယ်။ ဒီအတိုင်းဖြတ်ပြီး ဟောရတာထက် အသံသွင်းပြီး ဟောရတာပိုပြီး အေချောဘို့ရှိသယ်။ ဒီအတိုင်းဖတ်ဟောရင် ဖတ်ရင်းဖတ်ရင်းနဲ့ စာဆိုတာက စာနဲ့ဖတ်ဟောရတာ သိပ်ကောင်းတာမဟုတ်ဘူး၊ နှုတ်တိုက်အလွတ်ဟောရတာ ပိုကောင်းတယ်၊ ဗမာစကားလဲ ဒီအတိုင်းဘဲ၊ ဗမာစကား ဒီအတိုင်းဟောပြောရရင် စကားတွေချောလို့ ဟောစာနဲ့ ရေးထားတာ ဖတ်ဟောလို့ရှိရင် ချို့ယွင်းတာလေးတွေ ပါတာဘဲ၊ ယခု ဗမာလို တရား ၅ ပုဒ်ထဲက ဘုန်းကြီးက အသံသွင်းထားပါတယ်။ ဒီမှာ ဘုန်းကြီးမရှိတဲ့ အခါ နာချင်တဲ့ ပုဂ္ဂိုလ်တွေ နာရအောင်လို့ အဲဒီစာဖက်ရင်းနဲ့ ကိုယ့်စာကိုယ်ဘဲလွဲတာကလေးတွေ ပါသွားသေးတယ်။ မတတ်နိုင်ဘူး၊ စကားပိုသွားတာ ပါသွားတာလေးတွေတော့ ရှိတာဘဲ၊ ဗမာစာတောင် အင်္ဂလိပ်စာဆိုရင်တော့ အင်္ဂလိပ်လိုက ဘုန်းကြီးတို့က သိပ်ကျွမ်းကျင်တာမှ မဟုတ်ဘဲ၊ နှုတ်ကတက်မှ မတက်ဘဲ၊ ဒီတော့ ချို့ယွင်းချက်ကလေးတွေလဲ ရှိမှာဘဲ၊ ရှိပေမဲ့လို့ စာနဲ့ဆိုတော့ နဲနဲတော့သေချာတာပေ ပြလေ၊အဲဒါနဲ့စာနဲ့ဖတ်ပြီးတော့စာနဲ့ဖတ်သင့်သလောက်ဖတ်ပြီး အချို့အမျိုးပိုင်ဘွေကတော့ကို အဲဒီကက်ဆက်တွေနဲ့ဖွင့်ပြီးတော့ ဟောပြဘို့ရာ ဘုန်ကြီးက စဉ်းစားထားပါတယ်။ ပထမအစ စီစဉ်ထားတာကတော့ ဘုန်းကြီးက အစပိုင်းလောက်ဟောပြီး ဒိပြင်ပုဂ္ဂိုလ်တွေ အင်္ဂလိပ်လို နှုတ်တက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်အဖတ်ခိုင်းပြီးတော့ ဟောမယ်လို့စိတ်ကူးထားဘယ်။ အင်း ကက်ဆက်ခွေနဲ့ သွင်းထားတာလဲ ကောင်းပါတယ်လေလို့ ဘုန်းကြီးက သွင်းထားတယ်။ ဟိုကြတော့ အခြေအနေကြည့်ပြီးတော့ဟောရမယ်။ ဒီနေ့ ဒီမှာကြားရ နာရအောင်လို့ တိတ်ခွေလေးတခုတော့ ဖွင့်ပြမယ်။ အင်္ဂလိပ်လို ပထမဆုံး အမြတ်ဆုံး ဗုဒ္ဓမြတ်စွာ၏ အမြတ်ဆုံးတရားတော်ဆိုပြီး ဘုရားဖြစ်တော်မူပုံ၊ အကျင့်နည်းလမ်းအခြေခံပြီး အဲဒီတရား တပုဒ်၊ ဗုဒ္ဓသာသနာ တရားဆိုတာလဲ ခဏခဏဟောနေတာပါဘဲ၊ သူကတပုဒ်၊ သတိပဋ္ဌာန်ကလဲ ပထမပိုင်း၊ ဒုတိယပိုင်း သူကနှစ်ပုဒ်၊ နောက်ဆုံးကြတော့ ချမ်းသာရေးတရားတော်ဆိုတာ စာသူကအရေးကြီးတယ်၊ သတ္တဝါတွေက ချမ်းသာခြင်ကြတာ

ချမ်းသာခြင်းတော့ ဟိုလုပ်ဒီလုပ်နဲ့ ဒီဟာတွေရှိတယ်၊ ဒါတွေလဲနားလယ်ရအောင်လို့ ဘုန်းကြီးက ချမ်းသာရေးတရား မြတ်စွာဘုရားဟောထားတဲ့ ချမ်းသာရေးတရား မှုမှန်အကောင်းဆုံးဖြစ်တဲ့တရား၊ နားလယ်ရအောင်လို့ ဘုန်းကြီးက ချမ်းသာရေးတရားတော်ဆိုပြီး နောက်ဆုံးကဘဲ ထားပါတယ်။ အဲဒီတရားတွေ ဟိုကြတော့ အခြေအနေ ကြည့်ပြီးတော့ ဟောရမှာဘဲ၊ အခု ဒီက ဘုန်းကြီးတို့ သွားနေတဲ့အခါကာလ ဒီမှာရှိကြတဲ့ ပရိတ်သတ်တွေ ယောဂီတွေအတွက် ဘုန်းကြီးတို့က အကျဉ်းချုပ် ဟောရတာလေးတော့ ဟောရမှာပါဘဲ၊ ရှေရှေမျှောမျှောတွေတော့ ဟောရဘို့မလိုပါဘူး၊ တရားတွေ ခဏခဏ ဟောနေတာ ရိုးနေပါပြီ၊ ဒီမှာတော့ မြတ်စွာဘုရားက အမြဲတမ်း ဩဝါဒပေးနေတဲ့ အတိုချုပ်ခလေးဟာ အင်မတန် ပြည့်စုံပါတယ်။ အပ္ပမာဒေန သမ္ပာဒေထ၊ နေ့စဉ်နေ့တိုင်း ရဟန်းတော်တွေ ဆွမ်းဘုန်းပေးပြီးတဲ့အခါ မြတ်စွာဘုရားကလဲ ခြေဆေးပြီးတော့ ဂန္ဓကုဋီတိုက်ဝင်ခါနီး အဲဒီမှာ ရဟန်းတော်တွေအနီးအပါး ရှိနေတာတွေကိုနောက်ဆုံးဩဝါဒအနေနဲ့ အပ္ပမာဒေန သမ္ပာဒေထတဲ့၊ ဩဝါဒပေး မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်ထဲဝင်သွား၊ ရဟန်းတွေကလဲ သူတို့နေရာသူတို့သွားပြီးတော့ ဘုရားပေးတော်မူတဲ့ ဩဝါဒအတိုင်း အပ္ပမာဒတရားမမေ့မလျော့ဘဲ သတိပဋ္ဌာန်တရားတွေ ပွားများအားထုတ်တော်မူကြပါတယ်။ ပရိနိဗ္ဗာန်စံခါနီးတော့လဲ မြတ်စွာဘုရားက နောက်ဆုံးစကားအနေနဲ့ အပ္ပမာဒေန သမ္ပာဒေထ ဒီဥစ္စာဘဲ ပေးသွားတယ်။ မြတ်စွာဘုရားကို ရိုသေလေးစားတဲ့ ပုဂ္ဂိုလ်တိုင်း အဲဒီနောက်ဆုံးဩဝါဒစကားလဲအလေးပြုသင့်တာပါဘဲ၊ အင်မတန်အလေးပြုသင့်တဲ့ တရားပါ။ ဘုန်းကြီးတို့ကလဲ အဲဒီဩဝါဒ ဘုရားဩဝါဒကို ပေးရမယ်၊ ရဟန်းတော်များက ၅ ပါးသီလတို့ ၈ ပါးသီလတို့ ပေးတိုင်းပေးတိုင်းလဲ အဆုံးမှာအပ္ပမာဒေန သမ္ပာဒေထလို့ ဟောတာဘဲ၊ အပ္ပမာဒေန မမေ့သောသတိစကားဖြင့် သမ္ပာဒေထ သီလစသည်ကို ပြီးစေကုန်လော့၊ ဒါပါဘဲ မိမိတို့သန္တာန်မှာ ပြီးစေရမယ့်တရားက သီလ သမာဓိ ပညာ ၃ ပါးရှိတယ်၊ သီလကိုလဲ ပြီးစီးပြည့်စုံစေရမယ်။ သမာဓိကိုလဲ ပြီးစီးပြည့်စုံစေရမယ်။ ပညာကိုလဲ

ပြီးစီးပြည့်စုံစေရမယ်။ ဘယ်ပုံဘယ်နည်းနဲ့ ပြီးစီးပြည့်စုံစေရသလဲ အပ္ပမာဒေန မမေ့သောသတိတရားဖြင့် ပြီးစီးပြည့်စုံစေရမယ်တဲ့။ မမေ့တဲ့ သတိတရားဆိုတာ အကြမ်းပြင်း မမေ့တာလဲရှိတယ်။ အနုစားမမေ့တာလဲရှိတယ်။ အကြမ်းပြင်း မမေ့တာကတော့ ဒါနပြုဖို့၊ သီလဆောက်တည်ကျင့်သုံးဖို့၊ ဘာဝနာအလုပ် အားထုတ်ဖို့၊ ကုသိုလ်တရား ပွားများဖို့၊ ဒီလိုရှေ့ အဖို့က အမှတ်ရတဲ့သတိတရား ဒါအကြမ်းပြင်းပေါ့၊ သူကတော့ ရှေ့ကလဲဖြစ်ပါတယ်။ အဲဒီလို ရှေးက အကြမ်းပြင်းကလေးကလဲရှိမှ ဒီအချိန်မှာ ဒါနကုသိုလ်ပြုသင့်တယ်၊ သီလကုသိုလ်ပြုသင့်တယ်၊ ဘာဝနာကုသိုလ်ပွားများသင့်တယ်။ မိမိတို့သန္တာန်က ဖြစ်ပျက်နေတဲ့ နာမ်တွေကို ဖြစ်တိုင်းပျက်တိုင်း အမှတ်ရတဲ့ မမေ့တဲ့ အပ္ပမာဒတရားဟာ သူက အရေးကြီးဆုံးဘဲ၊ အနုဆုံး အသိမ်မွေ့ဆုံး အမြင့်မြတ်ဆုံး မမေ့တဲ့တရားဘဲ၊ အဲဒီမမေ့တဲ့တရားဖြင့် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း စိတ်ကူးကြံစည်တိုင်း ဒွါရ ၆ ပါး ပေါ်တိုင်း ပေါ်တိုင်းတွေကို မပြတ်ရှုမှတ်ပြီးတော့ သွားလို့ရှိရင် သီလကတော့ စောစောကလဲ ပြည့်စုံနေတော့ ထိုးတက်ပြီးတော့ စင်ကြယ်သွားဘိဘဲ၊ လမာဓိလဲပြည့်စုံသွားတာဘဲ၊ ပညာလဲပြည့်စုံသွားတာဘဲ၊ ပညာပြည်စုံတဲ့အထဲ သောတပတ္တိမဂ်ရောက်ရင် သီလထဲအကြွင်းမဲ့ ပြည့်စုံသွားတော့တာဘဲ၊ ဘယ်နည်းနဲ့မှ မပျက်တော့ဘူး၊ အနာဂါမိမဂ်ရောက်လို့ရှိရင် သမာဓိဟာ ပြည့်စုံသွားတယ်။ သမာဓိဟာ ဘယ်နည်းနဲ့မှ မပျက်တော့ဘူး။ အဲ အရဟတ္တမဂ်ဖိုလ်ရောက်တဲ့အခါကြတော့ ပညာလဲ ပြည့်စုံသွားပြီ။ ပြီးစီးတယ်။ အဲဒီလို သီလ သမာဓိ ပညာ ပြည့်စုံအောင်လို့ အပ္ပမာဒ မမေ့တဲ့တရားဖြင့် အားထုတ်ရမယ်တဲ့။ မြတ်စွာဘုရားက ညွှန်ကြားဆုံးမတော်မူပါတယ်။ အဲဒီ ဆုံးမတော်မူချက်အတိုင်း သီလပေးတဲ့အခါကြလဲ သီလပေးတဲ့ အရှင်မြတ်တွေက အပ္ပမာဒေန သမ္ပာဒေထ လို့ ဒီလိုဘဲညွှန်ကြား ဆုံးမကြပါတယ်။ အဲ အခု ဘုန်းကြီးကလဲ ခရီးသွားခါနီး ဒီလိုဘဲ ညွှန်ကြားရမှာဘဲ၊ ဒါပေမယ့်လို့ ဘုန်းကြီးတို့ မရှိစေကာမူ ဒီ သာ သ နာ ရိပ် သာ အ တွက် က တော့ အစစ အရာရာ လိုလေသေးမရှိ ပြည့်စုံနေတာပါဘဲ။ ဦးသုဇာတဆိုဘာလဲ ဘုန်းကြီးက

တာဝန်လွှဲလာပါတယ်။ ဦးသုဇာတကလဲ ကျန်းမာရေးနဲ့နဲ့ ချို့ယွင်းနေသေးလို့ အစတုံးကဆိုရင် အင်မတန်ကောင်းပါတယ်။ အခုတော့ ကျန်းမာရေးချို့ယွင်းနေတော့ ကျန်းမာရေးငဲ့ပြီး သူတတ်နိုင်သလောက် ဆောင်ရွက်နိုင်ပါတယ်။ တရားထွေသဲ ဟောနိုင်တာပါဘဲ။ အသွားအလာမှာတော့ ကြမ်းကြမ်းတမ်းတမ်းတွေ့ မသွားနိုင်ဘူး၊ ဒါလောက်ပါဘဲ မန္တလေးက ကမ္မဋ္ဌာနာစရိယတွေလဲ သတိတာဝန်နဲ့ သူတို့ဆောင်ရွက်ပြီးနေကြတာပါဘဲ၊အင်မတန်သင့်တော်ပါတယ်။ ဒီကမ္မဋ္ဌာနာစရိယတွေ ဦးသုဇာတ အမှူးရှိတဲ့ ကမ္မဋ္ဌာနာစရိယတွေ ဒီလိုသာဆောင်ရွက်မှာ မရှိလို့ရှိရင် မဖြစ်ဘူး။ ဘုန်းကြီးတပါးထဲ ဘာမှမတတ်နိုင်ဘူး။ အဲဒီကမ္မဋ္ဌာနာစရိယတွေရှိနေတာလဲအင်မတန်ဝမ်းသာစရာအားရစရာဘဲ၊ ဘုန်းကြီးမရှိလဲဘဲအဲဒီကမ္မဋ္ဌာနာစရိယတွေဦးသုဇာတအမှူးရှိတဲ့ကမ္မဋ္ဌာနာစရိယတွေကနေပြီးတော့ ညွှန်ကြားကြပါလိမ့်မယ်။ ညွှန်ကြားဆုံးမတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်သုံးခြင်းဖြင့် မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း ပြည့်စုံသင့်တဲ့ သီလ သမာဓိ ပညာတွေ ပြည့်စုံသွားမှာပါဘဲ။ အကျဉ်းချုပ်အားဖြင့် ပြောရမယ်ဆိုရင် ကုသိုလ်တရားတွေ ပြည့်စုံသွားမှာပါဘဲ။ အဲဒီအတိုင်း မမေ့သော သတိတရားဖြင့် အားထုတ်သွားကြည့်ဘို့ပါဘဲ။ အဲဒီလို သာသနာ့ရိပ်သာမှာ ပဋိပတ္တိသာသနာပြည့်စုံအောင် အားထုတ်ဘို့ရာ၊အားပေးကူညီတဲ့ ဒကာ ဒကာမတွေဘက်ကလဲ အင်မတန်ပြည့်စုံနေတာပါဘဲ။ ခုနေခါ သီလပြည့်စုံနေတာ ဘုန်းကြီးတို့ ရန်ကုန်ရောက်စကဆိုရင် ဒီသာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာန်းကျောင်း ဆိုတာလဲ ပြောပလောက်အောင် များများမရှိဘူး။ ဟောဟို သစ်သားကျောင်း ၃-၄ ခုလောက်သာ ရှိပါတယ်။ တရားဟောစရာ ဓမ္မာရုံ ဆိုတာကလဲ ယာယီလောက်ဘဲ ရှိပါသေးဘယ်။ ဒီပြင် အဆောက်အဦတွေလဲ ကောင်းကောင်းမွန်မွန် သိတ်မရှိသေးပါဘူး။ အခုတော့ အဆောက်အဦတွေကလဲ အင်မတန်ပြည့်စုံလာပါတယ်။ အဲ—လွန်ခဲ့တဲ့ ၂ နှစ် ၃ နှစ်လောက်ကစပြီးတော့ ဒီဘက်မှာ ပိုပြီးတော့ ပြည့်စုံတယ်။ အဲဒီလို ပြည့်စုံအောင်လို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကနေပြီးတော့ဆောင်ရွက်ကြတာဟာလဲအင်မတန်ပြည့်စုံနေပါတယ်။ အဲဒီလိုဆောင်ရွက်နေလို့ ယောဂီပုဂ္ဂိုလ်တွေ ချမ်းချမ်း

သာသာနေနိုင်ကြတယ်။ မီးတို့၊ ရေတို့၊ ဒီလိုဟာတွေကလဲ အရေးကြီးတာဘဲ။ညမီးမရှိလို့ရှိရင် အဆင်မပြေဘူး။ အခုမီးကလဲ အဆင်ပြေတယ်။ ဟိုရှေ့ကဆိုလို့ရှိရင် မီးလုံးလေးတွေ ပျက်နေ၊ ပြင်ဘို့ရာ သွားပြောရတာ တော်တော်နဲ့ မပြင်နိုင်ဘူး။ ဒီလိုဟာကလေးတွေ ရှိခဲ့တယ်။ အခုတော့ ပျက်ထာရယ်လို့ မရှိသလောက်ပါဘဲ။ဒါလဲ ပြည့်စုံနေတာပါဘဲ။ မီးဘက်က၊ ရေဘက်က ဆိုရင်လဲ ရှေးစာနုန်းကဆိုရင် ရေကလဲ တခါတခါမရှိဘူး။ မပြည့်စုံဘူး။ အခုတော့ ပြည့်စုံနေတယ်၊ လိုလေသေး မရှိဘူး။ ဒီပြင်နေရာတွေမှာ ရေရှားနေတယ် ဆိုရင် ဟောဒီ သာသနာ့ရိပ်သာမှာ ရေမရှားဘူး။ အင်မတန်ဟန်ကြတာဘဲ။ အဲဒါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က လိုရာလိုရာတွေကို ဆောင်ရွက်ပေးလို့ အစစအရာရာ ပြေလယ်ပြီး နေပါတယ်။ တရားအားထုတ်ဘို့ရာ အပ္ပမာဒ တရားနဲ့မြဲတဲ့ သတိတရားနဲ့ အားထုတ်ဘို့ရာ အကူအညီတွေ ပေးနေကြတာတွေ အင်မတန် ဟန်ကြတယ်။ ပြီးတော့ ဒီက ဟိတေသီအဖွဲ့ကဆိုရင်လဲ စားရေးသောက်ရေးနဲ့ပတ်သက်ပြီးတော့ အစတုံးက သူကလဲဘဲ ၂ ဦး ၃ ဦးလောက်နဲ့ ကူတယ်။ စပြီးတော့ တာဝန်ခံနိုင်တာ၊ အခုတော့ တဖြေးဖြေး တိုးတက်လာတာ။ ၂၀၀ လောက်ဆိုတာ သူက တာဝန်ခံနိုင်လာတယ်၊ အမြဲလိုပါဘဲ။ အခုသကြံန်ကာလတွေမှာတော့ သည့်ထက်မျှားရအုံးမှာဘဲ။ အဲဒါတွေက အစစ အရာရာ စားရေး သောက်ရေးဘက်က ပြည့်စုံအောင် သူကလဲ ဆောင်ရွက်ပြီးတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘာမှ မကြောင့်မကြရဘဲနဲ့ ပြည့်စုံပြီးတော့ ချမ်းချမ်းသာသာနဲ့ နေရတယ်။ အဲဒါတွေဟာ အပ္ပမာဒေန သမ္ပာဒေထ ဆိုတဲ့ မမေ့တဲ့ သတိတရားနဲ့ ပြည့်စုံရမယ်ဆိုတဲ့ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်နိုင်ရန် အကူအညီ ပေးကြတာတွေပါဘဲ။ အဲဒါတွေ သေသေချာချာ စဉ်းစားကြည့်လို့ရှိရင် ကမ္မဋ္ဌာန်းဆရာတွေ ဘက်ကရော၊ သာသနာ့ရိပ်သာကို ထောက်ပံ့ကူညီနေတဲ့ အဖွဲ့တွေဘက်ကရော အင်မတန် ဟန်ကြပါတယ်။ ခု ကြောမီက ဖွဲ့ထားတဲ့ အမျိုးသမီးအဖွဲ့ဆိုတာ ရှိတယ်။ သူတို့ကလဲ တတ်နိုင်တဲ့ ဘက်က နေပြီး ဆောင်ရွက်နေကြတာ အင်မတန် ပြည့်စုံပါတယ်၊ အထူး သတိပေးစရာကတော့ ယောဂီတွေမှာ အမျိုး

သမီးတွေ သတိပေးတဲ့ ပုဂ္ဂိုလ်တွေတော့ရှိပါတယ်၊ သတိပေးတဲ့ပုဂ္ဂိုလ် သတိပေးတဲ့အတိုင်း လိုက်နာပြီးတော့ ကျင့်ရင် အင်မတန်ကောင်းပါ တယ်။ ဘုန်းကြီးက ကြားရ သိရ တာကတော့ အမျိုးသမီး၊ ယောဂီ အချို့က ရဟန်းတွေက ညွှန်ကြားဆုံးမရင် ရိုရိုသေသေနဲ့ လိုက်နာကြ တယ်၊ အမျိုး သမီး အချင်းချင်း ဆိုတော့ သူတို့သိတ်မရိုသေဘူး၊ ဟုတ် မှာဘဲ သူတို့အချင်းချင်းတော့ သူတို့ကသိတ်ဂရုမစိုက်ဘူး၊ ဘုန်းကြီးတွေ ဆိုတော့ ရိုသေကြောက်ရွံ့ပြီးတော့ လိုက်နာတယ်၊ အဲဒီ လိုလဲ မဖြစ်ရ အောင် ညွှန်ကြားတဲ့ ပုဂ္ဂိုလ် တွေက ဘယ်သူက ညွှန်ကြား ညွှန်ကြား တရားအားထုတ်တဲ့နေရာ ညွှန်ကြားလို့ရှိရင် ကိုယ့်အကျိုးဘဲလို့ ကျေးဇူး တင်ရတယ်၊ ဝမ်းမြောက်ရတယ်၊ ဟာငါ့တို့ ဒီလို ပြောရမလားဆိုပြီး တော့ အဲဒီလို မရိုမသေ မသင့်မတင့်တဲ့ နှလုံးသွင်းမှုကွေ မဖြစ်ရဘူး။ အဲဒီလို မသင့်မတင့် နှလုံးသွင်းတာ အယောနိသောမနသိကာရ ခေါ် တယ်။ မတော်သင့်တဲ့နှလုံးသွင်းမှုဘဲ။ ဟာ သူက ဒီဟာလေးပြောတယ်။ အဲဒါဟာ ငါအကျိုးရအောင်ပြောတာဘဲလို့ အဲဒီလိုနှလုံးသွင်းရင် ယော နိသောမနသိကာရ သင့်သော နှလုံးသွင်းခြင်း၊ ကုသိုလ်တရားပွားဘို့ဘဲ၊ အဲ ဒီလိုသူတပါးက သတိပေးလို့ရှိရင် စကားပြောနေတာ မပြောပါနဲ့၊ ဟိုဟို ဒီဒီသွားနေတာ မသွားပါနဲ့၊ မတော်မသင့်တာတွေ ပြုလုပ်နေက မပြုလုပ် ပါနဲ့ စသဖြင့် ဒီလိုသတိပေးတာလေးတွေ ရှိပါလိမ့်မယ်၊ အဲဒီလို သတိ ပေးတိုင်း သတိပေးတိုင်း၊ ငါ့အတွက် အကျိုးရှိအောင်လို့ ညွှန်ကြား တာဘဲလို့ အဲဒီလို သတိတရားထားပြီး ကြိုးစားအားထုတ်သွားဘို့ရာ ဘုန်းကြီးက အခုမှာခဲ့ပါတယ်။ ဒါအမျိုးသမီးတွေသာမဟုတ်ဘူး အမျိုး သားတွေလဲရှိတာဘဲ၊ ရဟန်းတော်တွေလဲရှိတာဘဲ၊ ရဟန်းတော်တွေလဲ ဒီကမ္မဋ္ဌာန်းကျောင်းတွေမှာ တကျောင်း တကျောင်း ယောဂီဟောင်း ထဲကနေပြီး စောင့်ရှောက်ဘို့ တပါးတပါးဘုန်းကြီးတို့က ထားရပါတယ်။ ဒါလေးတွေလဲ ဘုန်းကြီးက ညွှန်ကြားပါတယ်။ ကိုယ့်ကျောင်းမှာ ရှိတဲ့ဘုန်းကြီးကို သတိပေးကြ၊ သတိပေးမှ ဒီလိုသတိပေးတဲ့အခါ ကိုယ် ကလဲ ရိုရိုသေသေ ချိုချိုသာသာနဲ့ပေးကြ၊ နို့မဟုတ်ရင် မထေရ်ကြီး ဖြစ်တဲ့ပုဂ္ဂိုလ်တွေက ဟာဒီကိုယ်တော်လေးက ငါ့ကိုလာပြီးဆုံးမရမလား

ငါ့ကုဆရာဘဲ၊ ဒီလို ဦးပဥ္စင်းလေးတွေ ငါက ဆုံးမနေတာဘဲ၊ ငါ့ကို ဒီကိုယ်တော်လေးက ဘာပြုလို့ ပြောတာလိမ့်လို့၊ မလုပ်သင့်တာ တွေလဲရှိတတ်တယ်။ အဲဒါကြောင့် သာသာယာယာနဲ့ ချိုချိုသာသာနဲ့ ညွှန်ကြားပါလို့ ဘုန်းကြီးက ဒီယောဂီဟောင်းတွေကိုလဲ သတိပေးထား ပါတယ်။ တရားလာအားထုတ်ကြတဲ့ ကိုယ်တော်တွေကလဲ ကြီးကြီးဘဲ၊ ကြီးတဲ့ပုဂ္ဂိုလ်တွေက ပိုအရေးကြီးတယ်။ ငယ်တဲ့ ပုဂ္ဂိုလ်တွေ ကတော့ ရိုရိုသေသေ လိုက်နာတတ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက ခုတင်ကပြောတဲ့ အတိုင်းဘဲ သူတပါးတွေက သတိပေးရင်ငါ့အတွက်ဘဲ၊ ဒီမှာလာတရား အားထုတ်တာ တရားပြည့်စုံအောင် ကျကျနန အားထုတ်မှ၊ ဒီတလ လောက်အတွင်း ပြည့်စုံရမယ့်ဥစ္စာ ကျကျနနအားမထုတ်ရင် ၂ လနဲ့လဲ ပြည့်စုံချင်မှပြည့်စုံတာ၊ အလကားသက်သက် အချိန်တွေ ကုန်တာဘဲ၊ အဲကြိုးကြိုး စားစား အားထုတ်လို့ ရှိရင် မကြာခင်အတွင်း တရားပြည့်စုံ ကိုယ့် နေရာ ကိုယ်ပြန်ပြီး သာသနာပြုနိုင်တာပေါ့၊ ၂ လ အား ထုတ်ရဘဲ တလထဲနဲ့ပြည့်စုံရင် ပိုကောင်းတာပေါ့၊ ဒါကြောင့် ခုက ထဲကနေ သတိပေးတဲ့အတိုင်း အားထုတ်လို့ရှိရင် မြန်မြန် သတိသမာဓိ တွေ ကောင်းပြီးတော့ ဉာဏ်တွေ ဖြစ်ပြီးတော့ ပြည့်စုံ နိုင်ပါတယ်။ ဒီတော့ ဘယ်သူက သတိပေးပေး ငါ့အတွက်ဘဲ၊ ငါ့အကျိုးဘဲ လို့ နှလုံးသွင်းပြီးတော့ ကြိုးကြိုးစားစား ရိုရိုသေသေနဲ့ လုပ်သွားကြဘို့ရာ ဒီက မှာခဲ့ပါတယ်။ ဒါအရေးကြီးတဲ့ ဥစ္စာတွေပေါ့၊ အပ္ပမာဒေန သမ္ပာဒေထဆိုတာ ဒီဥစ္စာတွေဘဲ။ ဒီတော့ ပါသာဒိကေန သမ္ပာဒေထ ဆိုတာရှိတယ်။ ဥပဇ္ဈာယ်ဆရာကလဲ ဥပဇ္ဈာယ်ယူတဲ့ ပုဂ္ဂိုလ်တွေကို ပါသာဒိကေန သမ္ပာဒေထလို့ ဟောရတယ်။ ဒီပြင် နိဿယျည်းတွေ ယူတဲ့ အခါလဲ နိဿယျည်းဆရာက ပါသာဒိကေန သမ္ပာဒေတ လို့ ဟောရတယ်။ ပါသာဒိဆိုတာ ကြည်ညိုဘွယ်၊ ကြည်ညိုဘွယ်ဆိုတော့ ကို ကိုယ်အမူအရာ နှုတ်အမူအရာတွေပါဘဲ၊ စိတ်အမူအရာကတော့ မမြင်လို့ ကြည်ညိုဘွယ်တွေ သိပ်မထင်ရှားပါဘူး၊ ဒါပေမယ်လို့ စုံလင် အောင်လို့ အနက်အဓိပ္ပာယ် ပြန်တဲ့အခါမှာ ပါသာဒိကေန ကြည်ညို ဘွယ်ကောင်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာနှင့်

သမ္မာဒေဋ္ဌိ ပြည့်စုံကြလို့ ဘုန်းကြီးတို့က ဒီလို ဩဝါဒပေးပါတယ်။ အဋ္ဌကထာတွေမှာ အပ္ပမာဒေန သမ္မာဒေဋ္ဌိလို့ ပြီးစီးစေကြ သီလ သမာဓိနဲ့ ပြီးစီးစေကြလို့လဲ ဖွင့်ထားတာရှိပါတယ်။ ခုဘင်က အပ္ပမာ ဒေန ဆိုတာကတော့ ကြည်ညိုဘွယ်အမူအရာနဲ့ ပြည့်စုံအောင်နေကြ လို့ ဘုန်းကြီးက ဒီလို သဘောကျတယ်၊ ဒီလိုဘဲ သတိပေးပါတယ်၊ ကြည်ညိုဘွယ်ဖြစ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ပြည့်စုံပြီးနေဘို့ အရေးကြီးပါတယ်။ ဒီတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ဂါသာဒိ ကေန ပဋိက္ခ ဟိတေန စသည်ဖြင့် ရှေ့သွားတာလဲ ကြည်ညိုစရာဘဲ၊ နောက်ပြန်တာလဲ ကြည်ညိုစရာဘဲ၊ ကမ္မဋ္ဌာန်းဌာနမဟုတ်တဲ့ အခြား နေရာမှာနေတဲ့ ကိုယ်တော်တွေ သွားပုံလာပုံတွေနဲ့ ကမ္မဋ္ဌာန်းဌာနမှာ ရှိရှိသေသေ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ သွားပုံလာပုံ နေထိုင်ပုံတွေ နှိုင်းယှဉ်ကြည့်ရင် အများကြီး ထင်ရှားပါတယ်။ ဒီက ကြည်ညိုဘွယ်ဘဲ ဋ္ဌမြွေရရဘဲ၊ ဘုရားလက်ထက်တုန်းက ရဟန်းတော်တွေ မြင်ပြီး ကြည်ညို ကြတယ်ဆိုတာ ဒီလိုဟာတွေပါဘဲ၊ အပ္ပမာဒတရားနဲ့ သတိပြုပြီး ရှုမှတ်နေယှို ဒီဂုဏ်တွေနဲ့ ပြည့်စုံနေတာတွေ အင်မတန်ကြည်ညိုစရာ ကောင်းတယ်ဆိုပြီး ကြည်ညိုကြတယ်၊ အဲဒီလို မြင်တဲ့ ပုဂ္ဂိုလ်တွေ ကြားတဲ့ ပုဂ္ဂိုလ်တွေ ကြည်ညိုရအောင် ပြုလုပ်တဲ့ အမူအရာတွေလဲ ကြည်ညိုဘွယ်ဖြစ်အောင်လို့ ပြုလုပ်ကြဘို့၊ ပြောဆိုတဲ့ စကားတွေလဲ မပြောမဖြစ်မှ ပြောရတာ၊ မပြောရင်တော့ အကောင်းဆုံးဘဲ၊ မပြောမဖြစ်တာတော့ ပြော၊ ကြည်ညိုဘွယ်နဲ့ ပြည့်စုံအောင် ပြောဆိုဘို့ရာ လိုပါတယ်။ အထူးအားဖြင့်တော့ စားရသောက်ရာတွေ မှာ ဆွမ်းစားနေရင်း ဟိုစကား ဒီစကားတွေ ပြောလို့တော့ မတော် ဘူး။ ဒီတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ မတော်ဘူး၊ တရား အား မထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ ကိစ္စမရှိဘူး။ သူ့မှာ ဘာမှ တာဝန်မရှိဘဲ၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ စကားပြောချင်ရင်လဲ ပြော ချင်တဲ့စိတ်ကို ပြောတာလို့ကို သိအောင်မှတ်ရမှာ ဒီတော့ ဒါတွေကို အကုန်ရှုမှတ်ဘို့ရာ အတော်တာဝန်လေးတာဘဲ၊ မပြောဘဲ နေမှဘဲ ကောင်းတယ်၊ အဲဒါကြောင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အမျိုးသား

ဘဲဖြစ်ဖြစ်၊ ရဟန်းပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ပါသာဒ္ဒိ တေန အမ္ဗာဒေထဆိုတဲ့ အတိုင်း ကြည်ညိုဘွယ်ကိုဆောင်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ပြည့်စုံနေကြဘို့လိုတာကို ခရီးသွားခါနီး အတူးသတိပေးတဲ့ အနေနဲ့ သတိပေးညွှန်ကြားပါတယ်၊ အဲဒီလို သတိပေးညွှန်ကြားတဲ့အတိုင်း ပမာဒတရားကို အလေးပြုပြီးတော့ ကျင့်သုံးပွားများခြင်းဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....သာဓု....သာဓု

အမေရိကန် မက်ဆာချူးဆက်ပြည်နယ် ဘာရီကမ္မဋ္ဌာန်းဋ္ဌာန၌
ဘာရီဝိပဿနာ ကမ္မဋ္ဌာန်းဆရာတို့အား ညွှန်ကြားသော
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

## သြဝါဒကထာ

ဒီကမ္မဋ္ဌာန်းဆရာတွေရဲ့ သတင်းဟာ ကောင်းတဲ့အကြောင်းပဲကြား ရပါတယ်။ အပြစ်တင်စရာကိုတော့ မကြားရပါဘူး။ ဒါပေမယ်လို့ ဘုန်းကြီးက ပြောသင့်ပြောထိုက်တဲ့ သြဝါဒ စကားကလေး ကိုတော့ အနည်းငယ် ပြောရဦးမယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေနဲ့စပ်ပြီးတော့ ကိုယ်ရေးကိုယ်တာအတွက် အကျိုးအမြတ်ရအောင် ဘာမျှကြောင့်ကြ မစိုက်ပဲနဲ့ ဒီကမ္မဋ္ဌာန်းဆရာတွေ ဆောင်ရွက်နေကြတာဟာ အင်မတန် သန့်ရှင်းပါတယ်၊ အင်မတန်ချီးမွမ်းစရာပါဘဲ၊ အဲဒီလိုပင် အစစ အရာ ရာမှာ သူတပါးတွေက ချီးမွမ်းဘွယ် ကြည်ညိုဘွယ်ဖြစ်အောင် ဆောင် ရွက်သွားကြဘို့ပါဘဲ။ ကမ္မဋ္ဌာန်း ဆရာတွေဆိုတာ ကလျာဏမိတ္တလို့ ဘုရားဟောထားတဲ့ မိတ်ဆွေကောင်း ဆရာကောင်းများ၏ ဂုဏ်နှင့်ပြည့်စုံ ဘို့လိုပါတယ်။ အဲဒီပြည့်စုံသင့်တဲ့ဂုဏ်တွေနဲ့ ယခုပြည့်စုံနေကြသလို နောက် နောက်ကာလ၌လဲ အစဉ်ထာဝရ ပြည့်စုံသွားကြလိမ့်မယ်လို့ ဘုန်းကြီးက ယုံကြည်ပါတယ်။ ဒါပေမယ်လို့ ယခုလို ကြုံတောင့်ကြုံခဲစွာ ကြုံတွေ့နေရ တဲ့အခါမှာ ပြောသင့်ပြောထိုက်တဲ့စကား ဖြစ်သောကြောင့် အဲဒီသြဝါဒ စကားကို ဘုန်းကြီးက ယခုပြောကြားပါမယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကလျာဏမိတ္တဆိုတဲ့ မိတ်ဆွေ ကောင်း ဆရာကောင်း ရှိဘို့လိုပါတယ်။ အဲဒီ ကလျာဏမိတ္တဆိုတဲ့ မိတ် ဆွေကောင်းက ကမ္မဋ္ဌာန်းဆရာဂုဏ်တွေကို ဝိသုဒ္ဓိမဂ်မှာ ဒီလိုဖော်ပြထား ပါတယ်။

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။

ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နော စဋ္ဌာနေ နိယောဇတော–လို့

ဂါထာလေးတပုဒ်ထည်း(ထဲ)ဖြင့် ဖော်ပြထားပါတယ်။ အဲဒီမှာ ဆိုလို တာကတော့ .... ....

ပိယော၊ ချစ်ခင်ဖွယ်၊ ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံရမယ်တဲ့၊ ရဟန်း ဆိုယင် ရဟန်းကျင့်ဝတ်တွေနဲ့ ပြည့်စုံသောအားဖြင့် ကြည်ညိုဖွယ်ပြည့် စုံနေရမယ်။ ကမ္မဋ္ဌာန်းဆရာဆိုတော့ အဲဒီလို ဂုဏ်နှင့်ပြည့်စုံဘို့ရာ ပိုပြီး အရေးကြီးပါတယ်။ ရဟန်းမဟုတ်တဲ့လူ ကမ္မဋ္ဌာန်းဆရာ ဆိုရင်လဲ အောက်ထစ်ဆုံးငါးပါးသီလနှင့်အမြဲပြည့်စုံနေဘို့လိုပါတယ်။ တရားအား ထုတ်နေတဲ့ တပည့်တွေက ရှစ်ပါးသီလနှင့် ပြည့်စုံနေရင်တော့ကမ္မဋ္ဌာန်း ဆရာကလဲ ရှစ်ပါးသီလနှင့် ပြည့်စုံနေသင့်ပါတယ်။ သာမန်လူပုဂ္ဂိုလ်မျိုး မဟုတ်ပဲ ရသေ့အသွင်နှင့် အနာဂါရိက ဆရာမျိုးဆိုရင်တော့ ရှစ်ပါး သီလနှင့် အမြဲတမ်းပြည့်စုံ နေသင့်ပါတယ်။ ယခု ဒီကဂျိုးဆက်တို့ ဂျက်တို့ သာမန်လူဆရာတွေမှာတော့ အနာဂါရိကရသေ့ဂုဏ်ကို ယူမထားတဲ့ အတွက် ငါးပါးသီလလောက် စင်စင်ကြယ်ကြယ် ပြည့်စုံနေရင် သင့် တော်လောက်ပါပြီ၊ ဒါပေမဲ့ တရံတခါတော့ တပည့်တွေထက် မြင့်မြတ် သာလွန်အောင် ရှစ်ပါးသီလ ဆောက်တည်ကျင့်သုံးသွားနိုင်ရင် အထူး ပင်သင့်လျော် ကောင်းမြတ်ပါတယ်။ နောက်ပြီးတော့ အခြားသူများ နှင့်ဆက်ဆံရာမှာ မေတ္တာဂရုဏာကို ရှေ့သွားပြုပြီး ဆက်ဆံဘို့ လိုပါတယ်။ အထူးအားဖြင့် တရားအားထုတ်နေတဲ့ တပည့်တွေကို ညွှန်ကြား ဆုံးမ ရာမှာ မေတ္တာ ကရုဏာကို ပွားစေဘို့ လိုပါတယ်။ ဒီအဲလို သီလနှင့်လဲ ပြည့်စုံသည့်ပြင် မေတ္တာ ကရုဏာဖြင့်လဲ ရှေ့ဆောင်ပြီး ဆက်ဆံနေရင် ပိယော–ချစ်ဖွယ် ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံရမယ်ဆိုတဲ့ ကလျာဏမိတ္တ အဖြစ်ဟာ ပြည့်စုံတော့တာပါဘဲ။

နောက်ပြီးတော့ ဂရု–အလေးပြုထိုက်တဲ့ ဂုဏ်နှင့်လဲ ပြည့်စုံရမယ်တဲ့။ အဲဒါကတော့ ခုတင်က ပြောခဲ့တဲ့အတိုင်း သီလကို အလေးအမြတ်ပြုပြီး

ကျင့်သုံးနေရင် သူတပါးက အရိုအသေ အလေးအမြတ်ပြုထိုက်တော့တာပါဘဲ။ အဲဒါထက် သမာဓိအကျင့် ပညာအကျင့်ကို အလေးပြုနေရင် အလေးပြုအပ်တဲ့ ဂုဏ်နှင့်သာ ပြီးပြည့်စုံပါတယ်။ ဒါကြောင့် တပည့်ပရိသတ်များက အထူးရိုသေလေးစားခြင်းရှိအောင် သီလသမာဓိ ပညာအကျင့်ကို အထူးသတိပြုပြီး ကျင့်သွားကြရုံပါဘဲ။ ဒီက ဂျိုးဆက်တို့ဂျက်တို့ကတော့ အဲဒီ အလေးပြုအပ်တဲ့ဂုဏ်နှင့်လဲ ပြည့်စုံသင့်သမျှ ပြည့်စုံနေတယ်လို့ ဘုန်းကြီးက ထင်မြင်ပါတယ်။

နောက်ပြီးတော့ ဘာနီဝယော- သူတပါးက မေတ္တာ ပွားထိုက်တဲ့ဂုဏ်နှင့်လဲ ပြည့်စုံရမယ်တဲ့။ ခုတင်က ပြောခဲ့တဲ့အတိုင်း မေတ္တာကရုဏာရှေ့သွားပြီး ဆက်ဆံနေရင် အခြားသူတွေက မေတ္တာပွားထိုက်တဲ့ ဂုဏ်နှင့် ပြည့်စုံနေတာပါဘဲ။ ယခု ဒီမှာ တရားအားထုတ်ကြတဲ့ သူတွေ တိုးပွားလာတာကို တွေ့သိရသောကြောင့် ဒီက ကမ္မဋ္ဌာန်းပြနေတဲ့ ကမ္မဋ္ဌာန်းဆရာတွေမှာ ဘာဝနီယ ဆိုတဲ့ မေတ္တာပွားထိုက်သော ဂုဏ်နှင့်လဲပြည့်စုံနေတယ်လို့ ဘုန်းကြီးတို့က ယုံကြည်ပါတယ်။

နောက်ပြီးတော့ ဝတ္တာ- ပြောဆိုသင့်တဲ့သူကို ပြောဆိုရမယ်တဲ့။ အတူနေ ပုဂ္ဂိုလ်တွေ၊တပည့်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ မပြုသင့်တာကိုပြုခြင်း၊ မပြောသင့်တာကို ပြောခြင်းဆိုတဲ့ ချို့ယွင်းချက်ရှိနေရင် ညွှန်ကြားဆုံးမပြောဆိုဘို့ပါဘဲ။ အဲဒီလို ချို့ယွင်းချက်ရှိနေတဲ့သူကို မဆုံးမပဲ လျစ်လျူရှုမထားသင့်ဘူး။ ကိုယ့်တပည့်တွေ၊ ကိုယ်နှင့် ရင်းနှီးတဲ့ သူတွေဆိုရင် ပြောဆိုသင့်သမျှ ပြောဆို ဆုံးမရတယ်။ ကမ္မဋ္ဌာန်း ဆရာဆိုတာ တရားအားထုတ်နေလိုနေတဲ့သူကို မလိုရအောင် တိုက်တွန်း ပြောဆိုပေးရတယ်။ နေ့စဉ်လဲ ကမ္မဋ္ဌာန်းစစ်ပြီး ပြုပြင်သင့်သမျှ ပြုပြင်ပေးရတယ်။ အဲဒါဟာ တပည့်တွေအတွက် ပြောသင့်သမျှ ပြောရတာပါဘဲ။ အနေ အထိုင် အသွားအလာမှစ၍ပြုပြင်ပေးသင့်သမျှကိုပြုပြင်ပြောပြပေးရတယ်၊အဲဒီလို ပြောပြတဲ့ အခါ မေတ္တာ ကရုဏာဖြင့် သိမ်သိမ်မွေ့မွေ့ ပြောပြဘို့လဲ လိုပါတယ်။

အဲဒီလို ပြောဆိုသင့်သမျှ ပြောဆိုရတဲ့ ကျင့်ဝတ်ဟာ ဒီက ကမ္မဋ္ဌာန်းဆရာတွေမှာ ပြည့်စုံနေတယ်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကမ္မဋ္ဌာန်းနှင့် ပတ်သက်ပြီးတော့ ပြောသင့်တာ အနည်းငယ်ကို ဖော်ပြချင်ပါသေးတယ်။ ကမ္မဋ္ဌာန်းတရား အားထုတ်တယ်ဆိုတာ ဗုဒ္ဓဘာသာတရားတော်အရ အားဖြင့် ကိလေသာ ကင်းငြိမ်းအောင် အားထုတ်ကြရတာဘဲ။ ဒါကြောင့် ကိလေသာဖြစ်စေနိုင်တဲ့ အကြောင်းအရာများကို ရှောင်ကြဉ်ရန် ညွှန်ကြားဘို့ လိုပါတယ်။ ဘုရားလက်ထက်တော် ကာလက ရဟန်းတော်များ တောရကျောင်း၌ နေကြရတာဟာ မြို့ထဲရွာထဲက ကိလေသာဖြစ်ကြောင်း၊ အာရုံများနဲ့ ကင်းတန်သမျှ ကင်းအောင်လို့ပါဘဲ၊ သို့ပေမဲ့ ယခုအခါမှာဆိုရင် ဘုန်းကြီးတို့၏ ဗမာပြည်မှာ အဲဒီလို တောရကျောင်းမှာချည်း နေဘို့ဟာသိပ်မလွယ်လှပါဘူး၊ အထူးအားဖြင့် တောလူဝတ်ကြောင်တွေဟာ အဲဒီလိုတောရကျောင်း၌သွားပြီး တရားအားထုတ်ရန် မလွယ်လှပါဘူး။

ဒါကြောင့် ယခုနေအခါ ဗမာပြည်မှာ လူဝတ်ကြောင်များဟာ မြို့ထဲရွာထဲက ကမ္မဋ္ဌာန်းကျောင်းများမှာသာ အားထုတ်ကြတာများပါတယ်။ ဒါပေမဲ့ တရားအားထုတ်နေခိုက်မှာ ကိလေသာဖြစ်ကြောင်းအာရုံများ ကင်းတန်သလောက် ကင်းအောင် ညွှန်ကြားကြရပါတယ်။ ဘုန်းကြီးတို့၏ ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူတဲ့ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးကဆိုရင် တရားအားထုတ်တဲ့ ယောဂီများအားကျောင်းခန်းတခုခု၌ တယောက် တယောက်စီသာ နေစေတယ်။ သူ့ကျောင်းခန်း အသီးသီးထဲမှာသာ စင်္ကြံလျှောက် အားထုတ်စေတယ်။ အပြင်ဘက်ထွက်တဲ့အခါဆိုရင် လူတွေကို မမြင်ရအောင် အဝတ်ဖြင့် ခေါင်းနှင့် မျက်နှာကို ခြုံစေပြီး သွားလာစေပါတယ်။ အဲဒါဟာ သူတပါးကိုမြင်ပြီး စိတ်မပျံ့လွင့်ဘို့ အထူးအားဖြင့် မိန်းမ ယောကျ်ားတွေကိုမြင်ပြီးတော့ မိန်းမပဲ ယောကျ်ားပဲ လုပတယ် သည်ဖြင့် ကိလေသာတွေမဖြစ်ရအောင်လို့ ညွှန်ကြားတာပါဘဲ။ယောကျ်ားနှင့်မိန်းမများမှာ အချင်းချင်း မြင်တွေ့နေရလျှင် ကာမစ္ဆန္ဒခေါ်တဲ့ နီဝရဏတွေ

ဖြစ်တတ်ပါတယ်။ မတော်မသင့်တဲ့လူကို မြင်ရင်လဲ ဗျာပါဒဆိုတဲ့ နိုင်ငံရေး ဖြစ်တတ်ပါတယ်။ အဲဒီလို နီဝရဏကိလေသာတွေ ဖြစ်နေရင် စိတ္တဝိသုဒ္ဓိ– စိတ်စင်ကြယ်ခြင်း၏ အန္တရာယ်ဖြစ်တတ်ပါတယ်။ စိတ္တဝိသုဒ္ဓိမဖြစ်ရင် ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိပဿနာဉာဏ်တွေလဲ မဖြစ်ပဲ ရှိနေတတ်ပါတယ်။ ဒါကြောင့် မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက အခန်းထဲမှ အပြင်ထွက်တဲ့အခါ ခေါင်းနဲ့မျက်နှာကို အုပ်ဖုံးပြီး ထွက်ဖို့ သွားလာဖို့ ညွှန်ကြားတော်မူတာပါတဲ့၊ အဲဒီဆရာတော်ဘုရားကြီး၏ တပည့်တွေထဲကလဲ တချို့ ကမ္မဋ္ဌာန်းဆရာတွေဟာ အဲဒီနည်းအတိုင်းပင် ညွှန်ကြားနေကြပါတယ်။ ဒါပေမဲ့ ဘုန်းကြီးတို့ထံမှာတော့ ယောဂီတွေ အလွန်များနေပါတယ်။ နည်းနည်းရှိတဲ့အခါကာလများမှာတောင် ယခုနေအခါ ရန်ကုန်သာသနာ့ရိပ်သာမှာ ယောဂီအသစ်က ၃၀၀ ကျော်လောက်ရှိပြီး ယောဂီအဟောင်းကလဲ တရာကျော်လောက်ရှိနေပါတယ်။ များတဲ့အခါမှာတော့ တထောင်မကတောင် ရှိနေပါတယ်။ ဒါကြောင့် တခန်းတခန်းမှာ တယောက်တယောက်သာ နေဘို့လဲ မဖြစ်နိုင်ပါ။ ခေါင်းမွေးခြုံရန်လဲ မညွှန်ကြားတော့ပါ။ သို့သော်လဲ ကိလေသာအဖြစ်နည်းပါးအောင် အမျိုးသားတွေနေရာနဲ့ အမျိုးသမီးတွေရဲ့နေရာကိုတော့ မနီးစပ်စေပဲ ခွဲခြားထားပါတယ်။ အပြင်ထွက်တဲ့အခါ မသင့်တော်တဲ့ အာရုံတွေကို မကြည့်ဘို့ရာ ကြည့်မိယင်လဲ ချက်ခြင်းပင် ရှုမှတ်ပြီး ပယ်ဘို့ရာ ညွှန်ကြားထားပါတယ်။ ဒုပေါင်းပြီး တရားထိုင်တဲ့အခါမှာလဲ အမျိုးသားနေရာကတခြား၊ အမျိုးသမီးနေရာက တခြား ခွဲထားစေပါတယ်။ တရားနာရာမှာလဲ အမျိုးသားနှင့်အမျိုးသမီးများ ကင်းနိုင်သမျှကင်းအောင် ခွဲခြားထိုင်ဘို့ ညွှန်ကြားထားပါတယ်။ တရားအစစ်ခံတဲ့အခါလဲ အမျိုးသားနှင့် အမျိုးသမီးများ အတူတကွ အစစ်မခံဘို့ ညွှန်ကြားထားပါတယ်။ ဘုန်းကြီးတို့ ရန်ကုန်သာသနာ့ရိပ်သာစသည်မှာကတော့ အမျိုးသားများနှင့်ရဟန်းယောဂီများကို တနေရာမှာ ကမ္မဋ္ဌာန်းဆရာတပါးက စစ်ဆေးညွှန်ကြားပါတယ်။ အမျိုးသမီးများကိုတော့ အခြားတနေရာမှာ အခြားကမ္မဋ္ဌာန်းဆရာတပါးက စစ်ဆေးညွှန်ကြားပါတယ်။ အဲဒီလိုအမျိုးသားနှင့်အမျိုးသမီးများကို မနီးစပ်အောင် ညွှန်ကြ

ခြင်းဟာ ကာမစ္ဆန္ဒခေါ်တဲ့ နီဝရဏကိလေသာကင်းတန်သမျှ ကင်းစေရန်အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီအရပ်ဒေသက ကမ္မဋ္ဌာန်းဌာနတွေမှာလဲ ဖြစ်နိုင်မယ်ဆိုယင်၊ အမျိုးသားနှင့် အမျိုးသမီးများ မနီးစပ်မရောနှောအောင် ညွှန်ကြားသင့်ပါတယ်။

နောက်ပြီးတော့ စင်္ကြံလျှောက်ရာမှာလဲနှစ်ယောက်တွဲပြီး မလျှောက်ပဲတယောက်ချင်း လျှောက်စေရပါတယ်။ နှစ်ယောက်တွဲပြီး လျှောက်ရင်းတယောက်ကိုတယောက်ကြည့်ပြီးတော့လဲ သမာဓိပျက်နိုင်တယ်။ အချင်းချင်း စကားပြောပြီးတော့လဲ သမာဓိပျက်နိုင်တယ်။ ဒါကြောင့် အဲဒါနဲ့စပ်ပြီးတော့လဲ ညွှန်ကြားသင့်ပါတယ်။

ယခုပြောခဲ့တဲ့ ညွှန်ကြားပုံတွေဟာ ဖြစ်နိုင်သမျှ ညွှန်ကြားပေးဘို့ပါဘဲ၊ မဖြစ်နိုင်ရင်တော့ မပြုပြင်မညွှန်ကြားပဲ လစ်လျူရှုနေရမှာဘဲ၊ ဘာကြောင့်လဲဆိုတော့ – ဒီနယ်ပယ်အရပ်ဒေသက တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့၏ရည်သန်မြော်လင့်ချက်က ယခုလောလောဆယ်မှာ စိတ်ချမ်းသာမှုရဘို့လောက် ရည်ရွယ်တာကလဲ ရှိပုံပေါ်နေပါတယ်။ သူတို့ရဲ့စိတ်ချမ်းသာမှုကတော့ စိတ်ဆိုးခြင်း၊ စိတ်ညစ်ခြင်း အစရှိတဲ့ ဒေါသနှင့်ဒေါမနဿလောက် ကင်းရုံမျှပါဘဲ၊ ရာဂစိတ်တွေဖြစ်ပြီးစိတ်ချမ်းသာနေတာကိုလဲ သူတို့က အလိုရှိနေကြတယ်။ ဒါကြောင့်သူတို့မှာ ဘုရားအလိုတော်ကျ ရာဂကင်းအောင် ညွှန်ကြားချက်ဟာအဆင်မပြေပဲလဲ ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီအရပ်ဒေသက ယောဂီတွေကိုတော့ ဒီကမ္မဋ္ဌာန်းဆရာတွေက သင့်လျော်အောင် ဆင်ခြင်ပြီးညွှန်ကြားကြရုံပါဘဲ၊ ဖြစ်နိုင်ရင်တော့ တရားနာနေရာ တရားအားထုတ်နေတဲ့ နေရာများမှာ အမျိုးသားနှင့်အမျိုးသမီးတွေ မရောနှောပဲ သူ့နေရာနှင့်သူ သီးသန့်နေနိုင်ရင် သာပြီးကောင်းပါတယ်။ စားသောက်ရာမှာလဲ မရောနှောပဲနေနိုင်ရင် သာပြီးကောင်းပါတယ်။

တရားစစ်တဲ့အခါမှာလဲ တယောက်ချင်းမစစ်ပဲ ယောဂီများရင် များသလောက် အခြေအနေကို ကြည့်ပြီး–၅ ယောက်၊ ၆ ယောက်ဖြစ်စေ၊

၉ ယောက် ၁၀ ယောက်ဖြစ်စေ၊ တချိန်တည်းစုပြီး အဲဒီအထဲက သင့်တော်တဲ့သူကို မေးစစ်တဲ့အခါမှာတော့ တယောက်ချင်း စစ်ဆေး မေးမြန်းပြီး ညွှန်ကြားပို့ပြင်ပေးသင့်ပါတယ်။ ဒီလို အစုလိုက်ခေါ်ပြီး မေးရခြင်းအကျိုးကတော့ ပဋ္ဌမတဦးအား ပြောသင့်တာကို ပြောပြတဲ့ အခါမှာ အခြားသူများလဲ ကြားနာပြီး အသိဉာဏ် ဖြစ်ပွားရတယ်။ ဒါကြောင့် အခြားပုဂ္ဂိုလ်များအား အလားတူစကားများကိုမပြောရပဲ သက်သာရာရတယ်။ နောက်တခုကတော့ တရားအမှတ်ကောင်းတဲ့သူက အမှတ် အသိကောင်းပုံကို ပြောပြတဲ့အခါ၊ ကြားရပြီးတော့ အမှတ် မကောင်းသေးတဲ့သူကလဲ ယုံကြည်မှုသဒ္ဒါတရားနဲ့ အားထုတ်လိုတဲ့ဆန္ဒလဲ တိုးတက်ပြီးတော့ ရှုမှတ်မှုလဲ တိုးတက်သွားတတ်ပါတယ်။ ဒါကြောင့် မေးစစ်ရေယောဂီတွေ ၅၀ ကျော်၊ ၁၀၀ ကျော် ဒီလိုများရင် ယခု ပြောခဲ့တဲ့ အစုလိုက် ခေါ်ယူပြီးတော့ မေးတဲ့အခါမှာ တဦးချင်းမေးရုံ ပါဘဲ၊ ဟောပြောသင့်သမျှလဲ ဟောပြောသွားရုံပါဘဲ။

နောက်ပြီးတော့— ဝစနက္ခမော ဆိုတာကတော့ သူတပါးက မိမိ အပြစ်ကိုမြင်ပြီး ပြောလို့ရှိရင် လက်ခံနိုင်ရမယ်တဲ့၊ တချို့ကတော့ ကိုယ်ကသာ သူတပါးအပြစ်ကို ပြောတတ်တယ်၊ သူတပါးက ကိုယ်အပြစ် ပြောရင် သည်းမခံပဲ စိတ်ဆိုးတတ်တယ်။ ကလျာဏမိတ္တမည်တဲ့ မိတ် ဆွေကောင်း ကမ္မဋ္ဌာန်းဆရာကတော့ အဲဒီလိုမဖြစ်သင့်ဘူး၊ ကိုယ်နဲ့မနီး စပ်တဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ကဖြစ်စေ၊ ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်ကဖြစ်စေ ကိုယ်အပြစ်ကို ပြောလို့ရှိယင် သည်းခံပြီးတော့ သူပြောတဲ့အတိုင်း မိမိမှာ အပြစ် ရှိမရှိ၊ ဆင်ခြင်ကြည့်ရမယ်။ အပြစ်မရှိပဲပြောတောင်မှ သည်းခံပြီး ရှင်းတန်သမျှ ရှင်းပြရုံပါဘဲ၊ သည်းမခံပဲ ရန်ငြိုးထားခြင်း မျိုးတော့ မဖြစ်စေရဘူး၊ ချွတ်ယွင်းချက် အပြစ်တကယ်ရှိရင်တော့ ပြောပြတဲ့သူကို ကျေးဇူးတောင်တင်ရဦးမယ်၊ နောင်အခါမှာ အဲဒီလိုအပြစ်မဖြစ်ရအောင် အထူးဂရုစိုက်ပြီး စောင့်ရှောက်သွားရမယ်။

နောက်ပြီးတော့— ဂမ္ဘီရဥ္စ ကထံ၊ နက်နဲသောစကားကိုလဲ၊ ကတ္တာ ပြုတတ်ပြောဆိုတတ်ရမယ် ဆိုတာကတော့ သီလဖြစ်အောင် ကျင့်ပုံ၊

သီလပြည့်စုံပုံ၊ သမာဓိဖြစ်အောင်ကျင့်ပုံ၊ သမာဓိဖြစ်ပုံ၊ ဝိပဿနာပညာဖြစ်အောင်ကျင့်ပုံ၊ အရိယမဂ်ပညာဖြစ်အောင် ကျင့်ပုံ၊ ဝိပဿနာပညာဖြစ်ပုံ၊ အရိယမဂ်ပညာဖြစ်ပုံ အစရှိသော နက်နဲသော စကားကိုအခါအားလျော်စွာ ပြောကြားပေဘို့ပါဘဲ၊ အဲဒီနက်နဲသောစကားကို ပြောနိုင်အောင် ဘုရားဟောတရားများကို ကြားနာလေ့လာပြီး သုတဆိုတဲ့အကြားအမြင်နဲ့ ပြည့်စုံဘို့လဲ လိုပါတယ်။ ကိုယ်တိုင်တရားအားထုတ်ပြီးတွေ့သိထားတဲ့ အသိဉာဏ်ထူးများနှင့် ပြည့်စုံသမျှ ပြည့်စုံနေဘို့လဲလိုပါတယ်။ အဲဒီ အကြား အမြင် အသိ ကိုယ်တိုင်အတွေ့အသိများဖြင့် နက်နဲသောစကားကို ပြောသင့်သမျှပြောရမယ်။ အတိုချုပ်အားဖြင့် သီလဖြစ်အောင်ကျင့်ဘို့၊ သမာဓိဖြစ်အောင်ကျင့်ဘို့၊ ပညာဖြစ်အောင်ကျင့်ဘို့ပါဘဲ။ အဲဒီသုံးပါးထဲမှာလဲ သီလနှင့်သမာဓိကို အခြေခံပြီး ဝိပဿနာပညာဖြစ်အောင် ကျင့်ဘို့က လိုရင်းပါပဲ။

အဲဒီဝိပဿနာပညာအစစ်ဖြစ်အောင်ကတော့ မိမိသန္တာန်မှာ တကယ်ဖြစ်နေတဲ့ ရုပ်နာမ်ကို မပြတ်ရှုမှတ်နေမှုဖြစ်တယ်။ မြင်မှု၊ ကြားမှုစသည်ဘော မပြတ်ဖြစ်နေခိုက်မှာ ရှုမှတ်နေရတယ်။ အဲဒီလို ရှုမှတ်နေလို့ သမာဓိဖြစ်လာတဲ့အခါ ရုပ်နာမ်သဘောတရားတွေကို အမှန်အတိုင်း သိတဲ့ဉာဏ်ပညာဖြစ်လာတယ်။ အဲဒီလိုဖြစ်တတ်ပုံကို မြတ်စွာဘုရားက "သမာဓိဘော ယထာဘူတံ ပဇာနာတိ"လို့ ဟောထားပါတယ်။ ရှုမှတ်လျက်စိတ်တည်ငြိမ်တဲ့အခါ ရုပ်နာမ်တရားကို အမှန်အတိုင်းသိတဲ့ ပညာဖြစ်ပါတယ်တဲ့။ သိပုံကတော့ ရုပ်အမူအရာကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း "မှတ်သိရတဲ့ ရုပ်ကတခြား + မှတ်သိတဲ့စိတ် နာမ်ကတခြား" ပိုင်းခြားပြီးသိတယ်၊ ကြံသိမှု ခံစားမှု စသောနာမ်အမူအရာကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း "ကြံသိမှု ခံစားမှု ရှုသိမှု စိတ်နာမ်က တခြား + သိစရာရုပ် သိမှု၏တည်ရာရုပ်ကတခြား" ပိုင်းခြားပြီးသိတယ်။ အဲဒီလိုသိတာဟာ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒ ခေါ်တဲ့ ဉာဏ်ပဲ။

ကြားတယ်လို့ ရှုမှတ်တဲ့အခါ "ကြားရာဌာန၊ နားရုပ်နဲ့ ကြားရတဲ့အသံ၊ ရုပ်ကတခြား+ကြားသိတာနဲ့ ရှုသိတာက တခြား" ဒီလိုပိုင်းခြား

သိတယ်၊ မြင်တယ် စသည်ဖြင့် ရှုမှတ်တဲ့ အခါမျိုးမှာလဲ ရုပ်နှင့်နာမ်ကို နည်းတူပဲ ပိုင်းခြားပြီး သိတယ်။ ဒါဟာ နာမ်နှင့် ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဘဲ။

နောက်ပြီးတော့ သမာဓိအား၊ ဉာဏ်အား တိုးတက်လာတဲ့ အခါမှာ ကြားတယ်လို့မှတ်တိုင်း "နားရှိလို့၊ ကြားစရာအသံရှိလို့ ကြားတာဘဲ။ ကြားမှုရှိလို့ မှတ်သိမှုဖြစ်တာဘဲ" လို့ ဒီလို အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားပြီး သိတယ်၊ လှုပ်တယ် စသည်ဖြင့်ရှုမှတ်တဲ့အခါ မှာလဲ "လှုပ်ချင်လို့ လှုပ်တာဘဲ၊ လှုပ်မှုရှိလို့ လှုပ်တယ်" မှတ်သိရတာဘဲ စသည်ဖြင့် အကြောင်းနှင့်အကျိုးကို ပိုင်းခြားသိတဲ့ဉာဏ်ဖြစ်တယ်။

သမာဓိအား၊ ဉာဏ်အား တဆင့်တိုးတက်လာတဲ့အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာရော သိတာရော အသစ်အသစ်ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ အဲဒီလို ချက်ခြင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတော့ မမြဲတာချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ၊ အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှတွေချည်းဘဲ လို့လဲ သိရပြန်တယ်။ အဲဒါဟာ အနိစ္စ ဒုက္ခ အနတ္တလို့ အမှတ်အတိုင်းကိုယ်ပိုင် ဉာဏ်ဖြင့်သိတဲ့ ဝိပဿနာဉာဏ်အစစ်ပဲ။ အဲဒီလို အမှန်အတိုင်းသိရအောင် လို့ ရှုမှတ်ရတာဘဲ။ အဲဒီလို အမှန်အတိုင်းသိတဲ့ဉာဏ် ဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒီ ဝိပဿနာဉာဏ်တွေ ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အဲဒီလို ရှုသိနေရင်းပင် ရုပ်နာမ်သင်္ခါရတွေ ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်ရ တွေ့သိရ တယ်။ အဲဒီလို သမာဓိဉာဏ် အထူးတွေဖြစ်အောင်လို့ တရားအားထုတ် ပုံတွေကို ညွှန်ကြားရတာဘဲ။ အဲဒီလို သိနားလည်အောင် ဟောရတာ ဟာ နက်နဲတဲ့ တရားစကားတွေကို ဟောပြောရတာဘဲ။ အဲဒါဟာ "ဂမ္ဘီရဉ္စ ကထံ ကတ္တာ–နက်နဲသော စကားကိုလဲ ပြောတတ်ရမယ်" ဆိုတဲ့ ကလျာဏမိတ္တဂုဏ်ပါဘဲ။

ဒီမှာ တရားအားထုတ်နေကြတဲ့ သူတွေထဲမှာ တချို့ကတော့ ယခု ဘုန်းကြီးတို့ ညွှန်ကြားနေတဲ့ နည်းအတိုင်း မဟုတ်ပဲ သူတို့ဆရာတွေက

ညွှန်ကြားတဲ့အတိုင်း အားထုတ်နေကြတာလဲ ရှိတယ်။ ဒါကြောင့် သူတို့အလိုအတိုင်း လိုက်ရောပြီး ညွှန်ပြနေရတာလဲ ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမယ်လို့ ဘုရားဟောပြောထားတဲ့ နည်းလမ်းမှန်အတိုင်း လိုက်ရောပြီး အားထုတ်နိုင်အောင် ညွှန်ကြားပေးဘို့ဘဲ လိုပါတယ်။ ရုတ်ဘရက် မလိုက်နာနိုင်ပေမဲ့ နောက်တချိန်ချိန်ကျတော့ သဘောကျပြီး လိုက်နာနိုင်ရင် အကျိုးများသွားမှာပါဘဲ။ ဒါကြောင့် သူတို့ အားတုတ်နည်းကို အပြစ်မပြောပဲ မတားမြစ်ပဲ နည်းလမ်းမှန်အတိုင်း စမ်းသပ်အားထုတ်ကြည့်ဘို့ ညွှန်ကြားသင့်ပါတယ်။ အဲဒီလို ညွှန်ကြားတဲ့အတိုင်း စမ်းသပ်အားထုတ်နေရင် တချို့မှာ သမာဓိဉာဏ် အစစ်အမှန်တို့ တွေ့ပြီး အကျိုးများသွားဘို့ ရှိပါတယ်။ အာနာပါနကို ရှုနေတဲ့ သူကိုတော့ ဝင်လေထွက်လေကိုရှုနေရင်း ထင်ရှားပေါ်လာတဲ့စိတ်အကြံအစည်ကို နာကျင်မှုသော ဝေဒနာတို့ကို ရှုမှတ်ဘို့ ညွှန်ကြားပေးနိုင်ပါတယ်။ နောက်ပြီးတော့ လက်ခြေစသည် လှုပ်ရှားမှု ပြုပြင်မှု သွားလာမှု စသည်ကိုလဲ ရှုမှတ်ဖို့ ညွှန်ကြားပေးနိုင်ပါတယ်။ အဲဒီလို ညွှန်ကြားမေးတဲ့အတိုင်း ရှုမှတ်သွားရင် ထူးခြားတဲ့အသိဉာဏ်တွေကို တွေ့ပြီးတော့ နည်းလမ်းမှန်ကို သဘောကျသွားနိုင်ပါတယ်။ ဒါကြောင့် အခြားနည်းနဲ့ ရှုနေတဲ့သူကိုလဲ သူတို့နည်းကိုတော့ အပြစ်မပြောပဲ နည်းမှန်အတိုင်း ညွှန်ကြားပေးသင့်သမျှ ညွှန်ကြားပေးဘို့ပါဘဲ။ အထူးအားဖြင့် လမ်းလျှောက်နေတဲ့အခါ သွားမှု လှုပ်ရှားမှုကို ရှုရန် ညွှန်ကြားပေးသင့်ပါတယ်။ အဲဒီလို ညွှန်ကြားတာကို လက်ခံနိုင်သမျှလက်ခံပြီး ရှုနေရင် သမာဓိဉာဏ် အထူးများကိုလဲ ရသွားနိုင်ပါတယ်။ နည်းလမ်းမှန်ကိုလဲ သဘောကျသွားနိုင်ပါတယ်။ ဒါဟာ နက်နဲတဲ့တရားစကားကို ပြောပုံပြောနည်းပါဘဲ။

နောက်ပြီးတော့– နောစဋ္ဌာနေ နိယောဇယေ၊ မပြုသင့်၊ မပြောသင့်တဲ့ အမှုအရာဋ္ဌာနဌ်လဲ မယှဉ်စေရ မတိုက်တွန်းရဘူးတဲ့။ အဲဒါကတော့ "မပြုမလုပ်သင့်တာကို ပြုလုပ်ရန် မစေခိုင်းရဘူး၊ မပြောသင့်တဲ့စကားကို မပြောစေရဘူး" လို့ ဆိုလိုတာပါဘဲ။ မပြုမလုပ်သင့်ဘူးဆိုတာက သူ့

အသက်သတ်ခြင်း စသော မကောင်းမှုတွေပါဘဲ။ မပြောသင့်တာကလဲ လိမ်ပြောခြင်း၊ ဆဲရေးခြင်း စသော အကုသိုလ် ဝစီကံတွေပါဘဲ။ နောက်ပြီးတော့ အကျိုးမဲ့မှုတွေကိုလဲ ပြုလုပ်ရန် မညွှန်ကြားဘို့ မစေခိုင်းဘို့ ပါဘဲ။ တရားအားထုတ်နေရာမှာတော့ သမာဓိနှင့် အသိဉာဏ်များကို မဖြစ်စေနိုင်တဲ့ အလုပ်များ အကျင့်များကိုလဲ ပြုလုပ်ရန် မညွှန်ကြားပဲ ကင်းရှင်းနေဘို့ လိုပါတယ်။ ဒါကြောင့် တရားနည်းလမ်းမှန် မဟုတ်တာကို နည်းလမ်းမှန် အနေအထားအားဖြင့် မပြောပြ မညွှန်ကြားပဲ ကင်းရှင်းနေဘို့ပါဘဲ။

အရေးကြီးတာကတော့ မိမိကိုယ်တိုင် တရားနည်းလမ်းမှန်အတိုင်း အားထုတ်ပြီး သိသင့်သမျှလဲ ကိုယ်တိုင်သိပြီးသော့ သူတပါးတွေလဲ မိမိလိုပင် ဉာဏ်ထူး တရားထူးများကို သိကြရအောင် နည်းလမ်းမှန်ကို ညွှန်ကြားပေးဘို့ပါဘဲ။ အဲဒီလို ညွှန်ပြပေးနေရင် လိုက်နာပြီး အားထုတ်တဲ့သူတွေမှာလဲ ဉာဏ်ထူး တရားထူးတွေကိုရပြီး အကျိုးများသွားနိုင်ပါတယ်။ ဒီပုံဒီနည်းဖြင့် အဆင့်ဆင့်ညွှန်ပြသွားကြရင် မြတ်စွာဘုရား၏ သာသနာတော်ဟာ မကွယ်ပပဲ ကြာရှည်စွာ တည်တံ့သွားဘို့ပါဘဲ။ ဒါကြောင့် ကိုယ်တိုင်တရားမှန်အတိုင်း အားထုတ်ပြီး ဉာဏ်ထူး တရားများကိုလဲ သိသင့်သမျှ ကိုယ်တိုင်တွေ့သိပြီးတော့ သူတပါးတွေလဲ မိမိလိုပင် နည်းမှန်အတိုင်း အားထုတ်ပြီး ဉာဏ်ထူး တရားထူးများကို တွေ့သိကြရအောင် မြတ်စွာဘုရားဟောပြထားတဲ့ နည်းလမ်းမှန်ကိုညွှန်ပြ ဟောကြားနေတာဟာ အင်မတန်ကောင်းပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့က အဲဒီအတိုင်းပဲ ညွှန်ကြားဟောပြနေပါတယ်။ အဲဒီအတိုင်း လိုက်နာကျင့်သုံးကြ၍ မိမိတို့အလိုရှိအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာတွေကို အလိုရှိတိုင်း ရကြပါစေ။

သာဓု....သာဓု.. သာဓု....

## ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြု ခရီးစဉ်တွင် ဟောပြော ပြောကြားတော်မူသော အချို့ တရားခံမှ အနှစ်သာရများ

### နိဗ္ဗာန်၏ အဓိပ္ပာယ်အတိုချုပ်

နိဗ္ဗာန ဆိုတာ ငြိမ်းသည်ဟု အနက်အဓိပ္ပာယ်ရှိသည်၊ ကိလေသာတွေ အကုန်ငြိမ်းခြင်း၊ ရုပ်နာမ်တွေ အကုန်ငြိမ်းခြင်းပင်ဖြစ်သည်၊ ငြိမ်းဆိုတာကလဲ အသစ်ဖြစ်ခွင့် မရှိတော့ပဲ ပြတ်စဲခြင်း ကင်းခြင်းပင် ဖြစ်သည်။ အဲဒီလို ကိလေသာဟူသမျှ လုံးဝ ငြိမ်းသည့်အတွက် ဘဝသစ် ရုပ်နာမ်တွေ ဖြစ်ခွင့်မရှိတော့ပဲ ဆင်းရဲအားလုံး ငြိမ်းလေတော့သည်။ ဘဝအသစ်ဖြစ်ခြင်း၊ ဇာတိမရှိသောကြောင့် အိုခြင်း နာခြင်း သေခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း ဟူသမျှ လုံးဝ မရှိတော့ပဲ ကင်းငြိမ်းသွားလေတော့သည်။ ယင်းသို့ ဆင်းရဲကင်းခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းတရားကို ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ကြောင်းကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်တွင် ရုပ်နာမ်မျှ အကြောင်းအမျိုးမျိုးကို သိအောင်ရှုမှတ်ရန် အနိစ္စ ဒုက္ခ အနတ္တ သဘောကို ကိုယ်တိုင်တွေ့ပြီး သိအောင် ရှုမှတ်ရန်များကိုလည်း ဟောကြားတော် မူခဲ့ကြောင်း ရှင်းလင်းပြောကြားတော်မူခဲ့သည်။

၂။ တရားဟောနေစဉ် ဟောနေသည့် ပုဂ္ဂိုလ်အသန္တာန်၌ ဖိုလ်စိတ်ဖြစ်ခြင်း ရှိ, မရှိ။

မြတ်စွာဘုရားမှာ တရားနာ ပရိသတ်များ သာဓု (ခေါ်နေစဉ်၌ ဖလသမာပတ် ဝင်စားတော်မူကြောင်း။) သာဓု ခေါ်မှု ဆုံးသည့်အခါ တရားကို ဆက်ပြီး ဟောတော်မူကြောင်း ပြဆိုထားတာရှိပါသည်။ ဘုရားတပည့်သာဝကများမှာတော့ ထိုသို့ ဖိုလ်ဝင်စားခြင်း ဖြစ်,မဖြစ်ကို ပြောဘို့မဖြစ်နိုင်ပါ၊ သာမန်ပုဂ္ဂိုလ်တွေမှာဆိုရင် ဟောသင့်သော

တရားများကို ဆင်ခြင်နေရသောကြောင့် ဖလသမာပတ် ဝင်စားနိုင်သည့် ရဟန္တာပင်ဖြစ်သော်လည်း ဖိုလ်စိတ်ဖြစ်ခြင်းရှိသည်ဟု ဆိုရန်မဖြစ်နိုင်ပါ၊ သို့သော် ဖလသမာပတ် ဝင်စားနိုင်သည့် ပုဂ္ဂိုလ်မှာဆိုရင်တော့ ဝင်စားလိုသည့်အခါ ဖြစ်နိုင်ခွင့်ရှိပါသည်။

၃။ ရှုမှတ်နေစဉ် ကြောက်စိတ်ပေါ်လာပါက အဘယ်သို့ ပြုအပ်ပါသနည်း။

မပြတ်ရှုမှတ်လျက် တရားအားထုတ်နေသူများ ကြောက်စရာမရှိပါ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဘေးရန်ကင်းကြောင်း ချမ်းသာကြောင်း ကုသိုလ်တရားသာ ဖြစ်ပွားနေသည်၊ အကယ်၍ ကြောက်စိတ်ဖြစ်ပေါ်လာလျက် အဲဒီစိတ်ကို ကြောက်တယ်ကြောက်တယ်ဟု ရှုမှတ်ပြီး ဖောင်းတာပိန်တာ စသော မှတ်နေကြကိုသာ စူးစိုက်ပြီးရှုမှတ်နေရမယ်၊ အဲဒီလို ရှုမှတ်နေရင်း ကြောက်စိတ်ပေါ်လာပြန်ရင် ကြောက်တယ် ကြောက်တယ်လို့ ရှုမှတ်ပြီး မှတ်နေကြကိုသာ စူးစူးစိုက်စိုက် မပြတ်ရှုမှတ်နေရမယ် အဲဒီလို စူးစူးစိုက်စိုက် ရှုမှတ်နေရင် မကြာခင်မှာပဲ ကြောက်စိတ်ကင်းပြီး အမှတ်ကောင်းမြဲကောင်းသွားနိုင်တယ်။

၄။ ရှုမှတ်အားထုတ်နေဆဲ၌ စိတ်ပျံ့လွင့်မှုဖြစ်လျှင် ဘယ်လိုလုပ်ရပါမလဲ

ရှုမှတ် အားထုတ်ခါစမှာ သမာဓိအားကာ မရှိသေးသောကြောင့်၊ စိတ်ကူးကြံစည်မှု တွေဟာ မကြာခန ဖြစ်တတ်တယ်။ အဲဒီလို စိတ်ကူးပျံ့လွင့်နေတာကိုမသိပဲလဲ ရှိနေတတ်တယ်။ အကယ်၍ အဲဒီလိုပျံ့လွင့်တဲ့စိတ်ကူးကို သိရင်တော့၊ အဲဒီစိတ်ကူးကို ဘယ်ပုံဘယ်နည်းဖြင့် ကြံစည်စိတ်ကူးနေတယ်လို့ ဆင်ခြင်နေဘို့ မလိုပါဘူး။ အဲဒီစိတ်ကူးကြံစည်မှုကို စိတ်ကူးတယ်။ ကြံစည်တယ် ပျံ့လွင့်တယ်၊ စသည်ဖြင့် ရှုမှတ်ပြီးတော့ ဖောင်းတာပိန်တာ စသောရှုမှတ်နေကြကိုသာ မပြတ်ရှုမှတ်သွားရတယ်။ အဲဒီလိုပေါ်လာသမျှ စိတ်ကူးကို ရှုမှတ်ရှုမှတ်ပြီး၊ 'ရှုမှတ်နေကျကိုသာ စူးစူးစိုက်စိုက် မပြတ်ရှုမှတ်နေရင်း အဲဒီလို ပျံ့လွင့်တဲ့ စိတ်ကူးတွေမရှိ

တော့ပဲ၊ မှတ်သိမှုဟာ အထူးကောင်းလာပါတယ်။ အကယ်၍ ကိုယ်ထဲ၌ နာကျင်ကိုက်ခဲမှု ဖြစ်ပေါ် လာရင်လဲ၊ အဲဒါကို နာတယ် နာတယ် စသည်ဖြင့် သည်းခံပြီးရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်နေရင်း နာကျင်မှုဟာ ပျောက်သွားတတ်ပါတယ်။ အကယ်၍ မပျောက်ရင်လဲ ဖောင်းတာ ပိန်တာစသော မပြတ်ရှုမှတ်နေကြကိုသာ စူးစိုက်ပြီး ရှုမှတ်နေရတယ်။ အဲဒီလို ရှုမှတ်နေရင်းလဲ နာကျင်ကိုက်ခဲမှုစသည်ဟာ ပျောက်ကင်းသွားတတ်တယ်။

၅။ သမာဓိကောင်းအောင် မည်သို့ လုပ်ရပါသနည်း

ဝင်သက်ထွက်သက် (သို့မဟုတ်) ဝင်လေထွက်လေကို ဝင်တယ်ထွက်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေပါကလည်း၊ စိတ်တည်ငြိမ်မှု–သမာဓိကောင်းလာနိုင်ပါသည်။ သမာဓိကောင်းတယ်ဆိုတာ ရှုမှတ်ရာအာရုံ၌သာ မပြတ်ရှုမှတ်လျက် ရှုမှတ်လျက်သာဖြစ်ပြီး တည်ငြိမ် နေတာပါပဲ၊ အဲဒီလို သမာဓိကောင်းသည့်အခါမှာ ကိုယ်တဲက အတွေ့အထိဟူသမျှတွေကိုလဲ ရှုမှတ်ကြည့်သင့်ပါတယ်။ မြင်တာကြားတာ သည်တွေကိုလဲ ရှုမှတ်ကြည့်နိုင်ပါတယ်။ ဒွါရ ၆ ပါးက ပေါ်လာသမျှကို မြင်တယ်ကြားတယ်၊ သိတယ်၊ စသည်ဖြင့် မပြတ်ရှုမှတ်နေရင် သမာဓိ အထူးကောင်း လာသည့် အခါမှာ သိစရာရုပ်နဲ့ သိတဲ့နာမ်ကိုလဲ ခွဲခြားပြီးသိတယ်။ အကြောင်းနဲ့အကျိုးကိုလဲ ခွဲခြားပြီးသိတယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတာရော၊ရှုသိတာရော အသစ်အသစ်ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျက်ပျက်သွားတာကိုလဲ သိတယ်၊ အသံကြားသည့်အခါ ကြားတယ်ကြားတယ်လို့ ရှုမှတ်တိုင်းရှုမှတ်တိုင်း အသံရောကြားတာရော ချက်ခြင်း ပျောက်သွားတာကို ထင်ရှားသိရတယ်။ အဲဒီလိုကိုယ်တိုင် တွေ့ပြီးသိတာဟာ သမာဓိကြောင့်ဖြစ်တဲ့ ဝိပဿနာဉာဏ်အစစ်ပဲ အဲဒီလိုကိုယ်ပိုင်ဉာဏ်ဖြစ်အောင်လို့ ရှုမှတ်ရတာဘဲ။

၆။ ဈာန် သမာဓိ ဖြစ်အောင် ရှုမှတ်ပြီးမှ ဝိပဿနာရှုလျှင် ကောင်း မကောင်း

ဈာန်ရပြီးမှဈာန်ကို အခြေခံပြုပြီး ဝိပဿနာရှုတာဟာ ပိုပြီးကောင်း ပါတယ်။ဘုရားလက်ထက်တော်ကာလက ပါရမီပြုခဲ့သောပုဂ္ဂိုလ်များဟာ ဈာန်ကိုအခြေခံပြုပြီး ဝိပဿနာရှုကြတာတွေ များစွာ ရှိခဲ့ကြပါတယ်။ ဈာန်အခြေခံပြုပြီး ဝိပဿနာရှုတယ်ဆိုတာ ဈာန်စိတ်ကိုဖြစ်စေပြီးတော့ အဲဒီဈာန်စိတ်ကို စပြီးရှုရတာပါဘဲ၊ သို့သော်လဲ ယခုနေအခါမှာတော့ တရားအား ထုတ်ရန် အချိန်များများ မရတဲ့သူတွေမှာ ဈာန်ရအောင် အားထုတ်ဘို့ကလဲ မလွယ်လှပါဘူး ဒါကြောင့် အချိန်များများမရရင် ဝိပဿနာကစပြီး အားထုတ်တာက ဝိပဿနာဉာဏ်များကို မကြာခင် တွေ့ရပြီး အကျိုးများတတ်ပါတယ်။

၇။ ယထာဘူတ ကျကျနန ရှုမှတ်နည်း

မြင်တိုင်း ကြားတိုင်း နံတိုင်း **စားသိတိုင်း** တွေ့သူတိုင်း ကြံသိတိုင်း ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ရုပ် **နာမ် အစစ်**တွေ ထင်ရှား ဖြစ်ပျက်နေ တယ်။ အဲဒါတွေကိုမရှုမှတ်နိုင်ရင် မြဲတဲ့အနေ ချမ်းသာတဲ့အနေ အသက် ရှင်လျက် တည်ရှိနေတဲ့ အတ္တကောင်အနေနဲ့ ထင်မှတ်ပြီး စွဲလမ်းနေကြ တယ်။ ဒါကြောင့် အဲဒီရုပ်နာမ်တွေကို (ဥပါဒါနက္ခန္ဓာ) အစွဲအလန်းခံ ရုပ်နာမ်အစုတွေလို့ ဆိုရတာဘဲ။ အဲဒီ ရုပ် နာမ် အစစ်တွေကို မြင်ဆဲ ကြားဆဲ စသည်၌ မြင်တယ် ကြားတယ် စသည်ဖြင့် စူးစူးစိုက်စိုက် ရှုမှတ်နေရင် သမာဓိအားကောင်းတဲ့ အခါမှာ ခနမစဲ ဖြစ်ပျက်နေ တာကို အမှန်အတိုင်း တွေ့ရသိရတယ်။ ဒါကြောင့် အဲဒီလိုအမှန်အတိုင်း သိရအောင် မြင်ဆဲ ကြားဆဲ စသည်မှာ မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေရတယ်။ ဒါပေမဲ့ ရှုမှတ်ခါစမှာတော့ မြင်တိုင်းကြားတိုင်း စသည်မှာ အကုန်**စေ့**ငအောင် ရှုမှတ်ဘို့မလွယ်ပါဘူး၊ ထင်ရှားတွေ့သိ ရတဲ့ တခုနှစ်ခုလောက်ကစပြီး ရှုမှတ်မှ သမာဓိအားကောင်းလာတဲ့အခါ အမှန်အတိုင်း တွေ့နိုင် သိနိုင်တယ်။ ဒါကြောင့် ဝမ်းဗိုက်အတွေ့အထိက

စပြီး ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်ဖို့ ညွှန်ပြနေတာပါဘဲ။ အဲဒီလို ရှုမှတ်နေရင်း စိတ်ကူးကြံစည်မှုတွေ ဖြစ်ပေါ်လာရင်လဲ အဲဒီ စိတ်ကူး ကြံစည်မှုကို ရှုရတယ်။ အဲဒီလို ရှုပြီးတော့ ဖောင်းတာ ပိန်တာကိုလဲ ပြန်ပြီးမပြတ်ရှုနေရတယ်။ အခံခက်တဲ့ ဝေဒနာစသည် ဖြစ်ပေါ်လာရင်လဲ အဲဒါကိုရှုရတယ်။ ပြီးရင် ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီးတော့ မပြတ်ရှုမှတ်သွားရတယ်။ ကိုယ်လက်စသည် လှုပ်ရှား ပြုပြင်မှု ထမှု လာမှု သွားမှု စသည်ဖြစ်ရင်လဲ အဲဒါကို ရှုရတယ်။ ပြီးတော့ ဖောင်းတာပိန်တာကိုလဲ ပြန်ပြီးမပြတ်ရှုမှတ်သွားရတယ်။

အဲဒီလို ရှုမှတ်နေရင်း သမာဓိအား ကောင်းလာတဲ့အခါကြတော့ ရုပ်အာရုံတွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း မှတ်သိရတဲ့ ရုပ်ကတခြား မှတ်သိတာကတခြား ခွဲခြားပြီးသိလာတယ်။ စိတ်ကူးကြံသိမှုကို ရှုမှတ်တဲ့ အခါလဲ ကြံသိတာ ရှုသိတာကတခြား၊ ကြံသိမှု၊ ရှုသိမှု၏ တည်ရာ ဖြစ်ရာ ရုပ်ကိုကတခြား ခွဲခြားပြီးသိလာတယ်။ ကြားတယ်လို့ ရှုမှတ်တဲ့ အခါလဲ ကြားရတဲ့ အသံရုပ်ကတခြား ကြားသိတာကတခြား ခွဲခြားပြီး သိလာတယ်။ မြင်တယ် စသည်ဖြင့် ရှုမှတ်တဲ့အခါများမှာဘဲ မြင်ရ တာနဲ့ မြင်သိတာ စသည်ကို ခွဲခြားပြီး သိလာတယ်။ အဲဒီလို သိတာဟာ သိတတ်တဲ့ရုပ်နဲ့ သိတတ်တဲ့နာမ်ကို ခွဲခြားပြီးသိတဲ့ အစဆုံး ဝိပဿနာ ဉာဏ်အစစ်ဘဲ။

အဲဒီနောက် သမာဓိဉာဏ် တိုးတက် အားကောင်းလာတဲ့အခါ အကြောင်းနဲ့အကျိုးကိုလဲ ပိုင်းခြား ပြီးသိလာတယ်။ သိပုံကတော့ မြင်တယ်လို့ ရှုမှတ်ရတဲ့အခါ မျက်စိရှိသောကြောင့် မြင်တယ်။ မြင်စရာ အဆင်းရှိသောကြောင့် မြင်တယ်လို့ သိရတယ်။ ကြားတယ်လို့ ရှုမှတ် ရတဲ့အခါလဲ နားရှိသောကြောင့်ကြားတယ်။ ကြားစရာအသံ ရှိသော ကြောင့် ကြားတယ်လို့သိရတယ်။ နောက်ပြီးတော့ လှုပ်ချင်လို့ လှုပ်တယ်။ သွားချင်လို့ သွားတယ်။ သွားလို့ သွားတယ်လို့ ရှုမှတ်ရတယ်။ မြင်လို့ မြင်တယ် ရှုမှတ်ရတယ်။ ကြားလို့ ကြားတယ် ရှုမှတ်ရတယ်။ ဖောင်းလို့

ဖောင်းတယ် ရှုမှတ်ရတယ်။ ပိန်လို့ပိန်တယ် ရှုမှတ်ရတယ် စသည်ဖြင့်လဲ အကြောင်းအကျိုးကို ပိုင်းခြားပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။

အဲဒီကနောက် သမာဓိဉာဏ် တဆင့်တက်ပြီး အားကောင်းလာတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မှတ်သိရတာရော မှတ်သိရတာရော အသစ်အသစ်ဖြစ်ပြီး ချက်ခြင်း ပျောက်ပျောက်ပျက်ပျက် သွားတာကိုချည်း ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိရတယ်၊ အဲဒီကော့ မမြဲတာချည်းပဲ။ ဆင်းရဲချည်းပဲ၊ အတ္တမဟုတ်တဲ့ သဘောတရားမျှချည်းပဲလို့လဲ ထင်ရှားသိရတယ်၊ အဲဒါဟာ နိဗ္ဗာန်ရောက်ကြောင်း ဝိဿနာဉာဏ်အစစ်တွေပဲ၊ အဲဒီ အသိဉာဏ်တွေ အားပြည့်တဲ့အခါ အဲဒီလို ရှုမှတ်လျက် သိသိနေရင်း ရုပ်နာမ် သင်္ခါရငြိမ်းတဲ့ သဘောထဲသို့ အသိဉာဏ်က ရောက်သွားတယ်၊ အဲဒါဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပါပဲ၊ အဲဒါဟာ အရေးအကြီးဆုံး သိပုံပါဘဲ။

ဂ။ ဆင်းရဲငြိမ်းအောင် ဘယ်လိုလုပ်ရပါမည်နည်း။

သတ္တဝါတွေမှာ ကိလေသာမကင်းသမျှ ကာလပတ်လုံး ဘဝဟောင်းက သေပြီးလျှင် ကံအားလျော်စွာ ဘဝ အသစ် အသစ် ဖြစ်ရတယ်၊ ဖြစ်လာဘဝမှာ အိုရမယ်၊ အများအားဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုလဲ တွေ့ရခံစားရမယ်၊ နောက်ဆုံးအချိန်ကြတော့ သေရမယ်၊ ဒါဟာ ကိလေသာ မကင်းသေးတဲ့ သတ္တဝါတွေမှာ အမြဲတွေ့ကြုံခံစားနေကြရတဲ့ ဆင်းရဲတွေပဲ အဲဒီဆင်းရဲမှုတွေမှ ကင်းလွတ်ချင်ရင် ကိလေသာတွေလုံးဝကင်းငြိမ်းသွားအောင် ကျင့်ဘို့လိုပါတယ်၊ အဲဒီလို ကိလေသာတွေကင်းငြိမ်းအောင် တကယ်မှန်ကန်တဲ့ အကျင့်ကလဲ အရိယမဂ္ဂင်ရှစ်ပါးဖြစ်ပွားအောင် ရှုမှတ်ရတဲ့ အကျင့်ပါပဲ၊ အဲဒီ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ဘုရားအလောင်းတော် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို ကိုယ်တိုင်တွေ့အားဖြင့် သိမြင်အောင် ရှုပြီးသိလာခဲ့တယ်၊ အဲဒီလို ရှုပြီး အဖြစ်အပျက်ကို သိမြင်နေရင်း မကြာမီ အကျင့်မှာ အရဟတ္တဖိုလ်ရောက်ပြီး ဘုရားဖြစ်လာခဲ့တယ်၊ အဲဒီလို ဘုရားဖြစ်ပြီးတဲ့

နောက် တရားထူး ရထိုက်ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတွေလဲ မိမိလို ရှုသိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့သိမြင်ရအောင် ဓမ္မစကြာသုတ်တရားတော်က စပြီး ဟောကြားတော်မူခဲ့ပါတယ်၊ မဇ္ဈိမပဋိပဒါ-အလယ်လမ်း အကျင့်ဆိုတဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင်ကျင့်ဘို့ အဲဒီလိုကျင့်ရင် ဖြစ်ပေါ်လာတဲ့ မဂ္ဂင်ရှစ်ပါးက ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ စသည်ကို တွေ့မြင်တဲ့ ပညာမျက်စိကို ဖြစ်စေကြောင်း ဟောပြတော်မူခဲ့ပါတယ်။

အဲဒီလို မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ရှုပုံ အားထုတ်ပုံကို သတိပဋ္ဌာနသုတ် တရားတော်မှာ သွားနေဆဲ သွားသည်ဟု သိရမည် စသည်ဖြင့် အတိအကျ ဖော်ပြတော်မူခဲ့ပါတယ်၊ နောက်ပြီးတော့ ပရိနိဗ္ဗာန်စံတော်မူခါနီး ညမှာ မဂ္ဂင်ရှစ်ပါးဖြစ်ပွားအောင် ကျင့်နည်းမရှိသော ပုဂ္ဂိုလ်တွေထဲမှာ ကိလေသာငြိမ်းတဲ့ အရိယာမရှိကြောင်း၊ မဂ္ဂင်ရှစ်ပါး ပွားများနေကြ ပုဂ္ဂိုလ်တွေသာ ကိလေသာငြိမ်းပြီး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အရိယာပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်များဖြစ်နိုင်ကြောင်းကို အတိအကျ ဟောပြတော်ခဲ့မူပါသည်။ ဘုန်းကြီးတို့ကလဲ မြတ်စွာဘုရား ဟောကြားထားတဲ့ အဲဒီ တရားတော်နဲ့အညီ ဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်ပြီး မဂ္ဂင်ရှစ်ပါးပွားစေဘို့ ညွှန်ကြားပြသနေပါတယ်၊ အဲဒီလို ညွှန်ကြားပြသသည့်အတိုင်း ရိုရို သေသေ ကျကျနန ရှုမှတ်ကြတဲ့ သူတွေဟာလဲ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ စသည်ကို ကိုယ်တိုင်ပင် ထင်ရှားတွေ့ပြီး သိကြရပါတယ်၊ အဲဒါဟာ သန္ဒိဋ္ဌိကော- ကိုယ်တိုင်တွေ့မြင်နိုင်တဲ့ တရားတော်ဖြစ်ကြောင်း ချီးကျူးထားတဲ့ တရားဂုဏ်တော်နဲ့အညီ တွေ့ကြရ သိမြင်ကြရတာပါဘဲ။ ဒါကြောင့် ဘဝအသစ် ထပ်ခါထပ်ခါ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဆင်းရဲခပ်သိမ်း တကယ်ငြိမ်းချင်ရင် ထင်ရှားဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း သိမြင်ရအောင် ရှုမှတ်အားထုတ်ကြဘို့ပါဘဲ။

၉။ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ကိလေသာ ဆင်းရဲ၊ ရုပ်နာမ်ဆင်းရဲ၊ လုံးဝကင်းငြိမ်းအောင် သတိပဋ္ဌာန်နည်းအရ ဘယ်လိုအားထုတ်ရပါသလဲ၊ ဘယ်လောက်ကြာအောင် အားထုတ်ရပါသလဲ။

သွားဆဲ ရပ်ဆဲ ထိုင်ဆဲ လျောင်းဆဲ ကွေးဆန့်လှုပ်ရှားဆဲမှာ သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ် ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက ကိုယ်အမူအရာ ရှုမှတ်ပုံ၊ ကာယာနုပဿနာ ပွားစေပုံဘဲ။ ကိုယ်ထဲက နာကျင်မှု မခံသာမှုဖြစ်ရင် နာတယ်၊ အခံခက်တယ်၊ ဆင်းရဲတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ အတွေ့အထိ ကောင်းရင် ကောင်းတယ်၊ ချမ်းသာတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ စိတ်ထဲက စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ ဆင်းရဲခြင်းဖြစ်ရင် စိတ်ပျက်တယ်၊ စိတ်ညစ်တယ်၊ ဆင်းရဲတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဝမ်းသာပျော်ရွှင်ရင် ဝမ်းသာတယ်၊ ပျော်ရွှင်တယ်စသည်ဖြင့် ရှုမှတ်ရတယ်။ မဆိုးမကောင်း အလယ်အလတ်ဖြစ်ရင် နေသာရုံမျှဘဲ စသည်ဖြင့် ရှုမှတ်ရတယ်။။ ဒါက ခံစားမှုဝေဒနာကို ရှုပုံ၊ ဝေဒနာနုပဿနာ ပွားစေပုံဘဲ။ စိတ်ကူးကြံစည်မှု၊ နှစ်သက်မှု၊ စိတ်ဆိုးမှု စသည်ဖြစ်ရင် စိတ်ကူးတယ်၊ ကြံစည်တယ်၊ နှစ်သက်တယ်၊ စိတ်ဆိုးတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက စိတ်အမူအရာရှုပုံ၊ စိတ္တာနုပဿနာပွားစေပုံဘဲ။ မြင်ခိုက်ကြားခိုက် စသည်မှာတော့ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားသိတယ်၊ ထိသိတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက သဘောတရားကို ရှုပုံ ဓမ္မာနုပဿနာပွားစေပုံ အကျဉ်းချုပ်ပဲ။

အဲဒီလို ရှုမှတ်ပုံ၊ ဖြစ်ပွားစေပုံကို တစ်စက္ကန့်မျှ မပြတ်မခြားစေပဲ အမြဲဖြစ်အောင် အားထုတ်နေရတယ်။ ညဥ့်အိပ်ချိန် လေးငါးခြောက်နာရီလောက်သာ အိပ်လျက် အနားယူပြီး ယခုပြောခဲ့သည့်အတိုင်း မပြတ်ရှုမှတ်အားထုတ်နေရင် အကြာဆုံးအားဖြင့် (၇)နှစ်၊ အလတ်စားအားဖြင့် (၇)လ၊ အမြန်ဆုံးအားဖြင့် (၇)ရက်မျှဖြင့် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားနိုင်ကြောင်း၊ ရဟန္တာ မဖြစ်သေးတောင် အနာဂါမ်ဖြစ်သွားနိုင်ကြောင်း မြတ်စွာဘုရားက အတိအလင်း ဝန်ခံဖော်ပြထား

ပါတယ်။ အကယ်၍ အနာဂါမ်ထိ မဖြစ်သေးတောင် သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်ဖို့ကတော့ အင်မတန် နီးစပ်ပါတယ်။ ဒီလိုဖြစ်ပုံကတော့ ပါရမီအလတ်စားပုဂ္ဂိုလ်အတွက်ပါဘဲ။ ပါရမီအထူး ရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်မှာတော့ တနေ့တည့်အတွင်းမှာတောင် မဂ်ဖိုလ် တရားထူးများကို ရနိုင်ကြောင်း မြတ်စွာဘုရားက ဖော်ပြထားပါသေး တယ်။ အဲဒီလို ဖော်ပြထားသည့်အတိုင်း ယခုနေအခါမှာ တလအတွင်း နှစ်လအတွင်းမှာပင် ဝိပဿနာဉာဏ် အပြည့်အစုံဖြစ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်တွေ့ပုံကို ပြောကြတဲ့ ယောဂီတွေလဲ တော်တော်များပါတယ်။

၀၀။ သမဏ ဟု ဘိက္ခု ဟု ခေါ်သော တရားထူးရသူများ

သမဏဟူ၍လည်းကောင်း၊ ဘိက္ခုဟူ၍လည်းကောင်း သုဘဒ္ဒသုတ် မှာ မြတ်စွာဘုရားဟောထားတဲ့ တရားထူးရတဲ့ ပုဂ္ဂိုလ်များဟာ အကျဉ်း ချုပ်အားဖြင့် (၁) သောတပန် (၂) သကဒါဂါမီ (၃) အနာဂါမ် (၄) ရဟန္တာဟူ၍ လေးပါးရှိသည်။ အလယ်အလတ် အရေအတွက်အား ဖြင့်အင်္ဂါလေးပါးရောက်ဆဲမဂ်ပုဂ္ဂိုလ်လေးပါးနှင့်တကွ ရှစ်ပါးရှိပါတယ်။ အဲဒီ မဂ်ပုဂ္ဂိုလ်ဆိုသည်မှာ မဂ်စိတ်ဖြစ်ခိုက် တခဏမျှသာ ရှိသည်။ မဂ်စိတ်၏အခြားမဲ့ ဖိုလ်စိတ်ဖြစ်သည်မှာစ၍ ဖိုလ်ပုဂ္ဂိုလ်ဖြစ်သွားပါတယ်။ ထို့ထက်အကျယ်အားဖြင့် မဂ်လေးပါးသို့ရောက်အောင် ဝိပဿနာရှုဆဲ ပုဂ္ဂိုလ်လေးပါးနှင့်တကွ တကျိပ်နှစ်ပါး(၁၂)ပါးဖြစ်သည်။ အဲဒီတကျိပ် နှစ်ပါးသော သမဏဘိက္ခု ခေါ်သည့် ပုဂ္ဂိုလ်များဟာ မိမိလိုပင် သူတပါးလဲ အသိဉာဏ်ထူးရရှိအောင် ဟောပြော ညွှန်ကြားပေးသွား ကြရင် လောကဓ ရဟန္တာတွေမပြတ်ဖြစ်ပြီး သာသနာတော်အမြဲဘမ်း တည်တန့်သွားနိုင်ကြောင်း မြတ်စွာဘုရားက မိန့်ကြားတော်မူခဲ့ပါသည်။ မူလအခြေခံအနေဖြင့် ကိုယ်တိုင်ရှုမှတ်အားထုတ်ပြီး ဥဒယဗ္ဗယဉာဏ် ရောက်သည့် ပုဂ္ဂိုလ်က သူတပါးအား မိမိလိုပင် ဥဒယဗ္ဗယဉာဏ်ရောက် အောင် ညွှန်ပြပြီး တိုက်တွန်းပေးလျှင်ပင် ရဟန္တာအထိသာသနာတည် တန့်အောင် နည်းလမ်းကျ ကောင်းစွာနေသည်မည်ကြောင်း ဖော်ပြ

ထားပါသည်။ ထို့ထက် သောတပန်စသည်ဖြစ်ပြီး သူတပါးအားလဲ သောတာပန် စသည်ဖြစ်အောင် ဟောကြားတိုက်တွန်းပေးနိုင်ရင်တော့ ပိုပြီးကောင်းပါသည်။

၁၁။ တရားအားထုတ်ကြရမှာ အမျိုးသားနဲ့ အမျိုးသမီးများ မရော ပဲ ကင်းရှင်းစွာ နေတာက ပိုပြီးကောင်းသည်။

မြတ်စွာဘုရားက ရဟန်းများအား မြို့ရွာနှင့် မနီးသော တောရ ကျောင်းများ၌ နေဘို့ ညွှန်ကြားတော်မူခဲ့ပါသည်။ အဲဒီညွှန်ကြားချက် အတိုင်း သင့်လျော်သည့် အရပ်ဒေသများမှာ ရဟန်းများဟာ အဲဒီလို တောရကျောင်း၌ နေထိုင်ခဲ့ကြသည်။ အဲဒါဟာ အမျိုးသမီးအာရုံဘေး နှင့်စပ်ပြီး ရာဂအဖြစ်နဲ့အောင် နေထိုင်ကြရတာပါပဲ။ အခွင့်မသင့်သော ကြောင့် မြို့ထဲရွာထဲက ကျောင်းများ၌ နေရသော်လဲ ရဟန်းများဟာ အမျိုးသမီးများနဲ့ ကင်းသင့်သမျှ ကင်းအောင် သတိပြုနေကြရပါတယ်။ အထူးအားဖြင့် တရားအားထုတ်နေသည့်အခါ ပို၍အရေးကြီးပါသည်။ ဒါကြောင့် အရှေ့တိုင်းနိုင်ငံများ၌ တရားအားထုတ်သော ယောဂီများ ဟာ အမျိုးသားနဲ့ အမျိုးသမီးများ မနီးစပ်ပဲ ကင်းသင့်သမျှကင်းအောင် အထူးသတိပြုပြီး အားထုတ်နေကြရသည်။ အချို့မှာဆိုရင် မိမိအခန်းထဲမှ အပြင်ထွက်သောအခါ မမြင်သင့်တဲ့ပုဂ္ဂိုလ်ကို မမြင်ရအောင် အဝတ်ဖြင့် မျက်နှာကို ဖုံးကွယ်လျက်တောင် သွားလာကျင့်သုံးလေ့ရှိပါသည်။ အဲဒီ လိုအမျိုးသမီးနဲ့ အမျိုးသားများဟာ အချင်းချင်း အတွေ့အမြင်ကင်း သင့်သမျှ ကင်းအောင် အားထုတ်နေရင် ကာမဂုဏ်နဲ့စပ်ပြီး ကိလေသာ ဖြစ်ခွင့် သက်သာသင့်သမျှ သက်သာနိုင်ပါသည်။ ထို့ကြောင့် တရား အားထုတ်ဆဲ၌ အမျိုးသားများနှင့် အမျိုးသမီးများ မရောနှောဘဲ ကင်းသင့်သမျှကင်းအောင် သတိပြုပြီးနေလျှင် ကိလေသာ ဖြစ်ခွင့် သက် သာဖွယ်ရှိပါသည်။ ဖြစ်နိုင်ပါမူ ဖြစ်နိုင်သမျှ သတိပြုပြီး အားထုတ်သင့် ပါသည်။

## ၁၂။ တရားစစ်နည်း

တရားစစ်သည့်အခါမှာ အစစ်ခံမည့် ယောဂီတွေများနေလျှင် အခြေအနေအရတကြိမ်တကြိမ် စစ်သည့်အခါ (၅)ယောက် သို့မဟုတ် (၁၀) ယောက်လောက်စုပြီး စစ်ရသည်။ အဲဒီလို လေးငါးဆယ်ယောက်လောက် စု၍ စစ်ခြင်းဖြင့် တယောက်အား ပြောသင့်သမျှကို ပြောပြခြင်းဟာ အခြားအလားတူပုဂ္ဂိုလ်အားလဲ ပြောပြီး ဖြစ်သွားနိုင်ပါသည်။ အဲဒီလို သိနားလည်သွားသောကြောင့် အလားတူပြောသင့်သည်ကို မပြောရ တော့ပဲ ပြီးစီးပြည့်စုံသွားသဖြင့် ကမ္မဋ္ဌာန်းဆရာမှာ သက်သာသည့်ပြင် အချိန်လဲမကြာပဲ ပြီးစီးသွားနိုင်ပါသည်။ တယောက်ခြင်း မေးစစ်နေရင် တော့ လူတိုင်းလူတိုင်းအား ပြောသင့်သမျှကို အထပ်ထပ်ပြောပြနေရ သောကြောင့် ပြောပြသူမှာ ပင်ပန်းသည့်ပြင်အချိန်လဲ ပို၍ ကြာသွား နိုင်သည်။ သို့ဖြစ်သောကြောင့် (၅) ယောက်၊ (၁၀) ယောက်စုပြီး မေးစစ်တာက ပိုပြီးသင့်လျော်ပါသည်။ ထို့ပြင်သူတပါး၏ အထူးတွေ့ သိပုံကို ကြားရသောကြောင့် မတွေ့မသိရသေးသည့်သူမှာလဲ သဒ္ဓါဆန္ဒ အထူးဖြစ်ပွားတတ်ပါသည်။

## ၁၃။ တရားအားထုတ်မှုကြောင့် ကိုယ်ချမ်းသာစိတ်ချမ်းသာဖြစ်တတ်ပုံ

အနောက်တိုင်း နိုင်ငံတွေမှာ ဘာဝနာအလုပ်အားထုတ်သူတွေထဲက ယခုလက်ငင်း ကိုယ်စိတ်ချမ်းသာရေးကို မြှော်လင့်သူလဲ တချို့ရှိကြောင်း သိရတယ်။ ညွှန်ပြတဲ့ဆရာအချို့ကလဲ သူတို့အကြိုက်ကိုလိုက်ပြီး ညွှန်ပြ နေကြကြောင်း သိရတယ်။ သူတို့ညွှန်ပြကြ အားထုတ်ကြတဲ့ ကမ္မဋ္ဌာန်း အလုပ်ကတော့ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မဟုတ် ပါဘူး၊ ဟိုအာရုံဆင်ခြင်လိုက် ဒီအာရုံဆင်ခြင်လိုက်နဲ့ အားထုတ်နေရင်း သူတို့မှာ စိတ်ချမ်းသာမှုကို ရနေတယ်လို့ ဆိုပါတယ်။ အဲဒါကတော့ သူတို့ အကြိုက်ဖြစ်တဲ့ အာရုံကိုဆင်ခြင်ပြီး၊ တွေ့မြင်နေရတာနဲ့သဘော ကျပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ သဘောပါပဲ၊ ကိလေသာ ငြိမ်းစေပြီး ဆင်းရဲခပ်သိမ်း ငြိမ်းစေတဲ့ ဝိပဿနာကုသိုလ်အလုပ်တော့

မဟုတ်ပါဘူး။ အဲဒီလို အားထုတ်နေတဲ့သူတွေဟာ ယုံကြည်မှုက အား ကောင်းပြီး လိုလားမှုထက်သန်စွာနှင့်အားထုတ်နေပေမယ်လို့ ဘာဝနာ လုပ်ငန်းမှန်ဖြင့် ရသင့်တဲ့ ကောင်းကျိုးချမ်းသာတွေကိုတော့မရပဲ ရှိနေ ပါတယ်။

အချို့ကတော့ ဗုဒ္ဓဘာသာဝင်လို့ အမည်ခံနေကြပေမဲ့ ဗုဒ္ဓတရား တော်ဟာ ကြားနာပြီး သိနားလည်ရန်ခဲယဉ်းတယ်။ ဒါကြောင့် ဘုရား ကရားကိုမနာပဲနဲ့ ကိုယ့်ဟာကိုယ်ဆင်ခြင်ရုံမျှဖြင့် ကိစ္စပြီးတယ်လို့ ယူဆ ဟောပြောနေတာရှိတယ်။ အဲဒီလို ဟောပြောတာကို သဘောကျပြီး အရှေ့နိုင်ငံများမှာရော၊ အနောက်နိုင်ငံများမှာရော၊ အဲဒီနည်းအတိုင်း ဟောပြောနေကြဘာ လိုက်နာပြီး ရွတ်ဆိုဆင်ခြင်လျက် အားထုတ်နေ ကြတာလဲရှိတယ်။ အဲဒါဟာ ဆင်းရဲငြိမ်းဘို့ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ သတိ ပဋ္ဌာန် တလမ်းတည်းရှိတယ်လို့ ဟောထားတဲ့ ဘုရားတရားတော်နဲ့ မညီ သောကြောင့် ဘုရားအလိုတော်ကျမဟုတ်ဘူး။ ဆင်းရဲငြိမ်းပြီး အမြဲတမ်း ချမ်းသာသွားလိမ့်မယ်လို့ ယုံကြည်စရာမရှိပါဘူး။ ဒါကြောင့် စိတ် မချမ်းသာမှုတကယ်ငြိမ်းပြီးချမ်းသာချင်ရင် ဘုရားဟောထားသည့် သတိ ပဋ္ဌာန်သုတ်တရားတော်နှင့်အညီ ကိုယ်အမူအရာဟူသမျှ၊ ခံစားမှုဝေဒနာ ဟူသမျှ၊ စိတ်ကူးကြံစည်မှုဟူသမျှ ရုပ်နာမ်သဘောတရားဟူသမျှကို ထင် ရှားမှု ဖြစ်ခိုက်မှာ မပြတ်ရှုမှတ်လျက် ဝိပဿနာတရားကို ကျကျနန အားထုတ်သွားဘို့ပါဘဲ။

အဲဒီ သတိပဋ္ဌာနသုတ် တရားတော်နှင့်အညီ ဝိပဿနာ အလုပ်ကို မပြတ် အားထုတ်သွားရင် ယခုမျက်မှောက်ဘဝမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ငြိမ်းပြီး ချမ်းသာသွားနိုင်ပါသည်။ မြတ်စွာဘုရားကိုယ်တော် တိုင် ပရိနိဗ္ဗာန်စံခါနီး ဝါဆိုဦးကာလမှာ ပရိနိဗ္ဗာန်စံလောက် (သေ လောက်)အောင် ဖြစ်ပေါ်လာတဲ့ အလွန်ပြင်းထန်သော ရောဂါကို သတိပဋ္ဌာန်ဝိပဿနာနည်းဖြင့် ရှုမှတ်အားထုတ်ပြီးကင်းပြောက်ခဲ့ကြောင်း ဟောပြထားတာရှိပါတယ်၊ ယခုနေအခါလဲ အချို့ ယောဂီတွေမှာ

သတိပဋ္ဌာန် ဝိပဿနာနည်းဖြင့် ရှုမှတ်နေရင်းအလွန်ကြီးကျယ်တဲ့ ရောဂါ ပျောက်သွားကြတာတွေ တော်တော်များများ ရှိပါတယ်၊ တက္ကသိုလ် ဝိဿနာ တရားတော်ဆိုတဲ့ စာအုပ်ထဲမှာ ဖော်ပြထားတာ ရှိပါတယ်၊ အင်္ဂလိပ်ဘာသာပြန်ပြီး ထုတ်ဝေနိုင်သည့်အခါကြတော့ အဲဒီအကြောင်း အရာတွေကို ထင်ရှား တွေ့ရမှာပါဘဲ။

တချို့ ရောဂါတွေဟာ အနောက်တိုင်းဆေးနည်း အရှေ့တိုင်းဆေး နည်းများဖြင့် ကုသလို့ မပျောက်ပဲ ရှိနေပါလျက် ဝိပဿနာရှုမှုဖြင့် ပျောက်သွားတာကိုလဲ တွေ့ကြရပါတယ်။ဘာကြောင့် ရောဂါ ပျောက် သလဲဆိုတော့ စင်ကြယ်တဲ့ ဝိပဿနာစိတ်ကြောင့် ရုပ်ကောင်း ရုပ်သန့် ရုပ်ထူးတွေ ဖြစ်ပွားလာသောကြောင့် ပျောက်တယ်လို့ ယူမှတ်ရပါ တယ်၊ နောက်ပြီးတော့ စိတ်ဆင်းရဲတွေကိုလဲ စူးစူးစိုက်စိုက် ရှုမှတ်နေ ရင် အဲဒီ စိတ်ဆင်းရဲတွေ လုံးဝပျောက်သွားပြီး စိတ်ချမ်းသာ သွားဘာ ကိုလဲ ဝိပဿနာ ရှုသူတွေဟာ ကိုယ်တိုင်တွေ့နိုင်ပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်နည်းဖြင့် ဝိပဿနာရှုတာဟာ မျက်မှောက်မှာ ကိုယ်စိတ် ဆင်းရဲတွေကို ပျောက်ငြိမ်းစေပြီးတော့ ကိုယ်စိတ် ချမ်းသာသွားစေနိုင် ပါတယ်၊ ကိလေသာဟူသမျှကို ကင်းငြိမ်းစေပြီးတော့ အိုခြင်း၊ နာခြင်း သေခြင်း စသော ဆင်းရဲဟူသမျှကိုလဲ ကင်းငြိမ်းစေနိုင် ပါတယ်၊ ဒါကြောင့် ဆင်းရဲကင်းငြိမ်းပြီး ချမ်းသာလိုတဲ့ ပုဂ္ဂိုလ်တိုင်းပင် ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားထားသည့် သတိပဋ္ဌာန် ဒေသနာတော်နှင့် အညီ ဝိပဿနာအလုပ်ကို အခါအခွင့် ရသမျှ ကြိုးစား အားထုတ် သွားသင့်တာချည်းပါဘဲ။

အထက်ပါ ဖြေကြားချက်၊ ဟောကြားချက်များမှာ ပြည်ပ သာသာ နာပြု ဌာနများ၌ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဖြေရှင်းဟောပြချက်များမှ ထုတ်ဖော်ပြသသည့် တစိတ် တပိုင်း အချို့အချက်မျှသာ ဖြစ်ပါသည်။

## ဝိသုဒ္ဓိ(၇)ပါး ဉာဏ်စဉ်တရားအကျဉ်း

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း မှန်ကန်စွာအားထုတ်မှ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ပြီးတော့ ဒိဋ္ဌိဝိကိစ္ဆာကင်း၍ ယုတ်ညံ့သော အပါယ်ဘဝများမှ လွတ်မြောက်နိုင်တယ်။ ကိလေသာခတ်သိမ်း အကုန်ငြိမ်းပြီးတော့လဲ ဆင်းရဲဟူသမျှမှ ကင်းလွတ်လျက် အမြဲတမ်းချမ်းသာသွားနိုင်တယ်။ အဲဒီလိုအမှန်အတိုင်း အားထုတ်ရာ၌ အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ရောက်ပုံသိရအောင် ဝိသုဒ္ဓိ ၇ ပါးနှင့်(မဂ်ဉာဏ်များအထိဖြစ်ပုံ) ဉာဏ်စဉ်ကို အတိုချုပ်ဟောပြမယ်။

လူဝတ်ကြောင်များမှာ ငါးပါးသီလ ဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ ဆောက်တည်ကျင့်သုံးနေလျှင် သီလစင်ကြယ်မှုဆိုတဲ့ သီလဝိသုဒ္ဓိပြည့်စုံနေတယ်။ ရဟန်းများမှာတော့ ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလဆိုတဲ့ သီလ ၄ ပါး ပြည့်စုံအောင်ကျင့်နေလျှင် သီလဝိသုဒ္ဓိ ပြည့်စုံနေတယ်။ လိုရင်းကတော့ ပါတိမောက္ခသံဝရသီလ ပြည့်စုံလျှင် ပြည့်စုံပြီ ဆိုနိုင်ပါတယ်။

အဲဒီလို သီလဝိသုဒ္ဓိပြည့်စုံနေတဲ့ပုဂ္ဂိုလ်မှာ ဝင်လေထွက်လေကို ရှုမှုစသော သမထကမ္မဋ္ဌာန်းကို မပြတ်ရှုနေရင် တခြားသို့ စိတ်မပျံ့လွင့်တော့ဘဲ ရှုရာအာရုံ၌သာ စိတ်တည်နေတဲ့အခါ ဉပစာရသမာဓိ အပ္ပနာသမာဓိဖြစ်ပြီး စိတ္တဝိသုဒ္ဓိဖြစ်တယ်။ စိတ္တဝိသုဒ္ဓိဆိုတာ ကာမဂုဏ်ကို ကြံစည်မှုစသော နီဝရဏတွေကင်းပြီး သမာဓိ၏ အစွမ်းဖြင့် စိတ်စင်ကြယ်နေတာကို ဆိုတာပါဘဲ။ အဲဒီလို စိတ္တဝိသုဒ္ဓိဖြစ်နေတဲ့အခါ အဲဒီတည်ငြိမ်နေတဲ့ စိတ်စေတသိတ်ကိုဖြစ်စေ ထင်ရှားဖြစ်ပေါ်လာတဲ့ အခြားရုပ်နာမ်ကိုဖြစ်စေ ရှုမှတ်လျှင် ဝိပဿနာဉာဏ်များဖြစ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ရောက်နိုင်တယ်။ ဒါက သမထကို အခြေပြုပြီး ဝိပဿနာရှုပုံနဲ့ နိဗ္ဗာန်ရောက်ပုံပါဘဲ။

သမထ ကမ္မဋ္ဌာန်းကို အားမထုတ်ဘဲ ဝိပဿနာသက်သက် ရှုသူကို သုဒ္ဓဝိပဿနာယာနိကလို့ ခေါ်တယ်။ အဲဒီနည်းဖြင့် ရှုပုံကတော့ သီလ

ဝိသုဒ္ဓိပြည့်စုံနေတဲ့သူဟာ ဒွါရ ၆ ပါးမှာ ထင်ရှားဖြစ်ပေါ်နေတဲ့ မြင်မှု ကြားမှုစသည်ကို မြင်တယ်ကြားတယ်စသည်ဖြင့် မပြတ်ရှုမှတ်နေရတယ်။ ဒါပေမဲ့ ရှုမှတ်ခါစမှာတော့ မြင်ဘိုင်းကြားတိုင်း စသည်ကို အကုန်စေ့ငှ အောင် လိုက်ပြီးမရှုမှတ်နိုင်သေးဘူး၊ ဒါကြောင့် ထင်ရှားတဲ့ ကိုယ်အမူ အရာ ရုပ်တခုခုကစပြီး ရှုမှတ်နိုင်ပါတယ်။ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ ထင်ရှားပေါ်နေတဲ့ တောင့်တင်းလှုပ်ရှားမှု ဝါယောရုပ်ကလဲ စပြီး ရှုမှတ်နိုင်ပါတယ်။ အဲဒီလိုထင်ရှားပေါ်ရာရုပ်ကို ရှုမှတ်နေရင်း ပျံ့လွင့်တဲ့စိတ်ကူးများမဖြစ်တော့ဘဲ ရှုမှတ်ရာ၌သာ စိတ်တည်ငြိမ်နေရင် ရှုခိုက်ရှုခိုက် တခနမျှ တခနမျှ စိတ်တည်ငြိမ်မှု ခဏိကသမာဓိဖြင့် စိတ္တ ဝိသုဒ္ဓိပြည့်စုံနေတယ်။ အဲဒီလို စိတ်မပျံ့လွင့်ဘဲ အမှတ်ကောင်းနေသည့် အခါမှာ ရှုမှတ်ဘိုင်း ရှုမှတ်တိုင်း နာမ်နဲ့ ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်တယ်။ ဘယ်လိုလဲဆိုရင်—

ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတာကတခြား၊ မှတ်တာက တခြားဘဲ။ ဖောင်းဘာက မသိတဲ့ရုပ်၊ မှတ်တာက သိတဲ့ဉာဏ်ဘဲလို့ ဒီလိုပိုင်းခြားပြီး သိတယ်။ ပိန်တယ်လို့ မှတ်ကြတဲ့အခါ ပိန်တာကရုပ်၊ မှတ်တာကနာမ်လို့ ပိုင်းခြားသိတယ်၊ ကြားတယ်လို့မှတ်တဲ့အခါ နားနဲ့ အသံကရုပ်၊ ကြားတာနဲ့မှတ်သိတာက နာမ်လို့ပိုင်းခြားပြီး သိတယ်၊ မြင် တယ် စသည်ဖြင့် မှတ်သိတဲ့အခါမှာလဲ မျက်စိနဲ့ အဆင်းကရုပ် စသည်ဖြင့် နည်းတူပင် ပိုင်းခြားသိတယ်။ စိတ်ကူးတယ်လို့ မှတ်တဲ့အခါ စိတ်ကူးဘာနဲ့ မှတ်သိတာက နာမ်၊ အဲဒီ နာမ်ရာတည်ရာ ကိုယ်က ရုပ်လို့ ပိုင်းခြားပြီး သိဘယ်။ နာတယ်လို့ မှတ်တဲ့အခါ နာတာနဲ့ မှတ်သိဘာက နာမ်၊ အဲဒီ နာမ်၏ဘည်ရာ ကိုယ်က ရုပ်လို့ ပိုင်းခြားသိတယ်။ ဒီနည်းဖြင့် ရုပ်အသိ ကို မှတ်တဲ့အခါမှာ သိတာကနာမ်၊ သိရတာက ရုပ်၊ သိမှု၏တည်ရာကလဲ ရုပ်ဟု နာမ်နှင့်ရုပ်ကို ပိုင်းခြားသိတယ်။ အဲဒီလို နာမ်နဲ့ရုပ်ကို ပိုင်းခြား သိတာဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ဘဲ။ အဲဒီဉာဏ် ရင့်သန်အားကောင်း တဲ့ အခါမှာ မိမိကိုယ်ထဲ၌ အာရုံကို သိတတ်တဲ့ နာမ်နဲ့ မသိဘတ်ပဲ့ရုပ် ဒီ ၂ ပါးမျှသာ ရှိတယ်။ အတ္တကောင် ငါကောက်ရယ်လို့ မရှိဘူး။ သူ

များ ကိုယ်ထဲမှာလဲ ဒီလို နာမ်နဲ့ရုပ်မျှသာရှိတာဘဲ။ အတ္တကောင်ဆိုဟာ မရှိဘူးလို့ သဘောပေါက်ပြီး သိမြင်ပါတယ်။ အဲဒီလို သိသောကြောင့် အတ္တကောင် ရှိတယ်လို့ ထင်မှားတဲ့ ဒိဋ္ဌိဟာ ကင်းတန်သလောက် ကင်းသွားတယ်။ အဲဒါဟာ အသိဉာဏ်စင်ကြယ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိဘဲ။

အဲဒီနောက် သမာဓိနဲ့ အသိဉာဏ် တဆင့်တိုးတက်ပြီး အားကောင်းလာတဲ့အခါမှာ ရှုမှတ်နေရင်း အကြောင်းနဲ့အကျိုးကို ပိုင်းခြားပြီး သိလာပြန်တယ်။ သိပုံကတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း လက်ကို ရွေ့တဲ့ အခါ ရွေ့ချင်တာက ထင်ရှားပေါ်လာလို့ ရွေ့ချင်တယ်လို့မှတ်ပြီးတော့မှ ရွေ့တယ်ရွေ့တယ်လို့ မှတ်ရတယ်။ အဲဒီတော့ ရွေ့ချင်လို့ ရွေ့ကာဘဲ။ ရွေ့ချင်တဲ့စိတ်က အကြောင်း၊ ရွေ့တဲ့ရုပ်က အကျိုး၊ အကြောင်းနဲ့ အကျိုးမျှဘဲလို့ ပိုင်းခြားပြီး သိတယ်။ ထို့အတူပင် ကွေးချင်လို့ကွေးတယ်၊ ဆန့်ချင်လို့ ဆန့်တယ်၊ သွားချင်လို့ သွားတယ် စသည်ဖြင့်လဲ ပိုင်းခြားသိတယ်။ ကိုယ်အမူအရာ ဟူသမျှကို ပြုတိုင်း၊ ပြုလိုတဲ့ စိတ်ကြောင့် ပြုမှုရုပ်ဖြစ်တာဘဲ။ ပြုပေးတဲ့သူရယ်လို့ မရှိဘူးဆိုတာကိုလဲ ပိုင်းခြားသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ။

စိတ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်း သိစရာအာရုံနဲ့ တည်မှီရာ ကိုယ်ရုပ် ရှိနေလို့ အသိစိတ်ဖြစ်တာဘဲ လို့ သိတယ်။ ရှုမှတ်တိုင်းလဲ ရှုမှတ်စရာလို တည်မှီရာ ရုပ်လဲ ရှိလို့ ရှုမှတ်မှုဖြစ်တာဘဲလို့ သိတယ်။ ကြားတယ်လို့ မှတ်တဲ့အခါ နားနဲ့ ကြားစရာအသံရှိလို့ ကြားတာဘဲ၊ ကြားလို့ ကြားတယ်၊ မှတ်သိမှုဖြစ်တာဘဲလို့လဲ သိတယ်၊ မြင်တယ်၊ ထိတယ်စသည်ဖြင့် မှတ်ကြတဲ့အခါလဲ မျက်စိနဲ့အဆင်း စသောအကြောင်းရှိလို့ မြင်မှုစသည် ဖြစ်တယ်၊ မြင်မှုစသည်ရှိလို့ မြင်တယ် စသည်ဖြင့် မှတ်သိမှု ဖြစ်တယ်လို့ အကြောင်းနဲ့အကျိုးကို ပိုင်းခြားသိတယ်။ ဒီလိုသိတာလဲ ပစ္စယပရိဂ္ဂဟ ဉာဏ်ဘဲ။ အဲဒီတော့ ပြုလုပ်တိုင်း၊ ပြောဆိုတိုင်း၊ သိတိုင်း ဆိုင်ရာ အကြောင်းရှိလို့ ပြုတာ၊ ပြောတာ၊ သိတာဘဲ။ ပြုအောင်၊ ပြောအောင်၊ သိအောင်ပြုလုပ်တဲ့ အတ္တကောင်ဆိုတာ မရှိဘူးလို့သိရတယ်။ ဒါကြောင့်

အတ္တကောင်ဟာ မွေ့ကရှိခဲ့လေသလား၊ မရှိခဲ့ဘူးပေလား၊ ယုခုလဲ ရှိလေသလား၊ နောင်လဲ ရှိဦးမှာလေလားစသည်ဖြင့် ယုံမှားမှုဟာ ဖြစ်ခွင့်မရှိပဲ ကင်းတန်သလောက်၊ ကင်းသွားတယ်။ အဲဒါဟာ ယုံမှားကင်းအောင် အသိစင်ကြယ်တဲ့အခါ ဝိပာရဏဝိသုဒ္ဓိပဲ။

အဲဒီကနောက် သမာဓိနဲ့ ဉာဏ်တဆင့် တိုးတက်အားကောင်းလာတဲ့အခါ ရှုမှတ်နေရင်း ထိစရာရော သိတာရော ပျောက်ပျက်သွားတာကို တွေ့ရတယ်။ တွေ့ပုံကတော့ ဖောင်းတယ်လို့မှတ်နေရင်း ဖောင်းတာရော မှတ်သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ ပိတ်တယ် လှုပ်တယ် သွားတယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် မှတ်နေရင်းလဲ သိစရာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ ကြံတယ် စိတ်ကူးတယ် နာတယ် စသည်ဖြင့် မှတ်နေရင်းလဲ ကြံတာ စိတ်ကူးတာရော နာတာ စသည်ရော မှတ်သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ ကြားတယ်လို့ မှတ်နေရင်း ကြားသိတာရော ကြားရတဲ့အသံရော မှတ်သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ မြင်တယ် သိတယ် စသည်ဖြင့် မှတ်နေရင်းလဲ သိရတာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ မြင်တယ် သိတယ် စသည်ဖြင့် မှတ်နေရင်းလဲ သိရတာရော သိတာရော မှတ်တာရောနည်းတူပင် ပျောက်သွားတာကို တွေ့ရတယ်။ အဲဒီတော့ ငါတို့ဟာ ရှေးတုန်းက မရှုမမှတ်ခဲ့လို့ အဝစအရာရာ အမြဲတည်ရှိနေတယ်လို့ ထင်ခဲ့တာဘဲ။ ဘယ်ဟာမဆိုဖြစ်ပြီး ပျောက်ပျောက်သွားတာချည်းပဲ မမြဲတာချည်းပဲလို့ သုံးသပ်ဆင်ခြင်မိတယ်။ အဲဒါဟာ မမြဲဘူးလို့ သုံးသပ်ခြင်ဆင်တဲ့ အနိစ္စသမ္မသနဉာဏ်ဘဲ။ ဖြင်ဖြစ်ပြီး ချက်ခြင်း ပျောက်ပျက်သွားတာတွေဟာ နှစ်သက်ဖွယ် အားကိုးဖွယ် မရှိတဲ့ ဆင်းရဲတွေဘဲလို့လဲ သုံးသပ် ဆင်ခြင်မိတတ်တယ်။ အဲဒါက ဒုက္ခသမ္မသနဉာဏ်ဘဲ။ ဘယ်ဟာမှ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး။ သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေတဲ့ သဘောတရားချည်းဘဲလို့ သုံးသပ်ဆင်ခြင်မိတတ်တယ်။ ဒါက အတ္တကောင်မဟုတ်တဲ့သဘောတရားမျှဘဲလို့ ဆင်ခြင်တဲ့ အနတ္တသမ္မသနဉာဏ်ဘဲ။ မိမိကိုယ်မှာလိုပင် သူတပါး

သဏ္ဌာန်မှာလဲ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားချည်းဘဲလို့ ဒီလို သုံးသပ်ဆင်ခြင်တယ်။

ရှုမှတ်နေရင်း အဲဒီလို သုံးသပ်ဆင်ခြင်နေရာက မသုံးသပ် မဆင်ခြင် တော့ဘဲ မှတ်ရုံမျှသာ မပြတ်ရှုမှတ်သွားရင် အသိဉာဏ်က အထူးလျင်မြန် လာတယ်။ မူလက အဖြစ်အပျက်သိတယ်ဆိုပေမဲ့ အမျိုးတူ ရုပ်နာမ်တွေ တစပ်တည်း ဆက်ဖြစ်နေရာမှာ အစဖြစ်ပေါ်လာတာနဲ့ နောက်ဆုံး ပျောက်သွားတာကိုသာ ထင်ရှားသိခဲ့တယ်။ အလယ်ပိုင်းမှာ တစပ်တည်း ဖြစ်နေတာကိုတော့ အတော်ကြာအောင် တည်နေတယ်လို့သာ ထင်ခဲ့ တယ်။ ခနမစဲ ပျက်ပျက်သွားတယ်လို့တော့ မသိခဲ့ပေဘူး။ ယခုတော့ အမျိုးတူတွေ တစပ်တည်း ဆက်လက်ဖြစ်နေရာမှာလဲ အသစ်အသစ် ဖြစ် ပျက်နေတာကို ပိုင်းခြားပြီး လျင်မြန်စွာ သိလာတယ်။ သိပုံကတော့ ဖောင်းတယ်လို့မှတ်နေရင် တဖောင်အတွင်းမှာ ၂ ပိုင်း ၃ ပိုင်း စသည် ပြတ်သတ်သွားတာကို တွေ့ရတယ်၊ ပိန်တယ်၊ သွားတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ လှုပ်တယ် စသည်ဖြင့် မှတ်နေရင်းလဲ နည်းတူပင် ၂ ပိုင်း ၃ ပိုင်း စသည်ဖြင့် လျင်မြန်စွာ ပြတ်ပြတ်သွားတာကို တွေ့ရတယ်။ စိတ်ကူးကို မှတ်တဲ့အခါ စိတ်ကူးရော မှတ်တာရော ချက်ခြင်းပင် ပျောက်ပျက်သွားတာကို တွေ့ရတယ်။ နာတယ် နာတယ် စသည်ဖြင့် မှတ်တဲ့အခါလဲ နာတာ စသည်ရော မှတ်သိတာရော တမှတ် တမှတ်မှာ တပိုင်းတပိုင်း ပြတ်ပြတ် ပျက်ပျက် သွားတာကို တွေ့ရတယ်။ ဒီလို အသစ်အသစ် အလျင်အမြန် ဖြစ်ပျက် သွားတာကို တွေ့သိရတာက ဥဒယဗ္ဗယဉာဏ်ဘဲ။

ဒီဉာဏ်ဖြစ်တဲ့အခါ ရှုမှတ်ရတာလဲ အလွယ်တကူဖြစ်နေတယ်။ ဆင်းရဲ ပင်ပန်းခြင်းမရှိပဲ အင်မတန်ချမ်းသာနေတတ်တယ်၊ အရောင်အလင်းတွေ ကိုလဲ အထူးပင်တွေ့ရတတ်တယ်၊ ဝမ်းမြောက်ပီတိလဲ အထူးပင်ဖြစ်ပေါ် နေတတ်တယ်၊ တကိုယ်လုံးလဲ ပေါ့ပါးနေတတ်တယ်၊ တချို့မှာဆိုယင် ကြမ်းပြင်ကိုမထိဘဲတောင် ကြွတက်နေတတ်သေးတယ်၊ အဲဒီလို ထူးခြား

တာတွေကို တွေ့ရတဲ့အတွက် တရားထူးရပြီး ပြည့်စုံပြီလို့တောင်ထင်တတ်သေးတယ်။

အဲဒီလိုအထင်ကြီးပြီး စဉ်းစားနေယင် အသိဉာဏ်ဟာ မတိုးတက်ဘဲရှိနေတတ်တယ်၊ ဒါကြောင့် မသိနားမလည်တဲ့သူကိုဆိုယင် ကမ္မဋ္ဌာန်းဆရာက ဒီလို ညွှန်ကြားပေးရတယ်၊ အမှတ်အထူးကောင်း အထူးချမ်းသာနေတာနဲ့ အရောင်အလင်းစသည်တွေကို နှစ်သက်ပြီး၊ ဆင်ခြင်နေတာက အသိဉာဏ်မတက်စေတဲ့ လမ်းမှားဘဲ၊ ရှုသိရုံမျှ မပြတ်ရှုသိနေတာကမှ အသိဉာဏ်ကိုတိုးတက်စေတဲ့လမ်းမှန်ဘဲလို့ ဒီလိုဆုံးဖြတ်ပြီး မှတ်သိရုံမျှ မပြတ်မှတ်သိနေရမယ်။ ညွှန်ကြားပေးရတယ်။ အဲဒီလိုညွှန်ကြားတဲ့အတိုင်း နှစ်သက်ပြီး ဆင်ခြင်နေတာက လမ်းမှားဘဲ၊ မပြတ်မှတ်သိနေတာကမှ လမ်းမှန်ပဲလို့ သိမြင်ဆုံးဖြတ်တာ မဂ္ဂါမဂ္ဂဉာဏ်ဒဿနဝိသုဒ္ဓိဘဲ၊ ဝိပဿနာလမ်းမှန်နဲ့လမ်းမှားကို အသိအမြင်ဉာဏ် စင်ကြယ်တာဘဲ။

အဲဒီလို ဆုံးဖြတ်ပြီး ရှုမှတ်ရုံမျှ ရှုမှတ်သွားနေလျှင်၊ အဖြစ်အပျက်သိတာဟာ ပိုပြီး ကောင်းလာတယ်။ တဖောင်းတပိန် တကွေးတဆန့်စသည်အတွင်း ၂ ပိုင်း ၃ ပိုင်း စသည် ပိုင်းခြားသိပုံဟာ အထူးရှင်းလင်းပြတ်သားလာတယ်။ အဲဒီလို အထူးသိတဲ့ ဥဒယဗ္ဗယဉာဏ်မှ အရိယမဂ်ရောက်ခါနီး အနုလောမဉာဏ်တိုင်အောင် အဆင့်ဆင့်တိုးတက်ဖြစ်ပွားတဲ့ ဝိပဿနာဉာဏ် ၉ ပါးကို ပဋိပဒါဉာဏ် ဒဿနဝိသုဒ္ဓိခေါ်တယ်၊ ဝိပဿနာအကျင့် အသိအမြင် စင်ကြယ်မှုလို့ ဆိုလိုတာဘဲ။

အဲဒီလိုအဖြစ်အပျက်ကို အထူးရှင်းလင်းစွာ သိနေရာက ဉာဏ်အားတဆင့်တိုးတက်လာတဲ့အခါ မှတ်တိုင်းမှတ်တိုင်း မှတ်ရတာရော၊ မှတ်သိတာရော၊ အစပိုင်း မထင်တော့ဘဲ အဆုံးပိုင်းသာထင်ရှားပေါ်နေတယ်။ အဲဒါဟာ အာရုံဟူသမျှနှင့် မှတ်သိဟူသမျှ၏ အပျက်သက်သက်ကိုသာသိတဲ့ ဘင်္ဂဉာဏ် ဖြစ်ပုံပါဘဲ။ ဒီ ဘင်္ဂဉာဏ် ဖြစ်တဲ့ အခါမှာ မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း ပျောက်ပျက်သွားတာကိုချည်း ထင်ရှားတွေ့နေရသောကြောင့် ပမြဲဘူးလို့ဆိုတဲ့ အနိစ္စာနုပဿနာဉာဏ်၊ ဆင်းရဲလို့

သိတဲ့ ဒုက္ခာနုပဿနာဉာဏ်၊ အတ္တကောင် မဟုတ်တဲ့ သဘောတရား မျှလို့သိတဲ့ အနတ္တာနုပဿနာဉာဏ်တွေဟာ ပိုပြီး ကောင်းလာတယ်။ အကောင်းဆုံးလို့ဆိုရမှာဘဲ။

ဒီ ဘင်္ဂဉာဏ်ရင့်သန်တဲ့အခါ ခဏမစဲလျှင်မြန်စွာ ပျက်ပျက်သွားတာ ကိုချည်းတွေ့နေရသောကြောင့် ကြောက်စရာကောင်းတယ်လို့ ထင်လာ တယ်။ အဲဒါဟာ ကြောက်စရာဘေးလို့ထင်တဲ့ ဘယဉာဏ်ဘဲ။ အဲဒီလို အလျှင်အမြန်ပျက်ပျက်သွားတဲ့ ရုပ်နာမ်တွေကို မကောင်းတဲ့ တရားညံ့ တရားဆိုးတွေအနေဖြင့်လဲ ထင်မြင်တတ်တယ်။ အဲဒါက အပြစ်မြင်တဲ့ အာဒီနဝဉာဏ်ဘဲ။ အဲဒီလိုအလျှင်အမြန်ပျက်ပျက်နေတဲ့ ရုပ်နာမ်တွေကို အထည်ကိုယ်အဖြစ်နဲ့မှီခိုနေရတာကို နှစ်သက်ပျော်မွေ့ဘွယ် မထင်တော့ ဘဲ၊ မပျော်မမွေ့ ငြီးငွေ့ဘွယ်အနေဖြင့်သာ မြင်လာတတ်တယ်။အဲဒါက နိဗ္ဗိန္ဒာဉာဏ်၊ ဘယအာဒီနဝနိဗ္ဗိန္ဒာဆိုတဲ့ ဒီဉာဏ် ၃ ပါးဟာ တရားကိုယ် သဘောအားဖြင့် တပါးတည်းဘဲလို့ ပါဠိအဋ္ဌကထာကျမ်းတွေမှာ ပြဆို ထားပါတယ်။ ဒါကြောင့် ဒီဉာဏ် ၃ ပါးထဲက တပါး နှစ်ပါးလောက် သာ ထင်ရှားတွေ့ရတဲ့ ပုဂ္ဂိုလ်လဲရှိတယ်။

ရုပ်နာမ်ဟူသမျှကို ဆင်းရဲအနေဖြင့်သာ သိမြင်ပြီးတော့ အဲဒီ ရုပ် နာမ်တွေမှာ မပျော်မမွေ့ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ် ရင့်သန်လာတဲ့အခါ အဲဒီရုပ်နာမ်ဘေးကို စွန့်လွှတ်လိုတဲ့ အသိဉာဏ်လဲ ဖြစ်လာတယ်။ အဲဒါက မုဉ္စိတုကမျတာဉာဏ်ဘဲ။ အဲဒီလို စွန့်လွှတ်လိုတော့ စွန့်လွှတ်နိုင်အောင် တိုးတက်ပြီး ရှုမှတ်အားထုတ်ရမယ်လို့ ဒီလိုသဘောမပေါက်လာတယ်၊ အဲဒါ က ပဋိသင်္ခါဉာဏ်ဘဲ၊ အဲဒီ အသိဉာဏ်အားလျော်စွာ တဖန် ဆက်လက် ပြီး တိုးတက်ရှုမှတ်နေတဲ့အခါ အနိစ္စ ဒုက္ခ အနတ္တ အသိအမြင်တွေဟာ တိုးတက်လာတယ်၊ အထူးအားဖြင့် ကိုယ်ထဲက အခံခက်တဲ့ ဒုက္ခဝေဒနာ တွေကို အလွန်အကဲ တွေ့ရတတ်တယ်၊ ဒါပေမဲ့ အဲဒီ ဒုက္ခဝေဒနာတွေဟာ မှတ်တိုင်းမှတ်တိုင်း ခဏမစဲ အလျှင်အမြန် ပျက်ပျက်သွားတာချည်းပါဘဲ၊ ရှုစိုက်မှတ်နေရင်း မကြာခင်စဲ လုံးလုံးလဲ ပျောက်ကွယ်ကင်းငြိမ်း

သွားတတ်ပါတယ်။ အဲဒီလို မပြတ်ရှုမှတ်နေရင်း မကြာခင်ဘဲ အသိဉာဏ် တိုးတက်ပြီးတော့ ရုပ်နာမ် ဘခါရတွေကို လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ် ဖြစ်လာပါတယ်။

ဒီသင်္ခါရုပေက္ခာဉာဏ် ရောက်တော့ ရှုမှတ်ရတာက အင်မတန် ကောင်းပါတယ်၊ အင်မတန်လဲ လွယ်ကူပါတယ်၊ အထူးကြောင့်ကြ မစိုက်ရတော့ဘဲ မှတ်သိစရာက တခုပြီးတခု သူ့အလိုလို ပေါ်ပေါက် လာတယ်၊ အမှတ်အသိကလဲ တခုပြီးတခု သူ့အလိုလို မပြတ်ဖြစ်ဖြစ် နေတယ်၊ ပဌမ ထိုင်ခါစ လေး ငါးကြိမ်လောက်သာ ကြောင့်ကြစိုက်ပြီး ရှုမှတ်လိုက်ရတယ်၊ အဲဒီနောက်တော့ ကြောင့်ကြမစိုက်ရတော့ဘဲ သူ့ အလိုလို မှတ်သိလျက် မှတ်သိလျက်သာ မပြတ်ဖြစ်နေတော့တာဘဲ၊ တနာရီ နှစ်နာရီ စသည် ကြာအောင်လဲ အဆက်မပြတ် မှတ်သိလျက် မှတ်သိလျက်သာ ဖြစ်နေတယ်၊ တနေ့လုံးသော်လဲ မပြတ်မှတ်သိလျက် နေနိုင်မည်လို့ ထင်ရလောက်အောင် ချမ်းသာလွယ်ကူနေတတ်တယ်။

မှတ်တိုင်းမှတ်တိုင်း လျင်မြန်စွာ ပျက်ပျက်သွားတာကို မပြတ်တွေ့နေရ သော်လဲ ဘယဉာဏ် စသည် ဖြစ်ခိုက်ကလို ကြောက်ခြင်း အပြစ်မြင်ခြင်း ငြီးငွေ့ခြင်း လွတ်လိုခြင်း အားမရခြင်းများ မဖြစ်လာဘဲ ကင်းငြိမ်းနေ တယ်၊ ကိုယ်ဆင်းရဲစေသော မုန်းစရာကို တွေ့ရသော်လဲ စိတ်ဆင်းရဲ မဖြစ်ပဲ ကင်းငြိမ်းနေတယ်၊ နာကျင်မှုစသော ကိုယ်ဆင်းရဲကတော့ အများအားဖြင့် ဖြစ်ခြင်းမရှိဘဲ ကင်းငြိမ်းနေတတ်ပါတယ်။ အာရုံ ကောင်းများကို တွေ့ရသော်လဲ ရှေးကလို အလွန်အကဲ ဝမ်းသာမှု မဖြစ်တတ်ပါ၊ အမှတ်အသိမှာ အလွန်ငြိမ်သက်လျက် သိမ်သိမ်မွေ့မွေ့ အထူးကောင်းနေသော်လဲ ဥဒယဗ္ဗယဉာဏ် တုန်းကလို အလွန်ဝမ်းသာ ခြင်း နှစ်သက်သက်ခြင်းများ မဖြစ်ဘဲ ကင်းငြိမ်းနေတယ်၊ အဲဒီလို အစစအရာရာ ငြိမ်သက်ချမ်းသာနေတာဟာ သင်္ခါရုပေက္ခာဉာဏ်၏ အညီ အမျှ လျစ်လျူရှုနေတဲ့ ဂုဏ်ထူးတွေပါဘဲ။

သင်္ခါရုပေက္ခာဉာဏ် ရင့်သန်အားပြည့်သောအခါ မှတ်သိမှုဟာ အထူးကြောင့်ကြမပြုရဘဲ သူ့အလိုလို ပြေးသွားသလိုပင် အလျင်အမြန်

ဖြစ်လာတယ်။ အဲဒီလို အလျင်အမြန်ဖြစ်တာတဲ့ အသိဉာဏ်ဟာ ဝုဋ္ဌာ ဂါမိနီလို့ဘဲ ခေါ်ရတဲ့ အနုလောမဉာဏ်ဘဲ။ ဝုဋ္ဌာနာဆိုတာနိဗ္ဗာန်ကို တွေ့မြင်လျက် တက်ရောက်တဲ့ အရိယမဂ်ဘဲ၊ ဂါမိနီဆိုတာ အဲဒီမဂ်ဆီ သို့သွားတဲ့ ဉာဏ်အထူးဘဲ၊ အနုလောမဉာဏ် ဆိုတာကတော့ ရှေးအဖို့ ဝိပဿနာဉာဏ်များနှင့် လျော်စွာ အနိစ္စစသည်ကို သိလျက် အရိယ မဂ်နှင့်လဲ လျော်စွာဖြစ်သော နောက်ဆုံးဝိပဿနာဉာဏ်ပါဘဲ။ ပြေး လာသလို ပြေးသွားသလို အလျင်အမြန်ဖြစ်တဲ့ နှစ်ကြိမ်သုံးကြိမ်ထဲမှာ နောက်ဆုံးအကြိမ်ဟာ အနုလောမဉာဏ်ပါဘဲ။

အဲဒီအနုလောမဉာဏ်၏ အခြားမဲ့မှာ ဂေါတြဘူဉာဏ်နှင့် အရိယ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေဆက်ပြီး ဖြစ်သွားတယ်။ အဲဒီဉာဏ်တွေထဲမှာ အနုလောမဉာဏ်ဆိုတာက ထင်ရှားပေါ်တဲ့ ရုပ်နာမ်တခုခု၏ အဖြစ် အပျက်ကို တွေ့သိလျက် အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တို့တွင် တပါးပါးကို ရှုသိမြဲရှုသိသွားတာပါဘဲ။ အများအားဖြင့် ပျက်သွားတာကို သိသွားတာပါဘဲ။ ဂေါတြဘူဉာဏ်ဆိုတာကတော့ ရုပ်နာမ်သင်္ခါရ ချုပ် ကင်းရာသို့ ညွတ်သွားတဲ့ဉာဏ်ပါဘဲ။ မဂ်ဖိုလ်ဉာဏ်ဆိုတာကတော့ အဲဒီ သင်္ခါရချုပ်ကင်းရာရောက်လျက် သိမြင်သွားတာပါဘဲ။ ယခုပြောခဲ့တာက ကျမ်းဂန်များနဲ့အညီ အကြားအမြင်ပြည့်ရအောင် အသေးစိတ်ဝေဘန် ပြောတာပါဘဲ။ သိနားလွယ်အောင် အတိုချုပ်ပြောရယင်တော့ ခဏ မစဲ ပျက်ပျက်သွားတာကို သိသိနေရင်း နှစ်ကြိမ်သုံးကြိမ် အထူးလျင် မြန်စွာ ဖြစ်ပြီးနောက် ချုပ်ငြိမ်းရာ ဖြတ်ခနဲ ရောက်သိသွားတဟာ မဂ်ဖိုလ် ဉာဏ် ဖြစ်တာပါဘဲ။ အဲဒါဟာ ဘာမျှမကြာပါဘူး၊ တခဏကလေး ပါဘဲ။ တစက္ကန့်အတွင်းလောက်သာ ရှိပါတယ်။ ချုပ်ငြိမ်းရာရောက်ပြီး နောက်ချက်ခြင်းပင် ပြန်ပြီးဆင်ခြင်မိတယ်။ ဆင်ခြင်ပုံကတော့ –

မူလက ကြောင့်ကြမစိုက်ရဘဲ အမှတ်ကလေးမပြတ်ကောင်း နေရာ ထဲမှ သွက်သွက်သွက်သွက်နဲ့ အလျင်အမြန် ဖြစ်သွားတာကိုလဲ ဆင်ခြင် မိတယ်။ အဲဒီလို နှစ်ကြိမ်သုံးကြိမ် အလျင်အမြန်ဖြစ်ပြီးတော့ ငြိမ် ခနဲ

ချုပ်ငြိမ်းကင်းပြတ်သွားတာကိုလဲ ဆင်ခြင်မိတယ်။ အဲဒါဟာ ဝိပဿနာ မဂ် အရိယမဂ်ကို ခြင်ဆင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဘဲ။ အဲဒီလိုမဂ်ဉာဏ် ဖြစ်စဉ်က မှတ်သိနေကျ ရုပ်နာမ်သင်္ခါရကင်းနေပုံကို ဆင်ခြင်တာက နိဗ္ဗာန်ကို ဆင်ခြင်တဲ့ပစ္စဝေက္ခဏာဉာဏ်ဘဲ။ ဖိုလ်ပိုဆင်ခြင်ပုံကတော့ ဖလသမာပတ် ဝင်စားတဲ့အခါကျမှ အထူးထင်ရှားပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းရာကိုရောက်ပြီး သိမြင်တဲ့ မဂ်ဉာဏ်ဆိုတာက ဝိသုဒ္ဓိ(၇)ပါးထဲမှာ နောက်ဆုံးဖြစ်တဲ့ ဉာဏဒဿနဝိသုဒ္ဓိဘဲ။ အနုလောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဆိုတာတွေက ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါ တခဏအတွင်းမှာပင် အပြည့်အစုံဖြစ်တဲ့ နောက်ဆုံးပိုင်း ဉာဏ်တွေပါဘဲ။

ယခုပြောခဲ့တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာဟာ ပဌမစပြီး ဖြစ်တာက သောတာပတ္တိမဂ်ဉာဏ်ဖိုဉာဏ်ဘဲ။ ဒီပဌမမဂ်ဖိုလ်ရောက်ယင် သောတာပန် ဖြစ်တယ်။ အပါယ်လေးပါမှ လွတ်မြောက်သွားကယ်။ လူ့ဘဝ နတ် ဘဝများ၌လဲ ခုနှစ်ဘဝမျှသာ ဖြစ်ရရှာတော့တယ်။ ခုနှစ်ဘဝအတွင်း မှာ ရှုမှတ်မြဲရှုမှတ်လျက် အရဟတ္တမဂ်ဖိုလ်အထိ ရောက်ပြီး၊ ရဟန္တာ ဖြစ်တဲ့အခါ ကိလေသာဟူသမျှ ကင်းငြိမ်းပြီး နိဗ္ဗာန်ရောက်ဖို့ပဲ ရှိတော့ တယ်။

ဒါကြောင့် ယခုလို ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်နှင့် တွေ့ကြုံ နေရတဲ့အခါမှာ အောက် ထစ်ဆုံးအားဖြင့်၊ သောတာပန် ဖြစ်အောင် ဝိပဿနာ အလုပ်ကို အားထုတ် သင့်ပါတယ်။ ယခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့၊ ဝိပဿနာ အလုပ်ကို တကယ် အားထုတ် နေကြ တဲ့ ပုဂ္ဂိုလ်တွေဘဲ၊ ယခုပြောပြခဲ့တဲ့ ဉာဏ်စဉ်တရား နဲ့ တိုက်ဆိုင်ကြည့်ပြီး တော့ မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်အထိ ပြည့်စုံရင် ဝမ်းမြောက်ကြဝမ်း သာကြဘို့ပါဘဲ၊ မပြည့်စုံသေးပဲ လိုနေတာရှိရင်လဲ၊ ပြည့်စုံသည် အထိ ဆက်လက် အားထုတ်သွားကြဘို့ပါဘဲ။

မဂ်ဖိုလ်ဉာဏ်အထိရောက်ပြီး ပုဂ္ဂိုလ်ကတော့ မိမိရောက်ပြီးတရားကို တဖန်ပြန်ရောက်ရအောင် ရှုမှတ်သွားရင် မကြာခင် သခါရုပေက္ခာဉာဏ် ရောက်မယ်။ သမာဓိဉာဏ်အားရှိရင် အဲဒီနောက်မကြာခင် သောတာ ပတ္တိဖိုလ် ရောက်သွား ပါလိမ့်မယ်။ သောတာပတ္တိဖိုလ် ရောက် တဲ့ အ ခါ အရင်ကလို တခဏကလေးမဟုတ်ပဲ ကြာကြာလဲ တည်နေတတ်ပါတယ်။ အဲဒီလို ဖိုလ်ဉာဏ်ရောက်ပြီး တည်နေတာဟာ ဖိုလ်ဝင်စားနေတာပါဘဲ၊ အဲ – ဖိုလ်ဉာဏ်ဖြစ်နေခိုက်မှာ ဆင်းရဲဟူသမျှ ငြိမ်းပြီး ချမ်းသာနေပါ လိမ့်မယ်။

မရသေးတဲ့ မဂ်ဖိုလ်ရဘို့ ရှုမှတ်ရင်လဲ ပါရမီ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာ ဥဒယဗ္ဗယဉာဏ်မှစပြီး ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် တက်သွားမယ်။ နောက်ဆုံးမှာ အထက်မဂ်ဖိုလ်ဉာဏ်များသို့ ရောက်သွားမယ်။

ဒါကြောင့် အောက် ထစ် ဆုံး သောတာပတ္တိမဂ်ဖိုလ်ဉာဏ် ရောက် အောင် အားထုတ်နိုင်ကြပါစေ၊ စွမ်းနိုင်ပါက အထက်အထက်မဂ်ဖိုလ် ဉာဏ်များ ရောက်အောင်လဲ အားထုတ်နိုင်ကြပါစေ၊ ယခု ညွှန်ပြသည့် အတိုင်း နည်းလမ်းမှန်စွာ အားထုတ်နိုင်ကြ၍၊ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ........။

(**အရှင်သောဘန**)

အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်။

(၂၀–၁၂–၁၉၇၉)